Popa Publishing House

## တင်နိုင်တိုး

# ပုဂံမင်းဆက်ရာဇဝင်သစ်



# ပုဂံမင်းဆက် ရာဇဝင်သစ်

## တင်နိုင်တိုး

POPA Publishing House

အမှတ် (၇၈) အသက်ပွန်တောင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် [ ၇၈ / ၂၀၀၄ (၆) ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၇၅ / ၂၀၀၄ (၇) ]

❑

စီစဉ်ထုတ်ဝေသူ

မြတ်မင်းခန့်

❑

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)

❑

မျက်နှာဖုံးရိုက်

ဦးတင်ထွဋ် (၀၆၁၀၇) H & K Printing

အမှတ်၊ ၂၆၄ / ၂၆၈၊ အောက်ကြည့်မြင်တိုင်လမ်း။

❑

အတွင်းပုံနှိပ်

ဒေါ်မရွှေ (၀၂၀၇၉) သုခပုံနှိပ်တိုက်၊

အမှတ်၊ ၁၂၈၊ ၄၆ လမ်း၊ ဗိုလ်တထောင်။

❑

ထုတ်ဝေသူ

ဦးခင်မောင်သိန်းဆွေ၊ (သလ္လာဝတီ စာပေ)

တိုက် (၂၄၀)၊ အခန်း (၃)၊ ခေယျာသုခလမ်း၊ သုဝဏ္ဏ

❑

ထုတ်ဝေ

စက်တင်ဘာ (၂၀၀၄)

❑

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | ❖ | ပန်းချီဝသုန် |
| မျက်နှာဖုံးဒီဇိုင်း | ❖ | Prodigy |
| အတွင်းဖလင် | ❖ | ကိုဦး နှင့် ညီများ |
| တန်ဖိုး | ❖ | ( ၁၅၀၀ ) ကျပ် |

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန
ညွှန်ကြားရေးမှူး၏အမှာစာ က
စာရေးသူ၏အမှာစာ ဂ
နိဒါန်း ၁
သက္ကရာဇ်စဉ် ၅
ပုဂံမင်းဆက် ၁၇
(၁) ပျဉ်ပြားမင်း(၈၄၆-၈၇၆) (၃၀)နှစ် ၂၁
မျိုးရိုးဆက်နွယ် ၂၃
မွေးချင်းများ ၂၄
ဘဝဖြစ်စဉ်အကျဉ်း ၂၄
ပုဂံမြို့တော်သစ် ၂၅
(၂) တန်နက်မင်း (၈၇၆-၈၉၄) (၁၈)နှစ် ၂၇
(၃) စလေမင်းခွေး (၈၉၄-၉၂၄) (၃၀) နှစ် ၂၈
(၄) သိန်းခို (၉၂၄-၉၄၆) (၂၂) နှစ် ၃၀
(၅) စောရဟန်း (၉၄၆-၉၉၁) (၄၅)နှစ် ၃၃
(၆) ကျောင်းဖြူမင်း (၉၉၁-၁၀၁၃) ၃၇
(၇) ကျည်းစို (၁၀၁၃-၁၀၁၉) ၄၁
(၈) စုက္ကတေး (၁၀၁၉-၁၀၄၄) ၄၃
(၉) အနော်ရထာ (၁၀၄၄-၁၀၇၇) ၄၇
မျိုးရိုးဆက်နွယ် ၅၀
မိသားစုရေးရာ ၅၁
ကျန်စစ်သား၏ ဓမည်းတော် ၅၂
တမ္ဗဒီပ ၅၃
တရုတ်ပြည်ခရီးစဉ် ၅၅
မင်းသမီးစောမွန်လှ ၅၈
နတ်လှောင်ကျောင်း ၆၁
သထုံမြို့သိမ်းတိုက်ပွဲ ၆၂
မနုဟာဘုရား ၆၄

| | |
|---|---|
| ဆည်မြောင်းတာတမံများ | ၆၅ |
| လောကနန္ဒာစေတီ | ၆၇ |
| နတ်ရွာစံလွန်ခြင်း | ၆၇ |
| (၁၀) စောလူးမင်း (၁၀၇၇–၁၀၈၄) | ၇၁ |
| မျိုးရိုးဆက်နွယ် | ၇၁ |
| မိဿားနေရေးရာ | ၇၂ |
| ထီးနန်းအရိုက်အရာ | ၇၃ |
| စောလူးမင်း၏ကုသိုလ်တော် | ၇၄ |
| ပုဂံဟံသာဝတီစစ်ပွဲ | ၇၆ |
| (၁၁) ကျန်စစ်သား (၁၀၈၄–၁၁၁၃) | ၇၈ |
| မျိုးရိုးဆက်နွယ် | ၇၈ |
| ဘဝဖြစ်စဉ်အကျဉ်း | ၈၁ |
| မိဿားနေရေးရာ | ၈၂ |
| ထီးနန်းအရိုက်အရာ | ၈၅ |
| မြကန် | ၈၆ |
| အာနန္ဒာစေတီ | ၈၇ |
| နန်းတော်သစ် | ၈၈ |
| တရုတ်ပြည်ရောက် မြန်မာသံအဖွဲ့ | ၉၂ |
| (၁၂) အလောင်းစည်သူ(၁၁၁၃–၁၁၆၀) | ၉၇ |
| မျိုးရိုးဆက်နွယ် | ၉၇ |
| မွေးချင်းများ | ၉၉ |
| ဘဝဖြစ်စဉ်အကျဉ်း | ၉၉ |
| မိဿားနေရေးရာ | ၁၀၀ |
| ထီးနန်းအရိုက်အရာ | ၁၀၁ |
| နန်းတက်ခြင်း | ၁၀၁ |
| ရွှေဂူကြီးဘုရား | ၁၀၃ |
| တိုင်းချွတ်ဘုရားအလှူတော် | ၁၀၄ |
| သဗ္ဗညုစေတီ | ၁၀၆ |
| နယ်လှည့်ခရီးစဉ် | ၁၀၇ |

နတ်ရွာစံလွန်ခြင်း ၁၁၈

(၁၃) နရသူ (၁၁၆၀-၁၁၆၅) ၁၁၃

မျိုးရိုးဆက်နွယ် ၁၁၃

မွေးချင်းများ ၁၁၄

မိသားစုရေးရာ ၁၁၅

အိမ်တော်ရှင် ၁၁၅

ဓမ္မရုံကြီး ၁၁၆

နတ်ရွာစံလွန်ခြင်း ၁၁၇

(၁၄) နရပတိစည်သူ (၁၁၆၅-၁၂၁၁) ၁၂၃

မျိုးရိုးဆက်နွယ် ၁၂၃

မွေးချင်းများ ၁၂၄

မိသားစုရေးရာ ၁၂၄

ဆည်မြောင်းတာတမံ ၁၂၉

နယ်မြေရဲ့ထွင်ခြင်း ၁၃၀

သင်္ကြီးအဘိနန္ဒသူ ၁၃၀

စူဠာမဏိ ၁၃၁

သိဃံသူအမတ်ကြီး၏ ကုသိုလ်တော်တောင်နီဂူဘုရား ၁၃၂

တိုင်းခန်းလှည့်လည်သော မြန်မာဘုရင် ၁၃၄

သံဖျင်ရှင်ကောင်းဘုရား မှ မြေလှူအခန်းအနား ၁၃၆

ဂေါ်စေါ်ပလ္လင်ဘုရား ၁၃၇

နန်းတော်သစ် ၁၃၇

ပိဋကတ်အလှူ ၁၃၈

မင်းမိဖုရားတို့၏ အလှူတော် ၁၃၉

(၁၅) နားတောင်းများမင်း (၁၂၁၁-၁၂၃၁) ၁၄၃

မျိုးရိုးဆက်နွယ် ၁၄၄

မွေးချင်းများ ၁၄၅

ဘဝဖြစ်စဉ်အကျဉ်း ၁၄၅

မိသားစုရေးရာ ၁၄၆

ထီးနန်းအရိုက်အရာ ၁၄၇

| | |
|---|---|
| အိမ်ရှေ့မင်းဟူသော ဝေါဟာရ | ၁၄၇ |
| ထီးလိုမင်းလို | ၁၄၈ |
| မဟာဗောဓိစေတီတော် | ၁၅၀ |
| နန်းတွင်းပုန်ကန်မှု | ၁၅၀ |
| မဟာထေရ်ကျောင်းအလှူတော် | ၁၅၂ |
| တကောင်းစစ်ပွဲ | ၁၅၄ |
| (၁၆) နရသိင်္ခဥဇနာ (၁၂၃၁–၁၂၃၅) | ၁၅၇ |
| မျိုးရိုးဆက်နွယ် | ၁၅၇ |
| မွေးချင်းများ | ၁၅၈ |
| ဘဝဖြစ်စဉ်အကျဉ်း | ၁၅၈ |
| မိသားစုရေးရာ | ၁၅၈ |
| ထီးနန်းအရိုက်အရာ | ၁၅၉ |
| စံသီးဂူအစု | ၁၅၉ |
| ဝိနည်းဓိုရ်ဘုရားအလှူတော် | ၁၆၁ |
| (၁၇) ကျစွာမင်း (၁၂၃၅–၁၂၅၁) | ၁၆၅ |
| မျိုးရိုးဆက်နွယ် | ၁၆၅ |
| မွေးချင်းများ | ၁၆၆ |
| ဘဝဖြစ်စဉ်အကျဉ်း | ၁၆၆ |
| မိသားစုရေးရာ | ၁၆၇ |
| ထီးနန်းအရိုက်အရာ | ၁၇၀ |
| နန်းတက်စတော်လှန်ပုန်ကန်မှု | ၁၇၁ |
| မြကန်ဆည်ယူခြင်းလုပ်ငန်း | ၁၇၂ |
| စာသင်ဂူ | ၁၇၃ |
| ဥဇနာမိသားစု၏အလှူ | ၁၇၄ |
| ကျစွာမင်းအမိန့်တော်ပြန်တမ်း | ၁၇၆ |
| (၁၈) ဥဇနာမင်း (၁၂၅၁–၁၂၅၆) | ၁၈၁ |
| မျိုးရိုးဆက်နွယ် | ၁၈၁ |
| မွေးချင်းများ | ၁၈၂ |
| ဘဝဖြစ်စဉ်အကျဉ်း | ၁၈၂ |

| | | |
|---|---|---|
| | မိသားစုရေးရာ | ၁၈၃ |
| | ထီးနန်းအရိုက်အရာ | ၁၈၄ |
| | သံမျှင်စွာကျောင်းအလှူတော် | ၁၈၅ |
| | ဦးရိုးတော်ကောင်းမှု | ၁၈၆ |
| | မဟာဒါန်မြေပြဿနာ | ၁၈၇ |
| | ဒလပျံမင်း | ၁၈၈ |
| (၁၉) | မင်းယဉ် (၁၂၅၆) | ၁၉၃ |
| | မျိုးရိုးဆက်နွယ် | ၁၉၃ |
| | မွေးချင်းများ | ၁၉၄ |
| | ဘဝဖြစ်စဉ်အကျဉ်း | ၁၉၅ |
| | မိသားစုရေးရာ | ၁၉၅ |
| | နှစ်လတာမှတ်တမ်း | ၁၉၅ |
| (၂၀) | နရသီဟပတေ့ (၁၂၅၆–၁၂၈၇) | ၂၀၀ |
| | မျိုးရိုးဆက်နွယ် | ၂၀၀ |
| | မွေးချင်းများ | ၂၀၂ |
| | ဘဝဖြစ်စဉ်အကျဉ်း | ၂၀၂ |
| | မိသားစုရေးရာ | ၂၀၃ |
| | နန်းတက်ခြင်း | ၂၀၇ |
| | နန်းတွင်းအနွယ်တော်တို့၏ ကုသိုလ်ကောင်းမှုများ | ၂၀၈ |
| | အာမနာအုတ်ကျောင်း | ၂၁၀ |
| | မွန်ဂိုသံအဖွဲ့ မှသည်စစ်ပွဲဆီသို့ | ၂၁၀ |
| | ငဆောင်ချမ်းတိုက်ပွဲ | ၂၁၃ |
| | အနန္တပစ္စည်းနှင့်မဟာဗိုလ် | ၂၁၅ |
| | ရှင်ဒိသာပါမောက္ခ၏ငြိမ်းချမ်းရေးအဖွဲ့ | ၂၁၆ |
| | ဘဝနိဂုံး | ၂၁၈ |
| (၂၁) | ကျော်စွာမင်း (၁၂၈၇–၁၂၉၈) | ၂၂၃ |
| | မျိုးရိုးဆက်နွယ် | ၂၂၃ |
| | မွေးချင်းများ | ၂၂၄ |
| | ဘဝဖြစ်စဉ်အကျဉ်း | ၂၂၅ |

| | | |
|---|---|---|
| | မိသားစုရေးရာ | ၂၂၅ |
| | ထီးနန်းအရိုက်အရာ | ၂၂၆ |
| | ဒလမြို့စားမှဘုရင်ဖြစ်လာသူ | ၂၂၆ |
| | ဘိသိက်ခံအခမ်းအနား | ၂၂၇ |
| | မိဖုရားကြီးဖွားစော၏ အလှူတော် | ၂၂၈ |
| | အမတ်ကြီးဟုနပစ္စယာကောင်းမှု | ၂၃၀ |
| | အိမ်ရှေ့မင်း၏ မွန်ဂိုစစ်ရှုံးခဲ့ | ၂၃၁ |
| | နောက်ဆုံးနေ့များ | ၂၃၂ |
| (၂၂) | စောနစ်မင်း (၁၂၉၈–၁၃၂၅) | ၂၃၇ |
| | မျိုးရိုးဆက်နွယ် | ၂၃၇ |
| | မွေးချင်းများ | ၂၃၈ |
| | တဝဖြစ်ခဲ့အကျဉ်း | ၂၃၈ |
| | ဥကင်သဖွင့်အခမ်းအနား | ၂၃၉ |
| | ကုမ္မာရကဿပ | ၂၃၉ |
| | မွန်ဂိုစစ်သည်တစ်ဦး၏ မှတ်တမ်း | ၂၄၁ |
| | ပင်းယမြို့တော်သစ် | ၂၄၃ |
| | စစ်ကိုင်းမြို့တော်သစ် | ၂၄၄ |
| | မင်းအသစ်ယာကြီးကျောင်းအလှူတော် | ၂၄၅ |
| | နတ်ရွာစံလွန်ခြင်း | ၂၄၆ |
| (၂၃) | စောမွန်နစ် (၁၃၂၅–၁၃၆၈) | ၂၅၁ |
| | မျိုးရိုးဆက်နွယ် | ၂၅၁ |
| | ပုဂံမင်းဆက်၏ နောက်ဆုံးဘုရင် | ၂၅၂ |
| | သဗ္ဗညုဘုရားမှကုသိုလ်တော် | ၂၅၃ |
| | ပုဂံမင်းကြီးသမီးနှင့် မင်းကျစွာ | ၂၅၄ |
| | ပုဂံဘုရင်၏ ဆရာတော် | ၂၅၅ |
| | တူရွှင်းတောင်စွယ်တော်ဘုရားမှအလှူတော် | ၂၅၆ |
| | အင်းဝမြို့တော်သစ် | ၂၅၇ |
| | နတ်ရွာစံလွန်ခြင်း | ၂၅၈ |
| | ကျမ်းကိုးစာရင်း | ၂၅၉ |

# တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး၏အမှာစာ

တင်နိုင်တိုးသည် မြန်မာ့သမိုင်းကို စိတ်ဝင်စားစွာ လေ့လာသုတေသန ပြုနေသူ တစ်ဦးဖြစ်ပါသည်။ ၎င်းသည် ရှေးက ရေးသားခဲ့သည့် မြန်မာရာဇဝင် ကျမ်းအစောင်စောင်ကို သုတေသနပြုကာ ပုဂံမင်းဆက်ရာဇဝင်သစ် ကို အတွေး သစ်အမြင်သစ်၊ ရှုဒေါင့်သစ်များဖြင့် ချဉ်းကပ် ပြုစုထားကြောင်း တွေ့ရသည်။

"ဟောင်းသာဟောင်း၍ မကောင်းသည့်အရာလည်း ရှိသည်။
ဟောင်းသာဟောင်း၍ ကောင်းလည်းကောင်းသည့် အရာ လည်းရှိသည်။
သစ်ကားသစ်၏။ မဖြစ်ရသည့်အရာလည်းရှိသည်။
သစ်လည်းသစ်၍ ဖြစ်လည်းဖြစ်ရသည့် အရာလည်းရှိသည်"

ဟူ၍ ရွှေဘုံနိဒါန်းကျမ်းတွင် အဆိုရှိပါသည်။ ယင်းအဆိုအနက် ဟောင်းသာဟောင်း၍ မကောင်းသည့်အရာကို ပယ်ရှားပစ်ရန်မှာ သမိုင်းသုတေ သီတို့၏ တာဝန်သာ ဖြစ်ပါသည်။

မြန်မာ့ရာဇဝင်တွင် စေတုတ္တပုဂံမင်းဆက်နှင့် စပ်လျဉ်း၍ စတင်တည် ထောင်သည့် ပျူပြားမင်းမှ ပုဂံမင်းဆက်အဆုံး စောမွန်နှစ်မင်း (အေဒီ ၁၀၄၄–၁၃၄၀) အထိ အိမ်နိမ့်၊ နန်းစံ၊ နန်းကျနှစ်များ ရာဇဝင်အစောင်စောင်တွင် ကွဲ လွဲနေသည်ကို တွေ့ရ၏။ ယင်းသို့ ကွဲလွဲနေမှုကို မြန်မာတိုင်းရင်းသားများ ရေးသားသည့် မြန်မာရာဇဝင်ကျမ်းများနှင့် နိုင်ငံခြားသားရေး မြန်မာရာဇဝင်များ၌

ဟူ၍ ကျက်ချက်ပြင်ဆင်နိုင်စွမ်း မရှိခဲ့ကြပေ။ ယခုတင်နိုင်တိုးက ထိုကွဲလွဲမှုကို ဖြေရှင်းလိုက်ပြီဖြစ်သည်။

ရာဇဝင်ပညာတွင် ပထဝီဘာသာရပ်၊ မြေပုံတာတ်ကျွမ်းမှုနှင့် သက္ကရာဇ်တို့သည် အလွန်အရေးပါလှ၏။ တင်နိုင်တိုးသည် သမိုင်းသုတေသီတစ်ဦးဖြစ်ရုံသာမက "မြန်မာအင်္ဂလိပ်ပြက္ခဒိန်ကျမ်း" ကို ပြုစုနိုင်သူ တစ်ဦးလည်း ဖြစ်သည်။ သာမန် သမိုင်းပညာရှင်တစ်ဦးသည် နက္ခတ်ဗေဒင်ပညာ တတ်ကျွမ်းခြင်းမရှိပါက စာတာခွင်ကာဝ်စုကို တွေ့သော်လည်း သက္ကရာဇ်တွက်ချက်နိုင်လိမ့်မည် မဟုတ်ပါ။ သို့သော် တင်နိုင်တိုးသည် နက္ခတ်ဗေဒင် ပညာရပ်ကိုပါ တီးမိခေါက်မိရှိသည့်အလျောက် ရှေးမိုးမြန်မာရာဇဝင်ပါ စုဏ္ဏတေးအပေါ်အဝင် ပုဂံမင်းဆက်အချို့၏ စာတာများမှ မွေးသက္ကရာဇ်ကို တွက်ထုတ်ဖော်ပြနိုင်ခဲ့သည်ကိုလည်း တွေ့ရ၏။

တင်နိုင်တိုးသည် စေတုတ္တပုဂံမင်းဆက်၏ အိမ်နိမ်၊ နန်းစံ၊ နန်းကျနစ်များကို တွက်စစ်တင်ပြရာတွင် အစဉ်အလာမှတ်သားချက် ရာမိုင်နှုန်းအတော်များများ ကိုက်ညီမှုရှိစေရန် ကြိုးပမ်းထားသည်ကိုတွေ့ရှိရ၏။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုစိစစ်ပြီး နောင်သမိုင်းကျမ်းများ ပြုစုရေးသားမည့်သူများအတွက် စေတုတ္တပုဂံမင်းဆက်မှ လစ်လပ်နေသည့် ခရစ်နှစ် (၁၀၁၇–၁၀၄၄) အပိုင်းကို ပယ်ရှားလျှက် တစ်ဆက်တစ်စပ်တည်း ပြုစုနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။



ကျော်ငြိမ်း

ညွှန်ကြားရေးမှူး

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

# စာရေးသူ၏အမှာစာ

ဤစာရေးသူအနေဖြင့် *ပုဂံမင်းဆက်ရာဇဝင်သစ်* စာအုပ်ကို အတွေးသစ်၊ အမြင်သစ်၊ ရှုထောင့်သစ်များဖြင့် ချဉ်းကပ်ရေးသား ပြုစုထားပါသည်။ အထူးသဖြင့် မြန်မာဘက်ဆိုင်ရာ အထောက်အထားများမှ အားကိုးအားထားပြုလောက်သည့် သမိုင်းအချက်အလက်များကို ရှာဖွေသုတေသနပြု တင်ပြထားပါသည်။ သို့တိုင်အောင် အားရကျေနပ်မှုရှိလှသည်တော့ မဟုတ်သေးပါ။ ပြင်ဆင်ရေး၊ ဖြည့်စွက်ရေးများစွာ ကျန်ရှိနေဦးမည် ဖြစ်ပါသည်။

ပုဂံမင်းများ၏ အထုပ္ပတ္တိကို ရှာဖွေပြုစုရာ၌ မြန်မာရာဇဝင်ကျမ်းကြီးများ တစ်ခုနှင့်တစ်ခု မှုမတူဘဲ ကွဲလွဲလျက်ရှိသည်ကို တွေ့ရှိရ၏။ သို့သော် ယင်းကွဲလွဲချက်မှုများထဲမှပင် ညောင်ရမ်းခေတ်တွင် ပေါ်ပေါက်ခဲ့သည့် ဇာတာတော်ပုံရာဇဝင် မှာ အတော်အတန်အားကိုးအားထားပြုနိုင်သည်ကို တွေ့ရှိရ၏။ ခေတ်သစ်သမိုင်းပညာရှင်တို့ တွက်စစ်လက်ခံထားကြသည့် အနော်ရထာမင်း၏ နန်းတက်နှစ် (အေဒီ ၁၀၄၄) ကို ဇာတာတော်ပုံရာဇဝင် က တိကျမှန်ကန်စွာ ဖော်ပြနိုင်ခဲ့သည်။ သို့ဖြင့် ဤစာရေးသူအနေဖြင့် တစ်ဆင့်တက်၍ ဇာတာပုံတော်ရာဇဝင် ပါဇာတာများမှ ပုဂံမင်းအချို့၏ မွေးသက္ကရာဇ်ရက်စွဲများကို တွက်ချက်ကြည့်ဖြစ်ပါသည်။

စေတ္တပုဂံမင်းဆက်၏ ထီးနန်းစိုးစံနှစ်များနှင့် ပတ်သက်၍လည်း ပြင်ဆင်မှုအချို့ပြုလုပ်ရန် လိုအပ်ပါသေးသည်။ ပညာရှင်များအနေဖြင့် စေတ္တပုဂံ

ကို စတင်တည်ထောင်သူ ပျဉ်ပြားမင်းအား အေဒီ ၈၄၆ ခုနှစ်တွင် နန်းတက်ကြောင်း လက်ခံကြ၏။ ပျဉ်ပြားမင်းမှ စ၍ အနော်ရထာမင်းနန်းတက်ချိန် အေဒီ ၁၀၄၄ အထိ ပုဂံမင်းများ၏ နန်းတက်၊ နန်းကျ နှစ်များကို ဖော်ပါပြပါအတိုင်း ပြင်ဆင်သင့်သည်ဟု ထင်ပါသည်။

| မင်းအမည် | မွေးနှစ် | နန်းတက်နှစ် (အသက်) | နန်းကျ နတ်ရွာစံ | နန်းစံ | နန်းကျ (အသက်) | ကျမ်းကိုး |
|---|---|---|---|---|---|---|
| ပျဉ်ပြားမင်း | AD ၈၁၆ | AD ၈၄၆ (၃၀) | AD ၈၇၆ | (၃၀) | (၆၀) | စာတာတော်ပုံ |
| တန်နက် | AD ၈၅၈ | AD ၈၇၆ (၁၈) | AD ၈၉၄ | (၁၈) | (၃၆) | ဦးကုလား |
| စလေမင်းရွှေ | AD ၈၆၄ | AD ၈၉၄ (၃၀) | AD ၉၂၄ | (၃၀) | (၆၀) | စာတာတော်ပုံ |
| သိန်းခို | AD ၉၀၈ | AD ၉၂၄ (၁၆) | AD ၉၄၆ | (၂၂) | (၃၈) | စာတာတော်ပုံ |
| စောရဟန်း | AD ၉၁၃ | AD ၉၄၆ (၃၃) | AD ၉၉၁ | (၄၅) | (၇၈) | စာတာတော်ပုံ |
| ကျောင်းဖြူ | AD ၉၆၃ | AD ၉၉၁ (၂၈)* | AD ၁၀၁၃ | (၂၂) | (၅၀) | ဦးကုလား/ တွင်းသင်း |
| ကျည်းနို | AD ၉၉၁ | AD ၁၀၁၃(၂၂) | AD ၁၀၁၉ | (၆) | (၂၈) | တွင်းသင်း/ မှန်နန်း |
| စုက္ကတေး | AD ၉၉၁ | AD ၁၀၁၉ (၂၈) | AD ၁၀၄၄ | (၂၅) | (၅၃) | တွင်းသင်း/ မှန်နန်း |
| အနော်ရထာ | AD ၁၀၁၄ | AD ၁၀၄၄ (၃၀) | AD ၁၀၇၇ | (၃၃) | (၆၃) | စာတာတော်ပုံ |

ဤတွင် မွေးနှစ်၊ နန်းတက်၊ နန်းကျနှင့် အသက်အရွယ်များ တွက်ချက်ရာ၌ မည်သို့မည်ပုံ ရယူထားကြောင်း ကျမ်းကိုးနှင့်တကွ ပူးတွဲဖော်ပြထားပါသည်။ ယင်းပြပြင်ချက်သည် အစဉ်အလာမှတ်သားချက် အတော်များများနှင့် ကိုက်ညီမှုရှိသည်ဟူ၍လည်း ယုံကြည်ပါသည်။ ဥပမာအားဖြင့် မှန်နန်းရာဇဝင် (ပထမတွဲ) စာမျက်နှာ (၂၂၇) တွင်

*"အလယ်ပြင်သည်တွင် စုက္ကတေးကို ပဋိသန္ဓေခြောက်လရှိသောအခါ ညောင်ဦးစောရဟန်း အနိစ္စရောက်တော်မူ၏။ ကွမ်းဆော်မင်းဖြစ်တော်မူလျှင် - - -"*

ဟုပါရှိ၏။ ထို့ကြောင့် ကွမ်းဆော် (ကျောင်းဖြူ) မင်း နန်းတက်နှစ်၌ စုက္ကတေးကို ဖွားမြင်ပါသည်။ **အလားတူပင် ကျည်းနိုနှင့် စုက္ကတေးတို့မှာ တစ်**

နှစ်တည်းဖွားများဖြစ်ကြောင်း ယင်းစာအုပ် စာမျက်နှာ (၂၂၇) အရ သိရှိရ၏။

ကျောင်းဖြူမင်း နန်းတက်စဉ် အသက်အရွယ်နှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရှိနေပါသည်။ စာတာတော်ပုံနှင့် ဦးကုလားက အိမ်နိမ့် (၇၄)၊ တွင်းသင်းနှင့် မှန်နန်းရာဇဝင်တို့က အိမ်နိမ့် (၅၈) ဟု ဆိုပါသည်။ ကျောင်းဖြူသည် အေဒီ ၉၉၁ တွင် နန်းတက်ပြီး (၂၂) နှစ်အကြာ အေဒီ ၁၀၁၃ တွင် နန်းကျပါသည်။ ကျောင်းဖြူကွယ်လွန်ချိန်ကို မှန်နန်းရာဇဝင် (ပထမတွဲ) စာမျက်နှာ (၂၃၇) တွင်

*"(အနော်ရထာမင်းစော) မင်းဖြစ်၍ သုံးနှစ်ရှိလျှင် ကျောင်းဆောက်သည်၊ ကျောင်းဆောက်၍ တစ်နှစ်ရှိလျှင် ကျောင်းဖြူမင်းအနိစ္စရောက်၏..."*

ဟုတွေ့ရ၏။ ထို့ကြောင့် ကျောင်းဖြူနတ်ရွာစံချိန်မှာ အေဒီ ၁၀၄၈ ဖြစ်၏။ သို့ဖြင့် နန်းတက်ချိန်မှ နတ်ရွာစံလွန်ချိန်အထိ ၁၀၄၈-၉၉၁=၅၇ နှစ်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာရာဇဝင်ကျမ်းများတွင် အိမ်နိမ့်စံနစ် ဖော်ပြချက်များမှာ မဖြစ်နိုင်တော့ပါ။ ဤစာရေးသူ အနေဖြင့် တွင်းသင်းနှင့် မှန်နန်းရာဇဝင်ပါ **အိမ်နိမ့်** (၅၈) ဟူသည် ပေစာအဆင့်ဆင့် ကူးယူရာ၌ မှားယွင်းဖော်ပြခဲ့ခြင်း ဖြစ်မည် ထင်ပါသည်။ ဖြစ်သင့်သည်မှာ (၂၈) သာ ဖြစ်ပါသည်။ မြန်မာဂဏန်း (၂) နှင့် (၅) သည် ပေစာကူးရေးရာတွင် မကြာခဏ မှားယွင်းတတ်သော ဂဏန်းများဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းဖြူမင်း၏ အိမ်နိမ့်ကို (၂၈) ဟု ပြင်ဆင်လိုပါသည်။ သို့မှသာ မြင်းစီး၍ တူရှင်းတောင်ခြေသို့ မင်းလောင်းပေါ်သည်ကို သွားကြည့်သော ပုဂံသားလုလင်အကြောင်း ရာဇဝင်အဆိုနှင့် ကိုက်ညီမှုရှိပါလိမ့်မည်။

ပညာရှင်များအနေဖြင့် ပိုမိုတိကျခိုင်မာသော ပုဂံသမိုင်းမှတ်တမ်းတစ်စောင် ပေါ်ထွက်လာရေးအတွက် စာရေးသူအနေဖြင့် များစွာ မျှော်လင့်မိပါသည်။

တင်နိုင်တိုး

# နိဒါန်း

ပုဂံအကြောင်း ပြောကြ၊ ရေးကြသည့်အခါတိုင်း ဖူဉ်ပြားမင်းတည်ခဲ့သည့်နောက်ဆုံး ပုဂံမြို့တော်ကိုသာ အဓိကထား၍ ပြောဆိုရေးသားခဲ့ကြသည်။ ခေတ်စစ်အားဖြင့် ယနေ့တွေ့မြင်နေကြရသည့် ပုဂံမှာ ရှည်လျားလှသည့် သမိုင်းတစ်လျှောက်တွင် စေတ္တမြောက်ပြောင်းရွှေ့တည်ထားခဲ့သော ပုဂံသာ ဖြစ်သည်။

ရှေးအစဉ်အလာစကားများအရ ခရစ်နှစ် ၁၀၇ခုနှစ်က ယုန်လွှတ်ကျွန်းအရပ်တွင် သမုဒ္ဒရာဇ်မင်းက ရွာ(၁၉)ရွာကို စုစည်း၍ ပုဂံကို စတင်တည်ထောင်၏။ မြန်မာရာဇဝင်လာ သရေခေတ္တရာပျက်ပြီး တည်ခဲ့သည့် ယင်းပထမပုဂံကို အခြေအမြစ်မရှိဟူ၍ ပညာရှင်အများစုက ဆိုကြ၏။ ယုန်လွှတ်ကျွန်းဟု အမည်ရသောကျွန်းပေါ်၌ တည်ထားသောပုဂံဟူ၍ပင် မှတ်ရယ်ပြုကြသေးသည်။ အမှန်မှာ ရှေးက "ကျွန်း" ဟူသည် ရေပတ်လည် ဝိုင်းနေသောအရပ်မဟုတ်ဘဲ တောတောင်ထူထပ်ရာနေရာကို ဆိုလိုရင်းဖြစ်ပါသည်။ ရာဇဝံသစာလိနီကျမ်း အရ ယုန်လွှတ်ကျွန်းသည် ဧရာဝတီမြစ်မှ (၆)မိုင်အကွာ၊ တုရင်တောင် အရှေ့ဘက်တစ်မိုင်အကွာတွင် တည်ရှိသည် ဆို၏။

မြန်မာပညာရှိဆရာတော်ကြီး၏ ပုဂံရာဇဝင်သစ် (လက်ရေးမူ)တွင် ယုန်လွှတ်ကျွန်း နန်းတော်ရာတစ်ဝိုက်၌ အုတ်ရိုးဟောင်းများရှိကြောင်း မြေပုံနှင့် တကွ ရေးဆွဲဖော်ပြခဲ့ဖူးပါသည်။ ထို့အတူ ပုဂံ(၁၉)ရွာအမည်ပါ ညောင်ဦး၊ တောင်ပ၊ မြေခဲတွင်း( မြေသင်းတွင်း)တို့မှာ ယနေ့တိုင်အမည် ပြောင်းလဲခြင်းမရှိပဲ ရှိကြပါသေးသည်။ အများစု လက်မခံနိုင်ကြခြင်းမှာ ဗျူဟာထားဘုရင်စာတ်လမ်း၏

ဒဏ္ဍာရီဆန်နေမှုကြောင့်လည်း ပါပါသည်။ ပျူစောထီး၏ဖခင်ကို နေနတ်သား၊ မိခင်ကို နဂါးမဟု ဆိုသည်။ ဆရာကြီး ဒဂုန်နတ်ရှင်က နေနတ်သားဟူသည် ယုဂ်တောင်ကို လှည့်လည်နေရသည့် နေမင်းကြီးကဲ့သို့ တောတောင်တစ်ဝိုက် လေးမြွားကိုင်ကာ လှည့်လည်နေရသောမုဆိုးဖြစ်ပြီး၊ နဂါးမမှာမူ တံငါသည် သူ့မိုးကို ဆိုလိုဟန်ရှိကြောင်း သွေးသောက်မဂ္ဂဇင်း (၁၉၆၉ မေ) ၌ ရေးသား ဖော်ပြခဲ့ဖူးပါသည်။

ပထမပုဂံ စတင်တည်ထောင်ရာ ရွာ (၁၉)ရွာနှင့် တည်နေရာတို့မှာ

| | | | |
|---|---|---|---|
| ၁။ | ညောင်ဦး | N 21-12' | E 94-54" |
| ၂။ | တောင်ဝ | N 21-06-30 | E 94-54 |
| ၃။ | မြေခဲတွင်း | N 21-08 | E 95-00 |
| ၄။ | စဉ်ကူ (အုန်းများ) | N 20-54 | E 94-52 |
| ၅။ | ယုန်လွတ်ကျွန်း | N 21-09-30 | E 94-55 |
| ၆။ | ထူတည် | N 20-59 | E 95-00 |
| ၇။ | တဆောင်ကွန်း | N 21-26 | E 95--19 |
| ၈။ | ရွာမုံး | N 21-16 | E 95-03 |
| ၉။ | ကြင်လို | N 21-05 | E 95-54 |
| ၁၀။ | ကုက္ကိုလ် | N 21-06 | E 94-59 |
| ၁၁။ | နဂါးနိုး | N 21-10 | E 94-52 |
| ၁၂။ | နဂါးကျစ် | N 21-11 | E 94-53 |
| ၁၃။ | ကျောက်စကား | N 21-07 | E 94-51 |
| ၁၄။ | အနုရာဓ | N 21-09 | E 94-51 |
| ၁၅။ | ရွာနိုက် | N 21-08 | E 94-55 |
| ၁၆။ | မကျည်းကျီ | N 21-13 | E 94-58 |
| ၁၇။ | ညောင်ဝန်း | N 20-52 | E 95-07 |
| ၁၈။ | အုတ်ထဲသိမ် | (မသိ) | |
| ၁၉။ | သရက်ရ | (မသိ) | |

ဟူ၍ ဖြစ်ပါသည်။

ပထမ ပုဂံ၏ (၆)ဆက်မြောက်ဘုရင် သေဉ်လည်ကြောင်မင်း လက်ထက် ခရစ်နှစ် ၃၄၄ခုနှစ်တွင် ဒုတိယပုဂံဟု ဆိုရမည့် သိရိပစ္စယာမြို့ကို ကျောက် စကားရပ်တွင် တည်ထောင်ခဲ့၏။ ကျောက်စကားသည် ယခုပုဂံမြို့သစ် တောင်

ဘက်ကပ်လျက် ရေအိုးစင်ချောင်း မြောက်ဘက်ကမ်းနေရာဖြစ်၏။ ပုဂံ (၁၉)ရွာ အပါအဝင် ရွာဟောင်းတစ်ရွာဖြစ်ပြီး ခရစ်နှစ် ၄-၅ရာစု လက်ရာ သဲကျောက် ဆင်းတုတော်နှစ်ဆူကို ယင်းဒေသမှ ရရှိခဲ့ဖူးသည်ဆိုပါသည်။ ဒုတိယပုဂံ၌ မင်း ၅ ပါး ဆက်လက်အုပ်စိုးပြီး သိုက်တိုင်မင်းလက်ထက် ခရစ်နှစ် ၅၁၆ခုနှစ်တွင် တတိယပုဂံကို တည်ထောင်ပါသည်။ ယင်းပုဂံမြို့တော်ကို တမ္ပဝတီဟု အမည် မှည့်ခေါ်ကြ၏။ ပုဂံ(၁၉)ရွာအဝင် ရွာနိုက်ရွာဟောင်းနေရာတွင် တည်ခဲ့ခြင်း ဖြစ်သည်။ ပုဂံခေတ်နှောင်းတွင် မိဖုရားကြီးဖွားစောအား အကြောင်းပြု၍ ဖွားစော ရွာဟု ခေါ်ကြ၏။

တတိယပုဂံမြို့ဟောင်းမှာ ဓမ္မရာဇိက ဘုရားမြောက်ဘက်နေရာတွင် ဖြစ်ဟန်တူ၏။ ဘုရားအနောက်ဘက်ချောင်းတွင်းမှ ပျူစာပါ ရွှေပေလိပ်နှင့် လက်စင်းကြောင်းရာပါ အုတ်ချပ်တို့ကို ရဖူးရာ ယင်းပစ္စည်းများက တတိယပုဂံ ၏သက်တမ်းကို ညွှန်းဆိုနေပါသည်။ ခေတ်ပညာတတ်သမိုင်းပညာရှင်အများစု က ဤဒုတိယနှင့်တတိယပုဂံတို့ကိုလည်း နှစ်လိုဟန်မတူပေ။ ပုဂံမင်းများ၏ အမည်မှာ ခန်းလောင်း၊ ခန်းလတ်၊ ပိတ်သုံ၊ ပိတ်တောင်း၊ ထွန်တိုက်၊ ထွန်တွင်း စသဖြင့် မဖြစ်နိုင်သော၊ အခြေအမြစ်မရှိသော အမည်နာမများသာ ဖြစ်သည်ဆို ၏။ စင်စစ်အားဖြင့် ကိုလိုနီခေတ် အင်္ဂလိပ်ဘာသာရေး အင်္ဂလိပ်မင်းဆက်များ တွင်လည်း အီသယ်လ်ရ(ဒ်)၊ အီသယ်လ်တေန်၊ အီသယ်လ်ရက်မင်းများ အစဉ် အဆက် ရှိခဲ့ဖူးသည်မဟုတ်ပါလော။

လက်ရှိ စတုတ္ထပုဂံကို ဇာတာတော်ပုံရာဇဝင်အရ ပျဉ်ပြားမင်းက ၂၃ ဒီဇင်ဘာ ၈၄၉ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စတုတ္ထပုဂံ၌ မင်းဆက်(၂၃) ဆက် စိုးစံအုပ်ချုပ်ခဲ့ကြသည်။ စတုတ္ထပုဂံ၏မြို့သက်က နောက်ဆုံးဘုရင် စောမွန်နစ် နတ်ရွာစံချိန် ခရစ်နှစ် ၁၃၆၈ခုနှစ်အထိ နှစ်ပေါင်း(၅၁၉) နှစ် ကြာ မြင့်ခဲ့သည်။ စတုတ္ထပုဂံခေတ်သို့ ရောက်ရှိလာသောအခါ ကျောက်စာ မင်စာ အထောက်အထားများ တစ်စစပြည့်စုံလာပြီမို့ ပုဂံသမိုင်းကြောင်းက ပီပီပြင်ပြင် ဖြစ်လာပါသည်။ ပုဂံသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ ပေါင်းစုရာနယ်မြေ ဖြစ်သည့်အလျောက် ပုဂံအကြောင်းကို ပိုမိုပြည့်စုံသည်ထက် ပြည့်စုံလာစေရန် ကြိုးပမ်းသုတေသန ပြုသင့်ကြပေသည်။

◆

# သက္ကရာဇ်စဉ်

၁၀၄၄ – အနော်ရထာမင်းနန်းတက်

၁၀၄၅ – ပထမဟံသာဝတီမင်းဆက်၊ နောက်ဆုံး ဘုရင်တိဿမင်းနှင့် မိဖုရားတို့ ပဲခူး၌ ကျိုက်ကလွန်ပွန်းစေတီတည်

၁၀၄၉ – စောလူးမင်းကို အနော်ရထာမင်းနှင့် မိဖုရားတို့မှဖွားမြင်

၁၀၅၀ – ဇန်းမော်မြို့၌ စောကွာသိုဟိုင်း စောင်အုပ်ချုပ်၊ ပုဂံဘုရင် နရပတိစည်သူမင်းကိုဖွားမြင်

၁၀၅၃ – ဇန်းမော်စော်ဘွား သိုဟိုင်းအားသိုဟုန်က ဆက်ခံ

၁၀၅၄ – ဗဒ္ဒံမြို့(နောင်အလုံ)ကို သိီရိလက်ာပြည်သား "နာဗေလ"က စတင်တည်

၁၀၅၇ – ပဲခူးဟံသာဝတီကို ပုဂံတပ်များသိမ်းပိုက်ကာ တိဿဘုရင်အား ပုဂံသို့ ဖမ်းဆီးခေါ်ဆောင်

၁၀၅၈ – အနော်ရထာမင်း ပုဂံ၌ ပိဋကတ်တိုက်ကို တည်ဆောက်

၁၀၅၉ – အနော်ရထာမင်း လူတစ်ရပ်ခန့်အမြင့်ရှိ သမင်ဂဝံရုပ်ထုကို ထုလုပ်ကိုးကွယ်၊ ပုဂံ၌ လောကနန္ဒာ စေတီတည်

၁၀၆၀ – အနော်ရထာမင်း နန်းစောတို့ အန္တရာယ်ကို ခုခံကာကွယ်ရန် ခံတပ်မြို့ ၄၃ မြို့တည်

၁၀၆၂ – နတ်မောက်မြို့ကို စတင်တည်

၁၀၆၇ – မနုဟာမင်းက အမိုးထိုက်တန်သော မနောမယကြောင်မျက်ရွဲကို ရောင်းချဘုရားတည်ကြောင်း ကျောက်စာ၌ပါရှိ

၁၀၇၁ – သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ) ပထမဝိဇယဗာဟုမင်းက အနော်ရထာမင်းထံ သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်

၁၀၇၇ – အနော်ရထာမင်းနတ်ရွာစံ၊ စောလူးမင်းနန်းတက်

၁၀၈၄ – စောလူးမင်းနတ်ရွာစံ၊ ကျန်စစ်သား နန်းတက်

၁၀၈၆ – ကျန်စစ်သားမင်း ဘိသိက်ခံ

၁၀၈၇ – ရခိုင်ပြည် ဝေသာလီမြို့၌ ကာလစန္ဒရားမင်း နန်းတက်

၁၀၈၈ – ကျန်စစ်သားမင်း၊ တူရှင်းတောင်ခြေ၌ မြကန်ကိုဆည်ဖို့တူးဖော်

၁၀၉၀ – အလောင်းစည်သူမင်းကို ဖွားမြင်

၁၀၉၁ – ကျန်စစ်သားမင်း အာနန္ဒာစေတီတော်ကိုတည်

၁၀၉၃ – ကျန်စစ်သားမင်း ပြည်ရွှေဆံတော်ဘုရားကိုပြုပြင်၊ ပုဂံ၌ ရွှေစည်းခုံစေတီတည်

၁၀၉၆ – ဇန်းမော်၌ ဇော်ဘွားသုံဟုန်ကို သိုစွန်ကဆက်ခံ

၁၀၉၈ – သထုံဒေသ၊ ကေလာသတောင်၌ မြသိန်းတန်ဘုရားကို ဘုရင်အမိန့်တော်ဖြင့် ပြုပြင်

၁၁၀၁ – ကျန်စစ်သားမင်း၊ ပုဂံ၌ နန်းတော်သစ်စတင်တည်ဆောက်

၁၁၀၂ – ကျန်စစ်သားမင်း၊ နန်းတော်သစ်ဆောက်လုပ်ပြီးစီး

၁၁၀၆ – တရုတ်ပြည် ခိုင်ပင်(Kai peng)သို့ မြန်မာသံအဖွဲ့တစ်ဖွဲ့စေလွှတ်

၁၁၁၂ – ရာဇကုမ္မာရ်မင်းသားက မြစေတီကျောက်စာကိုရေးထိုး

၁၁၁၃ – ကျန်စစ်သား နတ်ရွာစံ၊ အလောင်းစည်သူနန်းတက်

၁၁၁၄ – သက်တော် ၈၁နှစ်ရှိ ရှင်အရဟံမထေရ် ပျံလွန်တော်မူ

၁၁၁၇ – ပုဂံဘုရင်နရသူမင်းကို အလောင်းစည်သူနှင့် မိဖုရားရတနာပုံတို့မှဖွားမြင်

၁၁၁၈ – ရခိုင်ပြည်၌ လက်ျာမင်းနန်ထီးနန်း ပြန်လည်ရရှိ

၁၁၁၉ – အလောင်းစည်သူမင်း၊ ပခုက္ကူ၌ ရွှေတံ့တစ်ဘုရားကိုတည်

၁၁၂၁ – အလောင်းစည်သူမင်းက ဘီကျူနီဆရာတော်အိုဝ်ဆင်ကလန်ကို ပိဋကပဏ္ဍိတဘွဲ့ ဆပ်ကပ်

၁၁၂၃ – မိဖုရားစောမွန်လှ တည်ခဲ့သည့်ဘုရား၌ အလောင်းစည်သူမင်းက ဝတ် မြေလှူဒါန်း

၁၁၂၇ – ပုဂံမှ တရုတ်နိုင်ငံသို့ မြန်မာသံအဖွဲ့တစ်ဖွဲ့စေလွှတ်

၁၁၃၁ – အလောင်းစည်သူမင်း ပုဂံ၌ရွှေဂူကြီးဘုရားကိုတည်၊ ၅နှစ်လဲကျော်ကြာ တည်ဆောက်ရ

၁၁၃၄ – ကျိုင်းတုံနယ် ဝလူမျိုးများလက်အောက်သို့ကျရောက်
၁၁၃၈ – အတုလမာန်အောင်ဘုရားကျောက်စာ၌ အလောင်းစည်သူက အလှူ ဒါနပြုကြောင်း ရေးထိုး
၁၁၃၉ – ပုဂံ၌ အိုဝ်မင်းနှင့် အိုဝ်ပွတ်သင်တို့က ဥယျာဉ်မြေလှူဒါန်း
၁၁၄၀ – အလောင်းစည်သူမင်း၏ မိဖုရားရတနာပုံက တိုင်းစွတ်ဘုရားတွင် လယ်မြေ ဆင်းတု လှူဒါန်းကိုးကွယ်
၁၁၄၄ – အလောင်းစည်သူမင်း သဗ္ဗညုဘုရားကိုတည်
၁၁၄၇ – ပုဂံတုရင်ပုထိုး၌ အလှူရှင်တစ်ဦးက လယ်မြေကျွန်များလှူဒါန်း
၁၁၅၀ – နရပတိစည်သူမင်းကိုဖွားမြင်
၁၁၅၁ – ဇန်းမော်၌ ဓော်ဘွားသိုစွန်၏ရာထူးကို သိုတူကဆက်ခံ
၁၁၅၉ – မကွေးမြို့ကိုစတင်တည်
၁၁၆၀ – အလောင်းစည်သူနတ်ရွာစံ၊ နရသူနန်းတက်
၁၁၆၃ – ပုဂံမှတရုတ်နိုင်ငံသို့ မြန်မာသံအဖွဲ့တစ်ဖွဲ့စေလွှတ်
၁၁၆၅ – နရသူမင်းနတ်ရွာစံ၊ နရပတိစည်သူနန်းတက်
၁၁၆၆ – ပုဂံအထောလတ်ကျောက်စာရေးထိုး
၁၁၆၇ – စစ်ကိုင်းနယ် တောရော်ရွာအနီး၌ အလှူရှင်တစ်ဦးက ကျွန်၊လယ်မြေများ လှူဒါန်း
၁၁၆၈ – နရပတိစည်သူမင်း ဆည်ရေသောက်လယ်များအတွက် တူးမြောင်း ဖောက်လုပ်
၁၁၆၉ – မဟာကဿပဂိုဏ်းကို စတင်တည်ထောင်သူ ရှင်မဟာကဿပလောင်းလျာ ပေါင်းလောင်းသင်ကို ဖွားမြင်
၁၁၇၀ – သုဓမ္မနဂရ (သထုံ)မြို့မှ မွန်ဘုန်းတော်ကြီး ဥတ္တရာဇီဝ သီဟိုဠ် (သီရိ လင်္ကာ)သို့ ကြွသွား
၁၁၇၁ – နတ်မောက်နယ် တောင်တောင့်ရွာအနီး၌ အလှူရှင်တစ်ဦးက လယ်မြေ ကျွန်များ လှူဒါန်း
၁၁၇၂ – မွန်ဆရာတော် သာရိပုတ္တာက ဓမ္မဝိလာသဓမ္မသတ်ကို ရေးသားပြုစုပြီး နားတောင်များမင်းကို ဖွားမြင်
၁၁၇၄ – 'ကုသိမ'မြို့အား ပုသိမ်အမည်စတင်ပြောင်းလဲခေါ်ဝေါ်ကာ ဝါသုဒတ္တ မင်းနန်းစိုက်
၁၁၇၅ – မိဖုရား ဝေဠုဝတီက ပုဂံ၌နားတောင်တပ်ဘုရားကိုတည်

၁၁၇၉ - ပုဂံတိုင်းရွှေတိဘုရား၌ သင်ကြီးအဘိနန္ဒသူက ရွှေသကၤန်းကပ်လှူ
၁၁၈၀ - ပုဂံ၌တောင်ပြင်သည် မိဖုရားက လယ်မြေများလှူဒါန်းကာသိလ်ပြု
၁၁၈၁ - ပုဂံမင်းအိုချမ်းသာဘုရား၌ ဇုန်းသည်စင်ကြယ်က ဥယျာဉ်လယ်မြေလှူဒါန်း
၁၁၈၂ - ပုဂံ၌ ဇုန်းသည်အိုနသင်က အလှူဒါနပြုကျောက်စာရေးထိုး
၁၁၈၃ - နရပတိစည်သူမင်းကြီး ရှင်မှာမဏိစေတီတော်ကြီးကို တည်ဆောက်
၁၁၈၄ - မွန်တို့ ပုဂံကိုချီတက်လာ
၁၁၈၅ - အမရပူရဒေသ၌ ဘုရားကျောင်းကန်လှူဒါန်းကြောင်း အလှူရှင်တစ်ဦးက ကျောက်စာရေးထိုး
၁၁၈၆ - စလေမြို့ကန်စွယ်ကျောင်းစေတီ၌ အလှူဒါနပြုလုပ်ကျောက်စာရေးထိုး
၁၁၈၇ - စစ်ကိုင်းနယ် ကျောင်းဖြူရွာ၌ သခင်ဓမ္မဝိလာသကအလှူမှတ်တမ်းကျောက်စာရေးထိုး
၁၁၈၈ - နရပတိစည်သူမင်းက သခင်ဓမ္မပါလ၏ဘုရား၌ ကျွန်စသည်တို့လှူဒါန်း
၁၁၈၉ - အသစ်ယာအမတ်က မိတ္ထိလာခရိုင်သဲတောဝမ်းတွင်းမြို့ ရွှေဂူဘုရား၌ အလှူပြု
၁၁၉၀ - ဆပဒမထေရ် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ပုဂံသို့ပြန်ကြွ
၁၁၉၁ - ကုသိုလ်ရှင်တစ်ဦးက ပင်းတလဲမြို့နယ် ပန်းတောရွှေကျောင်း၌ ကျွန်များလှူ
၁၁၉၂ - သီဟိုဠ်ပြန်ဆရာတော်များကြောင့် သီဟိုဠ်သာသနာ ပုဂံ၌စတင်လွှမ်းမိုးလာ
၁၁၉၃ - ပုသိမ်မြို့၌ မဟာစေယျနန်းတက်
၁၁၉၄ - ပုဂံမြို့ရှိ အလိုတော်ပြည့်ဘုရားကို သင်ကြီးတေ့တ်သင်က ပြုပြင်ပြီးစီး
၁၁၉၅ - ကျန်စစ်သားမင်းက ပုဂံ၌ မင်းအိုချမ်းသာဘုရားကိုတည်
၁၁၉၆ - ဓမ္မရာဇိကဘုရားကျောက်စာ၌ ပုဂံခေတ်မြန်မာနိုင်ငံ အကျယ်အဝန်းကိုဖော်ပြရေးထိုး
၁၁၉၇ - သင်ကြီးဇုန်းသင်ကာနှင့်ဇနီးတို့က ကျောက်ဆည်ဆုတောင်းပြည့်ဘုရား၌ ပိဋကတ်သုံးပုံလှူ
၁၁၉၈ - ဓမ္မရာဇိကဘုရားကိုအထွတ်တင်၊ ကျစွာမင်းကိုဖွားမြင်
၁၁၉၉ - ကုသိုလ်ရှင်အိုဝ်ကျောသင်က မလိုင်မြို့မောင်းကန်ရွာ၌ ကျောင်းဆောက်မြေလှူ
၁၂၀၀ - ပုသိမ်မြို့၌ မဟာစေယျကို ညီတော်ရှင်ဥစေယျက ဆက်ခံ

၁၂၀၂ – ပုဂံမြို့ သံဖျင်ရှင်ကောင်ဘုရားအလှူအခန်းအနားသို့ နရပတိစည်သူမင်း
တက်ရောက်

၁၂၀၃ – ပုဂံ၌ ဂေါဓောပလ္လင်ဘုရားကြီး စတင်ဆောက်လုပ်

၁၂၀၄ – နရပတိစည်သူမင်းနန်းတော်သစ်ဆောက်လုပ်၊ ရမည်းသင်းစား သီဟ
ပတေ့ကို တောင်တွင်းဝန်ခန့်

၁၂၀၅ – အလှူရှင် နေစ်လိုသင်က ပြင်စည်မြို့ရွှေပြည်ရှင်ဘုရား၌ လယ်မြေ
လှူဒါန်း

၁၂၀၆ – ဇန်းမော်၌ စော်ဘွားသိုတ့၏ရာထူးကို သိုရုံကဆက်ခံ

၁၂၀၇ – ပုဂံ၌ ထီးလိုမင်းလိုဂူဘုရားကိုတည်

၁၂၀၈ – ဘုရင်ကိုယ်တိုင် ပိဋကတ်တော်များ ကူးယူလှူဒါန်း

၁၂၀၉ – မင်းနန်းသူရှာ တောက်နွယ်ချောင်းနံဘေး၌ မင်းမတ်နဂါးပိုရ်က ဂူ
ကျောင်းဆောက်လုပ်

၁၂၁၀ – ကြံသိုင်းကြီးနေးက ပုဂံဝက်ကြီးအင်းအနီးဘုရားရှု၌ ကုသိုလ်ကောင်းမှုပြု

၁၂၁၁ – နရပတိစည်သူမင်း နတ်ရွာစံ၊ နားတောင်းများမင်းနန်းတက်

၁၂၁၂ – ဖွားစော(နားတောင်းများ၏မွေးမ)အား ဘုရင်ကဥယျာဉ်တော်နှင့် လယ်
၂၀ပယ် ပေးအပ်

၁၂၁၃ – ပုဂံဘုရင် ဥဇနာမင်းကို နရသိယံဥဇနာနှင့် ဖွားစောတို့မှဖွားမြင်

၁၂၁၄ – ပုသိမ်၌ မင်း(၆)ပါးအုပ်စိုးပြီးနောက် အိန္ဒိယတိုင်းသား ပသီမင်း
နန်းတက်လာ

၁၂၁၅ – ပုဂံ၌ မဟာဗောဓိစေတီကို တည်ဆောက်ပြီးစီး

၁၂၁၆ – အမတ်အသခံယာက သူ့အတွက်ရဲ့ဆုရရှိသော လယ်မြေများကို ရတနာ
သုံးပါးကိုလှူ

၁၂၁၇ – သူကြွယ်အိုဝ်ပုလဲက ပုဓနီးကြီး၌ ဂူကျောင်းဆောင်တင်လှူ

၁၂၁၈ – နားတောင်းများမင်း ထီးလိုမင်းလိုစေတီကိုတည်

၁၂၁၉ – တူရှင်းတောင်ထက်၌ သုခမိန်ဆိုသူက အလှူတော်ပြု

၁၂၂၀ – ပုဂံကျောက်ဂူဥမင်အနီးရှိ ရပ်စောက်ဂူဘုရားကိုတည်ဆောက်ပြီးစီး

၁၂၂၁ – အိုဝ်နွယ်သင်က တွင်းရွာတောင်ဘက်ဘုရားတွင် ကျွန်လှူဒါန်း

၁၂၂၂ – မတာရာသင်က မြင်ကွန်းကန္နီရွာ၌ အလှူပြု

၁၂၂၃ – ပုဂံ၌ အမတ်အနန္တသူရကျောင်းတိုက်တည်၊ ရေတွင်းတူး၊ ကန်တူး

၁၂၂၄ – အရည်းငနိုက်သင်နှင့် စေင်သင်လုံတို့ အမှုဖြစ်ပွားရာ တရားသူကြီး
ဓလေးဦးက ရုံးတင်စစ်ဆေး

၁၂၂၅ – ဗန်းမော်၌ စော်ဘွားသိုရှံ၏ရာထူးကို သိုစွန်ကဆက်ဆံ

၁၂၂၆ – နရပတိစည်သူမင်းလက်ထက် တည်ဆောက်ခဲ့သည့် ဓါတောပုလွှင်ဘုရားကို နားတောင်းများမင်းက အပြီးသတ်တည်ဆောက်

၁၂၂၇ – သံဖျင်ဓေယျသွတ်က နားတောင်းများမင်းထံမှရသောမြေ ၇၅၀ပယ်ကို ပုဂံအရှေ့တောကျောင်း၌လှူဒါန်း

၁၂၂၈ – ရွှေဘုံသာဘုရားစုနှ် အိုပြည်အမိက လယ်ယာမြေများဘုရားသို့လှူဒါန်း

၁၂၂၉ – တကောင်းစစ်ပွဲတွင် လက္ခဏာလက်ဝဲ ဦးစီးတိုက်မိုက်ရာအောင်မြင်ကျိုင်းတုံနယ် 'ဝ'လူမျိုးများလက်အောက်မှ လွတ်မြောက်၊

၁၂၃၀ – ဖုန်းသည်(ကုသိုလ်ရှင်)သူဖရစ်မောင်နှံ ပုဂံစရပ်လှအရပ်၌ ဂူကျောင်းဆောင်လှူဒါန်း

၁၂၃၁ – နားတောင်းများမင်းကို နရသိဃ်ဥစနာက ဆက်ခံ၊

၁၂၃၂ – ပုဂံ၌ လေးမျက်နှာဘုရားကျောက်စာရေးထိုး

၁၂၃၃ – ပုဂံရှိ ခံသီးဂူဘုရားကို ရာဇမဟာမင်္ဂလာပတေ့က ဆောက်လုပ်လှူဒါန်း

၁၂၃၄ – ဝန်တော်ကဲမင်း၏သား သီရိဓေယျသူရက တောင်တွင်းကြီးမြို့သစ်ကိုတည်

၁၂၃၅ – ကျစွာမင်းနန်းတက်၊ ဝတ္တကမြေအချို့သိမ်းယူ

၁၂၃၆ – သီရိဝဓုနနှင့် သိဃ်ပိကြတို့က ဘုရင်ကိုတော်လှန်ပုန်ကန်

၁၂၃၇ – ပုဂံ၌ ရှင်အစဂေါဏာဟုခေါ်ဆိုနေကြသော ဂူဘုရားကို အမတ်မဟာသမန်းကြီးမောင်နှံက ဆောက်လုပ်လှူဒါန်း

၁၂၃၈ – သံဖျင်သက်ရှည်ဆိုသူက ပုဂံစရပ်လှရှေ့တောကျောင်း၌ မြေလှူပုဂံဘုရင်နရသီဟပတေ့မင်းကို ဖွားမြင်၊

၁၂၃၉ – ပုဂံမင်းနန်းသူရွှာ မင်းမတ်နဂါးပိုရ် ဆောက်လုပ်လှူဒါန်းသော ဂူကျောင်း၌ လယ်မြေများလှူ

၁၂၄၀ – ပုဂံတွင် ဖုန်းသည်သင်ကြီးငပံသင်က ကုသိုလ်ကောင်းမှုပြု

၁၂၄၁ – မိဖုရားစော (နရသိဃ်ဥစနာ၏မိဖုရား) ကဂူကျောင်းဆောက်လုပ်လှူဒါန်း

၁၂၄၂ – နရပတိစည်သူမင်းနှင့် မိဖုရားဦးဆောက်ပန်းမှ ဖွားမြင်သည့် ကကဲ့သူမင်းသားကွယ်လွန်

၁၂၄၃ – ကျိုင်းတုံစော်ဘွားဆက်ကို မာန်ကုမ်ဆိုသူ'ဝ'လူမျိုးတစ်ဦးက စတင်တည်ထောင်

၁၂၄၄ – နရပတိစည်သူမင်း၏မြေး ဗိုလ်သူကြီးသတ်တျာက ပုဂံ၌ ကုသိုလ်ကောင်းမှုများလုပ်ဆောင်

၁၂၄၅ – ကျစွာမင်းက ဝတ္ထကမြေအချို့ကိုသိမ်းယူရန်ကြိုးပမ်း၊ ကုသိုလ်ရှင်သူဇရစ်ဇနီးက ရေပ်လှာအရပ်၌မြေလှူဒါန်း
၁၂၄၆ – ဇန်းမော်၌ ဇော်ဘွားသိုစွန်၏ရာထူးကို သိုဆိုင်ကဆက်ခံ
၁၂၄၇ – ကျိုင်းတုံမြို့ကို တောင်တည်ထောင်သူ မာန်ကုမ်အား မာန်ကျိုန့်ဆိုသူက ဆက်ခံ
၁၂၄၈ – ပုဂံမြို့ အနန္တပညာမဟာထေရ်သိတင်းသုံးရာအနီး၌ နန္ဒပညာစေတီတည်

၁၂၄၉ – ကျစွာမင်းနတ်ရွာစံ၊ ဥစနာမင်းနန်းတက်
၁၂၅၀ – ပုသိမ်၌ သမုဒ္ဒဘုရင်နန်းတက်၊ တောင်တွင်းကြီး၌ သခံယားငယ်မင်းပြု
၁၂၅၁ – သူကြွယ်ငချက်သင်ကြီးက စလေမြို့ ဆားလယ်ရွာတောင်ဘုရား၌ ကုသိုလ်ပြု
၁၂၅၂ – မန်လည်မြို့ကို အမတ်ဒီဗ္ဗနရာက စတင်တည်
၁၂၅၃ – ဥစနာမင်း ဓိုင်သလည်ကျွန်းသို့ လှေဖြင့်ထွက်ခွာ
၁၂၅၄ – ဥစနာမင်း အောက်အရပ်သို့စုန်ဆင်းရာ မိဖုရားကြီးဖွားစောလိုက်ပါ၊ မွန်ဂိုစကရာဇ်က တာလီမြစ်အနောက်ဘက်ဒေသကို သိမ်းပိုက်
၁၂၅၅ – ကျစွာမင်းကြီးသမီး သုံးလှလှက ပုဂံ၌သုံးလှလှ(သမ္ဗုလ)ဂူဘုရားတည်
၁၂၅၆ – ဥစနာမင်း ဒလ၌နတ်ရွာစံ၊ မင်းယဉ်နန်းတက်
၁၂၅၇ – မင်းယဉ်ကို နရသီဟပတေ့က ဆက်ခံ
၁၂၅၈ – ရခိုင်ပြည် လောင်းကျက်မြို့တွင် ရာဇသူကြီးမင်းနန်းတက်
၁၂၅၉ – ပုဂံ ပဲနွံသာဂူဘုရားကို ဖုန်းသည်အသခံရာမိသားစုက ဆောက်လုပ်လှူဒါန်း
၁၂၆၀ – ပုဂံဘုရင်ကျော်စွာမင်းကို ဥစနာမင်းနှင့် မိဖုရားတို့မှဖွားမြင်
၁၂၆၁ – စေယျသိင်္ဃယမောင်နှံက ပုဂံလက်ပွတ်ကန်ဘုရား၌ ဥပုသ်သွင်း
၁၂၆၂ – တရုတ်ပြေးမင်း၏မိဖုရား ရတနာပုံကွယ်လွန်၊ အာဒိကပ္ပကျမ်းကို ရေးသားပြုစုပြီးစီး
၁၂၆၃ – ပုသိမ်မြို့၌ သမုဒ္ဒလောသီမင်းနန်းတက်
၁၂၆၄ – ကျိုင်းတုံ၌ စောဘွားစစ်နမ်နာမ် စတင်အုပ်ချုပ်
၁၂၆၅ – မိဖုရားကြီးဖွားစောက ပုဂံအာမနာရပ်၌ အလှူကြီးစွာပြုလုပ်၊ မင်းဝိုင်းဘုရားတည်
၁၂၆၆ – ဇန်းမော်၌ စောဘွားသိုဆိုင်၏ရာထူးကို သိုဆက်ကဆက်ခံ

၁၂၆၇ – တရားမှုန်မယားကျောက်စာ၌ မင်းယဉ်က အထိန်းတော် ဒိုင်ပေါင်းသင်ကို အစီးအနင်းအဆောင်အရွက်များ ပေးအပ်ကြောင်းဖော်ပြ

၁၂၆၈ – နရသီဟပတေ့မင်း ပုဂံ၌မင်္ဂလာစေတီတည်

၁၂၆၉ – မိဖုရားကြီးဖွားစောက ကုလားကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်း

၁၂၇၀ – သူကြွယ် ငမြတ်သင်က ပုဂံသစ်မထီးကျောင်း ကျောက်စာကိုရေးထိုး

၁၂၇၁ – မိဖုရားကြီးဖွားစော ကထိန်ပြု၊ တရုတ်နိုင်ငံသို့ မြန်မာသံအဖွဲ့စေလွှတ်

၁၂၇၂ – မြန်မာတပ်များ ဝပလောင်ဒေသကို သွားရောက်တိုက်ခိုက်

၁၂၇၃ – အဖွဲ့ဝင်(၃)ဦးပါ တရုတ်သံအဖွဲ့ ပုဂံသို့ရောက်ရှိ

၁၂၇၄ – တရုတ်ပြေးမင်း၏ အမတ်တဦးက အာမနာရပ်၌ တံတိုင်းပွဲကျောင်းဆောက်လုပ်

၁၂၇၅ – ယူနန်ဘုရင်ခံက တရုတ်စကောခ်ထံ တပ်များစေလွှတ်လျက် ပုဂံကိုတိုက်ရန်လျှောက်ထား

၁၂၇၆ – ပုဂံ၌ ဖုန်းသည်ဖေယျသိမ်က ဓေယသွတ်ဘုရားကျောက်စာကိုရေးထိုး

၁၂၇၇ – မွန်ဂိုတို့ထံဝင်ရောက်ခိုလှုံသူ ကန်ငယ်စားအား မြန်မာတပ်များသွားရောက်တိုက်ခိုက်ရာမှ မွန်ဂိုမြန်မာနယ်ခြားတိုက်ပွဲစတင်ဖြစ်ပွား

၁၂၇၈ – ငဆောင်ချမ်း ကောင်းစင်ဒေသအထိဝင်ရောက်လာသော တရုတ်တပ်များ ပြန်လည်တပ်ဆုတ်

၁၂၇၉ – ပုဂံတာမဏီကျောင်းကျောက်စာရေးထိုး

၁၂၈၀ – ရွှေဘိုရိုင် ကြိုးကြာရွာစေတီလှဘုရား၌ ငပေါင်းသင်သိမ်ကျောက်စာရေးထိုး

၁၂၈၁ – မုတ္တမ၌ ဝါရီရူမင်းဆက်စတင်၊

၁၂၈၂ – ပုဂံတာမလိန်ကျောင်းဆရာတော်အား လယ်ယာမြေများလှူဒါန်း

၁၂၈၃ – တရုတ်တပ်များ၏ကျူးကျော်တိုက်ခိုက်မှုကြောင့် ငဆောင်ချမ်း၊ ကောင်းစင်မြို့များကျဆုံး

၁၂၈၄ – တကောင်းမြို့ တရုတ်လက်အောက်ကျရောက်

၁၂၈၅ – နရသီဟပတေ့မင်းက အနန္တပစ္စည်းနှင့်မဟာဗိုလ်တို့ကို တကောင်းသို့ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးရန်စေလွှတ်

၁၂၈၆ – တရုတ်စကောခ် ကူဗလိုင်ခန်က သုသုတ္တာကီမင်းသားအား မြန်မာနိုင်ငံအလယ်ပိုင်းဘုရင်ခံအဖြစ် ခန့်အပ်ကြောင်းကြေညာ၊
ဆရာတော်ရှင်ဒိသာ ပါမောက္ခသံအဖွဲ့ တယ်တူသို့ကြွရောက်

၁၂၈၇ – နရသီဟပတေ့မင်းကို ကျော်စွာမင်းကဆက်ခံ

၁၂၈၈ – ပဲခူးဟံသာဝတီဒေသ၌ ဘိက္ခုနီသာသနာပျောက်ကွယ်

၁၂၈၉ – ကျော်စွာမင်းဘိသိက်ခံ၊ မင်းနန်းသူရှာ၌ တရုတ်ပုထိုးကို သံပျင်စီယ် သတ္တိယ်ကြီးတည်

၁၂၉၀ – ရာဇသူဖွားစော (နရသီဟပတေ့၏မိဖုရားပေါင်း)က ပုဂံတွင်ကျောင်းဆောက်မြေလှူ

၁၂၉၁ – မိဖုရားပေါင်းဖွားစော၏သား ရာဇသူကွယ်လွန်

၁၂၉၂ – အမတ်ကြီးဣန္ဒပစ္စရာ တောင်ဘီရွာ၌ကုလားကျောင်းပြသာဒ် ဆောက်လုပ်

၁၂၉၃ – ဣန္ဒပစ္စယာ၏သားမက် အမတ်ပုညာနှင့်ဇနီးတို့ ကျောင်းဆောက်လုပ်လှူဒါန်း

၁၂၉၄ – မြင်းခြံနယ်တလုပ်မြို့၌ မြေမှုဖြစ်ပွားရာ စတုရင်္ဂသူသွားရောက်ဖြေရှင်း

၁၂၉၅ – အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ အဆောက်အဦပျက်များပြင်ဆင်ရန် ကိုယ်စားလှယ်လွှတ်

၁၂၉၆ – ကျော်စွာမင်း ပနန်စရိုင်၌မြေလှူဒါန်း၊ သီဟသူ မြင်စိုင်း၌ ရွှေကျောင်းဆောက်

၁၂၉၇ – စစ်သူကြီးအနန္တစေယျပကြံက ဆုအဖြစ်ရရှိထားသည့်မြေကို ကျောင်း၌လှူဒါန်း

၁၂၉၈ – ကျော်စွာမင်းနန်းကျ၊ စောနစ်နန်းတက်

၁၂၉၉ – စောနစ်မင်းက အမတ်သရေ၏ကုသိုလ်တော်ကျောင်း၌ မြေပယ် ၂၀၀ လှူဒါန်း

၁၃၀၀ – မွန်ဂိုတပ်များ မြန်မာနိုင်ငံအတွင်းဝင်ရောက်

၁၃၀၁ – မိဖုရားဖွားစော ကျောင်းတော်ဦး၌တရားနာခိုက်မြေလှူ၊ မြင်စိုင်းသို့ မွန်ဂိုတပ်ရောက်

၁၃၀၂ – ပုဂံသစ်မထီးကျောင်းကို ဖွားစောကပြန်လည်ဆောက်လုပ်

၁၃၀၃ – အမတ်ကြီးရန္တပစ္စည်း ရွှေဘိုနယ်လုတောသို့ရောက်ရှိ၊ တရုတ်လက်အောက်ခံမြန်မာနယ်မြေသစ်ကို ကျေညာဖျက်သိမ်း

၁၃၀၄ – အမတ်စတ္တာလင်္ကာဝိုလ်က ချောင်းဦးနယ် ရှင်ဥတ္တမဂုရုကျောင်းသို့ လယ် ၁၀၀ ပယ်လှူဒါန်း

၁၃၀၅ – အမတ်သုဓရစ် အလှူကြီးစွာလုပ်

၁၃၀၆ – အနန္တသူကျောင်း၌လှူခဲ့ဖူးသည့် မြေပယ်၁၀၀အတွက် အမှုအခင်းဖြစ်

၁၃၀၇ – အသင်္ခယာ၏အလှူတော်ဖြစ်သော မကွ္ကရာရှိ သစ်ငယ်မိုးကျောင်းအား မဟာထေရ်က ကုလားကျောင်းအဖြစ်ပြင်ဆင်ဆောက်လုပ်၊ မုဏ္ဍမဘုရင်ဝါရိရု နတ်ရွာစံ

၁၃၀၈ – တောင်တွင်းကြီးဒေသအရေးကို နှိမ်နင်းအောင်မြင်

၁၃၀၉ – ပင်းယ၌ သီဟသူနန်းတက်

၁၃၁၀ – စောနစ်၏မိဖုရားဖြစ်သူ မိဖုရားစောက အလှူထူးမြားစွာပြုလုပ်၊ ရှမ်းညီနောင်သုံးဦးအနက် အကြီးဆုံး အသင်္ခယာကွယ်လွန်

၁၃၁၁ – မုဏ္ဍမ၌ စောအောဘုရင်နန်းတက်

၁၃၁၂ – ဆင်ဖြူသခင်(ပင်းယသီဟသူ)က အနန္တသူကျောင်း၌ အလှူမြေ ၁၀၀ကို ရေစက်ချလှူဒါန်း

၁၃၁၃ – ပုဂံမြောက်ဘက် ရင်းတော်ရွာအနီး၌ အဘယမထေရ်က စေတီတည်၍ မြေလှူ

၁၃၁၄ – ရှမ်းညီနောင်သုံးဦးက စောနစ်မင်းထံ သိန်ကပကြီကျောင်းဆောက်လုပ်ရန် မြေအလှူခံ

၁၃၁၅ – တရုတ်နိုင်ငံသို့ မြန်မာသံအဖွဲ့သွားရောက်

၁၃၁၆ – အသင်္ခယာမင်း စစ်ကိုင်းကိုတည်

၁၃၁၇ – အနန္တသူ၏သားငယ်က အတည်မှဲ့တောရိုဖခင်၏ကျောင်း၌ကျွန်များလှူ

၁၃၁၈ – ပုဂံ လောကရွှေဘုံသာဘုရား၌ စစ်သူကြီးတစ်ဦးကအလှူဒါနပြု

၁၃၁၉ – သခင်မမွှသီရိက ညည်းခုံစေတီ၌မေါင်းလောင်းချိတ်ဆွဲလိုကြောင်း ပုဂံဘုရင်ထံအကြောင်းကြား

၁၃၂၀ – ရွှေဘိုနယ်၊ ဝက်လက်ဒေသ ရတနာစေတီတွင် အလှူတော်ပြုကျောက်စာ ရေးထိုး

၁၃၂၁ – မိဖုရားအိုပြည့်သင်က တုရွှင်းတောင်ပေါ်၌ဂူစေတီတည်

၁၃၂၂ – ဒုတိယဟံသာဝတီကို စတင်တည်ထောင်သူ ဗွန်ဘုရင်ဗညားဦးအား ဖွားမြင်

၁၃၂၃ – မုဏ္ဍမဘုရင်စောအော နတ်ရွာစံ၍ ညီတော် စောဇိပ်နန်းတက်

၁၃၂၄ – ကျိုင်းတုံ၌ "စစ်လာဘ်"ဆိုသူက ခေါ်ဘွားအရိုက်အရာကိုဆက်ခံ

၁၃၂၅ – ပင်းယ၌ ဥဇနာမင်းနန်းတက်

၁၃၂၆ – စစ်သူကြီးရာဇသင်္ကြန်မိသားစုက အလှူဒါနကြီးစွာပြု

၁၃၂၇ – တရဖျားကြီး စစ်ကိုင်း၌နန်းတက်

၁၃၂၈ – သီဟသူမင်း၏ သဘောတူညီချက်ဖြင့် ပုဂံစောနစံမင်းက ပဲခူး ရွှေသာလျောင်းဘုရားတန်ဆောင်းကို ရွှေချ

၁၃၂၉ – ဇန်းမော်၌ မြင်းခေါင်းရာဇသင်္ခရန်အောင်ကို မြို့ဝန်ခန့်

၁၃၃၀ – မုတ္တမ၌ ဘုရင်စောဇိပ်အား အချီတော်ဇိပ်ပွန်က လုပ်ကြံနန်းတက်

၁၃၃၁ – မုတ္တမမင်းဆက်ကို စောအဲကံကောင်းက ဆက်ခံ

၁၃၃၂ – အနန္တသူဘုရား၌ ပြေနင့်ကျွန်များထပ်ဆင့်လှူဒါန်း

၁၃၃၃ – သီဟသူအမတ်ကြီးက နံ့ကိုင်းစေတီတော်ကျောက်စာရေးထိုး

၁၃၃၄ – မင်းလုလင်ဆရာက သဗ္ဗညုဂူမြောက်ဘက်၌ ဆင်းတုတော်ထုလုပ်ကိုးကွယ်

၁၃၃၅ – စစ်ကိုင်းနယ်၌ သိမ်သမုတ်ရန် စစ်ကိုင်းမင်းဆရာက ပုဂံမိဖုရားစောဆရာမဟာထေရ်ကိုပင့်

၁၃၃၆ – ပုခန်းပေါင်းလောင်းသူကြီးငနောင်ခင် ပုဂံမင်းနန်းသူဂူဘုရား၌ အလှူဒါနပြု

၁၃၃၇ – ကျောက်ဆည်နယ် မြစ်သားမြို့ ရွှေစေတီ၌ လယ်မြေလှူဒါန်းဒါနပြု

၁၃၄၀ – ဒီသာပါမောက္ခမဟာထေရ် ကုလားကျောင်းဆောက်

၁၃၄၂ – ကျိုင်းတုံ၌ "စဝ်ဆဲနခန်"ဆိုသူက စော်ဘွားအရိုက်အရာကိုဆက်ခံ

၁၃၄၃ – မိုးမိတ်၌ ဆောစွန်စော်ဘွားဆက်မှ ဆောကျိုင်ဖအုပ်ချုပ်

၁၃၄၄ – ပင်းယ၌ ငါးစီးရှင်ကျော်စွာမင်း နန်းတက်

၁၃၄၇ – တောင်ငူမြို့၌ သိင်္ဂပါမင်းနန်းတက်

၁၃၄၈ – မုတ္တမ၌ ဗညားဦးမင်းနန်းတက်

၁၃၄၉ – ရာဇာဓိရာဇ်ကိုဖွားမြင်

၁၃၅၀ – ပင်းယ၌ ကျော်စွာငယ်နန်းတက်၊ ပဲခူးဟံသာဝတီ၌ ဗညားဦး၏မိဖုရားသီရိမာလာကွယ်လွန်

၁၃၅၁ – ဗုဓန်းကို အမတ်ကြီးပုညာရရှိ

၁၃၅၂ – စစ်ကိုင်း၌ မင်းပြောက်နန်းတက်

၁၃၅၃ – ဗညားဦးမင်း မုတ္တမ၌နန်းတက်

၁၃၅၅ – ဇန်းမော်၌ သိုပြည့်စော်ဘွားအရိုက်အရာခံယူ

၁၃၅၆ – ပင်းယဘုရင်ကျော်စွာနှင့် မိဖုရားစောတို့ အမတ်ကြီးများပန်ကြား၍အလှူတော်ပြု

၁၃၅၈ – တောင်ငူ၌ သိင်္ဂပါမင်းနတ်ရွာစံ၍ သားတော်ပျံချီနန်းတက်

၁၃၅၉ – ပင်းယ၌ နရသူမင်း နန်းတက်

၁၃၆၀ – ကျိုင်းတုံ၌ 'စပ်ဖယု' ဆိုသူက ဧော်ဘွားအရိုက်အရာကို ဆက်ခံ ပင်းယ၌ မင်းဆက်ပြတ်သွား

၁၃၆၁ – မိုးမိတ်ဒေသ၌ ဆောဆွန့်စော်ဘွားဆက်မှ ဆောကန်ဖ အုပ်ချုပ်

၁၃၆၃ – ပုဂံတူရွင်းတောင်ဘုရား၌ အလှူ့ဒါနကြီးစွာပြု

၁၃၆၄ – သတိုးမင်းဖျား အင်းဝကိုစတည်၊ ပင်းယ၌ ဥစနာပြောင်နန်းတက်

၁၃၆၅ – အင်းဝဘုရင် သတိုးမင်းဖျား စကုသို့ စစ်ချီ

၁၃၆၆ – သတိုးမင်းဖျား ပုဂံသို့ လာရောက်တိုက်ခိုက်

၁၃၆၇ – အင်းဝ၌ သတိုးမင်းဖျား နတ်ရွာစံလွန် မင်းကြီးစွာနန်းတက်

၁၃၆၈ – ပုဂံမင်းဆက်နောက်ဆုံး ဘုရင်စောမွန်နစ် နတ်ရွာစံ၊ အင်းဝမင်းဆက်၏ ပထမဆုံးဘုရင်သတိုးမင်းဖျား စကုမြို့၌ ကျောက်ရောဂါဖြင့် ကံကုန်။

## ပုဂံမင်းဆက်

စတုတ္ထ ပုဂံမင်းဆက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | မင်းအမည်များ | သက္ကရာဇ်စဉ် |
|---|---|---|
| ၁။ | ပျဉ်ပြားမင်း | (၈၄၆ - ၈၇၆) |
| ၂။ | တန်နက် | (၈၇၆ - ၈၉၄) |
| ၃။ | စလေမင်းခွေး | (၈၉၄ - ၉၂၄) |
| ၄။ | သိန်းခို | (၉၂၄ - ၉၄၆) |
| ၅။ | စောရဟန်း | (၉၄၆ - ၉၉၁) |
| ၆။ | ကျောင်းဖြူ | (၉၉၁ - ၁၀၁၃) |
| ၇။ | ကျည်းခို | (၁၀၁၃ - ၁၀၁၉) |
| ၈။ | စုက္ကတေး | (၁၀၁၉ - ၁၀၄၄) |
| ၉။ | အနော်ရထာ | (၁၀၄၄ - ၁၀၇၇) |
| ၁၀။ | စောလူး | (၁၀၇၇ - ၁၀၈၄) |
| ၁၁။ | ကျန်စစ်သား | (၁၀၈၄ - ၁၁၁၃) |
| ၁၂။ | အလောင်းစည်သူ | (၁၁၁၃ - ၁၁၆၀) |
| ၁၃။ | နရသူ | (၁၁၆၀ - ၁၁၆၅) |
| ၁၄။ | နရပတိစည်သူ | (၁၁၆၅ - ၁၂၁၁) |
| ၁၅။ | နားတောင်းများ | (၁၂၁၁ - ၁၂၃၀) |
| ၁၆။ | နရသိယံဥဇနာ | (၁၂၃၀ - ၁၂၃၅) |
| ၁၇။ | ကျစွာ | (၁၂၃၅ - ၁၂၄၉) |
| ၁၈။ | ဥဇနာ | (၁၂၄၉ - ၁၂၅၆) |
| ၁၉။ | မင်းယဉ် | (၁၂၅၆) |
| ၂၀။ | နရသီပတေ့ | (၁၂၅၆ - ၁၂၈၇) |
| ၂၁။ | ကျော်စွာ | (၁၂၈၇ - ၁၂၉၈) |
| ၂၂။ | စောနစ် | (၁၂၉၈ - ၁၃၂၅) |
| ၂၃။ | စောမွန်နစ် | (၁၃၂၅ - ၁၃၆၈) |
| | ◆ | |

# ပုဂံမင်းဆက်၏ ဆွေစဉ်မျိုးပြဇယား

ပျဉ်ပြားမင်း

(သား)
တန်နက်

(သား)
တောင်ပြင်သည် + ကျောင်းဖြူ + အလယ်ပြင်သည်
+
မြောက်ပြင်သည်

(သား) ကျည်းဓို | (သား) အနော်ရထာ | (သား) စုက္ကတေး

(သား)
ကျန်စစ်သား + အပယ်ရတနာ | စောလူး + မဟာဒေဝီစန္ဒာမဏိ


(သမီး) ရွှေအိမ်စည် + (သား) စောယွန်း

(သား)
အလောင်းစည်သူ + ရတနာပုံ

(သမီး)
စောမင်းလှ

(သား)
နရသူ + မြောက်ပြင်သည်

(သား)
နရပတိစည်သူ


နရပတိစည်သူ + စောမြကန်
(သား)
ဆိမ့်တော်သည် + နားတောင်းများ
စောမင်းလှ
(သား)
ကျွစွာ
(သား)
နရသိင်္ခဥဇနာ + ဖွားစော
(သား)
စုလည်းထုံး + ဥဇနာ + သုံးလုလ
(သား)
ရှင်ဘား + နရသီဟပတေ့
(သား)
မင်းယဉ်
(သား)
ကျော်စွာ + စောဦး
(သား)
စောမင်းရာ
(သား)
စောနစ် + အိုပြည့်သင်
(သား)
စောမွန်နစ်

# ပျဉ်ပြားမင်း( ၈၄၆ - ၈၇၆)



(၁) ပျဉ်ပြားမင်း( ၈၄၆ – ၈၇၆)

# ပျဉ်ပြားမင်း

ပျဉ်ပြားမင်းသည် စတုတ္ထပုဂံကို တည်ထောင်ခဲ့သော မင်းဖြစ်ပါသည်။ ပျဉ်ပြားမင်းနှင့် ပတ်သက်၍ မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ စာမျက်နှာ (၂၁၉) တွင် စာပိုဒ်တစ်ပိုဒ်သာ တွေ့ရှိရ၏။ နန်းတက်ခုနှစ်မှာ ခရစ်နှစ် ၈၄၆ ခုနှစ် (မြန်မာသက္ကရာဇ် ၂၀၈ ခု) ဟူ၍ ယင်းရာဇဝင်တော်ကြီး၌ ပါရှိပါသည်။

## မျိုးရိုးဆက်နွယ်

ပျဉ်ပြားမင်းသည် ခေါ်ခင်နစ်မင်းနှင့် မိဖုရားတို့၏သားဖြစ်ပြီး ခရစ်နှစ် ၈၁၆ ခုနှစ်ခန့်တွင် ဖွားမြင်သည်ဟု မှန်းဆရ၏။

ထွန်လွှတ်မင်း + မိဖုရား

|

(သား)

ခေါ်ခင်နစ် + မိဖုရား

|

(သား)

ပျဉ်ပြားမင်း

ပျဉ်ပြားမင်း၏ မျိုးရိုးဆက်နွယ်ကို ပုဂံနန်းဆက်မှ တိုက်ရိုက် ဆင်သက်လာသည်ဟု မှတ်ယူရပါသည်။ မှန်နန်းရာဇဝင်အလိုအရ ထွန်လွှတ်မင်း၏ သားတော် စောခင်နှစ်နှင့် မိဖုရားတို့မှ ပျဉ်ပြားမင်းကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ ပျဉ်ပြားမင်း၏ မိခင်ဘက်မှ အဆက်အနွယ်နှင့် ပတ်သက်၍မူ မြန်မာရာဇဝင်ကျမ်းအားလုံး၌ ဖော်ပြထားခြင်း မရှိပေ။

**မွေးချင်းများ**

ပျဉ်ပြားမင်းတွင် မွေးချင်းအစ်ကို တစ်ယောက်ရှိပြီး ယင်းအစ်ကိုဖြစ်သူ ခဲလူးမင်းသည် ပျဉ်ပြားမင်းမတိုင်မီ ပုဂံမင်းအဖြစ် ထင်ရှားခဲ့၏။

**ဘဝဖြစ်စဉ်အကျဉ်း**

တော့ဗ္ဗာပုဂံကို စတင်တည်ထောင်သူ ပုဂံမင်း၏အမည်မှာ ပျဉ်ပြားမင်းဟူ၍ ဖြစ်နေသောကြောင့် နှောင်းခေတ်သုတေသီ ပညာရှင်အချို့က ဖျက်ရယ်ပြုကြပါသည်။ မှန်နန်းရာဇဝင်တော်ကြီးတွင် ပုဂံခေတ်ရှေ့ပိုင်း သမိုင်းဖြစ်စဉ်များကို ရေးသားဖော်ပြရာ၌ ပုံပြင်ဒဏ္ဍာရီဆန်လွန်းလှသည်ဟု ဆိုနိုင်သော်လည်း ပျဉ်ပြားမင်းနှင့် ပတ်သက်၍

"မင်းသားငယ်လက်ထက် ပျဉ်ပြားရွာကို စားရသောကြောင့် ပျဉ်ပြားမင်း ဟုတွင်၏"

ဟူသော ရေးသားဖော်ပြချက်ကို ဂရုပြုသင့်ပါသည်။ ကုန်းဘောင်ခေတ်နှောင်းကာလတွင် မင်းတုန်းမြို့စားမင်းသားမှ ဘုရင်ဖြစ်လာသူအား မင်းတုန်းမင်းဟု ခေါ်ဆိုကြသကဲ့သို့ ပျဉ်ပြားရွာစားမင်းသားအားလည်း ပျဉ်ပြားမင်းဟု ခေါ်ကြသည်မှာ အဆန်းတကျယ်မဟုတ်ပေ။

ပျဉ်ပြားရွာဟူသည် ရှေးပုဂံခေတ်အခါက အမှန်တကယ် ရှိခဲ့ပေလိမ့်မည်။ သို့ဆိုလျှင် ပျဉ်ပြားရွာသည် မည်သည့်အရပ်၌ ရှိပါသနည်း။ မှတ်တမ်းတစ်စောင်ကမူ ပျဉ်ပြားမြို့ဟောင်းသည် ပျဉ်မနားနယ်အတွင်း၌ တည်ရှိခဲ့ဖူးကြောင်း ဆိုပါသည်။

## ပုဂံမြို့တော်သစ်

ပျဉ်ပြားမင်းသည် ၂၃ ဒီဇင်ဘာ ၈၄၉ ခုနှစ်၊ (မြန်မာသက္ကရာဇ် ၂၁၁ ခု ပြာသိုလဆန်း ၆ ရက်) နေ့တွင် ပုဂံမြို့တော်သစ်ကို တည်ထောင်ခဲ့သည်။ ယင်းသို့ တည်ထောင်ခဲ့စဉ်က ရဟန်းပညာရှိ လေးပါးနှင့် လူပညာရှိ လေးဦး တို့ကို ပါဝင်ခဲ့ကြသည်ဆိုပါသည်။ ရဟန်းပညာရှိများမှာ တာမလိန္ဒ၊ ရှင်အာနန္ဒာ၊ ရှင်ဥတ္တရာနှင့် ရှင်ဆဋ္ဌတို့ ဖြစ်ကြသည်။ လူပညာရှိ အမတ်လေးဦးတို့မှာ စိန့်မင်းသား၊ ဟူးရားဖြူ၊ ဟူးရားညိုနှင့် အင်ပြစ် (လင်းဘင်) ရွာသား ရာဇသကြိန် တို့ဖြစ်သည်ဟု ဆို၏။

ပုဂံမြို့၏ အကျယ်အဝန်းမှာ ၁၁၄၂ တာရှိသည်ဟု ဆိုပါသည်။ မြို့တံခါးအမည်များမှာ သရပေ၊ သရပါ၊ သာတန်း၊ ငါးမြီးယပ်၊ ညောင်ဖြူ၊ သာစည်၊ မင်္ဂလာ၊ မကြည်သာ၊ ဝင်းမနား၊ မတောင့်တ၊ ကလေးတံခါး စသည်တို့ ဖြစ်ကြ၏။ ပုဂံမြို့တည်ဆောက်စဉ်က မင်းသားရဲကသူ၊ ပြည်စိုးဇေယျ၊ မင်းသားညည်သူ၊ ပြည်စိုးမင်းလျှင် စသူတို့က မြို့ရိုးမြို့တံခါးတို့ကို အသီးသီးတာဝန်ယူ တည်ဆောက်ပေးခဲ့ကြသည်။ ထို့ပြင် မြို့တော်သစ်ကို ပဇွင်၊ တုရင်တိုင်၊ ပြည်အိုး၊ တန်ဆောင်း၊ ကျုံးမြောင်းသုံးတန်၊ သူရဲပြေးတို့ဖြင့် ပတ်ရံလျက် စနစ်တကျ တည်ခဲ့ကြခြင်းဖြစ်၏။

နှောင်တွင် ဤပုဂံမြို့သစ်တည်ဆောက်ရေး လုပ်ငန်း၌ ဦးဆောင်ပါဝင်ခဲ့ကြသည့် မင်းသား လေးပါးနှင့် ပြည်စိုး လေးဦးတို့၏ အဆက်အနွယ်များသည် ပုဂံမြို့အုပ်ချုပ်ရေးတာဝန်ကို ဆက်လက်ယူခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ပျဉ်ပြားမင်း၊ နန်းတော်ကို အနော်ရထာမင်းလက်ထက်၊ ကျန်စစ်သားမင်းလက်ထက်၊ နရပတိစည်သူနှင့် နရသူမင်းလက်ထက်များ၌ အသစ်ထပ်မံဆောက်လုပ်ခဲ့ကြောင်း မြန်မာပုရပိုက်မှတ်တမ်းတစ်စောင်၌ တွေ့ရှိရ၏။ ပညာရှင်အများကမူ လက်ရှိ မြို့ရိုးဟောင်းသည် ပြီးပြည့်စုံခြင်းမရှိဘဲ အနောက်မြောက်ထောင့်ဘက်ခြမ်း အစိတ်အပိုင်းများမှာ ဧရာဝတီမြစ်တွင်း၌ ကျရောက်လျက်ရှိကြောင်း ဆိုပါသည်။

# တာန်နကါမင်း(၈၇၆–၈၉၆)



## (၂၂) တန်နက်မင်း(၈၇၆–၈၉၄)

တန်နက်မင်းသည် ပျဉ်ပြားမင်း၏သားဖြစ်ပြီး မြင်းမွေးဝါသနာပါသည်ဆို၏။ မြန်မာနိုင်ငံတွင် ရေနံစတင်ထုတ်ဖော်ရန်ကြိုးစားခဲ့ကြသူများမှာ တန်နက်မင်း၏အနွယ်တော်များဖြစ်ကြသည် ဆိုပါသည်။

# စလေမင်းခွေး(၈၉၆-၉၂၆)



## (၃) စလေမင်းခွေး(၈၉၆–၉၂၆)

စလေမင်းခွေးသည် သိန်းခွန်မင်း၏ ညီမင်းသား စောရှေခက်၏ မြေး ဖြစ်ကြောင်း ဇေတဝိယကထာကျမ်းက ဆိုပါသည်။ သူသည် တန်နက်မင်းကို လုပ်ကြံနန်းတက်ခဲ့၏။

◆

# သိန်းခို (၉၂၄-၉၄၆)



# (၄) သိန်းခို (၉၂၄–၉၄၆)

သိန်းခိုမင်းကို သိန်းဃို ဟူ၍လည်းရေးမှတ်ကြပါသည်။ သိန်းဃိုမှာ သီရိလင်္ကာအား ရှေးမြန်မာတို့ခေါ်ဝေါ်သောအမည်ဖြစ်ပေရာ မည်သို့မည်ပုံ ဆက်စပ်နေသည်ကိုမသိရပေ။

## ဓာရဟန်း (၂၅၉–၂၂၁)



(၂) စောရဟန်း (၉၄၆–၉၉၁)

# ဇောရဟန်း

အနော်ရထာမတိုင်မီမင်းများအနက် ဇောရဟန်း၏အမည်ကို ပုဂံဓေတ်နှောင်း ခရစ်နှစ် ၁၂၁၂ခုနှစ်ထိုးကျောက်စာတစ်ချပ်၌ တွေ့ရှိရ၏။ ယင်းကျောက်စာ၌ တုရှင်းတောင်ထိပ်ရှိ ဇောရဟန်းသိမ်ပျက်စီးသဖြင့် ပြုပြင်ခဲ့ရကြောင်း ရေးထိုးထား၏။ ဤကျောက်စာအရ ဇောရဟန်းမင်းသည် နတ်၊နဂါးကိုးကွယ်သူဖြစ်ကြောင်း ရာဇဝင်ကျမ်းများပါ ခွတ်ခွဲချက်များမှာ မဟုတ်မမှန်ကြောင်း ထင်ရှားသိသာလှပေသည်။

ကျောက်စာတွင်

> "တုရှင်တောင်ထိပ် ဇောရဟန်းသိမ်ပျက်ခဲ့ရကား မောင်းမနတ်ဆက်အမွှမ်းရ အိုဝ်ပန်ဦးသင် စာချိုဗိုလ် ဤနှစ်ကြားရကား ဘုရားလောင်းမင်း ဥစနာမင်းကြီး ရွှေတောင်တက်၍ တစ်နှစ်သောကြာရကား မင်းကြီးပြုစေဟူရကား ဤသိမ်ဆောက်သကား"

ဟုဖော်ပြရေးထိုးထားပါသည်။

◆

# ကျောင်းဖြူမင်း (၉၉၁-၁၀၁၃)



(၆) ကျောင်းဖြူမင်း (၉၉၁–၁၀၁၃)

# ကျောင်းဖြူမင်း

ကျောင်းဖြူမင်း၏အမည်ကို မြန်မာရာဇဝင်ကျမ်းများတွင် "ကြောင်းဖြူ"ဟူ၍ ရရစ်ဖြင့်စာလုံးပေါင်းကြသည်။ သို့သော် မင်းစာမှတ်တမ်းတစ်ခုအရမှု ကျောင်းဖြူ(အဖြူရောင်ရှိသောကျောင်း) ဟူ၍သာ ဖြစ်သင့်ပါသည်။ ကျောင်းဖြူမင်းသည် တန်နက်မင်းနှင့်မိဖုရားတို့မှ ဖွားမြင်သူဖြစ်ကြောင်း ဆိုကြသည်။ တန်နက်မင်းကို စလေမင်းခွေးက ခရစ်နှစ် ၈၉၄ ခုနှစ်တွင် နန်းချဖယ်ရှားလျှက် နန်းတက်လာပြီးနောက် တန်နက်မင်း၏မိဖုရားဟောင်းက နန်းတွင်းမှထွက်ခွာကာ ကျောင်းဖြူရပ်တွင် သွားရောက်နေထိုင်သည်။ ထို၌ ခရစ်နှစ် ၉၆၃ ခုနှစ်တွင် ကျောင်းဖြူမင်းကို ဖွားမြင်သည်။

ကျောင်းဖြူမင်းသည် ခရစ်နှစ် ၉၉၁ ခုနှစ်တွင် ပုဂံထီးနန်းကိုရရှိခဲ့ပြီး ထိုစဉ်က အသက် ၂၈နှစ်ရှိပြီဆိုပါသည်။ သူသည် တောင်သူကြီးမင်းခေါ် ညောင်ဦးစောရဟန်းမင်း (၉၄၆-၉၉၁)လက်ထက်တွင် ကွမ်းဆော်(အခွန်အကောက်ခွန်ကောက်သူ)အဖြစ် အမှုထမ်းရွက်ရ၏။ ရာဇဝင်ကျမ်းအချို့က ပုဂံမြို့၏တောင်ဘက် မြောင်လှုဒေသ၌ ကွမ်းဆော်ရာထူးဖြင့် တာဝန်ထမ်းဆောင်ရသည်ဆို၏။

ကျောင်းဖြူမင်းဘုရင်ဖြစ်လာပုံကလည်း ဒဏ္ဍာရီဆန်လွန်းလှသည်။ တစ်နေ့ မင်းလောင်းပေါ်သည်ဆို၍ တူရွင်းတောင်ခြေသို့သွားကြည့်ရာမှ သိကြား

မင်းအကူအညီဖြင့် ကိုယ်တိုင်ဘုရင်ဖြစ်လာသည်။ နန်းတက်တော့ စောရဟန်းမင်း၏မိဖုရားသုံးပါးကို မိဖုရားအရာဆက်လက် ချီးမြှင့်မြှောက်စားသည်။ မိဖုရားမြှောက်ပြင်သည်မှ အနော်ရထာမင်းကိုဖွားမြင်သည် ဆို၏။ (သို့သော် သံသယဖြစ်ဖွယ်ရှိကြောင်း အနော်ရထာမင်းအကြောင်းတွင် ဆက်လက်ရေးသားတင်ပြသွားမည် ဖြစ်ပါသည်။)

ကျောင်းဖြူမင်းသည် ပုဂံထီးနန်းကို ၂၂ နှစ် အုပ်ချုပ်ခဲ့၏။ ထို့နောက် ခရစ်နှစ် ၁၀၁၃ ခုနှစ်တွင် နန်းကျသွားသည်။နန်းကျပုံကလည်း ရိုးစင်းလွန်းလှသည်။ တောင်ပြင်သည်မိဖုရားနှင့် အလယ်ပြင်သည်မိဖုရားတို့မှ ဖွားမြင်သူ သားတော် ကျည်းစိုနှင့်စုက္ကတေးတို့က ခမည်းတော်ကို ကျောင်းဆောက်အလှူသာခုခေါ်ပါရန် လျှောက်ထားခေါ်ဆောင်ကာ အဓမ္မ ရဟန်းပြုစေခဲ့သည်။ (အနော်ရထာနန်းတက်တော့ ဖခင်ကိုမင်းပြုရန် သွားခေါ်သေးသည်ဆို၏။ သို့သော် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော ကျောင်းဖြူမင်းက ငြင်းဆိုသည်။ သို့ဖြင့် ရဟန်းဘ၀ဖြင့်သာ ကျောင်းသခ်ိန်း၌ နေတော့ကြောင်း မှန်နန်းရာဇဝင်ကဆို၏) ခရစ်နှစ် ၁၀၄၈ ခုနှစ်ခန့်တွင် ကျောင်းဖြူမင်း ရဟန်းဘ၀ဖြင့် ပျံလွန်ပါသည်။

အနော်ရထာမင်းမတိုင်မီ ပုဂံဘုရင်များကို အမှန်တကယ် အုပ်စိုးခဲ့သူများမဟုတ်ဟု သံသယရှိခဲ့ကြရာမှ ရွှေပြောက်ငယ်ဘုရား နံရံထက်၌ ခရစ်နှစ် ၁၃၁၃ ခုနှစ်က ရေးသားခဲ့သည့်မင်စာကို အမှတ်မထင်တွေ့ရှိကြရ၏။ ယင်းမင်စာမှာ ကြောင်းရေ (၁၃)ကြောင်းပါဝင်ပြီး ကြောင်းရေ (၂)၌

"ကျောင်းဖြူမင်း ရပ်တိုင်ဘုရားသခင် ဆင်းရဲရှာသည်ဂ်
မြင်၍ဆင်ဖြူ သခင် မိဖုရားစောကြီး သဒ္ဓါစွာ၍ပြု၏။"

ဟု ရေးမှတ်ထားပေရာ ကျောင်းဖြူမင်းလက်ထက် ကိုးကွယ်ခဲ့သည့် ရုပ်တော်မှုဗုဒ္ဓရုပ်ပွားတော်ကြီး ယိုယွင်းပျက်စီးနေသဖြင့် မိဖုရားစောက ပြုပြင်ခဲ့ရကြောင်း သိရှိရတော့၏။

ယင်းမင်စာကို တွေ့ရှိကြရမှသာ ပညာရှင်အများက ကျောင်းဖြူမင်းဟူသော မြန်မာရာဇဝင်ကျမ်းများလာ ပုဂံဘုရင်မှာ အမှန်တကယ်ရှိကြောင်း အသိအမှတ်ပြုကြလေသည်။

# ကျညီးဆို (၁၀၁၃–၁၀၁၉)



## (၇) ကျည်းစိုး (၁၀၁၃–၁၀၁၉)

ကျည်းစိုမင်းသည် စောရဟန်းမင်းနှင့်မိဖုရားတောင်ပြင်သည်တို့မှ ဖွားမြင်သူဖြစ်သည်။ ကျည်းစိုသည် ထီးနန်းရရှိစက ဗန့်ကျီဆယ်တိုက်သို့သွား၍ တောကစားလေ့ရှိကြောင်း မှန်နန်းရာဇဝင်တော်ကြီးက ဆိုပါသည်။

◆

## ဗုဏ္ဏတော: (၁၀၁၇–၁၀၆၆)



(၈) စူဠာတေး (၁၀၁၇-၁၀၄၄)

## စုဏ္ဏတေး

စုဏ္ဏတေးမင်းကို ဆောရဟန်းမင်းနှင့်မိဖုရားအလယ်ပြင်သည်တို့မှ ဘီစီ ၉၉၁တွင် ဖွားမြင်ပါသည်။ ကျည်းစို၊ စုဏ္ဏတေးနှင့် အနော်ရထာတို့မှာ အမိကွဲညီအစ်ကိုများဖြစ်ကြပြီး ၎င်းတို့၏မိခင် ယင်းမိဖုရားသုံးပါးစလုံးမှာလည်း ညီအစ်မများဖြစ်ကြသည်ဆို၏။ သို့သော် အနော်ရထာနှင့်စုဏ္ဏတေးတို့၏ မွေးသက္ကရာဇ်များမှာ စာတာတော်ပုံရာဇဝင်အရ (၂၃)နှစ်မျှပင် ကွာခြားနေပေရာ သံသယဖြစ်ဖွယ်ရှိနေပေသည်။

စုဏ္ဏတေးကို ဦးကုလား၏မဟာရာဇဝင်က အိမ်နိမ့် ၂၇နှစ်၊ တွင်းသင်းရာဇဝင်နှင့် မှန်နန်းရာဇဝင်တို့က အိမ်နိမ့် ၂၈နှစ်ဖြစ်ကြောင်း ဖော်ပြကြ၏။ နန်းသက်မှာမူ ၂၅နှစ်ရှိကြောင်းတူညီစွာဖော်ပြကြလေသည်။ အနော်ရထာ၏ နန်းတက်နှစ်ကို ခရစ်နှစ် ၁၀၄၄ခုနှစ်ဖြစ်ကြောင်း ယခုအခါ သုတေသီပညာရှင်တို့က တညီတညွတ်တည်း လက်ခံကြပြီးဖြစ်ပါသည်။

◆

# အနော်ရထာ (၁၀၄၄-၁၀၇၇)

F.8.B



(၉) အနော်ရထာ (၁၀၄၄-၁၀၇၇)

# အနော်ရထာ

မြန်မာရာဇဝင် မှတ်တမ်းများအရ အနော်ရထာမင်းသည် အမိကွဲနောင်တော် စုက္ကတေး၏ အရိုက်အရာကို ဆက်ခံလျက် ပုဂံဘုရင်ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။ အနော်ရထာမင်း၏ နန်းတက်သက္ကရာဇ်မှာ ကျမ်းအစောင်စောင် ကွဲပြားခြားနားလျက်ရှိသော်လည်း ရာဇကုမာရ်ကျောက်စာပါ အထောက်အထားနှင့် စာတော်ပုံရာဇဝင်တို့ကို ကိုးကားလျက် ၁၀၄၄ ခုနှစ်တွင် နန်းတက်ကြောင်း သုတေသီ၊ ပညာရှင်အများက မှတ်ယူကြသည်။

အနော်ရထာ နန်းတက်နှစ်နှင့် ပတ်သက်၍ ဦးဖွား ကျွန်စစ်သားနန်းတက်သောနှစ်ကို ရာဇကုမာရ်ကျောက်စာပါ အချက်အလက်မှ ရယူပါသည်။ ကျောက်စာတွင် သာသနာနှစ် ၁၆၂၈ နှစ် လွန်ခဲ့ပြီးနောက် အရိမဒ္ဒနပူရ (ပုဂံ) ၌ သီရိတြိဘုဝနာဒိတျဓမ္မရာဇ် (ကျွန်စစ်သား) နန်းတက်ကြောင်းပါရှိ၏။ သာသနာ ၁၆၂၈ နှစ်ဟူသည် ခရစ်နှစ် ၁၀၈၄ ခုနှစ်ဖြစ်ပါသည်။ သမိုင်းပညာရှင်များ အားကိုးအားထားပြုရာ စာတော်ပုံရာဇဝင်တွင် အနော်ရထာမင်း၏ နန်းသက် ၃၃ နှစ်၊ စောလူးမင်း၏ နန်းသက် (၇) နှစ်ဟူ၍ တွေ့ရှိရပေရာ ခရစ်နှစ် ၁၀၈၄ ခုနှစ်မှ မင်းနှစ်ပါး၏ နန်းသက်ပေါင်း (၄၀) နှစ်ကို နုတ်ယူလျှင် ခရစ်နှစ် ၁၀၄၄ ခုနှစ်ကို ရရှိပါသည်။

အနော်ရထာ၏ ဘွဲ့အမည်ကို အုတ်ခွက်ဘုရားများ၌ "အနုရုဒ္ဓ"ဟူ၍ လည်းကောင်း၊ မဟာရာဇသီရိအနိရုဒ္ဓဒေဝဟူ၍လည်းကောင်း၊ တွေ့ရှိရပါသည်။ အနုရုဒ္ဓသည် ပါဠိဘာသာဖြင့် နှစ်သက်ခြင်း၊ မဆန့်ကျင်ခြင်းဟု အဓိပ္ပာယ်ရ၏။ အနော်ရထာဟူသောအမည်ကို ခေတ်ပြိုင်မှတ်တမ်းများ၌ မတွေ့ရဘဲ နှောင်းခေတ်ကျောက်စာနှင့် ရာဇဝင်ကျမ်းများတွင်သာ တွေ့ရှိရလေသည်။

## မျိုးရိုးဆက်နွယ်

အနော်ရထာမင်းကို ကျောင်းဖြူမင်းနှင့် မိဖုရားမြောက်ပြင်သည်တို့မှ ၁၃ ရပြီ ၁၀၁၄ ခုနှစ်တွင် ဖွားမြင်ပါသည်။

ပျဉ်ပြားမင်း
|
(သား)
တန်နက်မင်း + မိဖုရား
|
(သား)
ကျောင်းဖြူမင်း + မြောက်ပြင်သည်
|
(သား)
အနော်ရထာ

မှန်နန်းရာဇဝင်အလိုအရ အနော်ရထာသည် ကျောင်းဖြူမင်း၏သား ဖြစ်ပါသည်။ ဖခင်ဘက်မှ အဆက်အနွယ်မှာ ပုဂံနန်းရိုးမှ ဆင်းသက်လာကြသူများဖြစ်၏။ စောက္ကဲပုဂံကို စတင်တည်ထောင်သူ ပျူဉ်ပြားမင်းသည် အနော်ရထာ၏အဘိုး၊ တန်နက်မင်း၏ဖခင်ဖြစ်ပါသည်။ သို့သော် မြန်မာရာဇဝင်မှတ်တမ်းများကို အထောက်အကူဖြစ်နိုင်မည့် ခေတ်ပြိုင်မှတ်တမ်းဟူ၍ မရှိသည့်အတွက် အနော်ရထာ၏မျိုးရိုးဆက်နွယ်ကို တိကျသေချာစွာ ရေးသားတင်ပြရန် ခဲယဉ်းလှပေသည်။ အလားတူပင် အနော်ရထာ၏မွေးချင်းများနှင့် ပတ်သက်၍လည်း ဘင်စုံတစ်ရာမသိရပေ။ အနော်ရထာမင်း၊မတိုင်မီ မင်းပြုခဲ့ကြသည့် ကျည်းစိုနှင့် စုက္ကတေးမင်းတို့သည် အနော်ရထာ၏အမိကွဲညီနောင်များဖြစ်ကြောင်းသာ အဆိုရှိပါသည်။

## မိသားစုရေးရာ

အနော်ရထာမင်း၏ မိဖုရားများအမည်ကို ရာဇဝင်ကျမ်းများတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

(၁) စောင်ပြင်သည်
(၂) ပဉ္စကလျာဏီ
(၃) သီရိစန္ဒဝတီ
(၄) မြောက်ပြင်သည်

(၁) တောင်ပြင်သည်

တောင်ပြင်သည်မိဖုရားကြီးကို မှန်နန်းရာဇဝင်၌ အဂ္ဂမဟေသီမိဖုရားဟူ၍လည်း ဖော်ပြထားပါသည်။ တောင်ပြင်သည်မှသားတစ်ယောက်သာ ဖွားမြင်ပါသည်။

၁။ စောလူးမင်း – ပုဂံဘုရင်

(၂) ပဥ္စကလျာဏီ

ပဥ္စကလျာဏီသည် ဝေသာလီမင်း၏သမီးတော်ဖြစ်၏။ အမတ်ရာဇတမန်က အမိန့်တော်အရသွားရောက်ဆောင်ယူခဲ့ရလေသည်။ မြန်မာရာဇဝင်ကျမ်းတို့က ပဥ္စကလျာဏီမှ ကျန်စစ်သားမင်းကို ဖွားမြင်ကြောင်းအဆိုရှိ၏။

(၃)သီရိစန္ဒဝတီ

သီရိစန္ဒာဝတီသည် ဥဿာမင်းသမီး မဏိစန္ဒာပင်ဖြစ်ပါသည်။

(၄) မြောက်ပြင်သည်

မိဖုရားမြောက်ပြင်သည်နှင့် ပတ်သက်၍ ကျောက်စာတစ်ချပ်ရေးထိုးခဲ့ကြောင်း တွေ့ရှိရ၏။ ယင်းကျောက်စာအရ မြောက်ပြင်သည်က ဘုရားတစ်ဆူတည်ထားကိုးကွယ်ခဲ့ဖူးကြောင်း သိရှိရလေသည်။

## ကျန်စစ်သား၏မည်းတော်

ဤတွင် မြန်မာရာဇဝင်မှတ်တမ်းများ၌ ကျန်စစ်သားကို အနော်ရထာ၏သားတော်ဟူ၍လည်း ဖော်ပြကြ၏။ စင်စစ်အားဖြင့် ကျန်စစ်သားသည် အနော်ရထာ၏သားတော်မဟုတ်ပါ။ မြန်မာရာဇဝင်ကျမ်းများမှအပ ခေတ်ပြိုင်ကျောက်စာများ၌လည်း ယင်းသို့ဖော်ပြထားသည်ကိုမတွေ့ရပါ။ မှန်နန်းရာဇဝင်စာပိုဒ် ၁၃၀တွင် ကျန်စစ်သားကို အနော်ရထာနှင့်ယှဉ်သည့် ပဋိသန္ဓေမှ ဖွားမြင်သူဟု ဆိုပါသည်။ သို့သော် ယင်းကျမ်းစာပိုဒ်ရေ (၁၃၉)၌ ကျန်စစ်သားက သူ၏သမီးတော်ကို အနော်ရထာ၏မြေးနှင့်လက်ဆက်စေသောအခါ

"ငါ့အရှင်မြေးတော်ဖြစ်သော စောယွမ်းနှင့် ပေးစြားအံ့"

ဟု ဆိုပြန်ပါသည်။

အနော်ရထာနှင့် ကျန်စစ်သားတို့၏မွေးသက္ကရာဇ်များကို စိစစ်ကြည့်ရာ၌လည်း သံသယဖြစ်ဖွယ်အချက်များကို တွေ့ရှိရ၏။ ရာဇကုမာရ်ကျောက်စာ

နှင့် ဓာဟာမတော်ပုံရာဇဝင်တို့အရ ကျန်စစ်သားသည် ၃၉၂၇ (၁၀၃၀ ခုနှစ်)တွင် ဖွားမြင်ပြီး အသက် ၈၁ နှစ်အရွယ် ၄၇၃၇ (အေဒီ ၁၁၁၂ ခု)တွင် နတ်ရွာစံလွန်ပါသည်။ အနော်ရထာသည် ၃၇၆ ခု(အေဒီ ၁၀၁၄)တွင် ဖွားမြင်သူဖြစ်ရာ ကျန်စစ်သားနှင့် (၁၆)နှစ်သာကွာပါသည်။ ဆိုလိုသည်မှာ ကျန်စစ်သားသည် အနော်ရထာ၏သားဖြစ်ရိုးမှန်လျှင် အနော်ရထာ ၁၆ နှစ်သားအရွယ်၌ ကျန်စစ်သားကို ဖွားမြင်ရပေလိမ့်မည်။ သို့ဆိုပါက အနော်ရထာနှင့် ပဥ္စကလျာဏီတို့ဇာတ်လမ်းမှာ ကမောက်ကမဖြစ်သွားပေမည်။ထို့အတူ ခရစ်နှစ် ၁၅၁၆ ခုနှစ်တွင် စပ်ဆိုခဲ့သော လှော်ကားသုံးထောင်မှူး၏ မင်းတရားရွှေထီးဧချင်းပါ " နော်ရထာ၏ ဆက်ကာမြေးသား၊ တစ်လပ်ခြားရှင့် " စာသားနှင့်လည်း ကိုက်ညီတော့မည် မဟုတ်ပေ။

## တမ္ဗဒီပ

အနော်ရထာမင်း၊ နန်းတက်စကာလက တမ္ဗဒီပ၏နယ်နိမိတ်ကို မြောက်ဘက်၌ ဧရာဝတီမြစ်နှင့်မြစ်ငယ်မြစ်ဆုံရာ တောင်ပြုံးခရိုင်၊ တောင်ဘက်၌ တောင်တွင်းဒေသ၊ ဧရာဝတီမြစ်ကြောင်းတွင် မိချောင်းရဲ အောက်ပြည်တော်သာကျွန်းအထိ ဖြစ်ကြောင်း၊ မြစ်သား၊ ၁၁ ခရိုင်နှင့် မင်းဘူး ၆ ခရိုင်မျှသာ ပါဝင်ကြောင်း၊ ပညာရှင်တို့ကဆိုကြ၏။ တမ္ဗဒီပကို အုပ်စိုးသည့်မင်းကြီးကား အနော်ရထာပင်ဖြစ်သည်။ အုတ်ခွက်ဘုရားများ၌မူ အနိရုဒ္ဓဟူ၍သာ ဘွဲ့မည်ရေးထိုးသည်ကို တွေ့ရှိရ၏။

အနော်ရထာ၏ ပုဂံမြို့သည် ယနေ့ခေတ် စွယ်တော်လေးဆူတည်ထားကိုးကွယ်ရာ နယ်နိမိတ်ပင်ဖြစ်သည်ဟု ဆိုနိုင်၏။ အနော်ရထာမင်းသည် ဘုရားတည်ရန်အတွက် တောင်စွန်းတောင်ထွတ်ကောင်းများကို ရွေးချယ်တတ်သည်။ ဧရာဝတီမြစ်တစ်ဘက်ကမ်းတောင်ရိုးပေါ်၌ ပေတစ်ထောင်ကျော်အထိ မြင့်တက်ရာ တန့်ကြည်တောင်ထိပ်တွင်လည်းကောင်း၊ ညောင်ဦးမြို့အနောက်ဘက် တစ်မိုင်အကွာ တောင်ကုန်းထိပ်၌ ရွှေစည်းခုံစေတီကိုလည်းကောင်း၊ သီရိပစ္စယာရွာ

အနီး မြစ်ကမ်းဘေးကုန်းထက်တွင် လောကနန္ဒာစေတီကိုလည်းကောင်း၊ တူရွင်းတောင်ထိပ်၌ စွယ်တော်စေတီတစ်ဆူကိုလည်းကောင်း တည်ထားကိုးကွယ်ခဲ့သည်။

ပုဂံဒေသကိုဖြတ်၍ တုရင်(တူရွင်း)တောင်မှ ဧရာဝတီမြစ်တွင်းသို့ စီးဝင်သော ချောင်းနှစ်ခုရှိသည်။ တစ်ခုမှာ မြင်းကပါချောင်းဖြစ်ပြီး မြင်းကပါရွာကို ဖြတ်သန်းသွား၏။ ယင်းဒေသ၌ မွန်သုံးပန်းများကို နေရာချထားပေးခဲ့ဖူးသည်ဆိုပါသည်။ အခြားချောင်းတစ်ခုမှာ မင်းနန်သူရွာမှပတ်၍ ရွှေစည်းခုံဘုရားအနောက်ဘက်၌ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်၏။ ဤချောင်းမှာ ကျောက်စာများ၌ပါရှိသော တောက်နွယ်ချောင်းပင်ဖြစ်ဟန်ရှိပါသည်။ မင်းနန်သူဟူသည် မင်းအနန္တသူရကို ခေါ်ဆိုခြင်းဖြစ်သည်ဟုဆို၏။ ရှေးခေတ်အခါက မြောက်ဘက်မင်းနန်သူကို "အာမနာ"ဟုလည်းကောင်း၊ တောင်ဘက် မင်းနန်းသူကို "သစ်မထီး"ဟူ၍လည်းကောင်း ခေါ်တွင်လေသည်။

တမ္ပဒီပမှာ ကြေးနီနိုင်ငံဟူ၍လည်း အဓိပ္ပါယ်ရပါသည်။ ရှင်ဒိသာပါမောက္ခဆရာတော် တရုတ်နိုင်ငံကူဗလိုင်ခံဧကရာဇ်ထံ ကြွရောက်စဉ်က ကျောက်စာတွင် တမ္ပဒီပကို "တံပြတိတ်"ဟူ၍ ရေးသားဖော်ပြခဲ့သည်။ ဇမ္ဗူဒီပဥဆောင်းကျမ်းအရဆိုလျှင် တမ္ပဒီပမှာ ဧရာဝတီမြစ်၏အရှေ့ဘက်နှင့် တောင်ဘက်အရပ်ဖြစ်ပြီး အနောက်ဘက်နှင့်မြောက်ဘက်အရပ်က သုနာပရန္တဖြစ်သည်ဆိုပါသည်။ တမ္ပဒီပကိုအုပ်စိုးသော ဘုရင်နော်ရထာကို ခရစ်နှစ် ၁၂၀၇ခုနှစ်ရက်စွဲပါ လောကနန္ဒာဘုရားကျောက်စာ၌ "စကြာဝတေးအနုရဓါ"ဟု ဖော်ပြရေးထိုးထားသည်ကို တွေ့ရ၏။

အနော်ရထာမင်းနှင့်ပတ်သက်၍ ရှေးပုဂံ(၁၉)ရွာအဝင် အနုရာဓရွာမှာလည်း စိတ်ဝင်စားစရာဖြစ်နေပါသည်။ ပုဂံ(၁၉)ရွာစာရင်းတွင် အနုရာဓရွာတစ်ရွာသာလျှင် ပါဠိဘာသာဖြင့်ရှိပါသည်။ အနော်ရထာသည် အနုရာဓရွာ၏အကြီးအကဲဖြစ်ခဲ့ဟန်တူ၏။ ပျဉ်ပြားမင်း၏မြို့ဟောင်းမှာ အနုရာဓရွာနေရာဖြစ်ပြီး၊ ယင်းသို့ မြို့တည်စဉ်က မူလရွာဟောင်းမှာ မြင်းကပါဘက်သို့ပြောင်းရွှေ့

သွားသည်ဟုလည်း ဆိုကြသည်။ မြင်းကပါရွာ၏တောင်ဘက်၊ မြောက်ဘက် တစ်လျှောက်တွင်လည်းကောင်း၊ ကျွဲနွားမှောင်းစေတီတစ်ဝိုက်တွင်လည်း ကောင်း၊ လက်စင်းရာပါအုတ်ခဲအမြောက်အမြားကို တွေ့ရှိခဲ့ရသည်ဆိုပါသည်။

## တရုတ်ပြည်ခရီးစဉ်

အနော်ရထာမင်း တရုတ်ပြည်သို့သွားရောက်ပြီး စွယ်တော်တောင်းခံ ခဲ့ပုံနှင့်ပတ်သက်၍ မှန်နန်းရာဇဝင်တော်ကြီး ပိုဒ်ရေ(၁၃၈)တွင် တစမ်းတနား ဖော်ပြထားပါသည်။ အကျဉ်းအားဖြင့် နိုင်ငံတော်အလုံးရှိ ဆင်မြင်းဗိုလ်ပါတို့ကို စုရုံးလျက် ရေကြောင်းအင်အား သုံးကုဋေခြောက်သန်း၊ ကြည်းကြောင်းအင်အား သုံးကုဋေခြောက်သန်းနှင့်တကွ နတ်မြင်းသည်လေးစီး၊ ရွှေဖျင်းညီနောင်တို့ကို ခေါ်ယူလျက် ခပ်သိမ်းသောသတ္တဝါအများ ကိုးကွယ်ပူဇော်နိုင်ရန်အလို့ငှာ တရုတ် ဥတည်ဘွားထံမှ စွယ်တော်တောင်းခံရေးအတွက် ချီတက်ထွက်ခွာကြကြောင်း ဆိုပါသည်။ သို့သော် တရုတ်ဥတည်ဘွားက သတင်းကြားသည်နှင့် မြို့တံခါး ကိုပိတ်၍ ခုခံ၏။ အနော်ရထာသည် အကြောင်းရင်းကိုစုံစမ်းရန် ကျန်စစ်သား တို့သူရဲကောင်းလေးဦးနှင့် ရွှေဖျင်းညီနောင်ကို ဥတည်ဘွား၏ဆရာ ရသေ့ထံ လွှတ်သည်။

နောက်ဆုံးအကြောင်းကြောင်းကြောင့် စွယ်တော်ကိုမရရှိခဲ့။

ဤတွင် ဒဏ္ဍာရီဆန်ဆန် အကြောင်းအရာများကိုဖယ်ရှား၍ တရုတ် ပြည်ခရီးစဉ်နှင့်ပတ်သက်သော ပညာရှင်အသီးသီး၏ အဆိုအမိန့်များထဲမှ ကောက်နုတ် တင်ပြလိုပါသည်။

အမျိုးသားပညာဝန်ဦးဖိုးကျား၏ ခေတ်မီမြန်မာရာဇဝင်အကျဉ်းတွင်

> "တရုတ်ပြည် (ယခု ယူနန်၊ နန်ချိုပြည်)၌ ဘုရားသခင် စွယ်တော်ရှိသည်ကြား၍ စွယ်တော်ပင့်ယူရန် စစ်သည်ဗိုလ်ပါ များစွာနှင့် ချီတော်မူသည်။ ကျန်စစ်သားစသော လူစွမ်းကောင်း (၄)ဦးနှင့် ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ်တို့လည်း ပါ၏။"

ဟုဖော်ပြထား၏။ G.E Harvey ၏ out Line of Burmese (Myanmar) History စာအုပ်တွင်လည်း ဤကဲ့သို့ပင် အသေးစိတ် အချက်အလက်များနှင့် ဝေဝေဆာဆာရေးသားတင်ပြထားသည်။

ဒေါက်တာသန်းထွန်းကမူ ပုဂံခေတ်လူဦးရေကို နှစ်သန်းခန့်ရှိသည်ဟု ခန့်မှန်းပါက ဆယ်ရာခိုင်နှုန်းစစ်မှုထမ်းလျှင်ပင် စစ်သည်ဦးရေနှစ်သိန်းထက် မပိုကြောင်း "အရေအတွက်"ဆောင်းပါး (ကလျာမဂ္ဂဇင်း၊ ၁၉၉၁ အောက်တိုဘာ) ၌ဖော်ပြထားပါသည်။ မြန်မာရာဇဝင်ကျမ်းများ၌ မကြာခဏရည်ညွှန်းလေ့ရှိသော ခေါဘဏီစစ်တပ်ဟူသည် သုည (၄၂)လုံးပါ အရေအတွက်ဖြစ်ပေရာ လက်ရှိကမ္ဘာ့လူဦးရေပင် (၁၈)ခေါဘဏီမရှိသေး၍ လုံးဝမဖြစ်နိုင်ကြောင်း (၁-၄-၁၉၃၅) ထုတ် တိုးတက်ရေးဂျာနယ်၌ ဆောင်းပါးရှင်ဦးစိန်ထင်က တင်ပြဖူးပါသည်။ သို့သော် (၁-၆-၁၉၃၅) ထုတ် တိုးတက်ရေးဂျာနယ်၌ တန့်ဆည်မြို့နေ ရှေ့နေဦးဘဦးက ခေါဘဏီအယူအဆကို ပြန်လည်ချေပခဲ့ပါသည်။

ဦးဘဦးက ခေါဘဏီတွင် သချာခေါဘဏီနှင့် စစ်တပ်ဖွဲ့ခေါဘဏီ ဟူ၍ နှစ်မျိုးရှိပေရာ စစ်တပ်ဖွဲ့ခေါဘဏီ၌

ဆင် = ၂၁၈၇၀

မြင်း = ၆၅၆၁၀

ရထား= ၁၂၁၈၇၀

လူ = ၁၀၉၃၅၀

စုစုပေါင်း လူတစ်သိန်းကျော်သာပါဝင်သဖြင့် ထစ်ထစ်ချငြင်းပယ်ရန် မသင့်ကြောင်း၊ အမရကောသအဘိဓာန်၊ စာမျက်နှာ ၂၀၀၊ ဂါထာအမှတ်(၈၁) ကို ကိုးကားတင်ပြခဲ့၏။ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း(စတုတ္ထတွဲ)၊ ပိုဒ်ရေ (၅၀၃)၌မူ အကျော်ခေါဘဏီတပ်၌

ဆင်လူ = ၂၆၂၄၄၀

မြင်းလူ = ၁၉၆၈၃၀

ရထားလူ= ၈၇၄၀၀

မြေသည်= ၁၀၉၃၅၀
ပေါင်း = ၆၅၆၀၂၀

လူဦးရေ (၆)သိန်းကျော်သာပါရှိကြောင်း၊ သိရသည်။

တန့်ဆည်ဦးဘဦးက ဆက်လက်ဆွေးနွေးတင်ပြရာတွင် ပုဂံမှ တရုတ် ပြည်သို့သွားရာလမ်း ဇန်းမော်သို့ ၂၃ယူဇနာနှင့်တာငါးရာ(၄၁၇မိုင်ခန့်)ကွာ ကြီး ၃၂ရက်ခန့်သွားရန်လိုကြောင်း၊ ဇန်းမော်မှ ကိုင်ဖွန်ဖူးမြို့သို့ တာဝေး ကုံ ခရီးသွားရကြောင်း၊ ထို့ကြောင့် စုစုပေါင်းနှစ်လကျော်ကြာမြင့်မည်ဖြစ်ကြောင်း၊ လမ်းခရီးတွင် ရိက္ခာရှာဖွေရေးချက်ပြုတ်စားသောက်ရေးများကို ထည့်သွင်းတွ ချက်ပါက တစ်နေ့လျှင် တစ်ယူဇနာမျှသာ ခရီးရောက်နိုင်ကြောင်း၊ မြင်းမျှ ဝန်တင်လားများဖြင့် ဇန်းမော်သို့လာရောက်ကုန်ကူးနေကြသူ တရုတ်ကုန်သည် တို့အား တွေ့ဆုံမေးမြန်းလျှက် ရေးသားခဲ့သည်။ အကယ်၍ ယူဇနာ ၁၅၀(မိုင် ၂ထောင်)ကျော်ဝေးကွာသော တရုတ်မြို့တော်သို့သွားရောက်မည်ဆိုပါက ထို ထက်ပင် အချိန်များစွာပိုယူရပေလိမ့်မည်။

လမ်းခရီးတွင် ကူးတို့ကူးဖြတ်ရန် သံလွင်မြစ်၊ ဝှမ်းဟိုမြစ်၊ ရန်ဆီ မြစ်၊ ဆီကိုင်းမြစ်ကြီးများနှင့် တူးမြောင်းအများအပြားရှိနေပါသေးသည်။ ကူးတို့ ကူးရန်ပင် ၁နှစ်နှင့် ၄လခန့်အချိန်ကုန်သွားနိုင်သည်ဟုဆို၏။ ထို့ကြောင့် အနော် ရထာမင်းအနေဖြင့် တရုတ်ပြည်မြို့တော်သို့ မည်သည့်နည်းဖြင့်မျှ သွားရောက် ခြင်းမှာ မဖြစ်နိုင်ကြောင်း၊ ဆိုပါသည်။ ဆက်လက်၍ ကထိကဦးသက်တင်က လည်း၊ ၁၉၃၅ခု မတ်လထုတ် တိုးတက်ရေးဂျာနယ်တွင် တရုတ်မော်ပြိုင်မှတ် တမ်းများ အားကိုးလျှက် အနော်ရထာမင်း၏တရုတ်ပြည်ခရီးကို ငြင်းခဲ့ပြန်၏။ အနော်ရထာမင်း၊ တရုတ်ပြည်သို့သွားရောက်ခဲ့သည်ဆိုသော အချိန်ကို အနီးစပ် ဆုံးခန့်မှန်းကြရာတွင် သထုံပြည်ကိုတိုက်ခိုက်ပြီးမှ သွားကြောင်းသိရှိရသဖြင့် သထုံပြည်ကိုတိုက်ခိုက်သိမ်းပိုက်ခဲ့သည့်ကာလအား ဦးစွာ ရှာဖွေကြည့်ပါသည်။

ကလျာဏီကျောက်စာ၌ ခရစ်နှစ် ၁၀၅၇ခုနှစ်တွင် သထုံကို သိမ်းပိုက် ကြောင်း ပါရှိပါသည်။ အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၇၇ခုနှစ်တွင် နတ်ရွာ

စံလွန်ခဲ့ပေရာ အကယ်၍ တရုတ်ပြည်သို့အမှန်တကယ်သွားရောက်ခဲ့ပါက ၁၀၅၇ ခုနှစ်မှ ၁၀၇၇ခုနှစ်အတွင်း ဖြစ်ပေလိမ့်မည်။ ယင်းကာလအတွင်း တရုတ်ပြည်ဦ တာ့ဆွန်းမင်းဆက်ချုပ်ကိုင်စိုးစံလျှက် ရှိပါသည်။

(၁) စေတုဏ္ဍမြောက်ဘုရင် ဂျင်တာ့ဆွန်း (၁၀၂၃–၁၀၆၄)

(၂) ပဥ္စမမြောက်ဘုရင် ယင်တာ့ဆွန်း (၁၀၆၄–၁၀၆၈)

(၃) ဆဋ္ဌမမြောက်ဘုရင် ရှန်တာ့ဆွန်း (၁၀၆၈–၁၀၈၆)

တို့ဖြစ်ကြသည်။ တရုတ်ပညာရှိ တိုတို (To To)သည် အေဒီ (၁၄)ရာစု နှစ်အတွင်းက ဆွန်မင်းဆက်ရာဇဝင်လွှတ်တော်မှတ်တမ်း (T'Sung Shih)ကို ပြုစုခဲ့ပါသည်။ယင်းမှတ်တမ်း၌ အနော်ရထာမင်းနှင့် ခေတ်ပြိုင်ဘုရင်များဖြစ် သော အထက်ဖော်ပြပါမင်းများလက်ထက် ပုဂံမှစွယ်တော် လာရောက်တောင်းယူ သောတပ်များအကြောင်း၊ အမှတ်အသားလုံးဝမတွေ့ရဟု ဆိုပါသည်။ကျန်မင်း များလက်ထက်တွင်သာ မြန်မာသံအဖွဲ့လာရောက်ကြောင်း၊ မှတ်သားထားသည် ကိုတွေ့ရှိရ၏။

သို့သော် ညောင်ရမ်းခေတ် ပင်းတလဲမင်းလက်ထက်တွင် ပင်းတလဲ မင်းက တောင်ဖီလာဆရာတော် ရှင်မုနိန္ဒဃောသအား ယင်းကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားခဲ့ရာတွင် တောင်ဖီလာဆရာတော်က ကျမ်းအကိုးအကားဖြင့် အနော်ရထာမင်း ဂန္ဓာရတိုင်း(တရုတ်ပြည်)သို့ စွယ်တော်ပင့်ဆောင်ရန် နေပြည် တော်မှ ချီတက်ထွက်ခွာသွားသောရက်စွဲမှာ ၁၆ ဒီဇင်ဘာ ၁၀၅၇ (၄၁၉ခု ပြာသို လဆုတ် ၄ရက်နေ့)တွင် ဖြစ်ကြောင်း ဖြေကြားခဲ့သည်ကို တွေ့ရှိရ၏။ သို့ဖြစ်၍ အနော်ရထာမင်းဦးစီးသော မြန်မာတပ်များ ပုဂံမင်းနေပြည်တော်မှ တရုတ် နိုင်ငံသို့ ချီတက်သွားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်ဟု ယူဆဖွယ်ဖြစ်ပါသည်။ သို့သော် မြန်မာတပ်များသည် တရုတ်မင်းနေပြည်တော်သို့ ရောက်ရှိခဲ့ဟန်မတူ ဘဲ နယ်စပ်ဒေသ သို့မဟုတ် ယူနန်ပြည်နယ်မှ အကြောင်းတစ်စုံတစ်ရာကြောင့် ပုဂံသို့ ပြန်လာခဲ့ကြပုံရပေသည်။

**မင်းသမီးစောမွန်လှ**

မြန်မာရာဇဝင်ကျမ်းများတွင် အနော်ရထာမင်း ဂန္ဓာလရာဇ် တရုတ်ပြည် ဥတည်ဘွားဘုရင်ထံ စွယ်တော်ပင့်သွားပြီး အပြန်ခရီးတွင် မောကိုးပြည်ထောင် စော်ဘွားကြီးက သမီးတော်စောမွန်လှကို ဆက်သကြောင်းဆိုကြ၏။ အနော်ရထာမင်း တရုတ်ပြည်သို့ထွက်ခွာချိန်ဆိုသည်မှာ ခရစ်နှစ် ၁၀၅၇ခုနှစ် ဒီဇင်ဘာလထဲတွင်ဖြစ်သဖြင့် စောမွန်လှအား သိမ်းပိုက်ချိန်မှာ ၁၀၅၈ခုနှစ်ခန့်တွင် ဖြစ်ပေလိမ့်မည်။

သို့သော် မင်းသမီးစောမွန်လှနှင့်ပတ်သက်၍ ကွဲပြားခြားနားနေသည့် စိတ်ဝင်စားဖွယ် သမိုင်းအချက်အလက်များရှိနေပါသေးသည်။မြန်မာရာဇဝင်ကျမ်းလာ မောကိုးပြည်ထောင်ဟူသည် ရှမ်းဘာသာ Nam Maoမှ ဆင်းသက်လာခြင်းဖြစ်၏။ရွှေလီမြစ်အထက်ပိုင်း၊ မြစ်၏ညာဘက်ခြမ်းကို ဆိုလိုပါသည်။ ယနေ့ခေတ် မိုင်းမော (Mong Mao) မြို့ဟောင်းတည်ရှိရာဒေသဖြစ်ဟန်ရှိ၏။ မိုင်းမောသည် အနော်ရထာမင်းလက်ထက်ကတည်းက ရှိခဲ့ပြီး၊ မြန်မာဘုရင်၏ပိုင်နက်မြို့လည်း ဖြစ် ပါသည်။ မြန်မာရာဇဝင်ကျမ်းလာ ဥတည်ဘွား ဆိုသည်မှာ Wang Ti Hpa ဟူသော ရှမ်း ဘာသာစကားရာဇ်မင်မြတ်ကို ခေါ်ဆိုသောစကားဖြစ်သည်။

ရာဇဝင်ဇာတ်လမ်းအရ စောမွန်လှပုဂံသို့ရောက်သောအခါ မင်းကြီးက ချစ်မြတ်နိုးလွန်း၍ ကောင်းမွန်စွာထားသည်။ သို့သော် မနာလိုသူအခြားမိဖုရားများက စောမွန်လှနားတောင်းမှအရောင်တောက်နေသည်ကိုကြည့်၍ မကောင်းဆိုးဝါးတစ်ဦးအသွင် လျှောက်ထားကြသည်။ သို့ဖြင့် နောက်ဆုံး နန်းတွင်းမှ နှင်ထုတ်ခံရကာ မူလနေရပ်ရှမ်းပြည်သို့ ပြန်သွားစေခဲ့၏။ အပြန်ခရီးတွင် မင်းသမီးစောမွန်လှက မိမိ၏နားတောင်းအား ဌာပနာပြုလျှက် ရွှေစာရံခေါ် စေတီငယ်တစ်ဆူကိုတည်သည်။ စေတီမုခ်ဝကို ရှမ်းပြည်ဘက်လှည့်ထားရာမှ မင်းကြီး ကြားသိရ၍မင်းချင်း များစေလွှတ်လျှင် စောမွန်လှက အဓိဋ္ဌာန်ပြုလျှက် မုခ်ဝကို ပုဂံပြည်သို့ လှည့်ပေးခဲ့သည်။

ယင်းရာဇဝင်စာတတ်လမ်းမှာ ဗြိတိသျှခေတ် သွေးခွဲအုပ်ချုပ်ရေးကာလ၌ ပိုမိုပေါ်ကြွားခဲ့၏။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မလိုလားသည့်နယ်ချဲ့အစိုးရက ယင်းစာတတ်လမ်းကို ပိုမိုတွင်ကျယ်အောင် ပြုသည့်အလယ်တန်းကျောင်းသုံးစာအုပ်များထဲအထိ ထည့်သွင်းပြဋ္ဌာန်းသည်။ ဤတွင် ဟာဗေးနှင့်ကောက်စ်တို့၏ အင်္ဂလိပ်ဘာသာရေး ရာဇဝင်စာအုပ်များ၌ စောမွန်လှကိုမိုးကောင်းစော်ဘွားသမီးဟု ဆိုကြလေသည်။ အနော်ရထာမင်း၏ ခရီးစဉ်လမ်းကြောင်းကို ရာဇဝင်ကျမ်းများအဆိုအတိုင်း ခြေရာခံကြည့်လျှင်ပင် မိုးကောင်းစော်ဘွားသမီးမဖြစ်နိုင်ကြောင်း သိသာလှပေ၏။

အနော်ရထာမင်းလက်ထက်ခေါ်က ဂန္ဓလရာဇ်ဟူသည် ယခု ယူနန်နယ်သာဖြစ်ပြီး မြို့တော်မှာ "တာလီဖူး"ဖြစ်ပါသည်။ အနော်ရထာမင်း တရုတ်ပြည်မှအပြန် ညံတောစခန်းအရောက်တွင် စောမွန်လှက ရှမ်းပြည်သို့မျှော်ကြည့်ရင်း မျှော်တော်မူဘုရားတည်သည်ဆို၏။ လမ်းကြောင်းအနေအထားအရ မိုးကောင်းစော်ဘွား မဟုတ်နိုင်ပေ။ ဗြိတိသျှခေတ်တွင် စာတတ်ပြားသီချင်း ထွက်ပေါ်လာသောအခါ စောမွန်လှမင်းသမီးကို အနော်ရထာမင်း နှင်ထုတ်လိုက်၍ ရှမ်းပြည်ပြန်ရစဉ် မောင်တော်စောနောင်ကလာကြို၍ ယင်းနေရာတွင် ဘော်ကြိုဘုရားကို အမှတ်တရတည်ထားကြောင်း ဆိုပြန်သည်။ ဘော်ကြို (ပေါ်ကြို)မှာ ရှမ်းဘာသာစကားဖြစ်ပြီး "ပေါ်"သည် "ဖခင်"ကို ဆိုလိုပါသည်။ သို့ဖြစ်၍ ဖခင်လာကြိုခြင်းမဟုတ်ပဲ စာတတ်ပြားသီချင်း၌ နောင်တော်လာကြိုနေခြင်းမှာလည်း ညီညွတ်မှုမရှိလှပေ။

ဘော်ကြိုသည် သီပေါနယ်အတွင်း၌ရှိပေရာ သီပေါသိန္နီရာဇဝင်များ၌ မင်းသမီးစောမွန်လှအကြောင်း လုံးဝဖော်ပြထားခြင်းမရှိသည်မှာ ထူးခြားနေပေသည်။ ဒေသခံပညာတတ်အချို့ကမူ စောမွန်လှသည် မိုင်းမောစော်ဘွားသမီးဖြစ်၍သာ မိမိတို့ သိန္နီ ၊ သီပေါဘုန်းတော်ရာဇဝင်၌ မပါဝင်ခြင်းဖြစ်ကြောင်း ဆိုကြသည်။ အလားတူပင် မိုးမိတ်စော်ဘွားက သမီးတော်စောမြဝတီအား ဗုဒ္ဓဘောင်မင်းထံဆက်သသည့်စာတတ်လမ်းမှာလည်း စောမွန်လှစာတတ်လမ်းနှင့်ထပ်တူထပ်မျှ ဖြစ်နေသည်ကို သတိချပ်သင့်ပေသည်။

## နတ်လှောင်ကျောင်း

နတ်လှောင်ကျောင်းသည် ကျွဲနွားတောင်းစေတီ၏ တောင်ဘက်၌ ကပ်လျက်တည်ရှိ၏။ ခရစ်နှစ် ၁၀၅၇ခုနှစ်တွင် အနော်ရထာမင်းတည်ခဲ့ကြောင်း မြန်မာမှတ်တမ်းများက ဆိုပါသည်။ အနော်ရထာမင်းသည် စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာပျံ့ပွားရေးအတွက် ဆောင်ရွက်သည့်အနေဖြင့် နတ်ကိုးကွယ်သူများအား ကိုးကွယ်ယုံကြည်မှု အယူဝါဒပပျောက်စေကာ နတ်ရုပ်များကိုလည်း ဤအဆောက်အဦအတွင်း ထည့်သွင်းပိတ်လှောင်ထားခဲ့သည်ဆို၏။ သို့ဖြင့် နတ်လှောင်ကျောင်းအမည်တွင်လာကြောင်း မှတ်ယူကြသည်။

စင်စစ်အားဖြင့် နတ်လှောင်ကျောင်းခေါ်အဆောက်အဦမှာ ပုဂံမြို့ရှိ ဘင်ခုတည်းသော ဟိန္ဒူဘုရားကျောင်းပင်ဖြစ်ပါသည်။ ထိုကျောင်းထဲတွင် လှဲလျောင်းနေသော ဗိဿနိုးနတ်မင်းကြီး၏ရုပ်တုရှိသဖြင့် နတ်လျောင်းကျောင်းဟုခေါ်ဆိုရာမှ ကာလရွေ့လျားလာသောအခါ နတ်လှောင်ကျောင်းဖြစ်လာလေသည်။ တည်ဆောက်သောအချိန်ကာလမှာမူ ခရစ်နှစ်(၁၁)ရာစု အလယ်ပိုင်းကဖြစ်ရာ အနော်ရထာမင်းလက်ထက်၌ တည်ဆောက်ခဲ့ခြင်းဖြစ်ကောင်းဖြစ်လိမ့်မည်။ ဘုရားကျောင်းအတွင်း၌ ဗိဿနိုးနတ်မင်း၏ ဘဝဖြစ်စဉ်(၁၀)ဘဝကို သရုပ်ဖော်ထားသည့် ရုပ်ထုများရှိပါသည်။ ယင်းရုပ်ထုများထဲတွင် (၉)ခုမြောက်မှာ ဂေါတမဘုရားသခင်၏ဆင်းတုတော်ဖြစ်သည်။

ပုဂံတွင်တွေ့ရှိရသည့် တမိလ်ဘာသာရေးကျောက်စာတွင် နတ်လှောင်ကျောင်းနှင့် ပတ်သက်၍ တစ်စွန်းတစ်စဖော်ပြထားသည်ကို တွေ့ရ၏။ ယင်းကျောက်စာကို ခရစ်နှစ် ၁၃ ရာစုစနေ့က ရေးထိုးခဲ့ဟန်တူကြောင်း၊ အနောက်တိုင်းရှေးဟောင်းသုတေသနပညာရှင် Mr Hultzch ကဆိုပါသည်။ ကျောက်စာအရ နတ်လှောင်ကျောင်း၏ဘွဲ့မည်မှာ "နာနာဒေစိဗ္ဗင်နာဂရအာလဝါဘုရားကျောင်း" ဖြစ်သည်။ မကာဒယာပတ္တနမ်မြို့၌ နေထိုင်သည့် စရီကုလသေခရစ်၏တပည့်ဆိုင်ယာဃိ ရန်စီရိယန်အမည်ရှိ ဗိဿနိုးနတ်ကိုးကွယ်သူ သူတော်စင်တစ်ဦးက ဘုရား ကျောင်း၌ အရှေ့ဘက်ဆင်ဝင်ဆောင်ဆောက်လုပ် လှူဒါန်းခဲ့သည်။

ထို့နောက် ဝင်းခြံတံခါးကိုလည်း လှူဒါန်းခဲ့သည်။ ယင်းသူတော်စင်မှာ ယိုင်ရာ မကာဒယာ ပဋ္ဋနမ်မြို့မှာ မလိမန်ဒလမ်နယ်၌ ရှိသည်ဆိုပါသည်။

နတ်လှောင်ကျောင်း၏ ရှည်လျားသောဘွဲ့အမည်ကိုမူ ရှေးဟောင်းသုတေသနပညာရှင် Mr. Hultzch က နိုင်ငံအသီးသီးမှလာရောက်ကြသူများ၏ ဗိဿနိုးဘုရားကျောင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဟိန္ဒူဘုရားကျောင်း၏ မူလကုသိုလ်ရှင်မှာ မြန်မာရာဇဝင်ကျမ်းများတွင် ဖော်ပြထားသကဲ့သို့ အနော်ရထာမင်းဖြစ်မည်မထင်ပါ။ တမီလ်ဘာသာကျောက်စာ၌ စိတ်ဝင်စားဖွယ် ဝေါဟာရတစ်ခုမှာ ဘုရားကျောင်းဆောက်လုပ်ရာဒေသကို "အရိမဒ္ဒနပုရမ်"ဟူ၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ အရိမဒ္ဒနပုရဟူသော ပုဂံမြို့ကို ဆိုလိုရင်းဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိချေ။

တစ်ခုဖြစ်နိုင်သည်မှာ ပုဂံရှိ ဗိဿနိုးနတ်ကိုးကွယ်သူ တမီလ်လူမျိုးတစ်စုက အနော်ရထာမင်းကြီးအား သူတို့ဘာသာအရ ဝတ်ပြုကိုးကွယ်ရန် ကျောင်းဆောက်လုပ်နိုင်ရေးအတွက် လျှောက်ထားခဲ့ကြပေလိမ့်မည်။ ထို့နောက် အနော်ရထာမင်းကြီးသည် လွတ်လပ်စွာကိုးကွယ်ခွင့်ကို အလေးထားသူဖြစ်သည့်အလျောက် ကျောင်းတည်ဆောက်ခွင့်ပြုခဲ့ခြင်းဖြစ်ပေမည်။ အလားတူ ကျောင်းတည်ဆောက်ရေး၌ အနည်းနှင့်အများပံ့ပိုးကူညီခဲ့မှုလည်း ရှိနိုင်ပါသေးသည်။ သို့ဖြင့် ဟိန္ဒူကျောင်းကို နောင်ခေတ်ကာလတွင် အနော်ရထာမင်းက တည်ဆောက်ခဲ့ကြောင်း မှတ်သားထားကြခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေကာမူ ပုဂံခေတ်ဦးကာလတွင် ပုဂံမင်းတို့အနေဖြင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ပြုထားကြောင်း ကောက်ချက်ချနိုင်ပေသည်။

## သထုံမြို့သိမ်းတိုက်ပွဲ

အနော်ရထာမင်း ထီးနန်းစိုးစံစဉ်အတွင်း ခရစ်နှစ် ၁၀၅၇ခုနှစ်တွင် သထုံမြို့ကို သွားရောက်တိုက်ခိုက်ကာ ဘုရင်မနုဟာမင်းနှင့်တကွ ပိဋကတ် သုံးပုံကို ပုဂံသို့အရောက် သယ်ဆောင်လာခဲ့ကြောင်း ရာဇဝင်ကျမ်းများက အဆိုရှိကြ

၏။ သထုံကို အနော်ရထာမင်းသိမ်းပိုက်ချိန်အား ခရစ်နှစ် ၁၄၀၀ပြည့်နှစ်ထိုး ကလျာဏီကျောက်စာအရသာလျှင် ၁၀၅၇ခုနှစ်တွင် ဖြစ်ကြောင်းသိရှိရခြင်း ဖြစ်သည်။ နှစ်ပေါင်းလေးရာကျော်ကြာပြီးမှ မှတ်တမ်းတင်ထားခြင်းဖြစ်ပေရာ ပြန်လည်ဆန်းစစ်သင့်သော အချက်တစ်ချက်ဖြစ်နေပါသည်။

အနော်ရထာမင်း၏ သထုံမြို့သိမ်းတိုက်ပွဲအကြောင်းကို မှန်နန်းရာဇဝင်၌ ခမ်းနားစွာရေးသားဖော်ပြထား၏။ ရာဇဝင်မှတ်တမ်းအရ ရှင်အရဟံက သထုံပြည်၌ ပိဋကတ်တော်အစုံ(၃၀)ရှိကြောင်း မိန့်ကြား၍ လက်ဆောင်ပဏ္ဏာများဖြင့် သထုံသို့စေလွှတ်တောင်းခံစေရာ မချေမင်စကားဆိုလျှက် ပြန်ကြားခဲ့သည်ဆိုပါသည်။ သို့ဖြင့် အနော်ရထာမင်း အမျက်ဒေါသထွက်ကာ ကြည်းကြောင်း၊ ရေကြောင်းဖြင့် ချီတက်တိုက်ခိုက်တော့သည်။ ကျန်စစ်သား၊ ငထွေရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးစသော စစ်သူကြီးလေးဦးတို့က ရှေ့မှချီတက်သည်ဆို၏။ ရေကြောင်းချီတပ်များ ပဲခူးသို့ရောက်ရှိသည့်တိုင် ပုဂံမှလေ့တပ်က မကုန်သေး။ ကြည်းကြောင်းမှစစ်ဖျား သထုံကျေးစပ်သို့ရောက်သည့်တိုင် ပုဂံ၌ နောက်ထပ်တပ်မကုန်သေးဟု ဆိုပါသည်။

ထို့နောက် ဟူးရားဖြူ၊ ဟူးရားညိုတို့၏ အစီအရင်အကူအညီတို့ကြောင့် မနုဟာမင်းနှင့်မိဖုရား၊ သားတော်၊သမီးတော်တို့ကို ဖမ်းဆီးရမိသည်။ အနော်ရထာမင်းသည် ပိဋကတ်သုံးပုံကို ပင့်ဆောင်လျှက် ပုဂံသို့ပြန်လာခဲ့၏။ ပုဂံရောက်လျှင် နန်းကျဘုရင်မနုဟာမင်းကို မြင်းကပါအရပ်၌ ကောင်းမွန်စွာထားသည်။ နောင် ရွှေစည်းခုံဘုရား၌ လှူဒါန်းလိုက်သည်ဟုလည်း ဆို၏။ မနုဟာမင်းကို ပုဂံ၌ အကျဉ်းချထားရာနေရာ၌ နောင်လာနောက်သားတို့သိရှိကြစေရန် ဘုရားတစ်ဆူတည်ခဲ့ပေရာ နန်းဘုရားဟူ၍ အမည်တွင်ပါသည်။

နန်းဘုရားသည် မနုဟာမင်းစံနေခဲ့ဖူးရာနေရာဟု ဆိုသော်လည်း နန်းဘုရားအတွင်း၊ ကျောက်တိုင်ထက်၌ ထွင်းထုထားသောရုပ်ကြွဦးခေါင်းသုံးလုံးရုပ်မှာ ဗုဒ္ဓဘာသာအမှတ်အသားတစ်ခု မဟုတ်ပေ။ အလယ်ဗြဟ္မာဦးခေါင်းကို ဝဲယာတစ်ဘက်တစ်ချက်၌ ဗိဿနိုးသီဝခေါင်းတို့ ပေါင်းစပ်ထားခြင်းဖြစ်သည်။

မနုဟာမင်းကို ဗုဒ္ဓဘာသာဝင်မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပြီး ပိဋကတ်သုံးပုံကိုပင် ထိမ်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း ရေးသားဖော်ပြကြပေရာ ပိဋကတ်သုံးပုံအားပိုင်ဆိုင်သူ မနုဟာမင်းနှင့် ဗြဟ္မဏအယူဝါဒဆိုင်ရာရုပ်ကြွများမှာ မည်သို့ဖွဲ့မအပ်စပ်လှပေ။ ထို့ပြင် မနုဟာကျောက်စာ၌ "သီရိတြိဘဝနာဒိတျပဝရ သုဓမ္မာရာဇာမနုဟာမည်သော သထုံမင်းကြီးသည် သံသရာအဆက်ဆက်ကျိုးဆက်မှုလမပြတ်သေးသ၍" စသဖြင့် ရေးထိုးထားသည်ကိုလည်း သတိမူသင့်ပေသည်။

နန်းဘုရားအတွင်းရှိ ဦးခေါင်းသုံးလုံးပါရုပ်တုမှာ ဟိန္ဒူဘာသာရေးကျမ်းများလာ တြိမုတိရုပ်ဖြစ်သည့်အားလျော်စွာ နန်းဘုရားမှာ မနုဟာမင်းအား သထုံမြို့မှ ဖမ်းဆီးခေါ်ဆောင်လာပြီးနောက် ချုပ်နှောင်ထားရာနေရာ၌တည်ခဲ့သည်ဆိုခြင်းကို ပြန်လည်ဆန်းစစ်ကြည့်သင့်ပေသည်။

**မနုဟာဘုရား**

မနုဟာဘုရားသည် ပုဂံမြို့ မြင်းကပါရွာအနီး၌တည်ရှိ၏။ သထုံဘုရင်မနုဟာမင်းကြီး ပုဂံ၌အကျဉ်းချထားခံရစဉ် တည်ဆောက်ခဲ့သည်ဟုအဆိုရှိပြီး ပုံသဏ္ဌာန်အားဖြင့် ကုလားကျောင်းခံပေါ်၌ စောခိပကၠိယတရား ၃၇ပါးကို ရည်ညွှန်းလျက် စေတီငယ် (၃၇)ဆူ တည်ထားခြင်းဖြစ်သည်။

မှုလထိုးကျောက်စာတစ်ချပ်မဟုတ်သည့် နှောင်းခေတ်ကာလထိုးကျောက်စာတွင် သထုံဘုရင်မနုဟာမင်းကြီးသည် မနောမယခေါ် မိမိပိုင်ဆိုင်သည့် ကြောင်မျက်ရွဲရတနာကို မြင်းကပါသူဌေးထံရောင်းချ၍ ဘုရားတည်ကြောင်းဆို၏။ မနုဟာမင်းသည် ရတနာမျက်ရွဲရောင်းရသည့်ငွေအသပြာ လည်းဖြီးတိုက်ဖြင့် သီရိဓမ္မယျာဘုံကုန်းကိုဝယ်ယူ ရှင်းလင်းကာ ဘုရားတည်ခဲ့ခြင်းဖြစ်သည်။ ကျောက်စာမှတ်တမ်းအရ မနုဟာဘုရားကို ဇူလိုင် ၁၀၆၇ခုနှစ်ကွင်းတင်ပန္နက်ချခဲ့သည်။ တည်ဆောက်ချိန်ကာလမှာ ခြောက်လကြာမြင့်ပြီး ၁၁ ဖေဖော်ဝါရီ ၁၀၆၈ခုနှစ်တွင် ပြီးစီးပါသည်။

မနုဟာမင်းသည် ပုဂံ၌ ဆယ်နှစ်ကြာမျှ အကျဉ်းသားဘဝနှင့် နေထိုင်ခဲ့ရပြီးမှ ဘုရားတည်ခဲ့ခြင်းမှာ စဉ်းစားစရာဖြစ်ပါသည်။ ထို့အတူ မနုဟာတွင် သုဓမ္မရာဇာဆိုသူ သားတော်တစ်ပါးရှိပြီး သုဓမ္မရာဇာ၏သား အသဝတ်မှော သည် ခရစ်နှစ် ၁၂၃၆ခုနှစ်ထိုးကျောက်စာအရ ပုဂံနန်းတွင်းမှ မင်းတိုင်ပင် အမတ်ကြီးဖြစ်နေသည်မှာလည်း အံ့ဩစရာပင်။ အသဝတ်မှော၏သား နာဂသမန်းသည် နရပတိစည်သူမင်း၏သမီးတော် ရွှေအိမ်စည်နှင့်ပင် ထိမ်းမြားလက်ထပ်ခဲ့ပေရာ မနုဟာမင်းကို အနော်ရထာက အကျဉ်းချထားခဲ့ပြီး ရွှေစည်းခုံဘုရားတွင် လှူဒါန်းခဲ့သည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရာမရှိချေ။

## ဆည်မြောင်းတာတမံများ

အနော်ရထာမင်းသည် မြစ်သား(၁၁)ခရိုင်ဒေသ၌ ဆည်(၄)ခုတည်ဆောက်ခဲ့ရာ

(၁) ကင်းတားဆည်
(၂) နိုင်သေဉ်ဆည်
(၃) ပြောင်းပြာဆည်
(၄) ကျီးစည်းဆည်

တို့ဖြစ်ကြသည်။ ဆည်များကိုတည်ဆောက်သည့်ကာလနှင့်ပတ်သက်၍မူ အမှတ်အသားကွဲပြားလျက် ရှိနေပါသည်။ အနော်ရထာမင်း နန်းတက်လာပြီးနောက် (၁၆)နှစ်အကြာတွင် နယ်ခြားမြို့ ၄၃မြို့ကိုတည်ဆောက်ကြောင်း၊ များမကြာမီ စစ်သည်တော်များကို စနစ်တကျဖွဲ့စည်းကာ မြစ်သား(၁၁)ရွာတွင် ဆည်မြောင်းတာတမံများ တည်ဆောက်ကြောင်း အဆိုရှိပေရာ ၁၀၅၈–၅၉ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ဟန်တူပေသည်။

### (၁) ကင်းတားဆည်

အနော်ရထာမင်းသည် ကင်းတားဆည်ကို ဦးစွာတည်ဆောက်ရာ၌ ကင်းတားဆည်တော်မှ အင်းကန်းတိုင်အောင် မြောင်းတူး၏။ထို့နောက် မြွန်ကြီး

(၃၀)ကိုတာပ်ဆင်သည်။ ကင်းတားဆည်မှ ဆည်ရေသောက်လယ်ပယ် ၆သောင်းကျော်ရှိသည်ဆိုပါသည်။ အနော်ရထာမင်းသည် ယင်းအရပ်တွင် ဆည်တော်နှံဘုရားတစ်ဆူကိုလည်း တည်ခဲ့သည်ဆို၏။ ကမ္ဘောဇရှမ်းပြည်နှင့်ပုဂံနယ်မြေတို့အကြား အလယ်ဦးကင်းစေသဖြစ်သဖြင့် 'ကင်းတား'အရပ်ဟု ခေါ်တွင်ရာမှ ဆည်ကိုလည်း ကင်းတားဆည်ဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။ ကင်းတားဆည်နယ်နိမိတ်အပိုင်းအခြားမှာ အရှေ့၌ပန်းလောင်မြစ်၊ အနောက်၌ကျောက်ပန်းတောင်းတောင်ခြေ၊ တောင်၌ဆင်ကြည့်တောင်၊ မြောက်ဘက်၌ကျောက်မီကျောင်းအထိဖြစ်၏။ နောင်တွင် ကင်းတားဆည်မှ နွားကူးခေါက်ဆည်၊ နတ်လွဲဆည်၊ ပြည်လုံးအုံပင်းတားဆည်တို့ကို ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ကြ၏။

(၂) ငနိုင်သော့ဆည်

ငနိုင်သော့ဆည်၏မူလအမည်မှာ 'ငလိုင်သော့'ဆည်ဖြစ်သည်။ အနော်ရထာမင်းသည် ကင်းတားဆည်၏အောက်ဘက်၌ ငလိုင်သော့ဆိုသူ မင်းမှုထမ်းတစ်ဦးအား ဆည်တော်ထပ်မံတည်ဆောက်စေခဲ့၏။ ယင်းဆည်မှာ လယ်ပယ် ၄သောင်းကျော်ကိုရေပေးနိုင်ပြီး ဆည်အနီး၌ ပန်းတင်ဂူဘုရားတစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ဆည်ဧရိယာမှာ အရှေ့ဘက် မြောင်းမတော်၊ အနောက်ဘက် သင်းရိုးအထိ၊ တောင်ဘက် ဝဲကြီးဝတ်လဲတော်တောင်ခြေ၊ မြောက်ဘက်မြောင်းမတော်အထိ ဖြစ်သည်။

(၃) မြောင်းပြာဆည်

မြောင်းပြာဆည်သည် လယ်မြေဖယ် ၇သောင်းကျော်ကို ရေပေးနိုင်ပြီး ထု ၅တာ၊ စောက် ၅တောင်၊ သစ်ခမ်း ၂၁၊ ကျောက်ခမ်း ၂၀ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ဆိုကြ၏။ ဆည်ဧရိယာမှာ အရှေ့ဘက်တွင် အင်းတာယော်နယ်မြေအစပ်၊ အနောက်ဘက်တွင် သံလွင်မြောင်း၊ တောင်ဘက်တွင် ပန်းလောင်မြစ်၊ မြောက်ဘက်တွင် မြောင်းမတော်တို့ ဖြစ်ကြ၏။ ဆည်တော်အနီးတွင် ရှင်ပင်မွှင့်လမ်းဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။

(၄) ကျီးမည်းဆည်

အနော်ရထာမင်းသည် ပန်းလောင်မြစ်ကမ်းထိပ်၌ ယာယီထိုးနှန်းစိုက်လျက် ကျီးမည်းဆည်ကို တည်ဆောက်စေခဲ့သည် ဆိုပါသည်။ လယ်မြေပယ် ၇သောင်းကျော်ရေပေးဝေနိုင်ပြီး နယ်မြေဧရိယာမှာ အရှေ့ပန်းလောင်မြစ်အနောက်မြောင်းမတော်၊ တောင်ဘက်စမာမြောင်းဝ၊ မြောက်ဘက်ရွှေကူမည်းဘုရားအထိ ဖြစ်သည်။ ကျီးမည်းဆည်သည် ယခုအခါ ကင်းတားမြို့နှင့် ငါးမိုင်ခန့်အကွာရှိ ကူမဲမြို့တွင်း၌ တည်ရှိပါသည်။

## လောကနန္ဒာစေတီ

လောကနန္ဒာစေတီသည် ပုဂံမြို့ သီရိပစ္စယာရွာအနီး၌တည်ရှိ၏။ ခရစ်နှစ် ၁၀၅၉ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏စွယ်တော်ကိန်းဝပ်ရာ စေတီတော်ဖြစ်ပြီး ဗိသုကာလက်ရာမှာလည်း ထူးခြားလှသည်။ စေတီတော်ကို အောက်ခံပစ္စယာသုံးဆင့်ပေါ်တွင် ခေါင်းလောင်းပုံဖောင်းရစ်ဖြင့်တည်ဆောက်၏။ ထီးတော်မှာမူ နှောင်းခေတ်ကာလတွင်မှ ဖြည့်စွက်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ အနော်ရထာမင်းကြီး၏ကောင်းမှုတော် လောကနန္ဒာစေတီသည် ရှေးဟောင်းသရေခေတ္တရာမှ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာစသော စေတီများနှင့်ပုံစံတူညီပေရာ ရှေးကျသည့်လက်ရာဟု မှတ်ယူနိုင်ပေသည်။

လောကနန္ဒာစေတီတော်တွင် ခရစ်နှစ် ၁၂၀၇ခုနှစ်က ကျောက်စာတစ်ချပ်ကို တွေ့ရှိရ၏။ ယင်းကျောက်စာတွင် "စကြာဝတေးအနုရဓါကျောင်း"ဟူ၍ ဖော်ပြပါရှိလေရာ အနီးဝန်းကျင်၌ အနော်ရထာမင်း၏ ကုသိုလ်တော်ကျောင်းတစ်ဆောင်ရှိခဲ့ဖူးသည်ဟု ဆိုနိုင်၏။

## နတ်ရွာစံလွန်ခြင်း

အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၇၇ခုနှစ်တွင် နတ်ရွာစံလွန်ခဲ့ပါသည်။ မြန်မာရာဇဝင်ကျမ်းတို့အလိုအရ မြစ်ခြေအရပ် (ပဒုဏ္ဏုခရိုင်)၌ဖြစ်ပြီး

အောင်သာမြစ်ခြေအရပ်၌ ကျွဲရိုင်းတစ်ရ သောင်းကျန်းနေကြောင်း မင်းကြီးအား လျှောက်ထားရာ မင်းကြီးကိုယ်တိုင် ဆင်ဖြင့်သွားရောက်ကြည့်ရှုခဲ့သည် ဆိုပါသည်။ ထို့နောက် ကျွဲရိုင်းနှင့်တိုက်ခိုက်ရာမှ နတ်ရွာစံလွန်သွားခဲ့ရ၏။ ဆင်စီးသော ဘုရင်အား ကျွဲရိုင်းခတ်၍ နတ်ရွာစံသွားရသည်ဆိုခြင်းမှာ မဖြစ်နိုင်ချေ။

◆



# ဓောလှူးမင်း (၁၈၇၇–၁၈၈၄)



(၁၀) စောလူးမင်း (၁၀၇၇–၁၀၈၄)

# စောလူးမင်း

စောလူးမင်းသည် အနော်ရထာမင်း၏ ထီးနန်းအရိုက်အရာကိုဆက်ခံ ပြီး ခရစ်နှစ် ၁၀၇၇တွင် နန်းတက်လာပါသည်။ ဘွဲ့အမည်မှာ ဗြိဝမြာဘာရဏ ပြဘုပတိ (ကျက်သရေရှိသောမိုးကြိုးအရှင်သုံးလူ့သခင်) ဟူ၍ဖြစ်ပါသည်။

**မျိုးရိုးဆက်နွယ်**

ကျောင်းဖြူမင်း + မြောက်ပြင်သည်

(သား)

အနော်ရထာ + မိဖုရား

(သား)

စောလူးမင်း

စောလူးမင်းကို အနော်ရထာနှင့် တောင်ပြင်သည်မိဖုရားတို့မှ ၁၉ ဧပြီ ၁၀၄၉ တွင် ဖွားမြင်ပါသည်။

ဖခင်ဘက်မှ မျိုးရိုးဆက်နွယ်မှာ ဗျူဦပြားမင်းမှတိုက်ရိုက်ဆင်းသက်လာသော ဝုဂံမင်းမျိုးဖြစ်ပါသည်။ အနော်ရထာမင်းတွင် မိဖုရားလေးပါးရှိရာ အဂ္ဂမဟေသီခေါ် တောင်ပြင်သည်မိဖုရားကြီးမှသာလျှင် သားတော်တစ်ပါး ဖွားမြင်ခဲ့ဟန်တူ၏။ ယင်းသားတော်ကား ကျောက်စာများတွင် မင်းလုလင်ဟုခေါ်ပြ လေ့ရှိသည့်စောလူးမင်းဖြစ်သည်။ မိခင်ဘက်မှ အဆက်အနွယ်များကိုမူ တိကျ သေချာစွာမသိရပေ။

## မိသားစုရေးရာ

စောလူးမင်း၏ထင်ရှားသော မိဖုရားသားသမီးများမှာ အောက်ပါ အတိုင်းဖြစ်သည်။

### ၁။ မိဖုရားသီရိစန္ဒာဒေဝီ

သီရိစန္ဒာဒေဝီသည် စောလူးမင်းနန်းတက်စဥ် ဦးဆောက်ပန်းအရာကို ပေးအပ်ခံခဲ့ရသည် ဆိုပါသည်၊ သားသမီးထွန်းကားခဲ့ဟန်မတူပါ။

### ၂။ မဟာဒေဝီစုဠာမဏိ

ဤမိဖုရားသည် မွန်တိုင်းရင်းသူတစ်ဦးဖြစ်ဟန်တူပါသည်။ မြန်မာ မှတ်တမ်းများလာ ဥဿာမင်း၊သမီးခင်ဦးပင်လျှင် ဖြစ်ဟန်ရှိ၏။ ၁၉၇၄ခုနှစ်က မိဖုရားကြီး မဟာဒေဝီစုဠာမဏိ၏အမည်ပါ အုတ်ခွက်တစ်ခုကို ရရှိခဲ့ပါသည်။ ယင်းအုတ်ခွက်ကို မွန်ဘာသာဖြင့်ရေးထိုးထားပြီး စာ(၄)ကြောင်းခန့် ပါဝင်ပါသည်။ အကြောင်းအရာမှာ တြေလောကသိဃံဝိဓေယျမင်း၏မယ်တော် ပြုလုပ်လှူဒါန်းပါသည်ဟူ၍ ဖြစ်၏။ ယင်းမိဖုရားမှ သားတစ်ဦးဖွားမြင်ခဲ့သည်။

(၁) စောယွန်း

စောလူးမင်း၏သားတော် စောယွန်း၏ဘွဲ့မည်ကို ကြေလောကသိမ်ယံဝိဇယဟူ၍ ၁၉၇၀ခုနှစ်က တွေ့ရှိရသောအုတ်ခွက်တွင် ဖော်ပြထား၏။ စောယွန်းသည် ကျန်စစ်သား၏သမီး ရွှေအိမ်စည်နှင့်စုံဖက်ခဲ့ရာ ရွှေအိမ်စည်၏ဘွဲ့အမည်ကို ကြေလောကစုဋ္ဍာမဏိဒေဝီဟူ၍ အုတ်ခွက်၌ လေ့လာဖတ်ရှုရ၏။ ဤတွင် ကွဲပြားခြားနားသည့် အယူအဆအချို့ကို တွေ့ရှိရပါသည်။ ရာဇကုမာရ်ကျောက်စာကို ရေးထိုးခဲ့သည့် ကျန်စစ်သား၏သားတော်ဆိုသူမှာ စင်စစ်အားဖြင့် စောလူးမင်း၏သားတော် စောယွန်းသာဖြစ်ကြောင်းဟူသော အယူအဆဖြစ်ပါသည်။ ဤအယူအဆကို ကျန်စစ်သားမင်းကြီး၏မိသားစုရေးရာကဏ္ဍတွင် အသေးစိတ် ထပ်မံတင်ပြသွားပါမည်။

## ထီးနန်းအရိုက်အရာ

စောလူးမင်း၏နန်းစံကာလမှာ (၇)နှစ်သာလျှင် ရှိပါသည်။ ယင်း (၇) နှစ်အတွင်း စောလူးမင်းသည် မိမိ၏အရိုက်အရာကိုဆက်ခံမည့် အိမ်ရှေ့ဥပရာဇာ ရာထူး လျာထားခန့်အပ်နိုင်ခဲ့ခြင်းရှိဟန်မတူပေ။ စောလူးမင်း၌ သားတော် တစ်ဦးရှိပါသည်။ စောယွန်းဟု ရာဇဝင်ကျမ်းများ၌ တွေ့ရှိရသူဖြစ်၏။ စောယွန်းသည်ပင် နန်းလျာအဖြစ် ခန့်အပ်ခံခဲ့ရဖူးလေသလောဟု ထင်မြင်ယူဆဖွယ်လည်း ရှိနေ၏။ သို့သော် စောလူးမင်း၏ နန်းစံကာလနှောင်းပိုင်းအချိန်တွင် ပဲခူး ဟံသာဝတီမှ ထကြွပုန်ကန်မှုဖြစ်ပွားခဲ့ရပြီး ကျန်စစ်သားက ထီးနန်းဝင်ရောက် ရယူခဲ့လေရာ စောယွန်းအနေဖြင့် ထီးနန်းဆက်ခံရေးအတွက် လက်လွှတ်ဆုံးရှုံးခဲ့ရဟန်တူပါသည်။

စောယွန်းအကြောင်းအား နှောင်းမင်းများလက်ထက်တွင် ရေးသား ဖော်ပြထားခြင်း မရှိတော့သဖြင့် စောယွန်းသည်လည်း ဖခင်စောလူးမင်းကဲ့သို့ ငုပ်ကြိစီရင်ခဲ့ရဟန်ရှိပေသည်။ မည်သို့ဆိုစေကာမူ အုတ်ခွက်ဘုရားများ ပြုလုပ် လှူဒါန်းခဲ့သူဖြစ်သည့်အလျောက် စောယွန်းသည် နန်းတွင်း၌ နေရာပေးခံရသူ

တစ်ဦးဖြစ်မည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိချေ။ အခြေအနေအရပ်ရပ်ကြောင့် သာလျှင် ပုဂံထီးနန်းနှင့် လွဲချော်ခဲ့ရခြင်းဖြစ်ပေလိမ့်မည်။

## စောလူးမင်း၏ကုသိုလ်တော်

မုံရွေးဇေတဝန်ဆရာတော်၏ "စေတီယကထာ"ကျမ်းတွင် စောလူးမင်း၏ကုသိုလ်တော်အဖြစ် "အောက်ပင်းချောင်း၀တွင် စဏ္ဍလမ္ဗဘုရားကိုတည်၏" ဟူ၍ စာတစ်ကြောင်းသာ တွေ့ရှိရပါသည်။ ပုဂံဒေသတွင် စောလူးမင်း၏ ကုသိုလ်တော်အဖြစ် ဆိုစမှတ်ပြုကြသည့် စေတီပုထိုးအချို့ရှိပါသည်။ သီရိပစ္စယာရွာအရှေ့ဘက်ကပ်လျက် နေရာ၌ စောလူးမင်းကုန်းဟူ၍ပင်ရှိ၏။ စောလူးမင်း၏ကုသိုလ်တော်ဟူ၍ အထင်အရှားမှတ်ယူကြသည့် စေတီတစ်ဆူမှာ မြင်းပြဋ္ဌဘုရားဖြစ်သည်။ မြင်းပြဋ္ဌဘုရားမှာ အောက်ခြေပတ်လည်တိုက်လိုဏ်ဂူ လေးမျက်နှာခံလျက် အထက်တွင် စေတီတည်ထားသော အဆောက်အအုံဖြစ်၏။

အဆောက်အအုံတစ်ခုလုံး၏ အရွယ်အစားနှင့် အချိုးကျနမှု၊ ဗိသုကာလက်ရာစသည်တို့မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှပြီး၊ စေတီပုထိုးအတွင်းမှ စောလူးမင်း၏အုတ်ခွက်ဘုရားတစ်ဆူ ရရှိခဲ့ဖူးသည်ဆိုပါသည်။ စောလူးမင်းသည် ဖခမည်းတော် အနော်ရထာကဲ့သို့ အုတ်ခွက်ဘုရားများပြုလုပ်လှူဒါန်းခဲ့ဖူးပေရာ "ဤဝဇ္ဇာဘရဏ"ဘွဲ့တံဆိပ်ပါ အုတ်ခွက်အချို့ကို ပုဂံနေရာဒေသတစ်ဝိုက်တွင် တွေ့ရှိရ၏။ သို့သော် မြင်းပြဋ္ဌဘုရားအတွင်း၌ စောလူးမင်းဘွဲ့မည်ပါ အုတ်ခွက်တစ်ဆူ တွေ့ရှိရုံမျှဖြင့် ယင်းဂူဘုရားမှာ စောလူမင်း၏ကုသိုလ်တော်ဟူ၍ မဆိုနိုင်ပါ။ အကြောင်းကြောင်းကြောင့် ဂူဘုရားအတွင်းသို့ ရောက်ရှိလာနိုင်ပါသေးသည်။

စောလူးမင်း၏ကုသိုလ်တော်ဟူ၍ တပ်အပ်သေချာစွာ ညွှန်ပြပြောဆိုနိုင်သည့် စေတီတစ်ဆူမှာ လောကနန္ဒာဘုရား အရှေ့တောင်ဘက် သားမဲ့ဥယျာဉ်တွင်းရှိ နှစ်ထပ်စေတီပင်ဖြစ်ပါသည်။ စေတီတော်ရှိ အင်္ဂတေပန်းများ၊ ဇာတ်ဆင်းတုတော်များနှင့် နဂါးပုံရုပ်ကြွများ၊ မြူးပန်းနွယ်စက်များက ပုဂံခေတ်ဦးလက်ရာ

ကို ရည်ညွှန်းလျက်ရှိသည် ဆိုပါသည်။ ထူးခြားသည်မှာ စေတီတော်အတွင်းနံရံ၌ တွေ့ရှိရသော စောလူးမင်း၏ အုတ်ခွက်ဘုရားတစ်ဆူဖြစ်သည်။ အုတ်ခွက်ဘုရားကို နံရံအတွင်း၌ ကပ်မြှုပ်တည်ဆောက်ထားသဖြင့် မူလလက်ရာဟု ဆိုနိုင်ပေသည်။

စောလူးမင်း၏ကုသိုလ်တော်အဖြစ် ပုဂံတွင်ကျန်ထင်ရှားသော ဘုရားများလည်း ရှိပါသေးသည်။ သီရိပစ္စယာရွာအနီးရှိ ဖက်လိပ်စေတီနှစ်ဆူကို စောလူးမင်း၏ကုသိုလ်တော်ဟု မှန်းဆကြ၏။ ယင်းဘုရားနှစ်ဆူသည် ပျက်စီးယိုယွင်းလျက် မြေကြီးထဲတွင် နစ်မြှုပ်နေရာမှ ပြန်လည်တူးဖော်ထားခြင်းဖြစ်သည်။ ၁၉၀၆-၇ ခုနှစ်များက ရှေးဟောင်းသုတေသနဌာနမှ ရှင်းလင်းစဉ် စဉ့်ရည်မသုတ်သော ရှေးကျသည့်အုတ်ခွက်များစွာကို တွေ့ရှိခဲ့ရသည်ဆိုပါသည်။ အလားတူပင် ကျောက်စကားကြီးဘုရားမှာလည်း စောလူးမင်း၏ကုသိုလ်တော်ဖြစ်ကြောင်း မှတ်ယူကြ၏။

စောလူးမင်းသည် ပုဂံဒေသ၌သာမက စစ်ကိုင်းတိုင်း ယင်းမာပင်၊ ခရက္ခူနယ်၊ မြင်းမူ၊ မကွေးတိုင်းဆိတ်ဖြူနယ်များ၌လည်း စေတီပုထိုးအများအပြား တည်ထားကိုးကွယ်ခဲ့ပါသေးသည်။ နေရာဒေသအသီးသီးတွင် ဘုရားဘွဲ့မည်ထက် စောလူးမင်းဘုရားဟူ၍သာ အမည်တွင်သည်ကိုတွေ့ရှိရ၏။ သို့သော် နန်းစံကာလနှစ်အနည်းငယ်အတွင်း စောလူးမင်းအနေဖြင့် နယ်မြေဒေသအသီးသီး၌ စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ပေရာ ပုဂံမင်းနေပြည်တော်မှ မိမိပိုင်နယ်မြေအတွင်း လှည့်လည်သွားလာခဲ့၍သာ ဤကဲ့သို့ တည်ဆောက်ကိုးကွယ်နိုင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

## ပုဂံ-ဟံသာဝတီစစ်ပွဲ

စောလူးမင်းလက်ထက်တွင် အထိန်းတော်သား ငရမန်ကန်းအား ပဲခူးဟံသာဝတီ၌ မြို့စားအရာပေးအပ်ခဲ့သည်။ တစ်ကြိမ်တွင် ပဲခူးဟံသာဝတီစား ငရမန်ကန်းက စောလူးမင်းအား တော်လှန်ပုန်ကန်ခဲ့သည်။ ငရမန်ကန်းသည်

ရဲမက်ဗိုလ်ပါတို့ကို စုရုံးလျက် ကြည်းကြောင်း၊ ရေကြောင်းဖြင့် ပုဂံသို့စစ်ချီလာကာ ပြည်တော်သာကျွန်းတွင် တပ်စွဲထားခဲ့သည်။

ငရမန်ကန်း၏တပ်များ ပုဂံသို့ ချီတက်လာကြောင်း ကြားသိရသည်နှင့် စောလူးမင်းက ကျန်စစ်သားအား ရှေ့ဦးချီတပ်အဖြစ် ဦးစွာစေလွှတ်လိုက်သည်။ စောလူးမင်းကိုယ်တိုင်မှာမူ နောက်ပါတပ်အဖြစ် ကြည်းကြောင်းမှ လိုက်ပါခဲ့၏။ စောလူးမင်းနှင့်ကျန်စစ်သားတို့၏တပ်များ ပြည်တော်သာကျွန်းသို့ ရောက်ရှိသောအခါ မိုးစုန်းစုန်းချုပ်ပြီဆို၏။ တပ်ချနားနေစဉ်အတွင်း ငရမန်ကန်းက ဥပါယ်တမျှင်ဖြင့် စစ်ရေးငင်လာရာ စောလူးမင်းဆင်ဖြင့် ထွက်တိုက်ရာမှ နွံနစ်၍ ဆင်ပေါ်မှဆင်းပြေးရကြောင်း မှန်နန်းရာဇဝင်ကဆိုပါသည်။ စောလူးမင်းကို ပဲခူးဟံသာဝတီသားတို့ လက်ရဖမ်းဆီးသွားမိပြီးနောက် ပုဂံသို့ ပြန်လည်ရောက်ရှိလာသည့် ကျန်စစ်သားမင်းအား မှူးမတ်တို့က နန်းတင်ကြသည်။ သို့သော် ကျန်စစ်သားက ရုတ်တရက် လက်မခံသေးဘဲ စောလူးမင်းကို သွားရောက်ကယ်ထုတ်ခဲ့ပါသေးသည်။

စောလူးမင်းသည် မိမိအား အကျဉ်းမှလာရောက်ခိုးထုတ်သူ ကျန်စစ်သားအပေါ် အထင်လွဲသွားသဖြင့် ကျန်စစ်သားနှင့်အတူမလိုက်ပါဖြစ်ခဲ့ပေ။ ငရမန်ကန်းသည် စောလူးမင်းအား အနုရာဓရွာတွင် စီရင်ကွပ်မျက်ခဲ့သည်ဆို၏။ ထို့နောက် ပုဂံသို့တပ်များချီတက်ချဉ်းကပ်လာပြီး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ပုဂံဟံသာဝတီစစ်ပွဲတွင် ကျန်စစ်သားဘက်မှ အနိုင်ရရှိသွားပြီးနောက် ကျန်စစ်သားမင်း ပုဂံထီးနန်းကိုဆက်ခံစွင့် ရရှိခဲ့သည်။ ဤတွင် ပဲခူးဟံသာဝတီစစ်ပွဲ၌ အရေးပါလှသည့် ငရမန်ကန်းကို ရာမာခန်ဆိုသူ အိန္ဒိယတိုင်းသားတစ်ဦးဖြစ်မည်ဟု မှန်းဆကြ၏။ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဝင်းကမူ "ရမန်"သည် မွန်အမျိုးသားအကြီးအကဲကိုဆိုလိုပြီး "ရမန်ကန်း"သည် "ကန်း(မြန်မာဘာသာကင်း)" အမည်ရ မွန်ခေါင်းဆောင် တစ်ဦးသာဖြစ်ကြောင်းဆိုပါသည်။

◆

# ကျန်စစ်သား (၁၀၈၄–၁၁၁၃)



(၁၁) ကျန်စစ်သား (၁၀၈၄-၁၁၁၃)

## ကျန်စစ်သား

ပုဂံရာဇဝင်၌ ထင်ရှားခဲ့သူ ကျန်စစ်သားမင်းကြီးကို ၂၁ဇူလိုင် ၁၀၃၀ ခုနှစ်တွင် ဖွားမြင်ပါသည်။ မိဘများကိုမူ တိကျသေချာစွာ မသိရှိရသေးပါ။ ရာဇဝင်ကျမ်းများတွင် အနော်ရထာမင်းနှင့် ဝေသာလီမင်းသမီး ပဉ္စကလျာဏီတို့မှ ဖွားမြင်ကြောင်းဆိုကြ၏။ သို့သော် ကျန်စစ်သားမင်းကြီး ကိုယ်တိုင်ကမူ မိမိ၏မိဘများနှင့် ပတ်သက်၍ တိကျစွာရည်ညွှန်းပြောဆိုခဲ့ခြင်းမရှိပေ။

### မျိုးရိုးဆက်နွယ်

အနော်ရထာနှင့်ပဉ္စကလျာဏီတို့မှ ဖွားမြင်သူအဖြစ် ရာဇဝင်ကျမ်းတို့၌ တွေ့ရှိရသူ ကျန်စစ်သားမင်းကြီးသည် မိမိ၏ ဘဝထုပ္ပတ်နှင့် ပတ်သက်၍ မွန်ဘာသာဖြင့် ကျောက်စာရေးထိုးခဲ့ရာ၌ ဖခင်မှာ အာဒိစ္စဝံသ နေမျိုးဖြစ်ကြောင်း၊ ဗိဿနိုးနတ်ဝင်စားသူဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ဤတွင် ကျန်စစ်သားသည် အနော်ရထာ၏သားတော် ဟုတ်မဟုတ်ကို ဆန်းစစ်ကြည့်သင့်ပါသည်။ မှန်နန်းရာဇဝင်စာပိုဒ်(၁၃၀)တွင် ကျန်စစ်သားကို အနော်ရထာနှင့်ယှဉ်သော ပဋိသန္ဓေမှဖွားမြင်သူဟူ၍ ဆိုပါသည်။ သို့သော် ယင်းကျမ်းစာပိုဒ်ရေ (၁၃၉)၌ပင် ကျန်စစ်သားက သူ၏သမီးတော်ကို အနော်ရထာမင်းမြေးနှင့် လက်ထပ်စေသောအခါ

"ငါ့အရှင်မြေးတော်ဖြစ်သော စောယွမ်းနှင့်ပေးပြားအံ့"

ဟူ၍ ဆိုပြန်ပါသည်။ စာတာတော်ပုံ ရာဇဝင်အရ ကျန်စစ်သားမင်းကို ၃၉၂၈ ခရစ်နှစ်(၁၀၃၀)၌ ဖွား မြင်၏။ အသက် ၅၄နှစ်အရွယ်တွင် ထီးနန်းရရှိပြီး နန်းသက် ၂၇နှစ်အကြာ အသက်၈၁နှစ်အရွယ်တွင် နတ်ရွာစံလွန်ပါသည်။

ယင်းအချက်အလက်များမှာ ရာဇကုမာရ်ကျောက်စာနှင့် ကိုက်ညီမှု ရှိနေသည်ကို တွေ့ရှိရ၏ သာသနာ ၁၆၂၈ခုနှစ်(ခရစ်နှစ် ၁၀၈၄)တွင် သီရိတြိဘုဝနာဒိတျဓမ္မရာစ် (ကျန်စစ်သား)မင်းဖြစ်ပြီး ၂၈နှစ်မင်းမူပြီးသည့်နောက် ခရစ်နှစ် ၁၁၁၃ခုနှစ်တွင် နတ်ရွာစံလွန်ပါသည်။ စာတာတော်ပုံရာဇဝင်မှာ အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သည့် ရာဇဝင်ကျမ်းတစ်စောင်ဖြစ်ပြီး ခေတ်ပြိုင်ကျောက်စာမှတ်တမ်းများနှင့် အကြမ်းအားဖြင့် ကိုက်ညီမှုအရှိဆုံးဖြစ်ပါသည်။ ယင်းစာတာတော်ပုံ ရာဇဝင်အရ အနော်ရထာမင်းသည် သက္ကရာဇ် ၃၇၆ ခုနှစ်တွင် ဖွားမြင်သူဖြစ်သည်။ အသက် ၃၀နှစ်အရွယ်တွင် ထီးနန်းရရှိပြီး (၃၃)နှစ် အုပ်ချုပ်စိုးစံခဲ့ပါသည်။

ဤတွင် အနော်ရထာသည် သက္ကရာဇ် ၃၇၆(ခရစ်နှစ် ၁၀၁၄)တွင် ဖွားမြင်သူဖြစ်သည့်အလျောက် ကျန်စစ်သားမင်း၏မွေးသက္ကရာဇ်နှင့် (၁၆)နှစ်သာ ကွာခြားပါသည်။ သို့ဆိုလျှင် ပဉ္စကလျာဏီမင်းသမီး၏စာတ်လမ်းမှာ စဉ်းစားဆင်ခြင်ဖွယ်ရှိနေပေသည်။ အနော်ရထာသည် ကျန်စစ်သား၏ခမည်းတော်ရင်းဖြစ်ပါက အနော်ရထာ(၁၆)နှစ်သားအရွယ်၌ ကျန်စစ်သားကိုဖွားမြင်ပြီး ဖြစ်ရပေလိမ့်မည်။ သို့သော် အနော်ရထာသည် အသက်(၃၀)အရွယ်တွင်မှ ဘုရင်ဖြစ်လာကာ မင်းဖြစ်ပြီးမှသာ ပဉ္စကလျာဏီမင်းသမီးအား ဝေသာလီမှ ဆက်သလာခြင်းကို သွားရောက်ကြိုဆိုဆောင်ယူစေခဲ့ခြင်း ဖြစ်လေသည်။

ကျန်စစ်သားမင်းသည် အနော်ရထာ၏သား မဟုတ်ရုံမျှမက မင်းသွေးပါသူလည်းမဟုတ်ပေ။ သူသည် ထီးလှိုင်အရပ်မှ အကြီးအကဲတစ်ဦးသာဖြစ်သဖြင့် ကျောက်စာများတွင် 'ထီးလှိုင်မင်း'ဟူ၍ ရေးထိုးဖော်ပြသည်ကိုတွေ့ရှိရ၏။ ထီးလှိုင်ဒေသ၏ တည်နေရာနှင့်ပတ်သက်၍လည်း ဝိဝါဒကွဲပြားလျှက် ရှိနေပါ

သေးသည်။ အလားတူပင် ကျန်စစ်သား၏ဇာတိဟု ဆိုကြသည့် ပရိမ္မရပ်ကိုလည်း အငြင်းပွားနေကြရဆဲဖြစ်၏။ ပရိမ္မသည် စစ်ကိုင်းတိုင်း မြောင်မြို့နယ်အတွင်း၌ တည်ရှိသည်ဟု ဆိုကြပါသည်။ (ပဒ္မကလျာဏီမင်းသမီးသည်ရေစကြိုမြို့နယ် ဝါယာရွာ၌ မြသဘက်ကို ဌာပနာ၍ မြသိန်းတန်စေတီကို တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ဆောင်းပါးရှင် နန္ဒာဦး၏ဝါယာရွာမှ ကျန်စစ်သားနှင့် မယ်တော်ပဒ္မကလျာဏီတို့၏ သမိုင်းကြောင်းပုံရိပ်များ ဆောင်းပါး၊ ဝေဒမဂ္ဂဇင်း၊ ၁၉၉၈ဧပြီက ဆိုပါသည်။)

ပုဂံခေတ်နှင့် များစွာမကွာလှသောကာလ ခရစ်နှစ် ၁၅၁၆ခုနှစ်၌ လောကသုံးဆောင်မှူးက မင်းတရားရွှေထီးဧချင်းတွင်

"နော်ရထာ၏၊ ဆက်ကာမြေးသား၊ တစ်လပ်ခြားရှင့်၊ တိုင်းကားနိုင်ငံ၊ ပြည်ပုဂံကို၊ တစ်ဖန်ကိုးယောက်၊ လွန်ပြီးမြောက်မှ"

ဟူ၍ စပ်ဆိုခဲ့သည်။ အနော်ရထာမင်းဆက်ပြတ်သွားခြင်းနှင့် မင်း (၉)ပါးတို့ ဆက်လက်အုပ်စိုးခဲ့ကြခြင်းကို ရည်ညွှန်းဖွဲ့ဆိုထားလေသည်။ သို့သော် ကျန်စစ်သား၏မျိုးရိုးဆက်နွယ်ကိုမူ ယင်းဧချင်းတွင် ထည့်သွင်းစပ်ဆိုထားခြင်း မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ကျန်စစ်သားကို ဆက်ခံသည့်အလောင်းစည်သူမှာ အနော်ရထာ၏မြေးတော်ယွန်းမှ ဖွားမြင်သူဖြစ်သောကြောင့် ဖြစ်ပါသည်။

## ဘဝဖြစ်စဉ်အကျဉ်း

ကျန်စစ်သား၏ငယ်စဉ်ဘဝနှင့်ပတ်သက်၍ ကျိုးလန့်စားစားနေခဲ့ရပုံကို ဒဏ္ဍာရီသဖွယ် ရေးသားပြောဆိုနေကြ၏။ ကျန်စစ်သားအရွယ်ရောက်၍ ရဟန်းဘဝရောက်စဉ် အနော်ရထာမင်းက နန်းတွင်းသို့ပင့်ဖိတ်၍ ဆွမ်းကပ်သည်။ ရဟန်းရေသောက်မည်အပြုတွင် အာခံတွင်းမှ အရောင်ထွက်ပေါ်လာပေရာ အနော်ရထာက မှူးမတ်တို့အားမေးမြန်းကြည့်ရာမှ မင်းလောင်းဖြစ်မှန်း သိရသည်ဆို၏။ သို့သော် ဤမင်းလောင်းက မင်းကြီးနောက်မင်းတစ်ဆက်လွန်မှ နန်းတက်မည်အကြောင်း လျှောက်ထားခဲ့ကြသည်ဟုလည်း ဆိုပါသည်။

ကျွန်စစ်သားဟူသော ဝေါဟာရသည် "ကလန်စစ်သား"မှ ဆင်းသက်လာခြင်းဖြစ်မည်ဟုမှတ်ယူရ၏။ ကလန်သံဂျင်(မွန်ဘာသာ ကလန်သုံမ်ဗေင်)သည် နယ်မြေကြီးကြပ်ရေးအရာရှိများကို ဆိုလိုရင်းဖြစ်၏။အလားတူပင် "စစ်သား"ဟူသည်မှာလည်း ပုဂံ၌ရှိသောရာထူးတစ်မျိုး ဖြစ်ပါသည်။ စစ်သားရာထူးသည် ပုဂံဒေသ၌ ခေတ်အဆက်ဆက်ရှိခဲ့သည်မှာ ကုန်းဘောင်ခေတ်နှောင်းကာလတိုင်ဖြစ်ပါသည်။ ၁၈၇၄ခုနှစ် ကင်းဝန်မင်းကြီးဦးကောင်း ပြင်သစ်ပြည်သို့ သွားရောက်ခဲ့စဉ်က မင်းကြီးဦးကောင်းအား ကြိုဆိုကြသူများထဲတွင် စစ်သားဆိုသူအရာရှိ ပါဝင်ပါသည်။

ကျွန်စစ်သားဟူသည် ထီးလိုင်ဒေသမှ အုပ်ချုပ်ရေးအရာရှိတစ်ဦးသာဖြစ်ပြီးနောက် ပုဂံ၌ အကြီးအကဲဖြစ်လာသည်ဟု မှတ်ယူလျှင်သင့်မည်ထင်ပါသည်။ စောလူးမင်းလက်ထက်တွင် မွန်ဒေသမှ ပုန်ကန်မှုဖြစ်ပွားစဉ် ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ခဲ့ဟန်တူ၏။ ဤအကြောင်းနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်ဦးကာလက စပ်ဆိုခဲ့သည့် ပလိပ်စားဦးဖျော်ချင်းတွင်

> "စောလူးစံမြောက်၊ နှစ်ဆယ့်ခြောက်တွင်၊ ချောက်ချောက်
> ချားချား၊ မင်းကြားမချုပ်၊ နှစ်နှစ်လပ်သော်"

ဟူ၍ တွေ့ရှိရပါသည်။ တိုင်းပြည်မှာ ချောက်ချားလျှက်ရှိပြီး မင်းမဲ့ကာလ(၂)နှစ်ကိုပင် ကျော်ဖြတ်ခဲ့ရကြောင်း ဆိုပါသည်။ စင်စစ်အားဖြင့် ထီးလိုင်ဒေသမှ အကြီးအကဲက ဦးဆောင်လျှက် ပုန်ကန်မှုကိုနှိမ်နင်းနေရသဖြင့် ကျွန်စစ်သားမင်းကြီး ထီးနန်းရရှိလျှင်ရရှိချင်း ဘိသိက်မခံနိုင်ဘဲ နှစ်နှစ်အကြာမှသာ ဘိသိက်ခံယူခဲ့ရခြင်းကို ရည်ညွှန်းဟန်ရှိပါသည်။

## မိသားစုရေးရာ

ကျွန်စစ်သားတွင် ထင်ရှားသော မိဖုရားလေးပါးရှိသည်ဟု ဆိုကြ၏။ ကျွန်စစ်သားမင်းကြီး၏ မိဖုရား၊သား၊သမီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အပယ်ရတနာ၊

အပယ်ရတနာကို ပရိစ္စရှာသူကြီးသမီးဟု ဆိုပါသည်။ ကျန်စစ်သား ယ်စဉ်ကပင် ချစ်ခင်မြတ်နိုးခဲ့ရသူဖြစ်၏။ အပယ်ရတနာမှ သမီးတစ်ဦး ဖွား မြင်ပါသည်။

(၁) ရွှေအိမ်စည်

ကျန်စစ်သားနှင့် အပယ်ရတနာတို့သမီး ရွှေအိမ်စည်သည် အိန္ဒိယ တိုင်းသား ပဋိကူယားမင်းသားနှင့် ချစ်ကြိုက်ခဲ့ရာ ခမည်းတော်ကျန်စစ်သားက ဖူးမတ်များနှင့်တိုင်ပင်ကာ သမီးတော်အား လူမျိုးခြားနှင့်ထိမ်းမြားပေးခြင်း မရှိ ဘဲ စောလူးမင်း၏သားတော် စောယွန်းနှင့်သာ လက်ထပ်စေခဲ့သည်ဆို၏။ ရွှေအိမ်စည်နှင့် ခင်ပွန်းစောယွန်းတို့က အုတ်စွက်ဘုရားပြုလုပ်လှူဒါန်းခဲ့ရာ ယင်းအုတ်စွက်များကို ၁၉၇၀ခုနှစ်ဝန်းကျင်က တူးဖော်ရရှိခဲ့ပါသည်။ အုတ်စွက် ပါစာအရ ရွှေအိမ်စည်မင်းသမီး၏ဘွဲ့အမည်မှာ "တြိလောကစူဠာမဏိဒေဝီ" ဖြစ်သည်ဆိုပါသည်။ အလားတူပင် စောယွန်းဟုယူဆရသူ ခင်ပွန်းသည်၏ အုတ်စွက်နောက်ကျောှ၌လည်း "လောကသိယံဝိဇယ"ဟူသော ဘွဲ့အမည်ကို တွေ့ရှိရ၏။

၂။ မိဖုရားမဏိစန္ဒာ

အမည်ရင်းက ခင်ဦးဖြစ်သည်ဆို၏။ ကျန်စစ်သားသည် ယင်းမဏိ စန္ဒာကြောင့် အနော်ရထာမင်းနှင့် စောလူးမင်းတို့လက်ထက်တွင် နှစ်ကြိမ်တိုင် တိုင် ထွက်ပြေးခဲ့ရပြီးမှ ပြန်လည်ပေါင်းသင်းခွင့်ရရှိခဲ့ကြောင်း ရာဇဝင်ကျမ်း များက အဆိုရှိပါသည်။ မဏိစန္ဒာသည် ကျန်စစ်သားလက်ထက်တွင် ဝဋံသကာ ဒေဝီ(ဦးဆောက်ပန်း) ဘွဲ့ ရခဲ့သည်ဆို၏။

(၁) ရာဇကုမ္မာ

ရာဇကုမ္မာသည် ရှင်ဘုရင်၏သားတော်ဟု အဓိပ္ပါယ်ရရှိပါသည်။ ရာဇကုမ္မာကျောက်စာအရ မင်းသားသည် တြိလောကဝဋံသကာဒေဝီ(ဦးဆောက်ပန်း)မှ ဖွားမြင်သူဖြစ်ပြီး မိခင်မိဘုရားမှာ ကျန်စစ်သားမင်းထီးနန်းစိုးစံစဉ်ကာလ၌ပင် ကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။ မိခင်ကွယ်လွန်သွားပြီးနောက် ရာဇကုမ္မာက ကျန်စစ်သားမင်း မိမိမိခင်အားပေးအပ်ခဲ့သည့် ရွာသုံးရွာကို သာသနာ့အကျိုးငှာပြန်လည်လှူဒါန်းခဲ့ပါသည်။ အလားတူပင် ဝဇ္ဇည်းဥစ္စာရတနာတို့ကိုလည်း ထုခွဲရောင်းချလျက် ဂူဘုရားတစ်ဆူပြုခဲ့၏။ ထို့နောက် အိပ်မင်းမစွမ်းဖြစ်နေသော မင်းကြီး၏ကျေးဇူးကိုအောက်မေ့လျက် အလှူဒါနအစုစုတို့ကို ရေစက်ချ လှူဒါန်းခဲ့လေသည်။

အမှတ်အသားတစ်ခု၌မူ ရာဇကုမ္မာရ်သည် ကျန်စစ်သား၏သားမဟုတ်ဘဲ စောလူးမင်း၏သားတော် စောယွန်းသာလျှင် ဖြစ်ကြောင်းဆိုပါသည်။ ရာဇကုမာရ်ကျောက်စာ ကြောင်းရေ(၅-၈)တွင်

"ထိုမင်း၏ပါယ်မယားတစ်ယောက်သူကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုပယ်မယားသား တမူလည်း ရာဇကုမ္မာရ်မည်၏။"

ဟူ၍သာပါရှိလေရာ ဝဋံသကာဒေဝီသည် ကျန်စစ်သားမင်းကြီး၏ မိဖုရားဖြစ်သော်လည်း၊ ရာဇကုမ္မာရ်မှာ သားအရင်းမဟုတ်ဟု ယူဆကြ၏။ ကျောက်စာကြောင်းရေ (၁၄-၁၆)တွင်

"ထိုရာဇာကုမ္မာရ်မည်သူ ပယ်မယားသား မိမိကျွေးမွေးသော မင်းကြီး ကျေးဇူးအောက်မေ့ရကား"

ဟူ၍ပါရှိလေရာ ရာဇကုမ္မာရ်သည် ကျန်စစ်သားမင်းကြီးအား ခမည်းတော်ဟု ရည်ညွှန်းရေးထိုးထားခြင်းမရှိဟု ဆိုပါသည်။ ရာဇကုမ္မာရ်ကျောက်စာပါဋ္ဌိဘာသာ၌ "မဟာအမစ္စ" ဟူ၍ ဖော်ပြထားပေရာ ဝန်ကြီးချုပ်ကဲ့သို့သော ရာထူးမျိုးကို ရရှိခဲ့သူဖြစ်ဟန် တူပေသည်။

*

၃)မိဖုရား သမ္ဘူလ

မထီစန္ဒာကြောင့် ပထမအကြိမ်ထွက်ပြေးခဲ့ရစဉ် ကျန်စစ်သားသည် ဘုန်းတော်ကြီးတစ်ပါး၏တူမဖြစ်သူ သမ္ဘူလနှင့် ရေစက်ဆုံခဲ့၏။ နောင် ကျန်စစ်သားမင်းဖြစ်လာသောအခါ ဦးဆောက်ပန်းဘွဲ့ကို ပေးအပ်ခြင်းခံခဲ့ရသည် ဆိုပါသည်။ သမ္ဘူလသည် ကျောင်းဖြူရွာသူဖြစ်သည်ဆို၏။ ကျန်စစ်သားနှင့် သားတစ်ဦးထွန်းကားခဲ့ရာ နောင်တောင်စဉ်ခုနှစ်ရိုင်ကို အုပ်ချုပ်ရသူ ဧယျစေတ္တရာဖြစ်လာကြောင်း မြန်မာရာဇဝင်ကျမ်းများက ဆိုကြသည်။

၄) မိဖုရားခင်တန်

ခင်တန်သည် ထီးလှိုင်ရွာသူကြီး၏သမီးဖြစ်သည်။ ငရမန်ကန်းအား တိုက်ခိုက်နှိမ်နင်းစဉ်က အကူအညီများစွာပေးအပ်ခဲ့သည့်အလျောက် ကျန်စစ်သားမင်း ထီးနန်းရရှိလာပြီးနောက် ခင်တန်ကို မိဖုရားအရာပေးအပ်ခဲ့သည်။

## ထီးနန်းအရိုက်အရာ

ကျန်စစ်သားမင်းကြီးသည် နန်းတက်ပြီး နှစ်နှစ်အကြာ သမ္ဘူလမိဖုရားနှင့်သားတို့ နန်းတွင်းလာရောက်ကြစဉ်က မြေးတော် အလောင်းစည်သူမင်းအား ထီးမွေနန်းမွေလွှဲအပ်ပေးပြီးဖြစ်ကြောင်း ရာဇဝင်မှတ်တမ်းတို့က ဆိုပါသည်။ ကျောင်းဖြူရွာသူ သမ္ဘူလနှင့် နန်းတွင်းမှထွက်ပြေးလာခဲ့ရသူ ကျန်စစ်သားတို့ မေတ္တာမျှခဲ့ကြသောသားတော်တစ်ပါးကို ဖွားမြင်ပါသည်။ ယင်းသားငယ်မှာ ဧယျစေတ္တရာဖြစ်သည် ဆို၏။ သားတော် ခုနစ်နှစ်သားအရွယ်ရောက်စဉ်အခါမှ သမ္ဘူလက ကလေးကိုလက်ဆွဲ၍ နန်းရင်ပြင်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကျန်စစ်သားသည် ၁၀၈၄ခုနှစ်တွင် နန်းတက်ပြီး သမ္ဘူလ နန်းတွင်းသို့ရောက်ရှိလာချိန်မှာ ၁၀၈၆ခုနှစ် (နန်းတက်ပြီးနှစ်နှစ်အကြာ)တွင်ဆိုပါမူ ထိုစဉ်က အလောင်းစည်သူအား ထီးမွေနန်းမွေပေးအပ်ပြီးဖြစ်သည်ဆိုသော ရေးသားဖော်ပြချက်မှာ မဖြစ်နိုင်ပေ။

အလောင်းစည်သူမင်းသည် ခရစ်နှစ်၁၀၉၀ခုနှစ်တွင် ဖွားမြင်သူဖြစ်၏။ အလောင်းစည်သူမင်းအကြောင်းတွင် မွေးသက္ကရာဇ်ကိုကျောက်စာအထောက်

အထားများနှင့် စီစစ်တင်ပြထားပါသည်။ သမ္ဗူလနန်းတွင်းသို့ ကလေးငယ်ကို လက်ဆွဲလျှက် ရောက်ရှိလာချိန်က အလောင်းစည်သူမင်းကိုပင်မမွေးဖွားသေးပါ။ သို့ဆိုပါက ဓေယျခေတ္တရာမင်းသား ထီးမွေနန်းမွေမရရှိခဲ့ပုံမှာ စိတ်ဝင်စားစရာ ဖြစ်နေပါသည်။ ကျန်စစ်သားမင်းကြီးသည် နန်းတက်စကာလအတန်ကြာသည် အထိ ထီးနန်းအရိုက်အရာအတွက် စီမံဆောင်ရွက်ခဲ့ရဟန်မတူပေ။

ကျန်စစ်သား၏နန်းတည်ကျောက်စာ မွန်ဘာသာမှတ်တမ်းတွင် အရာရှိအတော်များများ၏ ရာထူးများကို တွေ့ရှိရသော်လည်း ထီးမွေနန်းမွေ ခံအိမ်ရှေ့ဥပရာဇာရာထူးမျိုးကို မတွေ့ရပေ။ မည်သို့ဆိုစေကာမူ ကျန်စစ်သား မင်းသည် မွန်မြန်မာစည်းရုံးရေးအတွက် မွန်လူမျိုးအကြီးအကဲအား ချီးမြှင့် မြှောက်စားပြီး မွန်ဘာသာစကားကို အလေးဂရုပြုခြင်းများတော့ ရှိနေပေသည်။ သို့ကြောင့်လည်း မိမိ၏ထီးနန်းအရိုက်အရာအဖြစ် မွန်အမျိုးသားတစ်ဦးနှင့် မိမိ၏သမီးတို့မှ ပေါက်ဖွားလာသည့် မွန်သွေးပါသူ မြေးတော်အလောင်းစည်သူ အား ထီးနန်းအပ်နှံခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

## မြကန်

မြကန်သည် တူရွင်းတောင်ခြေတွင်တည်ရှိပြီး ရေစ်နှစ် ၁၀၈၈မှနှစ်၌ တူးဖော်ဆည်ဖို့ခဲ့သော ကန်ကြီးဖြစ်ပါသည်။ မူလတူးဖော်ဆည်ဖို့တည်ဆောက် စဉ်က အမရကန်ဟူ၍ အမည်မှည့်ခေါ်ခဲ့သည်ဆို၏။ ကျန်စစ်သားမင်းကမူ သူ၏ ကန်တော်ကို "မဟာနိဗ္ဗာန်လက်ဆွဲချိုရေကန်"ဟူ၍ အမည်ပေးမော်ကွန်းရေးထိုး ခဲ့ပါသည်။"အမရ"ဟူသည်"သေခြင်းကင်းသော"ဟူ၍ အဓိပ္ပါယ်ရသည့် အလျောက် အိုနာသေဘေးမှ ကင်းဝေးရာ အမရကန်အား မဟာနိဗ္ဗာန်လက်ဆွဲ ချိုရေကန် ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ခြင်းမှာ နှစ်လိုဖွယ်ဖြစ်ပေသည်။

မြကန်သည် တူရွင်းတောင်၊ သက်နိုးတောင်တို့မှ ကျလာသော ချောင်း ရေများအား ဆည်ဖို့တည်ဆောက်ထားပြီး ရေမြှနိုလေးပေါက်လည်း ဖောက်လုပ် စီစဉ်ထားပေသည်။ ရေပေါက်များတွင် ရေတံခါးအသီးသီးကိုလည်း ထားရှိပါ

သည်။မြကန်သည် တူရွင်းတောင်ခြေ၌ တည်ရှိသည်ဆိုသော်လည်း ပုဂံမြို့ အထက်မပေါ်ရာအမြင့်ဓနိ့တွင် တည်ရှိနေပါသည်။ သို့ကြောင့်လည်း ပုဂံခေတ် အခါက မြကန်မှကန်ရေကို ပုဂံမြို့သို့ ပေးပို့သုံးစွဲခဲ့ကြခြင်း ဖြစ်ပေသည်။

နောင်ပုဂံမင်းများလက်ထက်တွင် မြကန်အား ပြုပြင်မွမ်းမံမှုများရှိခဲ့ သူ ယင်းသို့ပြုပြင်ကုသိုလ်ပြုသူ မိဖုရားတို့မှာ မြကန်သည်ဟူ၍ ထင်ရှားခဲ့၏။ သို့ဖြင့် "မြကန်သာ၊ တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်" အစရှိ မြကန် တျာလေးမှာလည်း ပုဂံခေတ်ကာလကပင် ပေါ်ပေါက်ခဲ့ကြောင်း၊ အမှတ်အသား ရှိပါသည်။

## အာနန္ဒာစေတီ

ကျန်စစ်သားမင်းကြီးသည် အာနန္ဒာစေတီတော်ကို ဧရင်နှစ် ၁၀၉၀ နှစ်တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း အဆိုရှိ၏။ အာနန္ဒာဟူသောဝေါဟာရ ကို "အနန္တပညာ"မှ ဆင်းသက်လာသည်ဟုမှတ်ယူကြသကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ ညီတော် အာနန္ဒာကိုအစွဲပြု၍ ဖြစ်ပေါ်လာသည်ဟုလည်း ယူဆကြပါသည်။

အာနန္ဒာစေတီ၏အခြေခံပန္နက်ပုံစံမှာ ကြက်ခြေခတ်သဏ္ဍာန်ရှိပြီး ဘက်မသည် ပေ၂၀၀စနို့ ကျယ်ဝန်းသည့်လေးထောင့်ပုံဖြစ်သည်။ အခြေပတ် သည်နှင့် ပစ္စယာအဆင့်တို့တွင် စဉ့်စိမ်းရောင်သုတ် မာရ်နှတ်စစ်သည်များအား အောင်မြင်ပုံနှင့် ၅၅၀ဇာတ်သရုပ်ဖော်ရုပ်ကြွများရှိကြ၏။ စဉ့်ချပ်ရုပ်ကြွများ အောက်တွင် မွန်ဘာသာရေးစာတမ်းများ ရှိလေသည်။ အာနန္ဒာစေတီတော်၏ အလယ်ဗဟိုမဏ္ဍိုင်တွင် မုခ်ကုံးပေါင်းကူးကြီးနှစ်သွယ်ဖြင့် ရံထားလေသည်။ အတွင်း၌ အရပ်လေးမျက်နှာအာရုံခံမုခ်ဝဆီသို့ မျက်နှာမူနေသည့် ဥာဏ်တော် ၃၁ပေရှိ မတ်ရပ်သစ်သားဆင်းတုတော်ကြီးလေးဆူ ရှိလေသည်။

အာနန္ဒာစေတီ အနောက်မျက်နှာအာရုံခံတန်ဆောင်းအတွင်း၌ ဗုဒ္ဓ ခြေတော်ရာကို တွေ့မြင်နိုင်ပါသည်။ ထူးခြားချက်တစ်ရပ်မှာ အာနန္ဒာလိုဏ်ဂူ ရားအတွင်း သဘာဝအလင်းရောင်ရရှိစေရန် ဖန်တီးစီမံထားရှိမှုဖြစ်သည်။

အနောက်ဘက်ရှိ မတ်ရပ်ဆင်းတုတော်အနီးဆောက်ခြေတွင်လက်ဝဲရံ၊ လက်ယာရံရဟန္တာရုပ်တုများရှိပေရာ ခေတ်နောင်းကာလတွင် ကျန်စစ်သားမင်းကြီးနှင့် ရှင်အရဟံတို့အဖြစ် ပြောင်းလဲပြုပြင်ခဲ့ကြ၏။ အာနန္ဒာဂူဘုရားအတွင်းရှိ မတ်ရပ်ဆင်းတုတော်များမှာ တောင်ဘက်နှင့်မြောက်ဘက်မျက်နှာတို့တွင်သာ ပုဂံခေတ်မူလဆင်းတုတော်များ ရှိပါတော့သည်။ အရှေ့ဘက်ဆင်းတုတော်မှာ ကုန်းဘောင်ခေတ်မင်းတုန်းမင်းလက်ထက်တွင် မီးလောင်ကျွမ်းခဲ့ရာ ပုဂံမြို့ဝန်က အသစ်ပြန်လည်ထုလုပ်ကိုးကွယ်ထားပါသည်။ အနောက်ဘက်ဆင်းတုတော်မှာမူ အင်းဝဟံသာဝတီစစ်အတွင်းက ပျက်စီးခဲ့ပြီး ကိုလိုနီခေတ်ဦးကျမှသာ ပြန်လည်ထုလုပ်ကိုးကွယ်နိုင်ခဲ့၏။

## နန်းတော်သစ်

ကျန်စစ်သားမင်းလက်ထက် ၄ နိုဝင်ဘာ ၁၁၀၁မှစ၍ နန်းတော်သစ်တစ်ဆောင် တည်ဆောက်ခဲ့သည်။ နန်းတော်ကို အလယ်၌ ပြာသာဒ်ဆောင်ထားပြီး အရှေ့ အနောက် တောင် မြောက်တွင် ပြာသာဒ်ဆောင်ငယ်လေးဆောင်ဖြင့် ဆောက်လုပ်ထားသည်။ ထို့ပြင် ရေချိုးပြာသာဒ်၊ သီဟာသနဆောင်၊ စမုစ်ဆောင် သေည့်အဆောင်ငယ်များကိုလည်း ထည့်သွင်းဆောက်လုပ်ခဲ့၏။ နန်းတော်သစ်တည်ဆောက်ရေးလုပ်ငန်းသည် (၆)လကြာမြင့်ခဲ့ပြီး ၉ မေ ၁၁၀၂တွင် အဆုံးသတ် တည်ဆောက်ပြီးစီးခဲ့ပါသည်။ နန်းသစ်တည်ဆောက်ပုံအသေးစိတ်ကို မွန်ဘာသာဖြင့် ကျောက်စာရေးထိုးထားရှိခဲ့ပြီး ယင်းကျောက်စာအား ပုဂံမြို့ သရပါတံခါးအပြင်ဘက်တွင် အစိတ်အပိုင်း(၁၈)ခုအဖြစ် တွေ့ရှိခဲ့ရသည်။ ယင်းကျောက်စာကို ၁၉၂၃ခုနှစ်တွင် C.O Blagden က စတင်ကြိုးစားဖတ်ရှု့ခဲ့ပြီး လုစ်၊ ဦးချစ်သိန်း နှင့်ဒေါက်တာသန်းထွန်းတို့၏ အဆင့်ဆင့်ကြိုးပမ်းမှုကြောင့် နန်းတော်သစ် တည်ဆောက်ပုံမှတ်တမ်းက ပုံပေါ်လာခဲ့သည်။

မှတ်တမ်းအသေးစိတ်မှာ အကျဉ်းအားဖြင့်အောက်ပါအတိုင်းဖြစ်သည်။

<u>၄ နိုဝင်ဘာ ၁၁၀၁</u>

နန်းသစ်တည်ဆောက်မည့်တိုင်များ ဆေးကြောပွဲအခမ်းအနားလုပ်တက်ရောက်သူ သံပျင်ကြီး၊ သံပျင်ငယ်၊ ကလန်၊သူကြီး၊ ယင်သင်၊ ပုဏ္ဏားဟူးရား၊ ဗိသုကာနှင့် ဝေါထမ်းပုဏ္ဏားများအားလုံး အတွင်းအင်္ကျီတို၊ အပြင် အင်္ကျီရှည်နှင့်ပုဆိုးဖြူဝတ်ကာ မှန်အမျိုးသား ၁၂ဖြဦးက ကြေးနှင့်မြေကလသာအိုးများပိုက်ထားရ၊ ထို့နောက် သံပျင်စယ်သဘင်က ရွှေကလသာအိုးထဲမှ ပရိတ်ရေများကို တိုင်နှင့်ကိရိယာများပေါ်ဖျန်း

<u>၅ နိုဝင်ဘာ ၁၁၀၁</u>

တိုင်နှင့်ကရိယာများကို ပရိတ်ရေတစ်ကြိမ်ထပ်ဖျန်းပက်ပြန်

<u>၂၅ ဇန်နဝါရီ ၁၁၀၂</u>

တိုင်များကို တစ်ကြိမ်ထပ်၍ဆေးကြော၊ ပူဇော်ပွဲများကျင်းပပူဇော်

<u>၂၃ ဖေဖော်ဝါရီ ၁၁၀၂</u>

အဆောက်အအုံဆောက်မည့်မြေနေရာ၌ ရွှေကြိုးငွေကြိုးများသုံး၍ပန္နက်ရိုက်၊ အဝတ်ဖြူဝတ်ပုဏ္ဏားများက ရွှေနှင့်ငွေကလသာအိုးတို့အား ဝေါပေါ်တွင်တင်၍ ရေသွားပေါ်ပြီး ရေအိုးများကို ရင်ပြင်၌ချထားရ

<u>၂၄ ဖေဖော်ဝါရီ ၁၁၀၂</u>

ငှက်ပျောဖီး၊ ကြံတို့ဖြင့် ဝိသနိုးနတ်ကိုပူဇော်၊ ပုဏ္ဏားများဦးဆောင်ပြီး အခမ်းအနားကို နံနက် ၆း၄၈နာရီတွင် စတင်၊ အရပ်ဆယ်မျက်နှာကိုရှိခိုး၊ ပန္နက်ရိုက်ပြီး ရဟန်းတို့က သိမ်ဟာသနပလ္လင်ထားမည့်နေရာကို ဝိုင်း၍ပြီး ပရိတ်ရွတ်၊ ပြီးစီးလျှင် ပလ္လင်ထားမည့်ပြသာဒ်ဆောင်တိုင်လှ

၂၈ ဖေဖော်ဝါရီ ၁၁၀၂

ပရိတ်ရေကိုယူ၍ သီဟာသနပလ္လင်ထားမည့် အဆောင်တိုင်လေးတိုင် ကိုလောင်း၊ နေ့လည် ၁၂နာရီတွင် ဝေါပေါ်သို့အိုးများတင်ပြီးရေစပ် အစီအစဉ် စတင်ပြန်၊ ထို့နောက် ဗလီနတ်စာကျွေးပွဲကျင်းပ၊ ပရိတ်ရေကို နေစာမြက်တွင် ဆွတ်၍ ပြဿဒ်တည်ဆောက်မည့်နေရာများ၌ ပက်ဖျန်း၊

၁ မတ် ၁၁၀၂

နံနက် ၁၁း၁၆နာရီတွင် ရှင်အရဟံနှင့်တကွ ပရိတ်ရွတ်မည့် သံဃာ ၈နှစ်ပါးကြွလာ၊ အစမ်းအနားတက်ရောက်လာသူများအားလုံ၊ သီလယူ၊ ည ၉ နာရီတွင် ပုဏ္ဏားဟူးရားနှင့်ဗိသုကာတို့ ရှိခိုးပူဇော်

၂ မတ် ၁၁၀၂

နံနက် ၉နာရီတွင် ဓိဿနိးနတ်ကိုရှိခိုး၊ နဂါးမင်းကိုပူဇော်၊ သံဖျင်ပြ ရာလက်ာရနှင့်အဖွဲ့ ရှေ့ဆောင်ဦးတိုင်ကျင်းတူး၊ ကလန်သေ၊ ကလန်ကောင်းနှင့် ကလန်သာတို့ တိုင်တွင်းတူးရာ၌ပါဝင်၊ သီဟာသနပလ္လင်ဆောင်တိုင်ကျင်းတူး ပြီးရှိန်၌ မော်ကွန်းထိန်းနှင့်အဖွဲ့လာရောက်

၃ မတ် ၁၁၀၂

အောက်ခံအခင်းပြားခင်းရန် မျက်နှာပြင်ညှိ၊ တိုင်များကိုရေဆေး

၇မတ် ၁၁၀၂

နန်းတော်(၁၀)ဌာနတွင် ရွှေငွေကြေးပြားများမြှုပ်၊ တိုင်တွင်းဆက်တူး ပြီး အစီအရင်သဏ္ဍာပြားများ၊ တွင်းထဲသို့ထည့်၊ နံနက် ၁၁း၂၄နာရီတွင် ကျန်စစ် သားမင်းနန်းတော်ဆောက်ရာနေရာသို့ လာကြည့်၊ အစမ်းအနားတက်ရောက်သူ များက ဘုရင်ကိုရှိခိုးဦးနိုက်၊ ကျန်ရှိသောတိုင်များဆက်တူ

<u>၈ မတ် ၁၁၀၂</u>

ညနေ၃နာရီကျော်လျှင် သံပျင်ကသံသူရိ၊ သံပျင်ရာဇသူရ၊ သံပျင်ရိပုသဒ္ဒနော၊ သံပျင်မဟာဆတ္တိ၊သံပျင်ပြချာလင်္ကာရနှင့်မှူးသွားများ နန်းရင်ပြင်ဆောင့်လေးဆောင် ၌ ကျင်းတူး၍ ညနေ ၃း၂၄နာရီတွင် ရတနာအိုးများမြှုပ်နှံ။

<u>၁၂ မတ် ၁၁၀၂</u>

မီးသနီးနတ်ပူဇော်ပွဲလုပ်၊ တိုင်အချို့စိုက်ထူ

<u>၁၃ မတ် ၁၁၀၂</u>

အလယ်ပြသာဒ်ကြီး၏လှေကားလေးဘက်တပ်ဆင်

<u>၇ ဧပြီ ၁၁၀၂</u>

လေးဌာနဘောတိုင်များစရွေးထွင်း

<u>၉ ဧပြီ ၁၁၀၂</u>

သီဟာသနပလ္လင်ထားမည့်ပြသာဒ်ကြီးတံခါးခြေများ ဆောက်လုပ်၊ ဘောတိုင်များစိုက်ထူ

<u>၁၁ ဧပြီ ၁၁၀၂</u>

လှေကားတိုင်အားလုံးတပ်ဆင်ပြီးစီး

<u>၁၆ ဧပြီ ၁၁၀၂</u>

မီးသနီးနတ်ကိုပူဇော်

<u>၅ မေ ၁၁၀၂</u>

တိုင်ဖိုတိုင်မများအားလုံး စိုက်ထူပြီးစီး

<u>၆ မေ ၁၁၀၂</u>

ပူဇော်ပွဲများပြုလုပ်ကျင်းပ

၉ မေ ၁၁၀၂

ဓိဿနိုးနက်မင်းကိုပူဇော်၊ သီဟာသနပလ္လင်ကိုမွမ်းမံပြင်ဆင်၊ နန်းတော်သစ်တည်ဆောက်ပြီးစီး၊ နန်းတော်ကို ဓေယတုမ်ဟု ခေါ်ဝေါ်သမှတ်

ဟူ၍ ဖြစ်ပါသည်။

ကျန်စစ်သားမင်း၏နန်းတော်သစ် တည်ဆောက်ရာတွင် ရှင်အရဟံဦးဆောင်သော ဗုဒ္ဓဘာသာရဟန်းများက ပရိတ်ရွတ်ဖတ်ကြသကဲ့သို့ ဟိန္ဒူအယူဝါဒဖြစ်သော နတ်ပူဇော်ခြင်း၊ ထိုခေတ်ကာလ ပြည်သူပြည်သားတို့၏ ဓလေ့ထုံးတမ်းဖြစ်သော နဂါးကိုရှိမိုးခြင်း စသည့်အယူဝါဒစုံကို တွေ့ရှိရ၏။ ဦးဆောင်တည်ဆောက်ခဲ့ကြသူများမှာ မွန်ဗိသုကာနှင့်မြန်မာဗိသုကာများဖြစ်ကြပြီး မျိုးလူမျိုးအကြီးအကဲများလည်း အခမ်းအနားများ၌ ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရ၏။

ကျန်စစ်သား၏နန်းတည်ကျောက်စာကို လေ့လာကြည့်ပါလျှင် ကျန်စစ်သားမင်းသည်လည်း အနော်ရထာကဲ့သို့ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို ဆက်လက်ကျင့်သုံးခဲ့သည်ဟု မှတ်ယူရာ၏။ ကျန်စစ်သားမင်းလက်ထက်တွင် ထေရဝါဒဗုဒ္ဓဘာသာကို လက်ခံယုံကြည်သူများရှိနေသကဲ့သို့ ဟိန္ဒူဗြဟ္မဏအယူဝါဒကျင့်သုံးလိုက်နာကြသူများကိုလည်း တွေ့ရပါသည်။ အချို့မှာမူ နတ်နဂါးပူဇော်သော ဓလေ့ကိုပင် တွေ့ရှိရပေရာ ပုဂံမင်းနေပြည်တော်တွင် အယူဝါဒစုံရှိနေသည်ဟု ဆိုနိုင်၏။ အိန္ဒိယနိုင်ငံသားတို့နှင့် အဆက်အဆံများပြားလှသည့်အလျောက် ယင်းအယူဝါဒများ ပုဂံသို့ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

## တရုတ်ပြည်ရောက် မြန်မာသံအဖွဲ့

ခရစ်နှစ် ၁၁၀၆ခုနှစ်တွင် ပုဂံပြည်ရှင် ကျန်စစ်သားမင်းကစေလွှတ်သည့် မြန်မာသံအဖွဲ့တစ်ဖွဲ့ တရုတ်နိုင်ငံမြို့တော်သို့ရောက်ရှိခဲ့ပါသည်။ တရုတ်ပညာရှိ တိုတို(To To)၏ ဆွန်မင်းဆက်ရာဇဝင်လွှတ်တော်မှတ်တမ်း (TSung Shih) ပုဂံမင်းပြည်အခန်း ၄၈၉၊ အပိုင်း(၃)၌

> "ချွန်နှင်းခေတ် ၅နှစ်မြောက် (ခရစ်နှစ် ၁၁၀၆)တွင် ထိုပြည်(ပုဂံ)သည် ပဏ္ဍာလက်ဆောင်ဆက်သရန် သံတမန်များကို စေလွှတ်ခဲ့သည်။ ချူနီယန် သံတမန်များအား တခန်းတနားကြီးဆိုအရာထားသကဲ့သို့ သူတို့ကိုပြုစုရမည်ဟု ဧကရာဇ်မင်းမြတ်က အမိန့်ထုတ်ပြန်ခဲ့သည်။"

ဟူ၍ ဖော်ပြပါရှိ၏။

ချူနီယန်သံတမန်အဖွဲ့သည် ကျန်စစ်သားစေလွှတ်သည့် မြန်မာသံအဖွဲ့မတိုင်မီ တရုတ်မြို့တော်သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။ ယင်း ချူနီယန်လူမျိုးများသည် သီရိဝိဇယ(ခန်းဖို့ရှိုဟူး)တိုင်း၏လက်အောက်ခံနိုင်ငံမှ လာရောက်ခဲ့ကြကြောင်း ဆွန်မင်းဆက်ရာဇဝင်မှတ်တမ်းက ဆိုပါသည်။ ကျန်စစ်သားမင်း၏ မြန်မာသံအဖွဲ့တွင် အဖွဲ့ဝင်ဦးရေမည်မျှပါဝင်ကြောင်း၊ တရုတ်ဧကရာဇ်အား မည်သည့်လက်ဆောင်ပဏ္ဍာများ ဆက်သခဲ့ကြကြောင်း၊ စသည်တို့ကိုမူ မသိရသေးပေ။ မည်သို့ဆိုစေကာမူ ယင်းသံအဖွဲ့သည် ပျူခေတ် သရေခေတ္တရာမှသွားရောက်ဖျော်ဖြေခဲ့သည့် ဂီတအဖွဲ့ကြီးပြီးလျှင် အစောဆုံးတရုတ်နိုင်ငံသွားသံအဖွဲ့ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

# အလောင်းစည်သူ(၁၁၁၃-၁၁၆၀)



(၁၂) အလောင်းစည်သူ(၁၁၁၃-၁၁၆၈)

# အလောင်းစည်သူ

အလောင်းစည်သူသည် အဘိုးဖြစ်သူကျန်စစ်သား၏အရိုက်အရာကို ဆက်ခံလျှက် ခရစ်နှစ် ၁၁၁၃ ခုနှစ်တွင် နန်းတက်လာပါသည်။ ဘွဲ့မည်မှာ သီရိ တြိဘုဝနာဒိတျပဝရဓမ္မရာဇာ (ဘုန်းကျက်သရေကြီးသောလူသုံးပါး၏နေမင်းဖြစ်သောတရားမင်း) ဟူ၍ ဖြစ်ပါသည်။

## မျိုးရိုးဆက်နွယ်

အလောင်းစည်သူမင်းကို စောယွန်းနှင့်ရွှေအိမ်သည်မင်းသမီးတို့မှ ၁၇ ဇန်နဝါရီ ၁၀၉၀ ခုနှစ်တွင် ဖွားမြင်ပါသည်။

စောလူး + မဟာဒေဝီ (စူဠာမဏိ) ——— ကျန်စစ်သား + အပယ်ရတနာ

(သား) စောယွန်း ——— (သမီး) ရွှေအိမ်သည်

စောယွန်း + ရွှေအိမ်သည်

(သား) အလောင်းစည်သူ

အလောင်းစည်သူမင်း၏ မျိုးရိုးဆက်နွယ်ကိုမတင်ပြမီ မွေးသက္ကရာဇ် နှင့် ပတ်သက်သော အထောက်အထားများကို ဦးစွာရှာဖွေ တင်ပြလိုပါသည်။ အလောင်းစည်သူမင်း၏ မွေးသက္ကရာဇ်ကိုတွက်ချက်နိုင်ရန် မန္တလေးနန်းတွင်း ကျောက်စာရုံမှ ကျောက်စာအမှတ် (၅၀၁) ကျောက်စာကမ်ချက်နှာကို အကိုးအကား ပြုကြပါသည်။ ယင်းကျောက်စာစာကြောင်းရေ(၁-၂)တွင်

*"စည်သူမင်းကြီး သက္ကရာဇ် ၅၁၃ အိမ်နိမ့်ကား ..... နန်းထက်မှ တော် မှုသကာ၊ ၃၇ ၊ သက်တော်အပေါင်း ၆၃"*

ဟူ၍ပါရှိပါသည်။ ထို့ကြောင့် မင်းကြီးဖွားချိန်မှာ (၅၁၃-၆၃=၄၅၀ ခုနှစ်) ခန့်ဟု မှန်းဆနိုင်ပါ၏။

အလားတူပင် မန္တလေးနန်းတွင်းကျောက်စာရုံကျောက်တိုင်အမှတ် (၃) သင်ကြီးယေန်သင်ကျောက်စာ စာကြောင်းရေ (၁-၂)တွင်

*"ဘုရားရှင်တော်ကား အသက် ငါးဆယ့်ခြောက်၊ သက္ကရာဇ် ၅၀၇ခု၊ ကြတိုက်နှစ်ကဆုန်လဆန်း ၁၀ရက် သောကြာနေ့"*

ဟူ၍ ဖော်ပြရှိပြန်ပါသည်။ သက္ကရာဇ် ၅၀၇ခုနှစ်တွင် အသက် ၅၆ နှစ်ရှိပြီဖြစ်သော အလောင်းစည်သူမင်းကြီးကိုဖွားမြင်ချိန်မှာ (၅၀၇-၅၆=၄၅၁ ခုနှစ်) ဖြစ်ပေလိမ့်မည်။ ဇာတာတော်ပုံရာဇဝင်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်သော အခါ အလောင်းစည်သူမင်း၏ဇာတာတွင် ၄၅၁ခု၊ ကြာသပတေးနေ့ ဖွားမြင် ကြောင်း ဇာတာနှင့်တကွ တွေ့ရှိရပါသည်။ ဇာတာကိုအခြေပြု၍ ခရစ်နှစ်ရက်စွဲ ကို ပြန်လည်တွက်ချက်ခြင်းအားဖြင့် ၁၇ဇန်နဝါရီ ၁၀၉၀ပြည့်နှစ်တွင် အလောင်း စည်သူမင်းကိုဖွားမြင်ကြောင်း တွေ့ရှိရ၏။

အလောင်းစည်သူ၏ဖခင်ဘက်မှ အဆက်အနွယ်မှာ ပုဂံမင်းဆက်မှ ဆင်းသက်လာသူဖြစ်ပါသည်။ အနော်ရထာမင်းနှင့် မိဖုရားတောင်ပြင်သည်တို့ ၏သားတော် စောလူးမင်းသည် မွန်အမျိုးသမီးမိဖုရား မဟာဒေဝီစုဗ္ဗာမထိနှင့် စုံဖက်ကာ စောယွန်းကို ဖွားမြင်ပါသည်။ စောယွန်းသည် ကျန်စစ်သားနှင့် အပယ် ရတနာတို့သမီး ရွှေအိမ်စည်နှင့်စုံဖက်ပြီး အလောင်းစည်သူကိုဖွားမြင်ခဲ့ခြင်း ဖြစ်

ပါသည်။ ထို့ကြောင့် အလောင်းစည်သူမင်းမှာ မွန်မြန်မာတိုင်းရင်းသားတစ်ဦး ဖြစ်ကြောင်းဆိုနိုင်ပါသည်။

## မွေးချင်းများ

အလောင်းစည်သူတွင် စောမင်းလှဆိုသူ မွေးချင်းနှမတစ်ဦးရှိပါသည်။ စောမင်းလှ၏ခင်ပွန်းမှာ အိမ်တော်ဝန်ဟု ယူဆရသည့်အိမ်သူကြီးသမန္တသူပင် ဖြစ်ပါသည်။ အလောင်းစည်သူ၏ယောက်ဖတော် သမန္တသူသည် တိုင်းချွတ်ဘုရား၌ စေတီကျောင်းဆောက်လုပ်လှူဒါန်းခဲ့ကြောင်းကို ကျောက်စာတွင် "စောမင်းလှအိမ်သူကြီး သမန္တသူ တိုင်းချွတ်ဘုရားတွင် ကျောင်းစေတီပြု၍" ဟု ဖတ်ရှုရ၏။

## ဘဝဖြစ်စဉ်အကျဉ်း

အလောင်းစည်သူမင်းကား ပုဂံမင်းများထဲတွင် ပထမဆုံး စည်သူဘွဲ့ခံယူခဲ့သူဖြစ်ပေသည်။ မွေးဖွားစဉ်အခါကပင် ထူးခြားသော အတိတ်နိမိတ်များကို ပြခဲ့သည်ဆို၏။ စည်တော်မှာ တီးသူမရှိပဲအသံမြည်ခြင်း၊ ဥကင်သတံခါးမှာ ဖွင့် သူမရှိဘဲ ပွင့်ခြင်းစသည်တို့ ဖြစ်ပွားခဲ့သည်ဆိုပါသည်။ ကျန်စစ်သားသည် မြေး ဖြစ်သူအား ချစ်မြတ်နိုးသည့်အလျောက် သီရိဓမ္မသူရဘွဲ့နှင့် ဘိသိက်သွန်းမင်းမြှောက်ခဲ့သည်။သို့ဖြင့် ငယ်ရွယ်စဉ်အခါကပင် ပုဂံဘုရင်ဖြစ်လာခဲ့သည်။ နန်းတက်ချိန်၌ အသက်(၂၃)နှစ်အရွယ်သာလျှင် ရှိပါသေးသည်။ သို့သော် နန်းသက်မှာမူ (၄၇)နှစ်စနဲ့ရှည်လျား၏။ နန်းသက်ရှည်လွန်းလှသဖြင့်လည်း "သက်တော်ရှည်"ဟူသောဘွဲ့ဖြင့် ထင်ရှားလာခဲ့ခြင်းဖြစ်သည်။

ကျန်စစ်သားမင်း နတ်ရွာမစံလွန်မီကပင် ဘိသိက်သွန်းမင်းမြှောက်ခဲ့ခြင်းမှာမူ စဉ်းစားဆင်ခြင်ဘွယ်ရာဖြစ်ပါသည်။ မြန်မာမင်းများအနေဖြင့် ဘုရင်တစ်ပါးနတ်ရွာစံလွန်မှသာ နောက်ဘုရင်တစ်ပါးနန်းတက်၍ ဘိသိက်မြှောက်၊ ဥကင်သဖွင့်မင်္ဂလာခံယူမြဲ ဖြစ်လေသည်။ သို့တည်းမဟုတ် ကျန်စစ်သားမင်းသည်

မြေးတော်ကိုချစ်မြတ်နိုးသည့်အလျောက် ငယ်စဉ်ကပင်နန်းလျာထားခဲ့ခြင်းဖြစ်ဟန်တူပါ၏။

## မိသားစုရေးရာ

အလောင်းစည်သူမင်းတွင် ထင်ရှားသောမိဖုရား(၅)ပါး ရှိပါသည်။ မိဖုရားနှင့် သားသမီးများမှာ အောက်ပါအတိုင်းဖြစ်ကြ၏။

၁။ ရတနာပုံ

မိဖုရားရတနာပုံသည် ပုဂံနန်းတွင်း၌ ထင်ရှားကျော်ကြားသူတစ်ဦးဖြစ်ဟန်တူပါသည်။ တိုင်းချွတ်ဘုရားကျောက်စာအရ ၂၂၈ပြီ ၁၁၄၀တွင် ရတနာပုံမိဖုရား ဌာဘုရားပြုလုပ်တည်ဆောက်ကာ လှူဒါန်းခဲ့၏။ ကျောက်စာတွင် "စည်သူမင်းကြီး၏မိဖုရားရတနာပုံ တိုင်းချွတ်တွင် ဌာဘုရားပြု၍"ဟု ဖတ်ရှုရပါသည်။ ရတနာပုံမှ ဖွားမြင်သူ သားနှစ်ဦးမှာ

(၁) မင်းရှင်စော -ခမည်းတော်အားလုပ်ကြံသူဟု အမည်ဆိုးဖြင့်ထင်ရှား

(၂) နရသူ - ပုဂံဘုရင်ဖြစ်

တို့ဖြစ်ကြ၏။

၂။ တိလောကစန္ဒာ

မိဖုရားတိလောကစန္ဒာသည် နောင်တွင်ဦးဆောက်ပန်းဘွဲ့ကို ရရှိခဲ့သည် ဆိုပါသည်။ သားတစ်ဦးဖွားမြင်ရာ

(၁) ထောက်လေကား ဟု အမည်တွင်ပါသည်။

၃။ ရာဇကုမ္မာရီ

မိဖုရားရာဇကုမ္မာရီတွင် သားသမီးထွန်းကားခြင်းမရှိပါ။

၄။ တောင်ပြင်သည်

အလောင်းစည်သူနှင့်တောင်ပြင်သည်မိဖုရားတို့မှ သမီးနှစ်ဦး ဖွားမြင်ခဲ့သည်။ သမီးများမှာ

(၁) တောင်မျှား

(၂) ရွှေကျူ

ဟူ၍ဖြစ်ကြောင်း မှန်နန်းရာဇဝင်ပိုဒ်ရေ (၁၄၆)က ဆိုပါသည်။

၅။ မိဖုရားခင်ဦး

ခင်ဦးသည် တောင်ပြင်သည်မိဖုရား၏ညီမရင်းဖြစ်သည်။ ဆိမ်ယောင်သည်မှဆိုးမတစ်ဦးဖြစ်ပြီး အလောင်းစည်သူမင်းက ကောက်ယူထိမ်းမြားစဉ်

(၁) ချစ်ဦးနှင့်

(၂) ကျောင်းတော်သည် တို့ကို ဖွားမြင်ခဲ့၏။

## ထီးနန်းအရိုက်အရာ

အလောင်းစည်သူမင်း၏ သားတော်သမီးတော်များအနက် မိဖုရားရာနှစ်ပုံမှ ဖွားမြင်သူ နရသူမင်းသားသည် ထီးနန်းအရိုက်အရာအတွက် ထျာသားခံရသူဖြစ်ပါသည်။ နောင်တော်ဖြစ်သူ မင်းရှင်စောသည် သရက်မြို့စားဖြစ်သည့်အလျောက် နန်းတွင်း၌နေထိုင်ရသူ မဟုတ်ပါ။ ကိုမြင့်မင်းရှင်စောသည် ...ညီးတော်နှင့် သင့်မြတ်သူလည်းမဟုတ်ပေ။ သို့ကြောင့်လည်း အလောင်းစည်သူမင်းက အတိအလင်းမဟုတ်သည့်တိုင် သားတော်နရသူမင်းသား မိမိအား ...ကိခံနိုင်မည့် ဥပရာဇာရာထူးမျိုး ချီးမြှင့်ထားခဲ့သည်ဟု မှတ်ယူရပေသည်။

...နိုးကာလတ်ခြင်း

အလောင်းစည်သူမင်းသည် ကျွန်စစ်သား၏မြေးတော်ဖြစ်ပြီး ရေစ်နှစ်...သုံးနှစ်တွင် ကျွန်စစ်သားမင်းအိုးခေါ်ကြီးအရာကိုဆက်ခံလျှက် နန်းတက်သော

ပါသည်။ ရာဇကျော်ကျောက်စာအရ သာသနာ ၁၆၂၉ခု (ခရစ်နှစ် ၁၀၈၄)တွင် ကျန်စစ်သားမင်းနန်းတက်ပါသည်။ ထိုမင်း(၂၈)နှစ်အုပ်ချုပ်ပြီးနောက် ခရစ်နှစ် ၁၁၁၂ တွင် နတ်ရွာစံလုနီး အခြေအနေရှိခဲ့ရာ နောက်တစ်နှစ် ၁၁၁၃ခုနှစ်တွင် ကံတော်ကုန်သည်ဟု မှတ်ယူပါသည်။ ကိုစဉ့် ရွှေကူဒါယကာဟု အများသိရှိကြသည့် အလောင်းစည်သူမင်း နန်းတက်လာပါသည်။

မူလထိုးခေတ်ပြိုင်ကျောက်စာမဟုတ်သော်လည်း နောက်ပိုင်းကာလမှ ရေးထိုးသည့်ကျောက်စာတစ်ချပ်တွင် အလောင်းစည်သူ၏နန်းတက်ကာလကို မှန်းဆတွက်ချက်နိုင်ရန် အထောက်အထားတစ်ရပ် ပါရှိပါသည်။ ယင်းကျောက်စာမှာ မန္တလေးနန်းတွင်းကျောက်စာရုံရှိ အမှတ် ၅၀၁ကျောက်စာဖြစ်ပါသည်။ ယင်းကျောက်စာကြောင်းရေ (၁-၂)တွင်

> *"စည်သူမင်းကြီး သက္ကရာဇ် ၅၁၃ အိမ်နိမ့်ကား .... နန်းတက်နေတော်မူသကား ၃၇၊ သက်တော်အပေါင်း ၆၃၊ မြောက်ဘက်ကိုတိုင်း .... လည်တော်မူ၏။"*

ဟူ၍ ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

ကျောက်စာမှာ ပျက်စီးနေပြီဖြစ်သော်လည်း ဖတ်ရှုရရှိသည့်စာသားများကို ဆက်စပ်လေ့လာကြည့်သောအခါ သက္ကရာဇ် ၅၁၃ခုနှစ် (ခရစ်နှစ် ၁၁၅၁) တွင် မင်းကြီး၏နန်းစည်းစိမ် (၃၇)နှစ်ရှိပြီဖြစ်ကြောင်း ဖော်ပြထားပေသည်။ ထို့ကြောင့် အလောင်းစည်သူမင်းသည် ၁၁၁၄တွင် နန်းတက်ကြောင်း အကြမ်းအားဖြင့် သိရှိနိုင်၏။ သမိုင်းသုတေသီအများက ကျန်စစ်သားသည် ၁၁၁၃ခုနှစ်တွင် နတ်ရွာစံပြီး မြေးအလောင်းစည်သူက ယင်းနှစ်၌ပင် ထီးနန်းဆက်ခံကြောင်း မှတ်ယူကြသည်။ ထူးခြားသည်မှာ ယင်းကျောက်စာပါ အထောက်အထားသည် ဦးကုလား၏မဟာရာဇဝင်၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညို၏ မဟာရာဇဝင်သစ်နှင့် မှန်နန်းရာဇဝင်တို့ပါ ဖော်ပြချက်များနှင့် လုံးဝတူညီမှုမရှိခြင်းပင် ဖြစ်ပါသည်။ယင်းကျောက်စာသည် ခေတ်နှောင်းကာလထိုးကျောက်စာတစ်ချပ်ဟု မှတ်ယူရသော်လည်း အကြောင်းအရာအချက်အလက်များ အကြမ်းအားဖြင့် ကိုက်ညီမှုရှိနေသဖြင့် ဂရုပြုသင့်လှ၏။

တစ်ဖန် ကျောက်စာပါ သက္ကရာဇ် ၅၁၃ခု (ခရစ်နှစ် ၁၁၅၁ခုနှစ်)တွင် အလောင်းစည်သူမင်း သက်တော်၆၃ခုနှစ်ရှိပြီဖြစ်ကြောင်း ဖော်ပြချက်အရ ထိုမင်းကို ခရစ်နှစ် ၁၀၈၈ခုနှစ်တွင် ဖွားမြင်သည်ဟု ဆိုနိုင်ပါသည်။ သို့ဆိုပါက အလောင်းစည်သူမင်း ထီးနန်းရရှိချိန် ခရစ်နှစ် ၁၁၁၃ခုနှစ်၌ အသက်(၂၅)နှစ်အရွယ်ရှိပြီ ဖြစ်ပါသည်။ မှန်နန်းရာဇဝင်ပါ အိမ်နိမ့်(၂၆)ဟူသောဖော်ပြချက်နှင့် ထပ်တူဖြစ်နေသည်မှာလည်း ထူးခြားလှ၏။ သို့သော် အလောင်းစည်သူမင်း၏ မွေးသက္ကရာဇ်ကို သင်ကြီးငယန်သင်ကျောက်စာကဲ့သို့သော မူလထိုးကျောက်စာမျိုးကိုသာ အတည်ယူ၍ တွက်ချင်သင့်ပါသည်။ ထို့ကြောင့် အလောင်းစည်သူနန်းတက်ချိန် ခရစ်နှစ် ၁၁၁၃ခုနှစ်တွင် အသက် ၂၃နှစ်အရွယ်သာ ရှိပေလိမ့်မည်။

မန္တလေးနန်းတွင်းကျောက်စာရုံမှ အမှတ် ၅၀၁ ကျောက်စာအရဆိုပါမူ (၂၅)နှစ်အရွယ် ဖြစ်လေသည်။ သို့သော် ကျောက်စာနှစ်ချပ်စလုံး များစွာကွာခြားလှသည်တော့ မဟုတ်ပါ။အလောင်းစည်သူမင်း ခရစ်နှစ် ၁၁၁၃ခုနှစ်တွင် ပုဂံထီးနန်းကို ရရှိကြောင်းကိုကား အငြင်းပွားဖွယ်မရှိပေ။

## ရွှေဂူကြီးဘုရား

ပုဂံမြို့ဝန်းကျင်ရှိ ရွှေဂူကြီးဘုရားမှာ အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ပင်ဖြစ်သည်။ ဂူလတ်စေတီတော်တစ်ဆူဖြစ်ပြီး တည်ဆောက်ပုံ ဗိသုကာလက်ရာမှာ အချိုးအစားကျ ပြေပြစ်ကောင်းမွန်လှ၏။ ရွှေဂူကြီးဘုရားကို ၁၇ မေ ၁၁၃၁ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ခုနစ်လအကြာတွင် ၁၇ ဒီဇင်ဘာ ၁၁၃၁ခုနှစ်တွင် ပြီးစီးပါသည်။ ရွှေဂူကြီးဘုရားအတွင်း၌ ဒါယကာဖြစ်သူ အလောင်းစည်သူမင်းကြီးက ကျောက်စာနှစ်ချပ်ရေးထိုးထားရှိခဲ့သည်။ ယင်းကျောက်စာနှစ်ချပ်ကို ဂူအတွင်းဝင်ပေါက်၏တစ်ဘက်တစ်ချက်တွင် ထားရှိခဲ့ခြင်းဖြစ်ပါသည်။

ကျောက်စာကို "ပြီနမောဗုဒ္ဓါယ၊ ယောကာမပက်ဂဟဏံတရိတုံနိသမ္မ" စသားဖြင့် စတင်ထားပြီး ပါဠိဘာသာဂါထာ(၁၀၀)ခန့် ပါဝင်ရေးဖွဲ့ထားသည်ကို တွေ့ရ၏။ အရေးကြီးသည့် ဂူဘုရားတည်ဆောက်ချိန်ရက်စွဲတို့ကို ဒုကိယ

ကျောက်စာအဆုံး၌ သက္ကတဘာသာဖြင့် ရေးထိုးမှတ်တမ်းပြုခဲ့ပေရာ နှောင်းခေတ်သုတေသီတို့အတွက် အဖိုးထိုက်တန်လှသည့် သမိုင်းအထောက်အထားတစ်ရပ် ဖြစ်လာပေသည်။ ကျောက်စာပါအကြောင်းအရာမှာ အကျဉ်းအားဖြင့် ဂေါတမမြတ်စွာဘုရား တောထွက်၍ ဒုက္ကရစရိယာကျင့်ကြံအားထုတ်ပုံ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ပွင့်တော်မူပုံများနှင့်တကွ အလောင်းစည်သူမင်းကြီး၏ ဆုတောင်းရည်ကြီးများကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

ရွှေဂူကြီးဘုရားကျောက်စာ၏ ပါဠိဘာသာအရေးအဖွဲ့မှာ အဆင့်အတန်းမြင့်မားလှကြောင်း ပညာရှင်အများက မှတ်ချက်ပြုကြ၏။ အလောင်းစည်သူမင်းကြီးသည် ဗုဒ္ဓဘုရားရှင်အား ကြည်ညိုလွန်းလှ၍ မိမိ၏ကောင်းမှုတော်ဂူဘုရားကို မြေမှပေါက်လာသောသဏ္ဌာန်နှင့်တူညီသည် (သဏ္ဌာန ဝန္တ မှစ္စေန ပယော္ဗာ ဥဂ္ဂ တံစိယ) ဟူ၍ ကျောက်စာ၌ ဖော်ပြထားသကဲ့သို့ အမှန်ပင် အောက်ခံအုတ်ခုံဖြင့် ယှုထဲခန်းနားစွာ တည်ဆောက်ခဲ့လေသည်။ မင်းကြီးသည် ဤဂူဘုရားအတွင်း၌ပင် နတ်ရွာစံလွန်ခဲ့သည်ဟုလည်း အဆိုရှိကြ၏။

## တိုင်းချွတ်ဘုရားအလှူတော်

တိုင်းချွတ်ဘုရားသည် ပုဂံမြို့ သရပါတံခါးအရှေ့ဘက် အာနန္ဒာ ဘုန်းတော်ကြီးကျောင်း၏မြောက်ဘက်၌ တည်ရှိပါသည်။ တိုင်းချွတ်ဘုရား၏မူရင်းအမည်မှာ "တိုင်းခေတ်"ဖြစ်ကြောင်းဆို၏။ တိုင်းခေတ်ဟူသည် ဗုဒ္ဓမြတ်စွာနှင့် သက်ဆိုင်သည့် ဓာတ်ခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်သုံးပါးအနက် ဝိသယခေတ်ကိုညွှန်းဆိုသည်ဟု ဆိုပါသည်။ သို့သော် နှောင်းခေတ်ကာလတွင် တိုင်းချွတ်ဘုရားဟူ၍သာ အမည်တွင်ပါသည်။

အလောင်းစည်သူမင်းကြီးသည် တိုင်းချွတ်ဘုရား၌ အလှူဒါနများစွာပြုလုပ်ခဲ့၏။ ၂၅ ဖေဖော်ဝါရီ ၁၁၄၀ ခုနှစ်တွင် ဆွမ်းတော်လယ်မြေပယ် ၇၅၀ ကိုလှူဒါန်းခဲ့သည်။ လယ်မြေအများစုမှာ မင်းဘူးဒေသ၌ တည်ရှိကြသည်ဆိုပါသည်။ ဤတိုင်းချွတ်ဘုရား၌ အလောင်းစည်သူမင်းကြီးသာမက မင်းကြီး၏

မိဖုရားတစ်ပါးဖြစ်သူ ရတနာပုံကလည်း ပါဝင်လှူဒါန်းဒါနပြုသည်ကို တွေ့ရှိရ၏။ သို့သော် ဆွမ်းဝတ်သင်ပုတ်လယ်မြေတို့ကိုမူ "ဤသည်ကား စည်သူမင်းကြီး၏အလှူတည်း" ဟူ၍ သီးခြားမှတ်တမ်းတင်ခဲ့ပေသည်။

မိဖုရားရတနာပုံသည် ၂၂ စပြီ ၁၁၄၀ ခုနှစ်တွင် တိုင်းချွတ်ဘုရား၌ ဂူဘုရားတစ်ဆူ တည်ခဲ့ပြန်ပါသည်။ ထို့နောက် ယင်းဂူဘုရား၌ ဘုရားဆင်းတုတော်ကိုလည်း ထုလုပ်ကိုးကွယ်ခဲ့သည်။ ဤအကြောင်းကို ကျောက်စာ၌

> "စည်သူမင်းကြီး၏မိဖုရား ရတနာပုံ တိုင်းချွတ်တွင် ဂူဘုရား
> ပြု၍ ..."

ဟု ရေးထိုးထားလေသည်။ မင်းကြီးနှင့် မိဖုရားတို့ အလှူဒါနပြုတော့ မင်းကြီး၏ကွမ်းတော်သည် အိုအုန်သင်ကလည်း ဂူဘုရားတည်ပြန်သည်။

ဤတွင် တိုင်းချွတ်ဘုရားပရဝုဏ်အတွင်း၊ အလောင်းစည်သူမင်းကြီး၏ ယောက်ဖဖြစ်သူ သမန္တသူက ဘုရားစလစ်ကျောင်း ဝင်ရောက်ဆောက်လုပ်လှူဒါန်းပြန်၏။ သမန္တသူသည် အလောင်းစည်သူမင်း၏နှမ စောမင်းလှ၏ ခင်ပွန်းဖြစ်ပါသည်။ကျောက်စာတွင်

> "စောမင်းလှ အိမ်သူကြီးသမန္တသူ တိုင်းချွတ်ဘုရားတွင် ကျောင်း
> စလစ် ပြု၍"

ဟု ဖော်ပြထား၏။

သို့ဖြင့် တိုင်းချွတ်ဘုရားအလှူတော်မှာ တော်ဝင်မိသားစု၏ကုသိုလ်ကောင်းမှုများအဖြစ် ထင်ရှားလာလေသည်။

နောင်အနှစ်(၄၀)ကြာမြင့်သောအခါ ဘုရားဆင်းတုတော်အား ရွှေရည်လိမ်းခြင်း၊ ရွှေထီးဆောင်းပေးခြင်း၊ ရွှေပလ္လင်ပြုလုပ်ခြင်းတို့သာမက ရှင်သာရိပုတ္တရာ၊ ရှင်မုဂ္ဂလန်နှင့် ဂဝံပတိရုပ်ထုတို့ကိုပါ ရွှေရည်လိမ်းပူဇော်ခဲ့ကြ၏။ ထူးခြားသည်မှာ ယင်းတိုင်းချွတ်ဘုရားကျောက်စာ၌

> "မြွေကြောတရားတော်လည်း (နှာ၊)ထောင်၏။
> ပဋ္ဌာနသမုဒ္ဒါတ်တရားတော်လည်း (နှာ၊)ထောင်၏"

ဟူ၍ တရားနာယူကြကြောင်း ဖော်ပြရေးထိုးထားခြင်း ဖြစ်ပါသည်။

ထိုခေတ်အခါကပင် ဓမ္မစကြာနှင့်ပဋိစ္စသမုပ္ပါဒ်တရားတော်တို့ကို နာယူကြ ကြောင်း ထင်ရှားသော သာဓကတစ်ရပ်ဖြစ်ပေသည်။

တစ်ဆက်တည်း၌ပင် အလောင်းစည်သူမင်းလက်ထက်ခေတ်တွင် ထေရ ဝါဒဗုဒ္ဓဘာသာသာတွန်းကားပျံ့ပွားမှု အရှိန်အဟုန်မြင့်မားလျက်ရှိနေပြီဟူ၍လည်း မှတ်ယူနိုင်ပါသည်။ အလောင်းစည်သူမင်း၏ မင်းဆရာတော်သုံးပါးဖြစ်သော ရှင်အရဟံ၊ ပံ့သကူမဟာထေရ်နှင့် ရှင်အာနန္ဒာတို့ကလည်း သာသနာတော် တည်တံ့ပျံ့ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြမည်မှာ မလွဲပင်။

## သဗ္ဗညုစေတီ

အလောင်းစည်သူမင်းကြီးသည် ခရစ်နှစ် ၁၁၄၄ ခုနှစ်တွင် ပုဂံဒေသ၌ သဗ္ဗညုစေတီတော်ကို တည်ထားကိုးကွယ်ခဲ့၏။ သဗ္ဗညုဟူသည် ဗုဒ္ဓမြတ်စွာ၏ အလုံးစုံကိုသိမြင်တော်မူသည့် ဉာဏ်တော်အား အလေးအမြတ်ပြုလျက် ဘွဲ့မည် ပေးအပ်ခဲ့ခြင်းဖြစ်ဟန်တူပါသည်။ သဗ္ဗညုစေတီသည် ပုဂံဒေသတွင် ဉာဏ်တော် အမြင့်ဆုံးဂူဘုရားကြီးဖြစ်ပြီး ပေ၂၀၀ကျော်မြင့်မားလှ၏။ ဗိသုကာလက်ရာမှာ လည်း အဆင့်အတန်းမြင့်မားလှပေသည်။ လေးထပ်ဂူဘုရား ဖြစ်သည့်အားလျော် စွာ လပေါင်းများစွာ အချိန်ယူတည်ဆောက်ခဲ့ရဟန် တူပါသည်။

အလောင်းစည်သူမင်းကြီးသည် သဗ္ဗညုဘုရားကို တည်ဆောက်စဉ်က အရှေ့တောင်ဘက်၌ ကြေးစင်တစ်သောင်း သွန်းလုပ်ရသည့်ခေါင်းလောင်းကြီး ကိုလည်း လှူဒါန်းခဲ့သေးသည်ဆို၏။ သို့သော် ယင်းခေါင်းလောင်းကြီးမှာ အင်း ဝဟံသာဝတီစစ်ပွဲအတွင်း ဖျက်ဆီးခြင်းခံခဲ့ရကြောင်း ဆိုပါသည်။ ဤတွင် သဗ္ဗညုစေတီတော်နှင့်ပတ်သက်၍ တည်ဆောက်သည့်နှစ်ကို ခရစ်နှစ် ၁၁၅၅ ခုနှစ် ဟူ၍မှန်းဆသည်လည်း ရှိပါသည်။ ယင်းခန့်မှန်းချက်မှာ စေတီပုထိုးများ တည်ထားမှုပုံစံကိုကြည့်၍ ဆုံးဖြတ်ခန့်မှန်းထားခြင်း ဖြစ်၏။

သဗ္ဗညုစေတီသည် ဗိသုကာလက်ရာကောင်းမွန်လှပြီး အချိန်အတော် ကြာ ဆောက်လုပ်ခဲ့ရမည်မှာ မလွဲပင်။ ထို့ကြောင့် ခရစ်နှစ် ၁၁၄၄ ခုနှစ်တွင် စတင်အုတ်မြစ်ချကာ ၁၁၅၅ ခုနှစ်တွင် လက်စသတ်ခဲ့ခြင်းလည်း ဖြစ်ဟန်ရှိပါ သည်။

## နယ်လှည့်ခရီးစဉ်

အလောင်းစည်သူမင်းကို ကုန်းဘောင်ခေတ်စာပေပညာရှင်တစ်ဦးဖြစ်သူ မုံရွေးဇေတဝန်ဆရာတော် ရှင်အာဒိစ္စရံသိက "ဆင်ဖြူကြောရှင်" ဟု အမည်ပေး၏။ ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည့် "ဘဒ္ဒကမ္ဘာ" အရေး မြေးတော်စစ်ကိုင်းမင်းရေချင်းတွင်

> "ထီးလှိုင်ရှင်မြေး၊ ရင်သွေးဖြစ်၍၊ တက်သစ်ဝေမြိုင်၊ နေနှင့်ပြိုင်လျှက်၊ ရှစ်ခွန်မြစ်မှာ၊ မကွန့်သာတည့်၊ ကြောရွှေလှေ၊ စီးရစ်စေဟု ...."

ဟူ၍ ရေးစပ်ထားလေသည်။ အလောင်းစည်သူမင်းသည် ကုန်းလမ်းခရီးစဉ်တလျှောက်၌ နယ်မြေရဲ့ထွင်ရင်း အညာသီဟတော၊ ရွှေတန့်တစ်ဆင် ကြိုစေတီ၊ စည်သူရှင်၊ ရွှေကွန်အုပ် စသည့် စေတီအများအပြားကို တည်ခဲ့သည်။

အလားတူပင် ရေကြောင်းခရီးဖြင့်လည်း နယ်လှည့်ခဲ့သော ဘုရင်ဖြစ်ပေရာ ဖောင်ကြောရှင်ဟူ၍ပင် ထင်ရှားခဲ့ပါသည်။ ဖောင်တော်ဆိုက်ကပ်ရာနေရာတိုင်းတွင် ဖောင်တော်ဦးစေတီ အများအပြားရှိသည်ဟု ဆိုစမှတ်ပြုကြ၏။ ပင်လယ်ရေကြောင်းခရီးဖြင့် နိုင်ငံရပ်ခြားသို့ပင် ရောက်ရှိခဲ့ကြောင်းဆိုပါသည်။ မင်းကြီးသည် တစ်ကြိမ်တွင် ပုသိမ်မှသင်္ဘောစီး၍ ဇမ္ဗူသပြေပင်ရှိရာသို့ ရှေးရှုထွက်ခွာရာ သိန်းဃိုကျွန်းသို့ပင် ရောက်ခဲ့သည်ဟုလည်းကောင်း၊ ထိုမှတစ်ဆင့်ခရီးဆက်ပြန်ရာ ဇမ္ဗူသပြေပင်သို့ရောက်သည်ဟုလည်းကောင်း မှန်နန်းရာဇဝင်က ဆိုပါသည်။

ဤတွင် နယ်လှည့်ခရီးစဉ်ထွက်ခွာရခြင်း၏ ရည်ရွယ်ချက်ကို

> "နေပြည်တော်ပုဂံရာမှ အစောင့်အနေခန့်တော်မူခဲ့၍ မဟာသမုဒ္ဒရာအရပ်၌ အထူးထူးအထွေထွေ ရှုဖွယ်ကြည့်ဖွယ်တို့ကိုကြည့်တော်မူလို၍..."

ဖြစ်ကြောင်း သိရှိရ၏။ တစ်နည်းအားဖြင့်ဆိုပါမူ ဒေသန္တရစာဟုသုတ ရှာမှီးရန်အလို့ငှာဖြစ်ပေသည်။ အလောင်းစည်သူမင်းသည် တနင်္သာရီ အဆုံးသို့ရောက်သောအခါ ထို၌သကြိန်စေတီတော်မှုသည် ဆိုပါသည်။ တနင်္သာရီ အဆုံးဟုသည် နဂါးရစ်မော်(ရခိုင်ကမ်းရိုးတန်းဒေသနေဂရိုအငူ) ဖြစ်ပြီး ဆက်လက်သွားရောက်ခဲ့ရာ မန်အောင်ကျွန်းမှတစ်ဆင့် သိန်းယိုပြည်သို့ ရောက်ခဲ့လေသည်။ သိန်းယိုပြည်မှာ ယနေ့ခေတ် သီရိလင်္ကာနိုင်ငံဖြစ်သည်။ ထိုမှတစ်ဆင့် ဓမ္မသပြေပင်သို့ ဆက်သွားသည်ဆို၏။ ဤရေကြောင်းခရီးစဉ်မှာ အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းခဲ့ရသည့်ခရီး ဖြစ်ပါသည်။

အလားတူပင် မာလာယုကျွန်း၊ ပသျှူးကျွန်းဆွယ်(မလေးရှားနိုင်ငံ) သို့လည်း ရောက်ရှိခဲ့ပြန်ရာ ဘင်္ဂလားပင်လယ်အော်၊ တောင်တရုတ်ပင်လယ် တို့ကို ကူးဖြတ်ခဲ့ရမည်မှာ မလွဲပင်။

## နတ်ရွာစံလွန်ခြင်း

အလောင်းစည်သူမင်းကို ခရစ်နှစ် ၁၁၆၀ပြည့်နှစ်တွင် နတ်ရွာစံလွန် ကြောင်း သုတေသီအများက မှတ်ယူကြ၏။ မြန်မာရာဇဝင်ကျမ်းများ အလိုအရ ဆိုပါမူ အလောင်းစည်သူမင်းသည် ခရစ်နှစ် ၁၁၆၇ခုနှစ်တွင် နတ်ရွာစံခဲ့သည်ဟု ဆိုရပေလိမ့်မည်။ သို့သော် အလောင်းစည်သူမင်းကိုဆက်ခံသည့် နရသူသည် ခရစ်နှစ် ၁၁၆၅ခုနှစ်တွင် နတ်ရွာစံလွန်ကြောင်း သီဟိုဠ်မှတ်တမ်းများက အတိ အကျဆိုကြ၏။ သို့ဆိုပါလျှင် နရသူမင်းနတ်ရွာစံချိန်မှ သူ၏နန်းသက်ကိုနုတ် ယူခြင်းအားဖြင့် အလောင်းစည်သူမင်း နတ်ရွာစံချိန်ကို ရရှိနိုင်ပေသည်။ နရသူ၏ နန်းသက်ကို ဦးကုလားနှင့် တွင်းသင်းက(၃)နှစ်၊ မှန်နန်းရာဇဝင်က (၄)နှစ်ဟု ပြဆိုပါသည်။

နရသူသည် ဓမ္မရံကြီးကို တည်ဆောက်နေဆဲ၌ နတ်ရွာစံလွန်သွားခြင်း ဖြစ်ရာ နန်းစံ(၃)နှစ်ခန့်အတွင်း ဤကဲ့သို့ ကြီးမားထည်ဝါလှသည့် အဆောက် အအုံများ တည်ဆောက်ပြီးစီးနိုင်မည် မဟုတ်ပေ။ ပညာရှင်အများက ဤ

အဆောက်အအုံမျိုးအတွက် (၅)နှစ်ခန့် အချိန်ယူရမည်ဖြစ်သည့်အလျောက် အလောင်းစည်သူမင်း နတ်ရွာစံချိန်မှာ ခရစ်နှစ် ၁၁၆၀ပြည့်နှစ်ဖြစ်ကြောင်း တွက်ချက်မှန်းဆခဲ့ကြခြင်း ဖြစ်ပေသည်။

◆



# အဋ္ဌမ (၁၁၆၀ – ၁၁၆၉)



(၁၃) နရသူ (၁၁၆၇–၁၁၇၁)

# နရသူ

နရသူသည် ခမည်းတော် အလောင်းစည်သူ၏ ထီးနန်းအရိုက်အရာကို ဆက်ခံလျှက် ခရစ်နှစ် ၁၁၆၀ ခုနှစ်တွင် နန်းတက်လာပါသည်။ ဘွဲ့မည်မှာ ဩတြိဘုဝနာဒိတျ ဝရဓမ္မရာဇာဒါနပတိ ဖြစ်၏။ သို့သော် အများအားဖြင့် ကျောက်စာများတွင် "အိမ်တော်ရှင်"ဟူ၍သာ တွေ့ရှိရပါသည်။

## မျိုးရိုးဆက်နွယ်

နရသူမင်းကို အလောင်းစည်သူနှင့် ရတနာပုံမိဖုရားတို့မှ ၂၄ မတ် ၁၁၁၇ ခုနှစ်တွင် ဖွားမြင်ပါသည်။

စောလူး + မဟာဒေဝီ | ကျန်စစ်သား + အပယ်ရတနာ

(သား) စောယွန်း + (သမီး) ရွှေအိမ်စည်

သမန္တသူ + (သမီး)စောမင်းလှ | (သား)အလောင်းစည်သူ + ရတနာပုံ

နရသူ

နရသူမင်း၏ဖခင်ဘက်မှမျိုးရိုးမှာ ပုဂံမင်းဆက်များဖြစ်ကြ၏။အာနော်ရထာမင်း၏မြေး စောယွန်းနှင့် ကျန်စစ်သား၏သမီး ရွှေအိမ်စည်တို့ ထိမ်းမြားလက်ထပ်ကြရာမှ အလောင်းစည်သူမင်းကို ဖွားမြင်ပါသည်။ တစ်ဖန် အလောင်းစည်သူသည် မိဖုရားရတနာပုံနှင့်စုံဖက်ရာမှ နရသူကို ဖွားမြင်ခဲ့၏။ နရသူ၏ဖခင် အလောင်းစည်သူတွင် စောမင်းလှဆိုသူ နမတစ်ဦးရှိပါသည်။ စောမင်းလှသည်လည်း နန်းတွင်းအရာရှိကြီး သမန္တသူနှင့် လက်ဆက်ခဲ့ပေရာ နရသူမင်း၏ဖခင်ဘက်မှ အနွယ်တော်များကို တော်ဝင်မိသားစုများဟု ဆိုနိုင်ပေသည်။

နရသူ၏မိခင်ရတနာပုံမိဖုရား၏ မျိုးနွယ်ဆက်နှင့်ပတ်သက်၍မူ မသိရသေးပါ။ ရတနာပုံသည်လည်း နန်းတွင်းအဆက်အနွယ်ဝင်တစ်ဦးဖြစ်မည်မှာ မလွဲကြောင်း အမည်နာမအရပင် သိရှိနိုင်ပေသည်။ ရတနာပုံသည် သရုပါတံခါးအနီး တိုင်းမြွတ်ဝှဘုရား၏ ဒါယကာမတစ်ဦးလည်းဖြစ်ပါသည်။ ရတနာပုံ သည် ခရစ်နှစ် ၁၁၄၀ပြည့်နှစ်တွင် အလှူကြီးပြု ကျောက်စာရေးထိုးခဲ့သေး၏။ မှန်းနန်းရာဇဝင်၌လည်း အလောင်းစည်သူမင်းကြီး၌ မိဖုရားလေးပါးရှိပြီး "ရတနာပုံသည်တစ်ပါး" ဟူ၍ ရတနာပုံမိဖုရားမှ စတင်ရေတွက်ပြဆိုပါသည်။ ထို့ကြောင့် ရတနာပုံသည် တောင်ပြင်သည် သို့မဟုတ် အဂ္ဂမဟေသီမိဖုရားခေါင် ဖြစ်မည်ဟုမှန်းဆရ၏။

## ဈေးချင်းများ

နရသူတွင် ဈေးချင်းဟူ၍ မင်းရှင်စောဟူသောအစ်ကိုတစ်ဦးသာ ရှိပါသည်။ မင်းရှင်စောကား ဆိုးသွမ်းသူအဖြစ် မှတ်တမ်းတင်ခံရပြီး ခမည်းတော် အလောင်းစည်သူမင်းကိုယ်တိုင် နန်းတွင်းမှ နှင်ထုတ်ခဲ့ရသူလည်းဖြစ်ကြောင်း ရာဇဝင်ကျမ်းတို့ကဆိုပါသည်။ သို့ကြောင့်လည်း မင်းရှင်စောသည် မင်းကြီး အပေါ်အညှိုးထားကာ ရွှေဂူကြီးဘုရားအတွင်း၌ လုပ်ကြံမှုပြုခဲ့သည်ဆို၏။ ထို့နောက် ပုဂံထီးနန်းကို ရက်အနည်းငယ်မျှရရှိခဲ့ကြောင်းလည်း ရာဇဝင်ကျမ်းအချို့၌ ဖော်ပြပါရှိပါသည်။

မင်းရှင်စောကို ညီတော်နရသူက လုပ်ကြံလျက် နန်းတက်ခဲ့သည်ဟု မှန်နန်းရာဇဝင်၌ ဖော်ပြပါရှိလေသည်။ နောင် ပုဂံခေတ်နှောင်းပိုင်း၌ မင်းရှင်စော တစ်ဦး ထပ်မံပေါ်ပေါက်ခဲ့သေးရာ ၎င်းမင်းရှင်စောကိုမူ သရက်မင်းရှင်စောဟု ၍ ခေါ်ဝေါ်ကြလေသည်။

## မိသားစုရေးရာ

နရသူမင်း၏မိသားစုရေးရာနှင့်ပတ်သက်၍ တိကျခိုင်မာစွာ သိရှိရခြင်းမရှိပေ။ မိဖုရားနှစ်ပါးအမည်ကိုသာ သိရှိရပါသည်။

### ၁။ မြောက်ပြင်သည်

မိဖုရားမြောက်ပြင်သည်သည် အရေးပါသော မိဖုရားတစ်ပါးဖြစ်ဟန်ရှိ၏။ မြောက်ပြင်သည်မှ သားတစ်ဦး ဖွားမြင်ပါသည်။

(၁) နရပတိစည်သူ -နောင်ပုဂံဘုရင်ဖြစ်လာ

### ၂။ စည်းနံ့သည်

မိဖုရားစည်းနံ့သည်သည် အလောင်းစည်သူမင်း၏မိဖုရားဖြစ်လာသူ ခင်ဦး နှင့် ပထမအိမ်ထောင်မှ ဖွားမြင်သူဖြစ်ပါသည်။ နရသူနှင့် သားသမီး ရရှိခဲ့ဟန် မတူပေ။

## အိမ်တော်ရှင်

အိမ်တော်ဟူသည် ရှေးမြန်မာပေါ်ရာဇာစကားအရ နန်းတော်ကို ဆိုလိုရင်းဖြစ်ပါသည်။ နရသူမင်းအား ကျောက်စာ၌ အိမ်တော်ရှင်ဟူ၍သာ တွေ့ရှိရ၏။ နရသူ (သို့မဟုတ်) နရသူရဟူသော ဘွဲ့အမည်မျိုးကို ကျောက်စာရေးထိုးရာ၌ မတွေ့ရပေ။ နရသူမင်းကို အိမ်တော်ရှင်ဟူ၍ ခေါ်ဝေါ်ခဲ့ကြခြင်းကို ထောက်ချင့်၍ သူ့လက်ထက်၌ နန်းတော်သစ်ဆောက်လုပ်ခဲ့ဟန်တူပေသည်။ သို့သော်

နရသူမင်းသည် အပြီးမသတ်နိုင်ခဲ့သည့် ဓမ္မရံကြီးဘုရားကို တည်ဆောက်ခဲ့သူ ဒါယကာလည်းဖြစ်ပေရာ နန်းသက်ငါးနှစ်တာကာလအတွင်း နန်းတော်သစ်ကို တည်ဆောက်နိုင်ခဲ့ခြင်းအတွက် စဉ်းစားစရာကောင်းလှ၏။

အိမ်တော်ဟု ရည်ညွှန်းထားသည့် နန်းတော်သစ်မှာ မင်းမိဖုရားနိုးစံရာ သစ်သားဆောင်မျှသာဖြစ်သဖြင့် တည်ဆောက်မှုကာလကြာမြင့်လိမ့်မည် မဟုတ်ဟူ၍လည်း ခန့်မှန်းနိုင်ပါသည်။ နရသူမင်းသည် ခရစ်နှစ် ၁၁၆၀ပြည့်နှစ်တွင် နန်းတက်လာပြီးနောက် နန်းတော်သစ်တစ်ဆောင်ကို ဆောက်လုပ်ခဲ့ပေလိမ့်မည်။ ယင်းသို့ နန်းတော်သစ်ကိုတည်ဆောက်ပြီးမှသာလျှင် ဓမ္မရံကြီးဘုရားကို တည်ဆောက်ခဲ့ဟန်တူပေသည်။ သို့သော် ဓမ္မရံကြီးကား ပြီးစီးမသွားခဲ့။ မှန်နန်းရာဇဝင်တွင်

> *"ကောင်းမှုတော်ဓမ္မရံကိုလုပ်သည်လည်း ကြောက်ရွံ့ခြင်းဖြင်းသောကြောင့် စေစပ်သေရှာလွန်း၍ မပြီးလေ"*

ဟု မှတ်တမ်းတင်ထားပေသည်။

အိမ်တော်ရှင်မင်းကား အမျက်မာန် စောင်ပြင်းသူ၊ ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း ရာဇဝင်ကျမ်းများက ဆိုကြသည်။

## ဓမ္မရံကြီး

ဓမ္မရံကြီးဘုရားသည် ပုဂံတစ်ဝိုက်တွင် အရွယ်အစားအကြီးဆုံးနှင့် ဗိသုကာလက်ရာများအနက် စိတ်ဝင်စားစရာကောင်းလှသော အဆောက်အအုံကြီး ဖြစ်သည်။ ဤဘုရားကြီးကို နရသူမင်းက တည်ဆောက်ခဲ့သည်ဟု ပြောမှတ်ပြုကြ၏။ သို့သော် ဘုရားကြီးကား အပြီးသတ်တည်ဆောက်နိုင်ခြင်းမရှိခဲ့ပေ။ ဓမ္မရံကြီးဂူဘုရားသည် အရှေ့ဘက်သို့ မျက်နှာလှည့်ထားပြီး အရှေ့ဘက်ဆောင်၌ ဇဌ္ဌဆင်းတုတော်ကြီးတစ်ဆူကို တွေ့မြင်နိုင်သည်။ အတွင်းပတ်လမ်းတစ်လျှောက်နှင့် အပြင်ပတ်လမ်းမှ အတွင်းသို့ဖြတ်ထားသော အပေါက်တို့ကို အုတ်များဖြင့် ပိတ်ဆို့ထား၏။ အတွင်းဘက်နံရံအချို့၌ ဆေးရေးပန်းချီများပင်

ရှိပေရာ ပတ်လမ်းအပေါက်များအား ပိတ်ဆို့ထားခဲ့ပုံနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် ဖြစ်နေပေသည်။

ဓမ္မရံကြီးဘုရားကို တည်ဆောက်ခဲ့ချိန်နှင့်စပ်လျဉ်း၍ နရသူမင်းနန်းတက်စ ရေစ်နှစ် ၁၁၆၀ပြည့်နှစ်ခန့်တွင် စတင်ခဲ့သည်ဟု မှတ်ယူရပါသည်။ ဘုရားကြီးမြောက်ဘက်အခန်းမှ တွေ့ရှိရသည့် အဓောလတ်ကျောက်စာမှာ ဘုရားကျွန်စာရင်းသာလျှင်ဖြစ်သဖြင့် ဘုရားကြီးနှင့်ပတ်သက်၍ ထူးခြားချက်မပါရှိပါ။ မဟာရာဇဝင်နှင့်မှန်နန်းရာဇဝင်တို့ကမူ နရသူမင်းဘုရားကြီး တည်ဆောက်ဆဲကာလတွင် သီဟိုဠ်သားတို့ လာရောက်လုပ်ကြံသဖြင့် နတ်ရွာစံလွန်ရကြောင်းဆိုပါသည်။နရသူမင်းသည် နေစပ်သေချာလွန်းလှပြီး အုတ်စီရာ၌ အထူးလက်ရာကောင်းမွန်သည်ကို တွေ့ရှိရ၏။

ဤဘုရားကြီး၏အနောက်ဘက်၌ ပုဂံခေတ်ကာလက သိတင်းသီလနှင့်ပြည့်စုံသော ဓမ္မရံသီအရှင်သူမြတ် သိတင်းသုံးခဲ့သည်ကို အစွဲပြု၍ နောင်အခါ "ဓမ္မရံသီ"ဘုရားဟု ခေါ်ဆိုကြရာမှ ဓမ္မရံကြီးဟု ပြောင်းလဲခေါ် ဆိုကြဟန်ရှိပါသည်။

## နတ်ရွာစံလွန်ခြင်း

နရသူမင်းကို မြန်မာရာဇဝင်ကျမ်းများ၌ "ကုလားကျ"မင်းဟု ခေါ်ဝေါ်ကြသည်ကိုလည်း၊ တွေ့ရှိရ၏။ သီဟိုဠ်စူဠဝံသကျမ်း၊ အခန်း(၇၆)ဂါထာ အမှတ်(၁၀-၇၅)အရ နရသူမင်းကို လာရောက်လုပ်ကြံသူများမှာ သီဟိုဠ်ပြည်(သီရိလင်္ကာ)သားများဖြစ်ကြောင်း၊ သိရှိရသည်။ ထိုစဉ်က သီဟိုဠ်တွင် ပထမပရာကြမဗာဟုမင်း(၁၁၅၃-၁၁၈၆) အုပ်ချုပ်လျက်ရှိပြီး၊ ပုဂံဘုရင်နှင့် ဆက်ဆံရေး မပြေပြစ်ခဲ့ဟု ဆိုပါသည်။ သီဟိုဠ်သံတမန်အချို့၏ ကြားစကားများကြောင့်လည်း ယင်းသို့ပြောင်းလဲသွားခြင်း ဖြစ်ဟန်တူ၏။

သီဟိုဠ်သားတို့က ယခင်ကပုဂံတွင်အလွယ်တကူ ဝယ်ယူရရှိနိုင်သည့်ဆင်များကို ပြည်ပသို့ ပို့ခွင့်မပေးတော့ကြောင်း၊ မြန်မာသံတမန်တပသသီသီဟိုဠ်

ကိုလာစဉ်က ပြစ်မှုဆက်ဆံပုံမျိုးဖြင့် မိမိတို့အား မဆက်ဆံကြောင်း၊ မြန်မာဘုရင်သည် သီဟိုဠ်သား ဝါဂီသာရဆရာနှင့်ဓမ္မကိတ္တိပညာတို့အား လေ့ပျက်တစ်စီးဖြင့် နှင်ပစ်ခဲ့ကြောင်း၊ စွတ်စွဲပြောဆိုခဲ့သည်။ ထို့ပြင် နရသူမင်းသည် ဆင်တော်(၁၄)စင်း လက်ဆောင်ပေးမည်ဟူသော ကတိစကားကိုမလိုက်နာဘဲ ဖျက်ကွက်ခဲ့ရုံမျှမက ကမ္ဘောဇသို့ပေးပို့သည့် သီဟိုဠ်မင်းသမီးတစ်ပါးကိုလည်း လမ်းခရီးမှ ဖြတ်၍ အနိုင်အထက်လုယူခဲ့သည် ဆိုပါသည်။

သီဟိုဠ်ဘုရင်သည် ၅၉နှ် ၁၁၆၅ခုနှစ်တွင် မိမိတို့နှင့် မဟာမိတ်စာချုပ်မချုပ်ဆိုလိုကြောင်း၊ ငြင်းပယ်ခဲ့သော ရာမညပြည့်ရှင် ဘုဝနာဒိတျကို တိုက်ခိုက်ရန် အမိန့်ထုတ်ပြန်ပါသည်။ ထိုစဉ်က သီဟိုဠ်သားတို့က ပုဂံပြည်ကို ရာမညဟူ၍သာ ယေဘုယျခေါ်ဝေါ်ကြ၏။ ပုသိမ်ဆိပ်ကမ်းမြို့နှင့် ရေကြောင်းအဆက်အသွယ်ရှိခဲ့သည်အလျောက် မြန်မာနိုင်ငံသားတို့အား ရာမညများဟု ခေါ်တွင်ခဲ့ဟန် ရှိပါသည်။ သီဟိုဠ်ဘုရင်၏အမိန့်တော် ထွက်ပေါ်လာပြီးနောက် နရသူမင်းကို ချေမှုန်းတိုက်ခိုက်ရန် (၅)လမျှ အချိန်ယူကြသည်။ ထို့နောက် အာဒိစ္စဆိုသူကို စစ်ဗိုလ်ချုပ်ခန့်လျှက် မြန်မာမင်းနေပြည်တော်သို့ သင်္ဘောများဖြင့် စေလွှတ်လိုက်လေသည်။

သင်္ဘောများအားလုံးတွင် တစ်နှစ်စာရိက္ခာနှင့်လက်နက်အစုံအလင် ပါရှိ၏။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးဝါးကုသပေးရန် ဆေးဆရာနှင့်သူနာပြုအမျိုးသမီးများပင် လိုက်ပါလာခဲ့ကြသည်။ စစ်သည်အင်အားမှာလည်း မနည်းလှ။ သို့သော် လမ်းတွင်မုန်တိုင်းမိပြီး၊ ကာကဒီပ(ကျီးကန်းကျွန်း)သို့ ရောက်ရှိသွားသော သင်္ဘောများလည်းရှိ၏။ ဗိုလ်ချုပ် နဂရဂီရိကတ္တိအုပ်ချုပ်သော သင်္ဘောငါးစင်းမှာမူ ပုသိမ်သို့ရောက်ရှိလာပြီး ဆိပ်ကမ်းသို့တက်ရောက် သိမ်းပိုက်လိုက် ကြသည်။ ထို့နောက် ဥတ္တမ(ပုဂံ)သို့ ဆက်လက်ဆန်တက်ကြကာ နရသူမင်းအား လုပ်ကြံသတ်ဖြတ်လိုက်ကြ၏။

ပုဂံဘုရင်ကျဆုံးသွားပြီးနောက် ဆင်ဖြူတော်ဦး၍ မြို့တော်ကို လက်ယာရစ်လှည့်ပတ်ကာ လက်ာမင်းက သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း၊ မောင်းခတ်

ကြေငြာလေသည်။ မြို့သူမြို့သားအများမှာ ကြောက်ရွံ့တုန်လှုပ်လျက်ရှိကြပြီး ပုဂံတွင်နေထိုင်သီတင်းသုံးကြသူ လင်္ကာဘုန်းတော်ကြီးများအား တမန်အဖြစ် စေလွှတ်ကာ ငြိမ်းချမ်းရေးအတွက် စကားကမ်းလှမ်းခဲ့ကြသည်။ ဆင်ကောင်ရေ လိုသမျှကိုလည်း ပေးပါမည့်အကြောင်း တောင်းပန်ပြောကြား၏။ သို့ဖြင့် နရသူမင်း နတ်ရွာစံလွန်ပြီး ပုဂံမင်းနေပြည်တော်မှာလည်း ခေတ္တမျှ သိမ်းပိုက်ခံခဲ့ရလေသည်။ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့အရှေ့ဘက် ကေဂလ္လ(Kegalla) ခရိုင်မှ ရှိသော ဒေဝနဂလ(DevaNagala) ကျောက်စာတွင်လည်း ဥဒ္ဒန် ၁၁၆၅ခုနှစ်၌ ဘုဝနာဒိတ္တမင်းက လင်္ကာမင်းနှင့် စာချုပ်မချုပ်လိုကြောင်း ပြောကြား၍ ရေတပ်ပြင်ဆင်ပြီး အရမဏ(ရာမည)သို့တိုက်ရန် အမိန့်ပေးလိုက်ကြောင်း၊ ကိတ်နဒေဂလ်အုပ်ချုပ်၍ ကုသီမိယ(ပုသိမ်) မှတစ်ဆင့် ပုဂံကိုသိမ်းယူခဲ့ရကြောင်း စသဖြင့် ရေးထိုးထား ရှိပါသည်။

◆



# နရပတိစည်သူ(၁၁၆၅–၁၂၁၁)



(၁၄) နရပတိစည်သူ(၁၁၇၄–၁၂၁၁)

# နရပတိစည်သူ

နရပတိစည်သူမင်းသည် ၁၁၆၅ခုနှစ်တွင် ခမည်းတော်နရသူမင်း၏ ထီးနန်းအရိုက်အရာကို ဆက်ခံလျှက် နန်းတက်လာ၏။ ဘွဲ့မည်မှာ သီရိတြိဘဝနာဒိတျပဝရဓမ္မရာဇာ ဖြစ်ပါသည်။

**မျိုးရိုးဆက်နွယ်**

အလောင်းစည်သူ + ရတနာပုံ

(သား) နရသူ + မြောက်ပြင်သည်

(သား) နရပတိစည်သူ

နရပတိစည်သူကို နရသူမင်းနှင့် မိဖုရားမြောက်ပြင်သည်တို့မှ ၈ အောက်တိုဘာ ၁၁၅၀ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဖခင်ဘက်မှ မျိုးရိုးဆက်နွယ်

ကိုမှ တင်ပြခဲ့ပြီးဖြစ်ပါသည်။ မိခင်ဘက်မှ အမျိုးအနွယ်များအကြောင်းကိုကား မသိရပေ။

**မွေးချင်းများ**

နရပတိစည်သူမင်းတွင် မွေးချင်းနှမတစ်ယောက်ရှိကြောင်း သိရ၏။

**မိသားစုဝေနေရာ**

နရပတိစည်သူမင်း၏မိဖုရား၊ သား၊ သမီးတို့၏အမည်များကို ကျောက်စာ ကျောက်စာ ကိုး ဆွေတော်စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရ၏။

၁။ တောင်ပြင်သည်

၂။ စေ္စပတိ

၃။ ဦးဆောက်ပန်း

၄။ မိဖုရားစောစနေ

၅။ မိဖုရားပန်ရင်

၆။ ဥယျာဉ်သည်သမီးကိုယ်လုတ်တော်

တို့ဖြစ်ကြ၏။

၁။ တောင်ပြင်သည်

တောင်ပြင်သည်မိဖုရားကြီးမှာ အနော်ရထာမင်းလက်ထက် သူရဲကောင်းညောင်ဦးဖီး၏ အဆက်အနွယ်မှ ပေါက်ဖွားလာသူဖြစ်သည်။ သူသည် ညောင်ဦးဖီး၏သား ပိုသူကြီး၊ ၎င်း၏သား ဝိဓွေး၊ ယင်း ဝိဓွေး၏သမီးဖြစ်ကြောင်း ဆိုပါသည်။ သို့ဖြစ်၍ မိဖုရားကြီးသည် ညောင်ဦးဖီး၏မြစ်တော်စပ်သူ ဖြစ်ကြောင်း ထင်ရှားလှ၏။ ရေစ်နှစ် ၁၂၁၁ ခုနှစ်ထိုး ပုဂံမင်္ဂလာ ခေတီ မြောက်ဘက်မဟာထီးဘုရားမှ ရရှိသောကျောက်စာ၌ မိဖုရားတောင်ပြင်သည်က တောင်ပြို့အရပ်တွင် လယ်(၄၀)ပယ်လှူဒါန်းခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

တောင်ပြင်သည့်မိဖုရားမှ သားသမီး(၃)ဦး ဖွားမြင်ကြောင်း ဆွေတော်စဉ်မှတ်တမ်းက ဆိုသော်လည်း၊ သားသမီးများ၏အမည်ကိုမူ ဖော်ပြထားခြင်းမရှိပေ။

၂။ ဝေဠုဝတီ

မိဖုရားဝေဠုဝတီကား၊ နရပတိစည်သူမင်း၏မိဖုရားများအနက် အထင်ရှားဆုံးမိဖုရားတစ်ပါး ဟူ၍ပင် ဆိုနိုင်ပါသည်။ မြန်မာရာဇဝင်တော်လမ်းအရ ဝေဠုဝတီသည် မြင်နိုင်းအရပ်သူဖြစ်၏။ မင်းယဉ်နရသိင်္ခအား မြင်နိုင်းရပ်မှ သတို့သမီးတစ်ဦးဆက်သလာရာ အပြင်အဆင်မရှိဈေးမောလုပသူမဟုတ်သဖြင့် ညီဖြစ်သူနရ (နရပတိစည်သူ)အား ပေးအပ်ခဲ့သည်ဆို၏။ ညီတော်ထံရောက်ပြီး ပြင်ပြင်ဆင်ဆင်ရှိလာတော့ ချောမောလုပသူကလေးဖြစ်လာသည် ဆို၏။ သို့ဖြင့် နောင်တော်ဘုရင်က အလိုရှိပြန်လာရာ ဆောင်ချမ်းအရပ်တွင် စစ်ဖြစ်နေသည်ဆိုလျှက် ညီတော်ကို ဥပါယ်တမျှင်ဖြင့် စစ်မြေပြင်သို့ စေလွှတ်လိုက်သည် ဆိုပါသည်။

ညီတော်ဖြစ်သူနရသည် အခြေအနေအရပ်ရပ်ကို သကာ်မကင်းဖြစ်မိကာ မြင်းခံပြည့်အား မှာထားလျှက် စစ်ထွက်သွားရ၏။ ညီတော်ဘတ်ချောင်းသို့ ရောက်ရှိရုံမျှရှိသေးသည်၊ ဝေဠုဝတီကို နောင်တော်ဘုရင်က သိမ်းပိုက်လိုက်သည်။ သို့ဖြင့် မြင်းခံပြည့်လည်း သူ၏အရှင်သခင်နောက်သို့ ချက်ချင်းအပြေးအလွှားလိုက်သွား၏။ ဖေယျသူရထံရောက်လုနီးကာလတွင် မြစ်ကမ်းပါး၌ တစ်ညဉ့်နားနိမိသဖြင့် ပြည့်မှာ ပြစ်ဒဏ်ပေးခြင်း ခံခဲ့ရသည်။

(၁) သား –ဖေယသူ

ဝေဠုဝတီမိဖုရားမှ သားဖေယသူကို ဖွားမြင်ပြီး ဖေယသူမှာ ဖခင်လက်ထက် အမြင့်မြို့၊ တလုတ်မြို့များကို မြို့စားအရာရရှိခဲ့သည် ဆိုပါသည်။

၃။ ဦးဆောက်ပန်း

ဦးဆောက်ပန်းကို သုဘရာစ်၏နမဟု ဆိုပါသည်။ သုဘရာစ်သည် နရသူမင်း၏မယ်တော်ဘက်မှ မြေးဖြစ်သည်ဆို၏။ ဦးဆောက်ပန်းမှ ဖွားမြင်

သူ သားသမီး(၃)ဦးမှာ

၁။ ရာဇသူ

၂။ ဖွဲ့ချို

၃။ ကက်သူ

တို့ဖြစ်ကြသည်။

ဦးဆောက်ပန်းဟူသည် ပါဠိဘာသာဝေါဟာရ "ဝဇ္ဇသိကာ"ကို မြန်မာမှုပြုထားခြင်းဖြစ်၏။ ယင်းမိဖုရားသည် ဘုရင်မင်းမြတ်၏ ချစ်ခင်နှစ်သက်ခြင်းခံရသူဖြစ်ပြီး ဦးခေါင်းထက်၌လည်း ပန်းတစ်ပွင့်အမြဲပန်ဆင်ထားရသည် ဆိုပါသည်။ သို့ကြောင့်လည်း မြန်မာဆန်ဆန် ဦးဆောက်ပန်းဟူ၍ ခေါ်ကြခြင်းဖြစ်သည်။ နရပတိစည်သူမင်း၏မိဖုရားဖြစ်သော ယင်းဦးဆောက်ပန်းကို ကျောက်စာ၌ "ဝဇ္ဇသိကဒေဝီအူဆောက်ပန်း"ဟု ရေးထိုးထား၏။ ၎င်း၏တူ တော်စပ်သူ ဓေယဝဒ္ဓနအမတ်သည် သီဟိုဠ်ဆရာတော်ရှင်အာနန္ဒာကို အထူးကြည်ညိုသူဖြစ်ပေရာ မိဖုရားဦးဆောက်ပန်း အပါအဝင် မိသားစုတစ်စုလုံးသည် သီဟိုဠ်အဆက်အနွယ်များ ဖြစ်ဟန်ရှိကြောင်း ပညာရှင်အချို့က ဆိုကြ၏။

ဝဇ္ဇသိကာဦးဆောက်ပန်းတွင် ညီအစ်ကိုမောင်နှမလေးဦးရှိပြီး အစ်မကြီးက အိုထက်ပြည့်သင်ဆိုသူ အမျိုးသမီးကြီးဖြစ်ကြောင်း သိရှိရသည်။ အိုထက်ပြည့်သင်သည် ဝက်ကြီးအင်း အနောက်ရွာအနီး၌ အိမ်ရာကျောင်းဆောက်လုပ်ပြီး သံဃာတော်များကို လှူဒါန်းခဲ့ဖူးပါသည်။ ဦးဆောက်ပန်း၏မောင်နှစ်ဦးမှာမူ "သူလာဖိရစ်"နှင့် "အနန္တသူလာဖိရစ်"တို့ ဖြစ်ကြပါသည်။ ယင်းအမည်များမှာလည်း သီဟိုဠ်အမည်နှင့်နီးစပ်သောအမည်များ ဖြစ်ကြ၏။ ထိုခေတ်က ပုဂံတွင် သီဟိုဠ်ဘုန်းတော်ကြီး အများအပြားလာရောက်သီတင်းသုံးလျှက်ရှိရာ ဘုန်းတော်ကြီးများ၏ အမျိုးအနွယ်များလည်း လိုက်လာကြမည်မှာ မလွဲပင်။

နရပတိစည်သူနှင့်ဦးဆောက်ပန်းတို့၏ သားသုံးယောက်အနက် ရာဇသူနှင့်ကက်သူတို့မှာ အေးအေးတည်ငြိမ်ကြသလောက် ဖွဲ့ချိုမှာမူ မဟုတ်မခံပုံစံမျိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဖွဲ့ချိုသည် နောင်ဆက်ခံသောပုဂံဘုရင်လက်ထက်

တွင် ပုန်ကန်မှုကြောင့် အပြစ်ပေးခံခဲ့ရဟန်ရှိပါသည်။ ပွဲမျိုး၏သားမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့၏။

၄။ မိဖုရားစောစနေ

ဆွေတော်စဉ်မှတ်တမ်းတွင် မိဖုရားစောစနေအား "အွဲ့ကျားနမတည်း" ဟူ၍ စာငါးလုံးဖြင့်သာ ဖော်ပြထားသည်ကို တွေ့ရှိရ၏။ စောစနေမှဖွားမြင်ခဲ့သည့် သမီး(၄)ဦးမှာ

၁။ ရွှေအိမ်သည် - ပုသိမ်မြို့စား နာဂသမန်း၏ဇနီး၊
၂။ စည်းခုံသည်
၃။ ကျောင်းတော်သည် - ရန်မန်ငထွေးခေါ် အနန္တသူရိယ၏ဇနီး၊
၄။ မင်းရွှေမြို့

တို့ဖြစ်ကြသည်။

ဤတွင် မိဖုရားစောစနေနှင့်ပတ်သက်သည့် အထောက်အထားတစ်ရပ်ကို ကျောက်စာတစ်ချပ်၌ ဖတ်ရှုရ၏။ ကျောက်စာမှာ ခေတ်ပြိုင်ကျောက်စာတစ်ချပ်မဟုတ်သော်လည်း အထောက်အထားတစ်ရပ်အနေဖြင့် လေ့လာသင့်ပေသည်။ ကျောက်စာတွင် "သမီးတော်ရွှေအိမ်သည်နှင့်လည်း အသဝတ်မျှောသားနာဂသမန်းနှင့် ပေးစားတော်မူ၏။ စားကျေးကျွန်ရွာလည်း များစွာပေးတော်မူ၏။" ဟူ၍ ရေးထိုးထားပါသည်။ နာဂသမန်း၏ဖခင် အသဝတ်မျှောနှင့် ပတ်သတ်၍လည်း

"သထုံမင်းကြီးသားတော် သုဓမ္မရာဇ်၊ သုဓမ္မရာဇ်သားတော် အသဝတ် မျှောမင်းသည်"

ဟူ၍ ရည်ညွှန်းဖော်ပြထားရာ နာဂသမန်းသည် သထုံမင်းကြီး (မနုဟာ)၏ မြစ်တော်စပ်သူဟု ဆိုနိုင်ပါသည်။

၅။ မိဖုရားပန်ရင်

မိဖုရားပန်ရင်သည် ကျုန်စစ်သားမင်း၏ ယောက်ဖတော် သာစည်သဘင်သားနှင့် အလောင်းစည်သူ၏သမီးတော် မင်းရွှေကျူတို့ ခုံဖက်ရာမှ

ဖွားမြင် သူဖြစ်ကြောင်း ဆွေတော်စဉ်မှတ်တမ်းက ဆိုပါသည်၊ သားသမီးထွန်းကားခြင်း ရှိဟန် မတွေ့ပါ။

၆။ ဥယျာဉ်သည်သမီးကိုယ်လုပ်တော်

အမည်ရင်းကို မသိရပါ။ နရပတိစည်သူမင်း ကျန်းမာတော်မမူစဉ် က ကြည့်ဖောင့်ရှောက်ပေးခဲ့သည့် ကိုယ်လုပ်တော်ဖြစ်သည်။ ယင်းကိုယ်လုပ် တော်မှ

(၁) သား –နားတောင်းများ (ဇေယသိခ်)

ကိုဖွားမြင်ပါသည်။ နားတောင်းများသည် ပုဂံထီးနန်းကို ဆက်ခံခဲ့သူ ဖြစ်၏။

ဤတွင်ကျောက်စာပါ အထောက်အထားများနှင့် ကွဲပြားခြားနားချက် အချို့ရှိနေပါသည်။ ကျောက်စာများ၌ တောင်ပြင်သည်၊ မြောက်ပြင်သည်၊ စေဠု ဝတီ၊ ဝဋံသိကာဒေဝီဦးဆောက်ပန်း၊ စစ်မြကန်သည်၊ စဝ်အလွှမ်အမည်များကို တွေ့ရှိ၏။ ဝဋံသိကာဒေဝီဦးဆောက်ပန်းမှ ရာဇာသူရ၊ ဂင်္ဂသူရ၊ ဖွဲ့ချိုတို့ကို ဖွား မြင်ပါသည်။ ကျောက်စာပါ နားတောင်းများမင်း၏ မိခင်မှာမူ စဝ်မြကန်သည် ဖြစ်ပါသည်။ စဝ်မြကန်သည်မှ နားတောင်းများနှင့် စောမင်းလှတို့ကို ဖွားမြင်၏။ မိဖုရားစောအလွှမ်မှ သမီးသတ္တိကာမီကို ဖွားမြင်ပါသည်။ ၎င်းပြင် အမည်မသိ ရသေးသော မိဖုရားတစ်ပါးမှ ကြသိုင်းကြီး၊ သီဃံပိစည်၊ ဗုဒ္ဓသူစနီးနှင့် သမ္မန္တသူစနီးတို့ကို ဖွားမြင်၏။

နရပတိစည်သူမင်း၏ မိဖုရားများအနက် စေဠုဝတီအမည်ကို ခရစ်နှစ် ၁၁၈၅ ခုနှစ်ထိုး နားတောင်းတပ်ဘုရား ကျောက်စာ၌ အထင်အရှားတွေ့ရှိရပါ သည်။ ယင်းကျောက်စာအရ မိဖုရားကြီးသည် ၁ မတ် ၁၁၈၆ ခုနှစ်တွင် နား တောင်းတပ်ဘုရား၌ ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်ခဲ့ပါသည်။ ကျောက်စာ တွင်

*"သက္ကရာဇ် ၅၆၇ ခု၊ သရဝဏ်နှစ်၊ တပေါင်းလဆန်းဆယ်ရက်၊ ကြာသပတေးနေ့ စည်သူမင်းကြီးမယား စောပျူပတီကောင်းမှု၊ နွားချောင်းတပ်ဘုရားကို လှူတော်မူသော မြေကား . . . .'*

ဟူ၍ လှူဒါန်းသော မြေအစုစုကို စာရင်းပြဆိုရာ စုစုပေါင်း ၇၆၆ ပယ်ကျော်ရှိလေသည်။

## ဆည်မြောင်းတာတမံ

နရပတိစည်သူမင်းနန်းတက်ပြီး များမကြာမီကာလ၌ပင် ဆည်မြောင်းတာတမံများတည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောက်ရွက်၏။ ၁၅ ဧပြီ ၁၁၆၈ ခုနှစ်တွင် မင်းကြီးကိုယ်တိုင်ဦးဆောင်ကာ တူးမြောင်းတူးဖော်ခဲ့သည်။ မဟာဒါန် လယ်များကိုလည်း လှူဒါန်းခဲ့၏။ တူးမြောင်းမှာ ဆည်ရေသောက်လယ်များအား ရေပေးဝေနိုင်ရန် ဖြစ်ပါသည်။ နရပတိစည်သူမင်းလက်ထက်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ရာ လယ်မြေအများအပြား တိုးပွားလာခဲ့၏။

၂၈ ဒီဇင်ဘာ ၁၁၆၈ ခုနှစ် ရက်စွဲပါ ကျောက်စာတစ်ချပ်၌လည်း မိတ္ထီလာခရိုင်၊ ရမည်းသင်းမြို့နယ်၊ ယင်းတော်ဒေသတွင် ရဟန်းတော်များအား သက်သေပြုလျက် လူအများကို ဆည်မြောင်းတာတမံတည်ဆောက်ရေးလုပ်ငန်း၌ ပါဝင်လုပ်ဆောင်စေခဲ့ကြောင်း၊ စချိုဖုနာက မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရ၏။ မင်းကြီး၏ ဆရာဖြစ်သော ခဲတောင်ဆရာတော်ကလည်း ၂၈ မတ် ၁၁၆၉ ခုနှစ်တွင် လယ်တီရန်အတွက် လယ်မြေများ လှူဒါန်းခဲ့လေသည်။

ဆည်မြောင်းတာတမံဖြင့် စိုက်ပျိုးရေးစနစ်မှာ ပုဂံခေတ်ဦးကာလကပင် ရှိခဲ့ပြီး အနော်ရထာမင်းလက်ထက်တွင် ပိုမိုစနစ်ကျလာသည်ဟု ယူဆဖွယ်ရှိပါသည်။ ထို့နောက် နရပတိစည်သူမင်းလက်ထက်သို့ ရောက်သောအခါ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပါလေသည်။ ပုဂံခေတ်တွင် ထင်ရှားသော ပင်မမြောင်းကြီးလေးခု ဖြစ်သော မြောင်းကြီး၊ မြောင်းဆုံ၊ သင်းတွဲနှင့် ခံမာတို့အနက်

မြောင်းကြီးခေါ် စီးတော်မြောင်းမှာ နရပတိစည်သူမင်းလက်ထက် တူးဖော်ခဲ့ကြခြင်းဖြစ်ပေသည်။

## နယ်မြေချဲ့ထွင်ခြင်း

နရပတိစည်သူမင်းသည် နိုင်ငံတစ်ဝှမ်း လှည့်လည်သွားလာရင်း ဒေသအသီးသီး၌ စည်းရုံးသိမ်းသွင်းခဲ့ကြောင်း သိရှိရ၏။ ၉ မေ ၁၁၇၆ ခုနှစ်ရက်စွဲပါ မန္တလေးကျောက်စာရုံ၌ ထိမ်းသိမ်းထားရှိသော ကျောက်စာတစ်ချပ်တွင် မုတ္တမ၊ ထားဝယ်၊ တနင်္သာရီအထိ တောင်ပိုင်းဒေသများကို ချဲ့ထွင်စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြောင်း ဖတ်ရှုရပါသည်။ သို့သော် လွယ်ကူစွာ စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်တော့ မဟုတ်ပေ။ နရပတိစည်သူမင်းသည် မိမိရောက်ရှိရာနေရာများတွင်လည်း အထိမ်းအမှတ် စေတီတော်များတည်ထား ကိုးကွယ်ခဲ့၏။ မင်းကြီး၏ ကောင်းမှုတော်စေတီများကို ပုဂံတွင်သာမက ရွှေဘို၊ သရက်၊ မုံရွာ၊ ကျောက်ဆည်နှင့် မြိတ်မြို့များ၌ တွေ့ရှိရပေသည်။

## သင်္ဃကြီးအဘိနန္ဒသူ

သင်္ဃကြီးဟူသည် မဟာထေရ် (ဘုန်းတော်ကြီး) ကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ နရပတိစည်သူမင်းလက်ထက် ထင်ရှားသော သင်္ဃကြီး အဘိနန္ဒသူမှာမူ ဘုန်းတော်ကြီးတစ်ပါးမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးဖြစ်ဟန်တူ၏။ သင်္ဃကြီးအဘိနန္ဒသူသည် ၁၉ ဧန် ၁၁၇၉ ခုနှစ်၌ ပုဂံမြို့ သရပါတံခါးအနီးရှိ တိုင်းချွတ်ဘုရားကုသိုလ်ကောင်းမှု ပြုခဲ့သူဖြစ်ပါသည်။သင်္ဃကြီး အဘိနန္ဒသူ(လူမည်ကြီး) သည် သင်္ဃကြီးရယ်စင်၏မြေးဖြစ်သည်။ သင်္ဃကြီးရယ်စင်တွင် သင်္ဃကြီးဇွဲယ်သင် နှင့် သင်္ဃကြီးသတျာဆိုသူ သားနှစ်ဦးရှိပါသည်။ သားကြီး သင်္ဃကြီးဇွဲယ်သင်မှ သင်္ဃကြီးအဘိနန္ဒသူကို ဖွားမြင်ခဲ့၏။ သူသည် သင်လျင်သမီးနှင့်လက်ဆက်ကာ သားနှစ်ယောက်ဖွားမြင်ခဲ့သည်။

သင်္ဃကြီးအဘိနန္ဒသူသည် တိုင်းချွတ်ဘုရား ဒါယကာဖြစ်ဟန်ရှိပါသည်။ သူသည် ကုသိုလ်ကောင်းမှုများပြုရာတွင် ကျောက်စာ၌

"တိုင်းခေတ်ဘုရားသခင်ကိုယ်တော်ပေင်းလည်း ရွှေရည်ရေး၏၊ ရွှေတီး လည်းဆောင်း၏၊ ရွှေပလ္လင်လည်းပြု၏၊ သခင်သရိ ပိုကြာလည်းရွှေရည်ရေး၏၊ သခင်ဂဝံပတိနှစ်ခုသောလည်း ရွှေရည်ရေး၏"

ဟုရေးထိုးခဲ့ပါသည်။ထူးခြားချက်တစ်ရပ်မှာ သင်ကြီးအဘိနန္ဒသူသည် မိမိနှင့်တကွ ဇနီး၊ သားနှစ်ဦးတို့ကို ဘုရားသို့ ဘုရားကျွန်အဖြစ် လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ပုဂံခေတ်က ဘုရားကျွန်လူတန်းစားသည် လူမှုဆက်ဆံရေးနယ်ပယ်၌ နိမ့်ကျလှသည်ဟု မဆိုသာပေ။ အချို့ကလည်း ဘုရားကျွန်အဖြစ် လှူဒါန်းရခြင်းသည် မြင့်မြတ်သည်ဟု ယူဆကြဟန်ရှိပေသည်။ ဤတွင် ကျွန်ဟူသည် အစေအပါးသက်သက်မျှသာ မဟုတ်ကြောင်း၊ သတိပြုသင့်လှ၏။ သင်ကြီး အဘိနန္ဒသူသည် မိမိကိုယ်တိုင်သာမက မိသားစုကိုပါ ဘုရားကျွန်အဖြစ် လှူဒါန်းခဲ့ပေရာ ထူးခြားလှသည်ဟုတော့ ဆိုနိုင်ပါသည်။ သူသည် ဆင်းရဲသား လူတန်းစားမှ ပေါက်ဖွားလာသူ တစ်ဦးမဟုတ်ပေ။ ယောက္ခမဖြစ်သူမှာလည်း သင်လျှင်ခေါ် ကျေးရွာအကြီးအကဲ တစ်ဦးဖြစ်နေပါသည်။

အဘိနန္ဒသူ၏ ဖခင်နှင့် အဘိုးတို့ အမည်များရှေ့တွင်လည်း သင်ကြီးဟု ပါရှိရာ အဘိနန္ဒသူသည် ကျေးရွာလူကြီးအဆက်အနွယ်မှ ပေါက်ဖွားလာသူ တစ်ဦးဖြစ်ဟန်ရှိလေသည်။ အလှူတော်တန်ဖိုးကလည်း မနည်းလှသဖြင့် ဆင်းရဲနွမ်းပါးသူတော့ မဟုတ်ကြောင်း ထင်ရှားလှ၏။

## စူဠာမဏိ

စူဠာမဏိစေတီတော်ကို နရပတိစည်သူမင်းကြီး ခရစ်နှစ် ၁၁၈၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ စူဠာမဏိဘုရား တည်ခဲ့ပုံနှင့် ပတ်သက်၍ ကျောက်စာတစ်ချပ်ကို မြောက်ဘက်ဆင်းတု၏ ရှေ့နံရံအနီးတွင် တွေ့ရှိရသည်။ ကျောက်စာအရ မင်းကြီးသည် ၂၀ အောက်တိုဘာ ၁၁၈၃ တွင် အရှေ့တရင်တောင်သို့

ထွက်စွာလာစဉ် တောင်ထက်မှ နေကဲ့သို့ အနီရောင်တောက်ပနေသောအရာကို လှမ်းမြင်ခဲ့ရ၏။ ကျောက်စာတွင်

*"စည်သူမင်းကြီးသည်ကား အရှေ့တရင်သို့ ထွက်တော်မူလတ် သော အခါ၌လျှင် ထိုတောက်သည်ကား မီးလောဟု မေးတော် မူ၏။ သူများတို့ကား မီးဟူ၍ နားတော်လျှောက်၏။ မင်းကြီး ကား ပတ္တမြားတောက်စသည်အမှတ်ကို သိမူ၍ ဆင်တော်ပြန် လတ်၍ ကြော် . . . ဤမြေအရပ်ကား မြတ်စွာတကားဟု ဆိုတော်မူ၍ ကူတော်အရာနင်းစေ၏"*

ဟုဖော်ပြထားပါသည်။

ထို့နောက် ဤမြင့်မြတ်သောအရပ်တွင် ဂူဘုရားတစ်ဆူတည်ဆောက် ခဲ့ပြီး ပင်လယ်ခရိုင်၊ ပျဉ်းမနားခရိုင်၊ ရငုန်ခရိုင်၊ မြင်းခုန်တိုင်ခရိုင် စသည်ဒေ သများမှ လယ်ယာမြေများကို ဂူဘုရားအတွက် လှူဒါန်းခဲ့သည်။ ကျောက်စာ မှာ မူလထိုးခြစ်ဟန် မတူသော်လည်း အချက်အလက် အကြောင်းအရာများအနေ ဖြင့် လက်ခံနိုင်ဖွယ် ရှိပါသည်။ ယင်းစေတီတော်တည်ရှိရာ အရပ်မှာ ပုဂံမြို့မှ အရှေ့ဘက် တစ်မိုင်ကျော်ခန့်သာ ကွာဝေးပါသည်။ ဦးကုလား၏ မဟာရာဇ ဝင်ကြီးကမူ ဂူဘုရားတည်ရှိရာဒေသသည် ယခင်က ချောက်ကမ်းပါးဖြစ်ပြီး မြေဖို့၍ ဂူဘုရားတည်ခဲ့ကြောင်း ဆို၏။ ခရစ်နှစ် ၁၅ ရာစုလက်ရာ နံရံမင်စာ ကမူ ဂူဘုရားကို 'ဓာတမဏီ' ဟုခေါ်ဝေါ်ရေးမှတ်ထားသည်ကို တွေ့ရှိရ၏။

## သိင်္ဃသူအမတ်ကြီး၏ကုသိုလ်တော်တောင်နီဂူဘုရား

နရပတိစည်သူမင်းလက်ထက် ထင်ရှားသူ သိင်္ဃသူရအမတ်ကြီးသည် ၁၉ ဆောက်တိုဘာ ၁၁၉၀ ပြည့်နှစ်တွင် မေ့ရုံကြီးဘုရားတောင်ဘက်ရှိ တောင် ဂူနီဘုရား၌ အလှူတော်ပွဲ ဆင်ယင်ကျင်းပခဲ့သည်။ ယင်းအလှူတော်၌ မင်း ကြီး၏ ဒါနကုသိုလ်များလည်း ပါဝင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကုသိုလ်ကောင်း မှု ပြုရခြင်း၏ ရည်ရွယ်ချက်ကို အမတ်ကြီးက ကျောက်စာ၌

> "သိယ်သူရမည်သော ဒါယကာသည် သံသရာဆင်းရဲဝေ်သိမ်းသော ကုန်ရာဖြစ်သော သဗ္ဗညုမည်သော ဘုရားအဖြစ်ကို လိုသောကြောင့် (ဖြစ်)၏"

ဟုရေးထိုးထားသည်။

အမတ်ကြီးသည် တောင်နီဂူဘုရားကို တည်ဆောက်ကိုးကွယ်လှုဒါန်းခဲ့ပြီး ဌာပနာတိုက် ပိတ်သောနေ့တွင် သံဃာတော် (၉) ပါးအားပင့်ဖိတ်ကာ ပရိတ်ရွတ်စေခဲ့သည်။အခမ်းအနားသို့ တက်ရောက်ကြသည့် သံဃာ တော်များမှာ

၁။ သခင်မဟာထေရ် ပဇ္ဇရ်ဗောဓိ

၂။ သခင်ကုဏာသေယ်

၃။ သခင်အဂ္ဂိရ်

၄။ သခင်မဟာပဏ္ဍိတ်

၅။ သခင်အက်

၆။ သခင်ဓမ္မဂမ္ဘိရ်

၇။ သခင်ဓမ္မဂုရု

၈။ သခင်ဓမ္မနန္ဒိ

၉။ သခင်နဂါး

တို့ဖြစ်ကြပါသည်။

တောင်နီဂူ ဘုရား ပရိတ်ရွတ်ပွဲတော်ပွဲအပြီး၌ ပိဋကတ်သုံးပုံနှင့်တကွ မြို့နေသင်္ဃာတော်များအတွက် သယံနီးအစုံ (၁၂၀) ကိုပါ လှုဒါန်းခဲ့လေသည်။ အမတ်ကြီး၏ ဆုတောင်းစာတွင်

> "ပဉ္စဂ်တာ့ရ်မည်သော စည်ရှင်ဖြင့် နီးလာထသော စည်းစိမ်လိုရကား စည်ကြီးပန်တျာပြုသော စည်သည်ကား သေ့စါ၊ မေတာ့ မေရှန်၊ ဖေ့န်ဆုမ်၊ ပသာ သည်ကား သေ့ရိန်၊ ခွက်ခွင်သည်ကား ငြေ့၊ ကုလားပန်တျာကား ပုလော လီ၊ စည်သည်ကား ရေမ့ အာဒီ၊ မြန်မပန်တျာကား အိုဝ်သာ၊ အိုဝ်ကောင်း၊၊ အိုဝ်ကြီး

စည်သည်ကား ငဖုန်ရ၊ စည်သည်မယားကား ဥမိယန္တီ၊ ပရိန္တာခီ၊ ခေဝီ၊ ငရိုစီ၊ သား ပုလောလီ၊ နမန္တီ၊ ကုတ်တန္တီ၊ ဧဇော၊ ပုတန္တီ၊ ကြွေမ်း ၂၃ ယောက် . . ."

ဟူ၍ တွေ့ရှိရ၏။

အမတ်ကြီးအနေနှင့် အိပ်ယာမှ နိုးတစ္ဆေ သီချင်းသံကြားလိုခြင်းမှာ လောကီစည်းစိမ်ချမ်းသာကို တပ်မက်လွန်းသည်ဟု ဆိုနိုင်ပါသည်။ နရပတိစည်သူမင်း သည် အမတ်ကြီးသိယံသူရနှင့်အတူ ဝှာဘုရား၌ သင်ပုတ်လယ်မြေများ လှူဒါန်းခဲ့သည်။ ကျောက်စာတွင်

"ဖြစ်လေရာရာကား မှတ်သိပ်ဆင်းရဲသောကိုယ် မလိုချင်ရကား ဘုရားသခင်နှင့် ဤကျောင်းနေသံဃာအား လှူသော တင်ဂါ လယ်အပယ် ၂၀၀"

ဟူ၍ ဖော်ပြပါရှိပါသည်။

တောင်နီဝှာဘုရားသည် အမတ်ကြီး၏ ကုသိုလ်တော်ဖြစ်သော်လည်း နရပတိစည်သူမင်း ကိုယ်တိုင် အလှူဒါနပြုရာ၌ ပါဝင်ခဲ့သည်ဟု မှတ်ယူရပေသည်။ မင်းကြီးကိုယ်တိုင်အခမ်းအနားသို့ တက်ရောက်ခြင်းမရှိသည့်တိုင် အမတ်ကြီး၏ အလှူတော်အတွက် လိုအပ်သမျှကို ပံ့ပိုးကူညီခဲ့သည်မှာ မလွဲပင်။

## တိုင်းခန်းလှည့်လည်သော မြန်မာဘုရင်

နရပတိစည်သူသည် အဖိုးဖြစ်သူ အလောင်းစည်သူမင်းကဲ့သို့ပင် နယ်မြေရဲ့ထွင် သိမ်းသွင်းခဲ့သူဟု ဆိုနိုင်ပါသည်။ အလောင်းစည်သူမင်းသည် ဖော့ ကြောရှင်အဖြစ် ထင်ရှားသကဲ့သို့ နရပတိစည်သူကိုလည်း ဖောင်ကြောရှင်ဟု မြန်မာရာဇဝင်ကျမ်းများက ဖော်ညွှန်းကြ၏။ ကုန်းဘောင်ခေတ်အလယ်ပိုင်း တွင် ပေါ်ပေါက်ခဲ့သည့် ပုံတောင်နိုင်မော်ကွန်း၌

"စည်သူနရပတိ၊ သီရိစံပယ်၊ တန်ခိုးကြွယ်ကို၊ ပင်လယ် ကြ ကျိုက်၊ မြင်လိုက်ပါမူ"

စသဖြင့် ရေးဖွဲ့ထားပြီး မုံရွေးဆေတဝန်ဆရာတော်ကလည်း သူ့ကို ဖောင်စကြာရှင်ဟု ကမ္ပည်းတင်ခဲ့ပါသည်။

၁၁၉၆ ခုနှစ်ထိုး ဓမ္မရာဇိကဘုရားကျောက်စာတွင် နရပတိစည်သူ မင်းလက်ထက် နိုင်ငံအကျယ်အဝန်းကို

> "အရိမဒ္ဒနပူရမည်သော ပြည်ကိုလေ အစိုးရထသော နိုင်ငံကျယ်
> ဖြင်းအထုကား အရှေ့သို့လားသော နိုင်ငံကား သံလွင်မြစ်၊
> အရှေ့ဘက်အတိုင်၊ တောင်ကား ထားဝယ်၊ ပဉ္စတ်သင်၊
> တနသံာရီ၊ တက်ရွာ၊ သလင်းကြေ၊ မဋ္ဌဂီရို၊ ဝရာတောင်၊
> ပဋိက္ကရား၊ တိက္ကရေ၊ မြောက်တကောင်း၊ ဆောင်ချမ်း၊ . . ."

ဟူ၍ တွေ့ရှိရသည်။

ကျောက်စာပါ သလင်းကြေမှာ စလန်အငူ (Cape Sal:ng) ခေါ် Junk Ceylon ဖြစ်ဟန်ရှိကြောင်း ပါမောက္ခလုစ်က တင်ပြခဲ့ဖူးပါသည်။ သို့သော် သူ့လက်ထက်တွင် မလေးကျွန်းဆွယ်မှာ သီဟိုဠ်လက်အောက်သို့ ကျရောက်ခဲ့ပြီး ဖြစ်ပေသည်။ နရပတိစည်သူ၏ နိုင်ငံတော်အတွင်း အရေးပါလှသည့် ၁၁ ခရိုင်မှာ ပင်လယ်၊ ဖျူးမနား၊ မြစ်သား၊ ရင္ငန်၊ မြင်းခုန်တိုင်၊ ပန်၊ တမုတ်၊ သင်တောင်၊ မက္ခရာ၊ တပြက်သာနှင့် ခံလျှူတို့ဖြစ်ကြလေသည်။ အလားတူပင် ထင်ရှားသော တိုက် နယ်အမည်များကိုလည်း ညံ့သာတိုက်၊ မုဆိုးဖိုတိုက်၊ ပင်စည်တိုက်၊ လထွက် တိုက်၊ ကြမ္မတိုက်၊ စက်လုံတိုက်၊ ပိဆဲတိုက် (ဗန်ကျိဆယ်တိုက်) တမာခါးတိုက်၊ ပုခေါတိုက်နှင့် မုန်တောင်တိုက်ဟူ၍ တွေ့ရှိရပါသည်။

နရပတိစည်သူသည် ကြည်းကြောင်းခရီးသာမက ပင်လယ်ရေကြောင်း ခရီးဖြင့်ပါ နယ်မြေရှုံ့တွင်စည်းရုံးရန် တိုင်းခန်းလှည့်လည်ခဲ့ဟန် တူပါသည်။ မှန်နန်းရာဇဝင်တွင်

> "မြေးတော် နရပတိစည်သူမင်းကြီးမှာ ဘိုးတော်အလောင်း
> စည်သူမင်းကြီးလက်ထက်ရတော်မူသော သင်္ဘောနက်လှေတော်ကို
> မြေးတော် နရပတိစည်သူ လက်ထက် တိုင်ဆက်စံ၍ စံတော်
> မူသည်။ တိုင်း ခွင်လှည့်လည်တော်မူသည်"

ဟု ဖော်ပြထားသည်ကို တွေ့ရှိရ၏။ အလားတူပင် သရက္ခန်ငါးဆူရှင်ဖြူရှင်လှဘုရားသမိုင်းတွင်

> "အရိမဒ္ဒနာပေါက္ကံပြည်ကြီးကို အစိုးရ၍ လောကနတ်ဖြစ်တော်မူသော နရပတိစည်သူမင်းကြီးသည် အမတ်ရှစ်သောင်းလေးထောင် ဗိုလ်ခြေကုဋေတစ် သန်းခြောက်သောင်းနှင့်တကွ လှေကြောဖြင့် တိုင်းခွင်လှည့်တော်မူကြောင်း၊"

ဟူ၍ လွန်ကြူးစွာရေးဖွဲ့ထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ နရပတိစည်သူမင် သည် ခရီးသွားဝါသနာပါသူဖြစ်ပြီး ရေကြောင်းခရီးဖြင့်ပါ နယ်လှည့်လည်သွားကာ စည်းရုံးသိမ်းသွင်းခဲ့ကြောင်း မှတ်ယူရလေသည်။

## သံဖျင်ရင်ကောင်ဘုရားမှ မြေလှူအစမ်းအနား

သံဖျင်ရင်ကောင်ဘုရားသည် ပုဂံမြို့မင်္ဂလာစေတီ၏ မြောက်ဘက်၌ တည်ရှိပါသည်။ ယင်းစေတီကို နရပတိစည်သူမင်းကြီး၏ မင်းမှုထမ်းတစ်ဦးဖြစ်သော သံဖျင်ရင်ကောင်က တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ သံဖျင်ရင်ကောင်သည် ခရစ်နှစ် ၁၂၀၂ ခုနှစ်၌ လယ်မြေအချို့ကို သာသနာတော်အတွက် လှူဒါန်းရန် ဆန္ဒရှိခဲ့သည်။ လယ်မြေအားလုံးမှာ စုစုပေါင်း ၂၈ ပယ်မျှရှိပါသည်။ ပုဂံခေတ်ထုံးတမ်းဥပဒေအရ မြေကို လုပ်ကိုင်စားသောက်ရာ၌ သားစဉ်မြေးဆက် အမွေခံပိုင်ခွင့်ရှိသော်လည်း သာသနာအတွက် လှူဒါန်းလျှင်မူ ဘုရင်မင်းမြတ်ထံလျှောက်ထားလျှက် ခွင့်ပြုမိန့်ရယူရန် လိုအပ်လေသည်။

သို့ဖြင့် သခင်ရင်ကောင်သည် နရပတိစည်သူမင်းကြီးအား ဘုရား၌ မြေလှူဒါန်းလိုပါကြောင်း လျှောက်ထားခဲ့သည်။ ဘုရင်မင်းမြတ်သဘောတူညီသဖြင့် ၂၅ မတ် ၁၂၀၂ ခုနှစ်တွင် မြေလှူအခမ်းအနားကို ကျင်းပပြုလုပ်ပါသည်။ ယင်းအခမ်းအနားသို့ နရပတိစည်သူမင်း ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခဲ့၏။ ကျောက်စာမှတ်တမ်းတွင်

> "သံဖျင်ရင်ကောင်ဘုရားသခင်ဖြစ်သော စည်သူမင်းကြီးကို ရေစင်တော်တိုက်လေရကား အရှင်မင်းကြီးလည်း ရေစင်တော်သွန်း၍ အနုမောဒါန ခေါ်တော်မူ၏"

ဟူ၍ ဖော်ပြပါရှိပါသည်။

မြေလှူအခမ်းအနားတွင် နရပတိစည်သူမင်းကြီးက ရေစက်သွန်းချ အမျှပေးဝေခဲ့လေသည်။ မင်းကြီး၏ နန်းစံကာလတစ်လျှောက် ယင်းသို့ မြေလှူ အခမ်းအနားများသို့ တက်ရောက်ပြီး ရေစက်ချပေးခဲ့သည်မှာ အကြိမ်ပေါင်း မနည်းလှပေ။

## ဂေါဓောပလ္လင်ဘုရား

ဂေါဓောပလ္လင်ဘုရားသည် ပုဂံမြို့တောင်ဘက် ကားလမ်းနံဘေးတွင် တည်ရှိပြီး သဗ္ဗညုစေတီနှင့် ဆင်ဆင်တူပေသည်။ ယင်းဂူဘုရားကို နရပတိ စည်သူမင်းက ၁၂၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ဘုရား၏မူလဘွဲ့ အမည်မှာ "ကန်တော့ပလ္လင်" ဟူ၍ ဖြစ်သည်။ အလောင်းစည်သူမင်းလက်ထက် က မိမိ၏ဘိုးဘွားများအား ကန်တော့ရာနေရာတွင် တည်ထားကိုးကွယ်ခဲ့သဖြင့် ယင်းသို့ အမည်တွင်ကြောင်း ဆိုပါသည်။ သို့သော် ဂေါဓောပလ္လင်ဘုရားကြီး ကား နရပတိစည်သူမင်းလက်ထက်တွင် အပြီးသတ်မတည်ဆောက်နိုင်ခဲ့ပေ။ ၁၂၂၆ ခုနှစ် သားတော်နားတောင်းများ လက်ထက်သို့ ရောက်မှသာ ပြီးပြတ်ခဲ့ သည်။

ဂေါဓောပလ္လင်ဂူဘုရားကြီးမှာ နှစ်ထပ်အဆောက်အဦဖြစ်ပြီး အထက် နှင့် အောက်ထပ်တို့၌ ထားရှိသည့်ဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော်ကြီး နှစ်ဆူကို ပေါ်နေပြု တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗိသုကာလက်ရာမှာ အံ့ဩဖွယ်ရာဖြစ် ပြီး ခန့်ညားထည်ဝါလှပေသည်။ ဂူဘုရားကြီးသည် ဘိနပ်တော်မှ ငှက်မြတ်နား အထိ ပေ ၁၈၀ ခန့် ဉာဏ်တော်အမြင့်ရှိပေရာ ပုဂံတစ်ဝိုက်ရှိ ထင်ရှားသော ဂူ ဘုရားများထဲတွင် တစ်ဆူအပါအဝင်ဖြစ်ပါသည်။ မုခ်ဦးကို အရှေ့ဘက်သို့ လှည့် ထားပြီး အထက်ထပ်သို့ တက်သည့် ကြောင်လိမ်လှေကားကို ထုထဲသောနံရံ အတွင်း၌ ကျဉ်းမြောင်းစွာ ထားရှိပေသည်။

## နန်းတော်သစ်

ကျွန်စစ်သားမင်းလက်က တည်ဆောက်ခဲ့သော နန်းတော်သစ်ကိုနှစ် တစ်ရာကျော် ကြာမြင့်ခဲ့ပြီးနောက် ၁၂၀၄ ခုနှစ်တွင် နရပတိစည်သူမင်းက အသစ်

တစ်ဖန် ထပ်မံတည်ဆောက်ပြန်သည်။ သို့သော် ဤနန်းတော်သစ်တည်ဆောက်သော မှတ်တမ်းကို သေချာစွာ မသိရသေးပါ။ ပုဂံမြို့ မဟာဗောဓိဘုရားတံတိုင်းအတွင်း၌ ရှိသော စိုးမင်းပျံ့ချီသမီးကျောက်စာ၌သာ တစ်စွန်းတစ်စ သိရှိရခြင်းဖြစ်ပါသည်။ ကျောက်စာတွင်

*"သက္ကရာဇ် ၅၆၆ ခု အိမ်တော်ဆောက်သောနှစ်အား ပြာသို—တစ်ရက်၊ တနင်္ဂနွေနေ့အား၊ စိုးမင်းပျံ့ချီသမီးတည်း ဘုရားသခင် . . . ကျွန်ကား . . ."*

ဟုသဖြင့် တွေ့ရှိရ၏။

ကျောက်စာပါ မှတ်တမ်းအရ စိုးမင်းပျံ့ချီသမီး ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့သည့် ၁၂၀၅ ခုနှစ် ဇန်နဝါရီလဇန့်တွင် နန်းတော်သစ် တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် နန်းတော်သစ်ကို ၁၂၀၄ ခုနှစ်၌ တည်ဆောက်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ နရပတိစည်သူမင်းသည် နန်းတော်ဆောင်ကို သစ်သားဖြင့်သာ ထပ်မံတည်ဆောက်ခဲ့ဟန်တူသည်။ သို့သော် မည်သည့်နေရာဒေသ၌ဆောက်လုပ်ခဲ့သည်ကိုမူ အထောက်အထား အမှတ်အသား မတွေ့ရပေ။ အိမ်တော်ဟူသည် နန်းတော်ကိုသာ ဆိုလိုရင်းဖြစ်သည့်အလျောက် နန်းတော်အဆောင်သစ်များ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် နရပတိစည်သူ၏ ခမည်းတော် နရသူမင်းလက်ထက်ကပင် နန်းတော်သစ်တည်ဆောက်ခဲ့ပြီး ဖြစ်လေရာ အပြီးမသတ်ရသေးသော တည်ဆောက်ရေးလုပ်ငန်းအချို့ကို အဆုံးသတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

## ပိဋကတ်အလှူ

ပုဂံခေတ်ကာလတွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားပျံ့နှံ့လာသည်နှင့် အမျှ ပိဋကတ်သုံးပုံလှူဒါန်းမှုအမျိုးမျိုးကိုလည်း တွေ့ရှိလာရ၏။ ကျန်စစ်သားမင်းနန်းတော်တည်ဆောက်စဉ်က ပိဋကတ်သုံးပုံကို ဗုဒ္ဓဆင်းတုတော်နှင့်အတူ အဆောင်သက်သက် အဖြစ်ထားရှိခဲ့ပါသည်။ အလှူဒါယကာအများစုမှာ

ပိဋကတ်သုံးပုံလုံးကို ပြည့်စုံစွာ လှူဒါန်းနိုင်သည်က နည်းပါသည်။ ထိုခေတ်အခါက ပိဋကတ်သုံးပုံလုံးကို ကူးရေးမှာ ငွေ ၃၀၀၀ ကျပ် ကျသင့်သဖြင့် စားရိတ်စက ကြီးမားလှပေသည်။ ရေးကူးရာတွင် ပေရွက်ပေါ်တွင် ကညစ်ဖြင့် ရေးရသဖြင့် လွယ်ကူသော လုပ်ငန်းတော့ မဟုတ်ပါ။

နရပတိစည်သူမင်းသည် သာသနာရေးလုပ်ငန်းများကို များစွာအားပေးခဲ့၏။ ၁၈ မတ် ၁၂၀၈ ခုနှစ်တွင် မင်းကြီးကိုယ်တိုင် ပိဋကတ်တော်ကူးရေးလှူဒါန်းခဲ့သည်ကို တွေ့ရှိရ၏။ ပုဂံမြို့အရှေ့မြောက်ဘက် ဓမ္မာဝရဘုရားတံတိုင်းအတွင်းမှ ရရှိသော ကျောက်စာတွင်

*"တိမ်(မြှုပ်) ခဲ့ပြီးသည်ကို ဖော်ပါသသူကား လူဖြစ်သောလေ၊ လူတကာ ထက်မြတ်စွာသော မင်းစကြာဝတေး သူငွေးသူကြွယ် တို့လျှင် ဖြစ်စေ သတေး"*

ဟု ဆုတောင်းထားသည်ကို တွေ့ရသည်။ ပုဂံခေတ်က ပိဋကတ်တော်များကို ဘုန်းတော်ကြီးကျောင်းများသို့ လှူ ဒါန်းလေ့ရှိကြပြီး ဘုန်းတော်ကြီးများက ရွှေတလားဖြင့် ထည့်သွင်းသိမ်းဆည်း ကြကြောင်း သိရှိရ၏။ ပိဋကတ်တော်ထားရာ အဆောင်ကို သီးသန့်ထားရှိလေ့ ရှိကြလေရာ ပိဋကတ်တော်ကို မည်မျှ ရိုသေလေးစားကြောင်း သိသာလှပေသည်။ အလားတူပင် ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ပြန့်ပွားရေးတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပုံများမှာလည်း အားကျဖွယ် ရာပါပေ။

## မင်းမိဖုရားတို့၏အလှူတော်

နရပတိစည်သူမင်းကြီးသည် ၃၀ ဇက်တင်ဘာ ၁၂၁၁ ခုနှစ် ပုဂံမြို့ မင်္ဂလာစေတီမြောက်ဘက် မဟာထီးကျောင်း၌ အလှူဒါနပြုလုပ်ရာတွင် သင်ပုတ်လယ်မြေပါဝင်လှူဒါန်းခဲ့သည်ကို တွေ့ရှိရ၏။
ကျောက်စာတွင်

*"မင်းကြီးစည်သူလှူသော ဝါးရင်းတုတ်လယ် ၅၀၊ မပင်စရဘုရားငယ်စွာလယ် ၃၀"*

ဟူ၍ တွေ့ရှိရပါသည်။

ကျောက်စာပါရက်စွဲမတိုင်မီကပင် မင်းကြီး၏ လယ်မြေများလှူဒါန်းပြီးဖြစ်ကာ မင်းကြီးနှင့်အတူ မိသားစုဝင်များကပါ ပါဝင်လှူဒါန်းခဲ့၏။

ကျောက်စာအလှူစာရင်းတွင်

*"မင်းကြီး နွားတောင်းများရွှေတောင်မတက်မီ လှူသော စံမှူးလယ် ၁၀၀၊ အမိဖုရားမြကန်သည် လှူသော မဝင်စရက်နဝယ်လယ် ၅၀၊ အမိဖုရား တောင်ပြင်သည်လှူသော တောင်မြို့လယ် ၄၀၊ အမိဖုရားမြောက်ပြင်သည်လှူသော ပုတက်ကြီးမြင့်လယ် ၃၀၀၊ အိုဝ်ဆောက်ပန်းသား ၃ ယောက်ကိုလှူ၍ မင်းကြီးစည်သူရွှေးသော ဦးဆောက်ကိုဝ် လယ် ၃၀၊ အစောမင်းလှလှူ သော စလင်းကျွန် ရပ်လယ် ၃၀ ----"*

စသဖြင့် တွေ့ရှိရ၏။ ဤကျောက်စာကို မဟာထီးဘုရား၌ ရရှိခဲ့ပြီး ကျောက်စာ၌ နရပတိစည်သူမင်း၏ မိဖုရားတစ်ချို့အမည်ကို သိရှိခွင့်ရခဲ့ပါသည်။

နရပတိစည်သူ၏ ဤမဟာထီးကျောင်းအလှူတော်မှာ မင်းကြီးနောက်ဆုံးလှူဒါန်းခဲ့သည့် အလှူတော်တစ်ရပ်လည်း ဖြစ်လေသည်။

◆



# နားထောင်းများ (၁၂၁၁ - ၁၂၃၁ )



(၁၅) နားတောင်းများ (၁၂၁၁ - ၁၂၃၁ )

## နားတောင်းများ

နားတောင်းများမင်းသည် နရပတိစည်သူကို ဆက်ခံလျက် ၁၉ ဩဂုတ် ၁၂၁၁ တွင် နန်းတက်ပါသည်။ နားတောင်းများထီးနန်းရရှိသောရက်စွဲကိုသက်စိုးတောင် ကျောက်စာ (ကံကုန်စာရျိုသမီးကျောက်စာ) နှင့် ဓမ္မယျှသွတ်ကျောက်စာတို့၌ ထင်ရှားစွာတွေ့ရှိရပါသည်။ ရေစ်နှစ် ၁၂၂၉ ခုနှစ်ထိုး သက်စိုးတောင် ကျောက်စာတွင်

> "ရွှေတောင်တက်သကာ၊ တော်သလင်းလဆန်း ၁၀ရက် ကြာသပတေး နေ့တည်း"

ဟူ၍လည်းကောင်း၊ ၁၂၃၅ ခုနှစ်ထိုး ဓမ္မယျှသွတ်ကျောက်စာတွင်

> "သက္ကရာဇ် ၅၇၃ ခု အားသိန်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့အား ဥစနာမင်း ရွှေတောင်တက်၍"

ဟူ၍ လည်းကောင်း ရေးထိုးထားပါသည်။

ဤတွင် ဥစနာမင်း ဟူသည်နားတောင်းများကို ရည်ညွှန်းထားခြင်းဖြစ်သည်။ "ဥစ္စနာထ" ခေါ်မြင့်မြတ်သောကိုးကွယ်ရာပုဂ္ဂိုလ် ဟူသောဘွဲ့ကို ပထမဆုံးခံ ယူခဲ့သော ဘုရင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မကြာမီထီးနန်းကိုတောင်းယူတတ်သူဖြစ်သဖြင့် နန်းတောင်းများဟူ၍ အမည်တွင်သည်ဟူသော အဆိုမှာမမှန်ပါ။ ငယ်စဉ်မင်းသားဘဝက နားတောင်းအဆင်တန်ဆာအမျိုးမျိုးကို လှပဆန်းကျယ်စွာ ဝတ်ဆင်လေ့ရှိသူဖြစ်သဖြင့် "နားတောင်းများ" ဟု

အမည် တွင်ခြင်း ဖြစ်၏။ တစ်ခါတရံ ကျောက်စာများ၌ "နားတောင်းသခင်" ဟုလည်း တွေ့ရှိရပါသည်။ ဘွဲ့အမည်မှာ "သိရိတြိဘုဝနာဒိတျ ပဝရဓမ္မရာဇာ" ဖြစ်သည်။

## မျိုးရိုးဆက်နွယ်

နားတောင်းများမင်းကို နရပတိစည်သူမင်းနှင့် မိဖုရားစောမြကန်တို့မှ ဇ မတ် ၁၁၇၂ ခုနှစ်တွင် ဖွားမြင်ပါသည်။

အလောင်းစည်သူ + ရတနာပုံ

နရသူ + မြောက်ပြင်သည်

(သား)
နရပတိစည်သူ + စောမြကန်

(သား)
နားတောင်းများ

မြန်မာဆွေတော်စဉ် မှတ်တမ်းများ၌ နားတောင်းများခေါ် ဇေယျသိခ်မင်းကို နရပတိစည်သူ၏ မိဖုရားများအနက် ဥယျာဉ်သည်သမီး ကိုယ်လုပ်တော်မှ ဖွားမြင်ကြောင်းရေးသားဖော်ပြထားကြ၏။ ယင်းဥယျာဉ်သည်သမီးသည်ပင် မိဖုရားစောမြကန် ဖြစ်ဟန်ရှိပေသည်။

စောမြကန်သည်၏မျိုးရိုးစဉ်ဆက်ကို မသိရသေးပေ၊ "စော" အမည်ခံမိဖုရားဖြစ်သဖြင့် မြင့်မြတ်သော အမျိုးအနွယ်မှ ပေါက်ဖွားလာသူဟုမှန်းဆရ၏။ နားတောင်းများမင်း၏ ဖခင်ဘက်မှ အဆက်အနွယ်များမှာမူ

ကျွန်စစ်သားမင်းကြီးမှ တိုက်ရိုက်ပေါက်ဖွားဆင်းသက်လာကြသူများဟု ဆိုနိုင်ပါသည်။

## မွေးချင်းများ

နားတောင်းများမင်းတွင် မွေးချင်းဆို၍ နမတော်စောမင်းလှတစ်ဦးသာရှိပါသည်။ အခြားအမိကွဲ မောင်နှမများမှာ များစွာရှိပေသည်။

## ဘဝဖြစ်စဉ်အကျဉ်း

နားတောင်းများမင်းသည် တောင်နန်းစံမိဖုရားကြီးမှ ဖွားမြင်သော သားတော် မဟုတ်သဖြင့် အဆင့်အနည်းငယ်နိမ့်သည်ဟု ဆိုနိုင်၏။ သို့သော် တောင်ပြင်သည်(တောင်နန်းမတော်) မိဖုရားကြီးက ဖွားမြင်သော သားများကို ကျော်၍ ထီးနန်း အပ်နှင်းခြင်းခံခဲ့ရသည်မှာ ထူးခြားလှပေသည်။ နားတောင်းများမင်းကို နန်းတောင်းများမင်းဟူ၍လည်း ရာဇဝင်ကျမ်းများ၌ ရေးသားခဲ့ ကြ၏။ မင်းသားဘဝ၌ ဓေယျသိမ်ဘွဲ့အမည်ရှိကြောင်း ဆိုပါသည်။

ဓေယျသိမ်မင်းထီးမွေနန်းမွေ ရရှိခဲ့ခြင်းနှင့် ပက်သက်၍ ရာဇဝင်ကျမ်းများ၌ အောက်ပါအတိုင်းဖော်ပြရေးသားကြသည်ကိုတွေ့ရှိရ၏။ နရပတိစည်သူ၏ လက်ညှိုးတွင် စူနာပေါက်၍ မအိပ်နိုင်ရှိသည်ကို ဓေယျသိမ်မင်းသား၏ မိခင်က လက်ညှိုးအနာကိုငုံထားပေးရာမှ ပြည်ပေါက်သဖြင့် ကောင်းစွာအိပ်စက်နိုင်ခဲ့သည်။ ယင်းသို့ပြည်ပေါက်စဉ်အတွင်း မင်းကြီးနိုးမည်ကိုစိုး၍ အနာပြည်အား မိဖုရားကမျိုချခဲ့သည်ဆိုပါသည်။ နောင်ဤအကြောင်းကို မင်းကြီးသိရှိခဲ့ပြီးနောက် အလွန်ကျေးဇူးတင်လျက် မိဖုရားတောင်းဆိုသည့်အတိုင်းသူ၏သားတော် ဓေယျသိမ်ကို ထီးနန်းအမွေပေးအပ်ခဲ့သည်ဆို၏။

သို့သော် ဤရာဇဝင်ပါ ဇာတ်လမ်းမှာ ရိုးစင်းလွန်းလှပေသည်။ တောင်နန်းမတော်မှ ဖွားမြင်သော သားတော်များ၊ ဝဋံသိကာမိဖုရားမှ ဖွားမြင်သူများ စသူတို့ကိုကျော်လွန်လျက် ထီးနန်းရရှိခဲ့ခြင်းမှာ နားတောင်းများမင်း၏ အရည်အချင်းတစ်ရပ်ပင်ဖြစ်ပါသည်။ မည်သို့ဆိုစေကာမူ နားတောင်းများ ထီးနန်းရရှိချိန်၌ အသက် (၃၅) နှစ် အရွယ်ရှိပြီဖြစ်ရာ ငယ်ရွယ်သူမင်းသား တစ်ပါး မဟုတ်တော့သည်ကို သတိချပ်သင့်လှ၏။

**မိသားစုရေးရာ**

နားတောင်းများမင်း၏ မိဖုရားသားသမီးများမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

၁။ အိမ်တော်သည်

မိဖုရားအိမ်တော်သည် နန်းတွင်းအသိုင်းအဝိုင်းမှ ဖွားမြင်သူတစ်ဦးဖြစ်ပါသည်။ အိမ်တော်သည်၏ ဆွေစဉ်မျိုးဆက်အကြောင်းအရာများကို ကျစွာမင်း၏ မျိုးရိုးဆက်နွယ်အကြောင်း၌ ရေးသားဖော်ပြထားပါသည်။ သားနှစ်ဦးဖွားမြင်ရာ

(၁) နရသိဃ်ဥစနာ – ပုဂံဘုရင်ဖြစ်

(၂) ကျစွာ – ပုဂံဘုရင်ဖြစ်

တို့ဖြစ်ကြ၏။ အိမ်တော်သည် သည်တောင်နန်းမတော်မိဖုရားကြီး မဟုတ်သော်လည်းသူ၏ သားတော်နှစ်ပါးစလုံးမှာ ပုဂံဘုရင်များဖြစ်လာခဲ့ကြရာ အရေးပါသော မိဖုရားတစ်ပါးဖြစ်သည်ဟု ဆိုနိုင်ပေသည်။

၂။ တောင်ပြင်သည်

တောင်ပြင်သည် မိဖုရားကို ဘွားတော်ကြီးဟု ခေါ်ကြကြောင်းဆွေတော်စဉ်မှတ်တမ်းကဆိုပါသည်။ တောင်ပြင်သည်မှာ အလောင်းစည်သူမင်း၏ မြစ်တော်စပ်သူဖြစ်ပါသည်။ အလောင်းစည်သူမင်း၏ သမီးတော်တစ်ပါး (အမည်မသိ)နှင့် သားမက်သိမ်သူတို့ မှ ဖွားမြင်သည့် ဥတ္တရသူ၏ သမီးဖြစ်ပါသည်။ သားတော်နှစ်ပါးထွန်းကားရာ

(၁) သိန်းပတော – ငယ်စဉ်ကကွယ်လွန်

(၂) တရားမွန် – အိမ်ရှေ့မင်းဘဝဖြင့်ကွယ်လွန်

တို့ဖြစ်ကြ၏။

၃။အလယ်ပြင်သည်

အလယ်ပြင်သည်၏ အမည်ရင်းကို စောမိပြန် ဟူ၍ ဆွေတော်စဉ်မှတ်တမ်းက ဆိုပါသည်။သူသည်လည်း အလောင်းစည်သူမင်း၏ မြေးတော်မင်းသမီးတစ်ပါးနှင့် မြစ်သားမြို့သူကြီးတို့ စုံဖက်ရာမှ ဖွားမြင်ခဲ့သူဖြစ်ပါသည်။ သားသမီး မထွန်းကားပါ။

၄။ မြှောက်ပြင်သည်
မြှောက်ပြင်သည် မိဖုရားမှာ အမတ်ကြီး သရေဝမ္မနှ၏ သမီးဖြစ်၏။ သားသမီး မထွန်းကားပါ။

## ထီးနန်းအရိုက်အရာ

နားတောင်းများမင်း၊ ထီးနန်းစိုးစံစဉ်အတွင်း ထီးနန်းအရိုက်အရာကို ဆက်ခံနိုင်မည့်အိမ်ရှေ့ဥပရာဇာ ရာထူးကို တောင်ပြင်သည် မိဖုရားမှ ဖွားမြင်သည့် သားတော်သိန်းပတေ့အား ဦးစွာပေးအပ်ခဲ့ဟန်ရှိ၏။ သို့သော် သိန်းပတေ့မင်းသားမှာ ငယ်ရွယ်စဉ်၌ပင်ကွယ်လွန်ခဲ့ပေရာ အိမ်ရှေ့အရာကို သားတော်တရားမွန်အားပေးအပ်ခဲ့ပြန်လေသည်။ ဆွေတော်စဉ်မှတ်တမ်း၌ တရားမွန်အကြောင်း ဖော်ပြရာတွင်

*'မည်းတော်လက်ထက် နောင်တော်မရှိ (သည့်) နောက်အိမ်ရှေ့နေ၍ ဥရုံမြို့က ပြန်တော်မူသည့်နောက်ပုဂံသို့ရောက်မှ အနိစ္စရောက်တော်မူသည်'*

ဟူ၍ ရေးသားထားသည်ကို တွေ့ရှိရ၏။ ယင်းမှတ်တမ်းပါ ဥရုံမြို့ဟူသည် မည်သည့်မြို့ကို ဆိုလိုကြောင်းမသိရပါ။တရားမွန်မင်းသား အိမ်ရှေ့ဥပရာဇာ ဖြစ် စဉ် တစ်နယ်တစ်ကျေးသို့ ထွက်ခွာသွားရပြီးအပြန်၌ ကွယ်လွန်ခဲ့ခြင်း ဖြစ်ပေ လိမ့်မည်။ ထို့နောက် အိမ်တော်သည်မှဖွားမြင်သူ သားတော်နရသီဟ ဥဇနာအိမ်ရှေ့မင်း ဖြစ်လာပါသည်။

## အိမ်ရှေ့မင်းဟူသောဝေါဟာရ

ပုဂံကျောက်စာများထဲတွင် အိမ်ရှေ့မင်းဟူသောရာထူးကို ခရစ်နှစ် ၁၂၆၁ ခုထိုး အစောလတ်မောင်နှံကျောက်စာ၌အထင်အရှားဖော်ပြထားသည်ကို တွေ့ရှိရ၏။ ယင်းအိမ်ရှေမင်းသည်ကား နရသီဟဥဇနာပင်ဖြစ်ပြီး ဖခင်နားတောင်းများ လက်ထက်၌ အိမ်ရှေ့မင်းရာထူးရခဲ့သူဖြစ်သည်။ ကျောက်စာ၌

" သြိကြိဘါဝနာ ဒိတျပဝရ ဓမ္မရာဇာ (နားတောင်းများ) မည်သောမင်းကြီးသား အိမ်ရှေ့မင်း နရသီဟဥဇနာ သမီး အစောလတ် မည်သောမင်းသမီးနှင့် အမတ်များကြီးဖြစ်ထသော စယျသင်္ခယ် မည်သော ဒါယကါ မောင်နှံနှစ်ယောက်" ဟုဖော်ပြပါရှိပါသည်။

နရသိဃံဥစနာသည် ထီးနန်းမရရှိမီ ကာလအထိအိမ်ရှေ့မင်း ရာထူးနှင့် ရှိနေခဲ့၏။ ထိုစဥ်က ဖခင်နားတောင်းများမင်း ထီးနန်းစိုးစံနေဆဲရှိပါသေးသည်။နားတောင်းများသည်ခရစ်နှစ်(၁၂၁၁ – ၁၂၃၁ )အတွင်းထီးနန်းစိုးစံခဲ့ပေရာ နရသိဃံဥစနာသည် နားတောင်းများမင်းလက်ထက် နောက်ပိုင်းကာလတွင် ယင်းသို့အိမ်ရှေ့မင်းရာထူးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ သို့သော် အိမ်ရှေ့မင်းရာထူးခန့်အပ်ခံရချိန်ကိုတော့ မသိရပေ။ နားတောင်းများနန်းတက်စ အစောပိုင်းကာလတွင် သားတော်သိန်းပတေ့မင်းသား အိမ်ရှေ့အရာရသည်။ သူ ကွယ်လွန်တော့ ညီဖြစ်သူ တရားမွန်မင်းသားအိမ်ရှေ့ရာထူး ရပြန်၏။ ဆွေတော်စဉ် မှတ်တမ်း တွင် ဤသို့ဖော်ပြပါရှိပါသည်။

သို့ဆိုပါက နရသိဃံဥစနာသည် တရားမွန်မင်းသားကွယ်လွန်ပြီး မှသာ အိမ်ရှေ့အရာကို ရရှိခဲ့သူဖြစ်ပေလိမ့်မည်။

## ထီးလိုမင်းလို

ထီးလိုမင်းလို စေတီတော်ကို နားတောင်းများမင်းက ခရစ်နှစ် ၁၂၁၁ ခု နန်းတက်စတွင် တည်ခဲ့သည်ဆို၏။ ဤထီးလိုမင်းလိုစေတီကို အစွဲပြုလျှက် စေတီဒါယ ကာနားတောင်းများမင်းကိုလည်း ထီးလိုမင်းလိုဟူ၍ ခေါ်ဆိုကြဖြစ်သည်။ ဤတွင်ထီးလိုမင်းလိုနှင့် ပတ်သက်၍ ဓာတ်လမ်းတစ်ပုဒ်ဖြစ်ပေါ် လာလေသည်။

နရပတိစည်သူမင်း နတ်ရွာစံလုနီးအချိန်တွင် အများကျေနပ်မှုရှိစေရန် သားတော်ငါးပါးအလယ်တွင် ထီးဖြူစိုက်၍မင်းဖြစ်ထိုက်သူထံ ထီးဖြူညွတ်စေသတည်းဟု အဓိဋ္ဌာန်ပြုခဲ့သည်ဆို၏။ ထိုအခါထီးဖြူသည် ဇေယျသိမ်မင်းသား (နောင်နားတောင်းများမင်း) ရှိရာဖက်သို့ ညွတ်ကျခဲ့သည်။ဆိုဖြင့် ထီးကလည်းလို မင်းကလည်းလို၍ မင်းဖြစ်လာရသည်ကို အစွဲပြုလျှက် ထီးလိုမင်းလိုမင်းဟု ခေါ်ကြတော့သည်။ ၎င်းထီးဖြူညွတ်ရာအရပ်၌ ဘုရားတည်သောအခါ ထီးလိုမင်းလိုဘုရားဟုပင် အမည်တွင်ပြန်၏။။ ဤမင်းသည် နောင်တော်လေးပါး ကျေနပ်စေရန် အမတ်များအဖြစ် ခန့်အပ်လျှက် တိုင်းပြည်အုပ်ချုပ်ရေးရာကိစ္စ အဝဝကို ဆောင်ရွက်စေခဲ့သည် ဆိုပါသည်။

ဤတွင် ရာဇဝင်ကျမ်းလာဓာတ်လမ်းမှာ ကမောက်ကမဖြစ်နေပေ သည်။ ဝင်စစ်အားဖြင့် နားတောင်းများမင်း၏ ကောင်းမှုတော်စေတီ၏ ဘွဲ့မည် မှာ "တိလောက မင်္ဂလာ" (သုံးလောက၏ကျက်သရေဆောင်) ဟူ၍ဖြစ်ပါသည်။ တိလောကမင်္ဂလာဟူသော မွန်ဘာသာအရေးအသားကို အဖတ်မှားကြရာမှ "ထီးလိုမင်းလို" ဟူသော ဝေါဟာရဖြစ်ပေါ်လာကာ ဘုရားဒါယကာမင်းကိုလည်း ထီးလိုမင်းလိုဟူ၍ ခေါ်ဆိုကြခြင်းဖြစ်သည်။ ထီးဖြူနိုက်ရာနေရာတွင် စေတီတော် တည်ခြင်းနှင့် မည်သို့မျှဆက်စပ်မှုမရှိပေ။

အလားတူပင် နားတောင်းများမင်း၏ အမတ် (၅)ပါး (လေးပါးမဟုတ် ပါ။) တို့မှာ ရာဇဝင်ဓာတ်လမ်းထဲကကဲ့သို့ ညီရင်းအစ်ကိုများ မဟုတ်ကြပေ။ ယင်း အမတ်ငါးပါးမှာ အသခ်ရာ၊ အနန္တသူရ၊ အသဝတ်အမတ်၊ ရာဇသင်္ကြန်နှင့် ဓတ္တလက်သူရတို့ဖြစ်ကြသည်။ နားတောင်းများမင်းထီးနန်းရရှိချိန်တွင် အမိကွဲညီ အစ်ကိုများက ကျေနပ်မှုမရှိဘဲ တော်လှန်ပုန်ကန်ခဲ့ကြရာ အမတ်ကြီးတို့က အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။

နားတောင်းများမင်း၏ ကုသိုလ်တော် ထီးလိုမင်းလိုစေတီတော်သည် ပုဂံညောင်ဦးသွားကားလမ်းဘေး (ပုဂံမြို့အရှေ့ဘက်တစ်မိုင်ခန့်အကွာ) တွင် တည်ရှိပြီး ဥာဏ်တော်မှာ အောက်ခြေမှ ကွမ်းတောင်ထိပ်အထိ ပေ ၁၅၀ခန့် မြင့်မားလှသည်။ အဆောက်အအုံအခြေပတ်လည်မှာ (၁၄၀)ပေအရှည်ရှိသည်။ အင်္ဂတေပန်းများ၊ ဘီလူးပန်းဆွဲများဖြင့် လက်ရာမြောက်စွာ တည်ဆောက်ထား သည်ကို တွေ့ရှိရ၏။ ဦးဗိုလ်ကေ၏ ပုဂံသုတေသနလမ်းညွှန်စာအုပ် "ထီးလိုမင်းလို" စေတီတော်အကြောင်းတွင် စေတီတော်ကို ၂၈ ဖေဖေါ်ဝါရီ ၁၂၁၇ (၅၆၉ ခု တန်ခူးလဆန်း ၁ရက်) တွင် တည်ဆောက်ခဲ့ကြောင်း၊ ကျောက်စာစကားအရ သိရှိရသည်ဆို၏။ သို့ဆိုပါမူ ထီးလိုမင်းလိုစေတီကို နရပတိစည်သူမင်းက စ တင်တည်ဆောက်ခဲ့ပြီး သားတော်နားတော်များလက်ထက်တွင် အပြီးသတ် ခဲ့သည်ဟု ဆိုနိုင်ပေသည်။

ဤအမှတ်အသားမှာ များစွာဖြစ်နိုင်ချေရှိပါသည်။ နားတောင်းများမင်း သည် နန်းတက်စ၌ တော်လှန်ပုန်ကန်မှုများကို နှိမ်နင်းနေရသဖြင့် ဤမျှကြီးမား သော စေတီတော်ကြီးကို တည်ဆောက်နိုင်ဘွယ်မရှိပေ။ ၎င်းဖြင့်နှစ်အတန်ကြာ တည်ဆောက်ရမည်ဖြစ်သည့်အလျောက် နရပတိစည်သူ၏ ကောင်းမှုတော်ကို နားတောင်းများမင်းက လက်စသတ်ခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

## မဟာဗောဓိစေတီတော်

မဟာဗောဓိစေတီတော်သည် ပုဂံမြို့တွင်း၌ တည်ရှိပြီး ခရစ်နှစ် ၁၂၁၅ ခုနှစ်က နားတောင်းများမင်းကြီးတည်ထားကိုးကွယ်ခဲ့သည်ဆို၏။ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိစေတီတော်ကို အခြေခံ၍ တည်ခဲ့သည်ဟု ဆိုပါသည်။ ပုံသဏ္ဌာန်အားဖြင့် ဆောက်မြေအဆောက်အဦးပေါ်တွင် ကွမ်းတောင်ရှည်အပြင်နံ့ရံများရှိပြီး ယင်းနံရံများပေါ်၌ အချိုင့်ကလေးများဖြင့် ဗုဒ္ဓရုပ်ပွားတော်များ ထည့်သွင်းတည်ဆောက်ထားလေသည်။ ကွမ်းတောင်ထိပ်စေတီငယ်နှင့် ထီးတော်မှာမူ ခေတ်နှောင်းကာလ၌ ပြုပြင်ထားခြင်းဖြစ်ပါသည်။

မဟာဗောဓိစေတီ၏ ပုံသဏ္ဌာန်သည်ဆောက်စံကုလားကျောင်းပုံထက်၌ ပိရမစ်သဏ္ဌာန်အထက်သို့ ရှူးတက်သွားသောကြောင့် ကုန်းဘောင်ခေတ်ပုဂံရောက် နိုင်ငံခြားသားသံတမန်တို့က အနောက်တိုင်းပိသုကာပညာရှင်တို့၏ လက်ရာဖြစ်ဟန်ရှိကြောင်း၊ မှတ်ချက်ပြုကြ၏။ စင်စစ်အားဖြင့် မဇ္ဈိမဒေသ ဗုဒ္ဓဂါယာသို့ အရောက်အပေါက်ရှိနေကြပြီဖြစ်သော ပုဂံသားတို့သည် မဟာဗောဓိစေတီတော်၏ ပုံသဏ္ဌာန်ကိုမှီး၍ တည်ဆောက်ခဲ့ကြခြင်းသာ ဖြစ်ပေ၏။ အဆောက်အအုံအတွင်း၌ အပေါ်ထပ်သို့တက်ရောက်ရန် လှေကားရှိပြီး အပေါ်ထပ်မုခ်ကုံးအရှေ့ဘက်နံရံတွင် အင်းဝခေတ်၌ ရေးထိုးခဲ့သော နံရံမင်စာများရှိလေသည်။

ပုဂံခေတ်ကာလတွင် မဇ္ဈိမဒေသနှင့် အဆက်အဆံရှိနေပြီဖြစ်သည်အားလျော်စွာ ပုဂံသာတို့အနေဖြင့် ထူးခြားလှသည့်စေတီတော်ပုံစံကို ကူးယူမှတ်သားလာခဲ့ကြမည်မှာ မလွဲပေ။ ကျန်စစ်သားမင်းကြီး လက်ထက်ကပင် ဗုဒ္ဓဂါယာသို့ သွားရောက်၍ ပျက်စီးယိုယွင်းမှုများကို ပြုပြင်ပေးခဲ့ကြသေးသည်ဆိုပါသည်။

## နန်းတွင်းပုန်ကန်မှု

နားတောင်းများမင်း နန်းတက်စကာလနှစ်အနည်းငယ်အတွင်း၌ အမိကွဲညီဖြစ်သူ ဦးဆောင်သော နန်းတွင်းပုန်ကန်မှုဖြစ်ပွားခဲ့သည်။ ဖွဲ့ရှိသည် နရပတိစည်သူနှင့် ဝဋံသကာဒေဝီမိဖုရားတို့မှ ဖွားမြင်သူသားတော်ဖြစ်ပါသည်။ နန်းတွင်း၌အရေးပေါ်လာသည့် ဝဋံသကာဒေဝီမိဖုရား၏သားတော်များက ထီးနန်းဆက်ခံခွင့်မရရှိသ

သာမန်မိဖုရားက ဖွားမြင်သူသာဖြစ်နိုင်ရခဲ့ပေရာ ပွဲချိုအနေဖြင့် ကျေနပ်နှစ်သိမ့်နိုင်လိမ့်မည် မဟုတ်ပေ။ နားတောင်းများမင်း၏ အမိကွဲညီနောင်တစ်ဦးဖြစ်သူ သိဃံ ပိစည်သည်လည်း ဤနန်းတွင်းပုန်ကန်မှု၌ပါဝင်ခဲ့သည်။

ထူးခြားသည်မှာ ပုန်ကန်မှု၌ နားတောင်းများ၏သားတော် ကျစွာမင်းသား (နောင်ပုဂံဘုရင်) ကိုယ်တိုင်ပါဝင်ခဲ့ခြင်းပင်ဖြစ်ပေသည်။ ကျစွာသည် ခရစ် နှစ် ၁၁၉၈ခုနှစ်၌ ဖွားမြင်သူဖြစ်သည့်အလျောက် ၁၂၁၆ ခုနှစ်မတိုင်မီက ဖြစ်ပွား ခဲ့သည့် ယင်းပုန်ကန်မှုပေါ်ပေါက်ချိန်တွင် အသက် ၁၈ နှစ်ထက်ပိုမည် မဟုတ် ပေ။ ငယ်ရွယ်သူဖြစ်သည့်အလျောက် ဦးရီး၊ ဘထွေးတို့က ဖျားယောင်းသွေး ဆောင်ခဲ့ဟန် တူပေသည်။ ပုန်ကန်မှုကို နားတောင်းများမင်းက အမတ် ၅ပါးအား ဦးဆောင်နှိမ်နင်းစေခဲ့သည်။ ယင်းအမတ်တို့ကား အသစ်ရာ၊ အနန္တသူရ၊ အသ ဝတ်အမတ်၊ ရာဇသင်္ကြန်နှင့် စတ္တလက်သူရတို့ပင်ဖြစ်၏။

အမတ်ငါးပါးသည် ပုန်ကန်မှုကို အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့ကြသည်။ သို့ကြောင့်လည်း တစ်ဦးလျှင်လယ်မြေပယ် (၇၀၀)ဆီ 'ရဲဆု'အဖြစ်ပေးအပ်ချီးမြှင့်ခံခဲ့ကြရသည်။ ပုန်ကန်မှုကို ဦးဆောင်ခဲ့သည့် ပွဲချိုနှင့် သိဃံပိစည်တို့မှာ စီရင်ခံခဲ့ရဟန်ရှိပါသည်။ သို့သော်ပွဲချို၏သားဆိုသူ အမည်မသိမင်းသားနှင့် ကျစွာမင်းသားတို့ကိုမူအပြစ်မှ ခွင့်လွှတ်ခဲ့၏။ ငယ်ရွယ်သူများဖြစ်ကြသည့်အလျောက် ဖျားယောင်းသွေးဆောင်မှုနောက်သို့လိုက်ပါသွားကြသူများအဖြစ် သည်းခံခွင့်လွှတ်ခဲ့ခြင်းဖြစ်ပေသည်။

ပုန်ကန်မှုအရေးနှိမ့်စဉ် ပွဲချို၏သားသည် ထားဝယ်ဘက်သို့ထွက်ပြေးတိမ်းရှောင်ခဲ့၏။ အခြေအနေများ တည်ငြိမ်အေးချမ်းသွားသောအခါ ပွဲချို၏သားက ပုဂံမင်းနေပြည်တော်သို့ ပြန်လာလိုကြောင်း အမတ်ကြီးအသခ်ယာမှ တဆင့် ဆက်သွယ်လာ၏။ ထိုအခါ အမတ်ကြီးအသခ်ယာက နားတောင်းများမင်းအား တင်ပြလျှောက်ထားခဲ့သည်။ ဘုရင်မင်းမြတ်ခွင့်လွှတ်တော်မူသဖြင့် ပွဲချိုသား တော် ပုဂံနေပြည်တော်သို့ ပြန်လည်လာရောက်နေထိုင်ခွင့် ရရှိခဲ့သည်။ ယင်းကိစ္စ အတွက် အသခ်ယာစလင်းကျွန် (၁၃၀) ကို ထပ်မံရရှိခဲ့သေးသည်။

ဖုန်းသည်အသခ်ယာလင်မယားကျောက်စာအရ အမတ်ကြီးအသခ်ယာ စနီးမောင်နှံသည် ၂၈၈ ၁၂၁၆ခုနှစ်တွင် သူ့အတွက်ရရှိသော ရဲဆုလယ်မြေများကို ရတနာသုံးပါးသို့ လှူဒါန်းခဲ့သည်။ ယင်းကျောက်စာတွင်

> *'ဤကျွန် ၁၃၀ကား မင်းသိင်္ခပိညည်ပြစ်သော ပျံ့ရှိုးသားဖြစ်ပါ၍ ထားဝယ်လျောသောအား ပုဂံရောက်ချင်ရကားပေးသော စလင်းကျွန်တည်း' ဗုန်း သည်အသင်္ချာမင်းပန်ရကား ပျံ့ရှိုးသားလည်း ပုဂံရောက်၏။ ပုဂံရောက်ရကား ဗုန်းသည် အသင်္ချာပျံ့ရှိုးသားကျွန်ရသတည်း။ ဘုရားအားလှူသော ကျွန်အပေါင်း ၅၁၀' ဟူ၍ဖော်ပြပါရှိပါသည်။*

ထို့ကြောင့် နန်းတွင်းပုန်ကန်မှုမှာ ၁၂၁၆ခုနှစ် မတိုင်မီဖြစ်ပွားခဲ့ပြီး အောင်မြင်စွာနှိမ်နင်းနိုင်ပြီးနောက် အမတ်များ 'ရဲဆု'ရခဲ့ကြသည်။ အမတ် အသင်္ချာက အစွင့်အရေးပိုမိုရရှိကာ သူရသမျှလယ်မြေကျွန်တို့ကို ၂ မေ ၁၂၁၆ ခုနှစ်တွင် ရတနာသုံးပါးအား ကပ်လှူခဲ့ပေသည်။

## မဟာထေရ်ကျောင်းအလှူတော်

နားတောင်းများမင်းသည် ၈ မေ ၁၂၂၃ခုနှစ်တွင် မဟာထေရ်ကျောင်း၌ လယ်မြေများ လှူဒါန်းခဲ့ပါသည်။ မဟာထေရ်မှာ မဟာဓိဓမ္မရာဇာဂုရုဘွဲ့ရ ဆရာတော်ကြီး ဖြစ်ပြီး နားတောင်းများမင်း၏ ငယ်ဆရာလည်းဖြစ်သည်။ နားတောင်းများမင်း ကြီးကျောက်စာမျက်နှာဘက် တွင်

'မဟာဓိဓမ္မရာဇာဂုရုကို မင်းကြီးနားတောင်းများငယ်သော စာသင်ရကားမင်းဖြစ်ပြီး မဟာဓိကျောင်း၊ ဘုရားအားမင်းကြီးနားတောင်းများလှူသော မြစ်သားလယ် ၁၀၀တည်း'

ဟူ၍ဖတ်ရှုရ၏။ ယင်းမဟာထေရ်ကျောင်း၌ နားတောင်းများမင်းကြီးသာမဟုတ်၊ သူ၏နမစောမင်းလှနှင့် မယ်တော်မိဖုရားစောမြကန်တို့ကပါ ဝါဝင် လှူဒါန်းခဲ့ကြပါသည်။

မဟာထေရ်ဆရာတော်မှာ နားတောင်းများမင်းငယ်စဉ်က စာသင်ပေးခဲ့ရသူ ရဟန်းဖြစ်ပြီး ဝါကြီးသောအခါ၊ မဟာထေရဟုခေါ်ဆိုကြသည်။ ယင်းဆရာတော်မှာ တိလောကမင်ဂိုရ်ကျောက်စာအရ ဓမ္မဝိလာသမထေရ် ဖြစ်ဟန်တူသည်။ မြန်မာစာပေဓမ္မသတ်သမိုင်းတွင် ဓမ္မဝိလာသဓမ္မသတ်ကျမ်းတစ်စောင်ရှိပါသည်။ ယင်းကျမ်းကိုပြုစုသူမှာ မွန်ဘုန်းကြီးသာရိပုတ္တဖြစ်သည်ဆို၏။ ၎င်းဓမ္မသတ်

ကျမ်းကို စီရင်နိုင်ခဲ့ခြင်းကြောင့် ဘုရင်မင်းမြတ်အားရနှစ်သက်တော်မူ၍ ဓမ္မဝိလာသဘွဲ့ကို ပေးအပ်ရာမှ ဆရာတော်အားလည်း ဓမ္မဝိလာသမထေရ်ဟုခေါ်ဆိုကြကြောင်း အမှတ်အသားရှိပါသည်။

ဓမ္မဝိလာသမထေရ်သည်ပင်နားတောင်းများမင်း၏ ငယ်ဆရာဖြစ်မည်ထင်ပါသည်။ မင်းကြီးသည်မဟာထေရ်ကျောင်း၌ သင်ပုတ်လယ်မြေ လှူဒါန်းရာတွင် မြေအပိုင်းအခြားကို ကျောက်စာ၌

*"နားတောင်းများမင်းကြီးလှူတဲ့သော လင်မပြာအရပ်၌ အရှေ့မှာ ကားစလင်းချောင်း၊၊ တောင်မှာကား စလင်းချောင်း၊၊ အနောက်မှာကား လင်မပြာ မြေနှင့်အစပ်၊ မြောက်နှင့်အရှေ့မြောက်ထောင့် ...... မြေနှင့်အစပ်"*

ဟူ၍တိ ကျသေချာစေါ်ပြထားသည်ကိုတွေ့ရှိရပါသည်။ မင်းကြီး၏အမတ်ကြီးတစ်ဦးဖြစ်သူ အနန္တပစ္စည်းကတော့ ကုလားကျောင်း ၊ စလစ်၊ ဆင်ဝင်ဆောက်လုပ်လျှက် မြိုင်ရွာရှေ့ရှိလယ်မြေပယ် ၃၀ ကို လှူဒါန်းပါသည်။

ဤနားတောင်းများမင်း၏ မဟာထေရ်ကျောင်းအလှူတော်ကျောက်စာကို အမတ်ကြီးအနန္တပစ္စည်းကပင် ရေးထိုးမှတ်တမ်းတင်ခဲ့၏။ ကျောက်စာကို

*"ဤငါ့အလှူကိုစောင်မရှုင်သောသူကားလူစည်းစိမ်၊ နတ် စည်းစိမ်နိဗ္ဗာန်စည်းစိမ်လျှင်ရစေကုန်သတည်း ၊ ဤငါ့အလှူကိုဖျက်ဆီးသောသူကား သတ္တဝါဖြစ်သော်လည်း အမျိုးမဲ့ အရေမဲ့သည်ဖြစ်စေကုန်သတည်း၊ လူဖြစ်သောလည်း ဘုရားအဖြစ်ဖြစ်ချွတ်၍ မကျွတ်နိုင်သော လူပြိတ္တာလျှင်ဖြစ်စေကုန်သတည်း နိဗ္ဗာနပစ္စယောဟောန္တု"*

ဟူ၍ အဆုံးသတ်ထားပါသည်။ဤမဟာထေရ်ကျောင်းအလှူတော်ကျောက်စာမှတ်တမ်းကို ထောက်ရှုင့်၍ ကျမ်းပြုဆရာတော် ဓမ္မဝိလာသ၏ တပည့်ရင်းဖြစ်သူ နားတောင်းမင်းကြီးမှာ ကျမ်းတတ် စာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်မည်ဟူ၍လည်း ကောက်ချက်ချနိုင်ပါသည်။

## တကောင်းစစ်ပွဲ

တကောင်းသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနံဘေး၌ တည်ရှိပြီး ကန္နူ (ကတူး) လူမျိုးများ၏ မြို့တော်ဖြစ်ပါသည်။ မြို့ဝန်းတာ ၅၀၅ တာရှိပြီး တစ်ချိန်က အနော်ရထာမင်း၏လက်အောက်ခံ နယ်ခြားမြို့အဖြစ်တည်ရှိခဲ့သည် ဆိုသည်။ ကတူးတို့သည် မြန်မာဘုရင်၏ အုပ်ချုပ်စိုးမိုးမှုကို မခံယူလိုသည် အလျောက် အခါအားလျော်စွာ ပုန်ကန်ခြားနားမှုများရှိခဲ့ဟန်တူပါသည်။ နားတောင်းမင်းများလက်ထက် ခရစ်နှစ် ၁၂၂၉ ခုနှစ်တွင် တကောင်းကို သွားရောက် ခြေမှုန်းရန်တပ်များစေလွှတ်ခဲ့ရ၏။ ထိုစဉ်က တကောင်းစစ်ပွဲကို ဦးဆောင်တိုက်ခိုက်ရသူမှာ စစ်သူကြီးလက္ခဏာလက်ဝဲပင်ဖြစ်သည်။

လက္ခဏာလက်ဝဲသည် တကောင်းစစ်ပွဲတွင် အောင်မြင်မှုရခဲ့၏။ ပုဂံမင်းနေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသောအခါ နားတောင်းများမင်းက ရဲဆုအဖြစ်လယ်မြေအမြောက်အမြားကိုပေးအပ်ခဲ့ပါသည်။စစ်သူကြီးလက္ခဏာ လက်ဝဲက ယင်းလယ်မြေများအားလုံးကို ပုဂံမြို့စာသင်ဂူဘုရားသို့ လှူဒါန်းခဲ့၏။ စာသင်ဂူဘုရား၌ ၂၆ မတ် ၁၂၂၉ ခုနှစ် ရက်စွဲပါကျောက်စာကိုရေးထိုးခဲ့ရာတွင်

"လက္ခဏာလက်ဝဲ တကောင်းစစ်ထိုးသော နားတောင်းသခင် လက်ဝဲကို ရဲဆုမဟာတန်ကြဲတူအရပ် ပန်းထိန္နယ်မည်သောကန် ၁၇၃ ပယ်၊ ခုံတပိုကန်တွင် ၂၇ ပယ်၊ အပေါင်းလယ် ၂၀၀ ဘုရားကြီးကို လက်ဝဲလှူ၏" ဟု မှတ်တမ်းပြုထား၏။

ကြဲတူအရပ်ဆိုသည်မှာ မုံရွာနယ်အမြင့်မြို့ဝန်းကျင်ဖြစ်ပါသည်။ တကောင်းစစ်ပွဲကို ပုဂံမင်းနေပြည်နှင့် ကတူးတို့၏ နောက်ဆုံးတိုက်ပွဲဟု ဆိုကြပြီး ထိုအချိန်မှစ၍ တကောင်းသည် ပုဂံလက်အောက်ခံဖြစ်လာခဲ့သည်။

◆

# နရသီဟဥဇနာ (၁၂၃၁ - ၁၂၃၅ )



(၁၆) နရသီဟဥဇနာ (၁၂၅၁ - ၁၂၅၆ )

# နရသီဃံဥဇနာ

ဤဘုရင်၏အမည်ကို မြန်မာရာဇဝင်ကျမ်းများ၌ တွေ့ရှိရလိမ့်မည် မဟုတ်ပါ။ မြန်မာရာဇဝင်တွင် မင်းယဥ်နရသိင်္ခ ဟူသောဘုရင်တစ်ပါးကို ပုဂံမင်းဆက်၏ (၄၇)ဆက်မြောက်မင်းအဖြစ်ဖော်ပြလေ့ရှိကြ၏။ မှန်နန်းရာဇဝင် ပိုဒ်ရေ (၁၄၈) မှာ ယင်းမင်းယဥ်နရသိင်္ခအကြောင်းဖြစ်ပါသည်။ စင်စစ်အားဖြင့် မင်းယဥ်မှာ ဘုရင်တစ်ပါး၊ နရသီဃံဥဇနာမှာ ဘုရင်တစ်ပါးဖြစ်ပါသည်။

နရသီဃံဥဇနာကို နားတောင်းများမင်းနှင့် မိဖုရားအိမ်တော်သည်တို့မှ ဖွားမြင်ပါသည်။ မွေးသက္ကရာဇ်ကို မသိရှိရသော်လည်း အေဒီ ၁၁၉၅ ခုနှစ်ခန့်တွင် ဖွားမြင်သူဟု မှန်းဆရ၏။

**မျိုးရိုးဆက်နွယ်**

နရပတိစည်သူ + စစ်မြကန်သည်

(သမီး) စောမင်းလှ

(သား) နားတောင်းများ + အိမ်တော်သည်

( သား) နရသီဃံဥဇနာ

နရသိင်္ဃဥစနာ၏ မျိုးရိုးဆက်နွယ်နှင့် ပတ်သက်၍ သူ့ကိုဆက်ခံသူ ညီငယ်ကျစွာ အကြောင်း၌တင်ပြသွားမည်ဖြစ်ပါသည်။ ဖခင်နားတောင်းများသည် နရပတိစည်သူနှင့် မိဖုရားမြကန်သည်တို့၏ သားဖြစ်သည့်အလျောက် နရသိင်္ဃဥစနာကို နရပတိစည်သူ၏ မြေးဖြစ်ကြောင်းသိရှိရ၏။

**မွေးချင်းမှ ၁း**

နရသိင်္ဃဥစနာတွင် ကျစွာအမည်ရှိ ညီငယ်တစ်ဦးရှိပါသည်။ ကျစွာသည် သူ၏ ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သူဖြစ်၏။

## ဘဝဖြစ်စဉ်အကျဉ်း

နရသိင်္ဃဥစနာမင်းသည် ဖခင်နားတောင်းများလက်ထက်ကပင် အိမ်ရှေ့ဥပရာဇာ အဖြစ်ခန့်အပ်ခံရသူဖြစ်၏။ ၁၂၃၁ ခုနှစ်တွင် ပုဂံထီးနန်းကိုဆက်ခံခွင့်ရခဲ့သည်။ သို့သော် နရသိင်္ဃဥစနာမှာ နန်းသက် (၅)နှစ်မျှသာ စိုးစံခွင့်ရခဲ့သူဖြစ်ပြီး သူ့ကိုညီငယ်ကျစွာက ဆက်ခံခဲ့ပါသည်။

## မိသားစုရေးရာ

နရသိင်္ဃဥစနာတွင် မိဖုရားနှစ်ပါးရှိပါသည်။

၁။ အမိဖုရားစော

၂။ သခင်စော

တို့ဖြစ်ကြ၏။

၁။ အမိဖုရားစော

မိဖုရားစောသည် ၂၆ ဧပြီ ၁၂၄၁ တွင် ဝူဘုရားတည်ဆောက်လှူဒါန်းခဲ့သူဖြစ် ပါသည်။ သူ့တွင်သားသမီးသုံးဦးဖွားမြင်ရာ

(၁) သိင်္ဃပတိ

(၂) တရဖျား

(၃) အစောလတ်

တို့ဖြစ်ကြ၏။ နရသီဟပတေ့ဥစနာမှ ဖွားမြင်သူယင်းသားတော်နှစ်ပါးစလုံးမှာ ပုဂံထီးနန်းကိုဆက်ခံခွင့်မရရှိခဲ့ကြပေ။ သမီးအစောလတ်မှာမူ အမတ်ကြီး စေယျသင်္ခ၏ ကြင်ရာတော်ဖြစ်ပြီး ဧ ဩဂုတ် ၁၂၃၁ က စေတီရှု ဘုရားကျောင်းတို့ ဆောက်လုပ်လှူဒါန်းခဲ့သူဖြစ်ပါသည်။

၂။ သခင်စော

သခင်စောမှာ မြန်မာရာဇဝင်တွင် ထင်ရှားသူမိဖုရားကြီးဖွားစောပင်ဖြစ်သည်။ မင်းဝိုင်းဘုရား၌ ကုသိုလ်ကောင်းမှုပြုခဲ့သဖြင့် မင်းဝိုင်းဖွားစောဟုလည်းအမည်တွင်ပါသည်။ ဖွားစောသည် နားတောင်းများမင်း၏ ချွေးမတော်ဖြစ်သည့်အလျောက် အေဒီ ၁၂၁၂ ခုနှစ်ကပင် ဥယျာဉ်တစ်ခုနှင့် လယ်အပယ် ၂၀ ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ဖွားစောသည် ဘာသာတရားလေးစားကိုင်းရှိုင်းသူတစ်ဦးဖြစ်ပြီး ၁၂၆၅ ခုနှစ်နောက်ပိုင်း၌ အလှူဒါနပြုမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့၏။

သခင်စော ခေါ် မိဖုရားကြီးဖွားစောမှ ဖွားမြင်သူမျိုးမှာ
(၁) ဥစနာ - နောင်ပုဂံဘုရင်
(၂) အရိုးစော
တို့ဖြစ်ကြ၏။

## ထီးနန်းအရိုက်အရာ

နရသီဟပတေ့ဥစနာမင်းသည် ညီတော်ကျစွာမင်းသားအား အိမ်ရှေ့ဥပရာဇာအဖြစ်ခန့်အပ်ခဲ့ဟန်ရှိပါသည်။ အမိဖုရားစောမှ ဖွားမြင်သူသား သီဟပတိမှာမူထီးနန်းဆက်ခံပိုင်ခွင့်မရခဲ့ပေ။ ထို့ကြောင့်လည်း နရသီဟပတေ့ဥစနာနတ်ရွာစံလွန်ပြီးနောက်ညီတော်ကျစွာ နန်းတက်စဉ်က နန်းတွင်းရေးအရှုပ်အထွေးအချို့ပေါ်ပေါက်ခဲ့ဟန်တူပေသည်။

## စံသီးရွာအစု

မင်းနန်းသူရွာ အနောက်တောင်ဘက်တွင် စံသီးရွာဘုရားများရှိပါသည်။ စံသီးရွာအစုတွင် အနောက်စံသီးနှင့် အရှေ့စံသီး (ထောက်လှေကားရွာ) ဟူသော

ကျောက်စာတွင်

> "သက္ကရာဇ် ၃၉၆ မှ ဘာသာနှစ်တန်ဆောင်မုန်းလဆန်း ၉ ရက် ကြာသပတေးနေ့ သံပျင်ရွှေညောင်မြေးငါညောင်သင်မှူးပစ် တောင်နောက် အပေါင်းလယ် ၃၀ သခင်ဝိနည်းမိုရ်ကျောင်း ဘုရား၌ လှူ၏ "

ဟူ၍တွေ့ရှိရ၏။ ယင်းကျောက်စာအရ ဘုရားမှာ သခင်ဝိနည်းမိုရ်ကျောင်းဘုရားဖြစ်ကြောင်းတိကျစွာသိရှိရပါသည်။ သို့သော် "ကျောင်းဘုရား" ဟူသောဝေါဟာရမှာမူ စိတ်ဝင်စားဖွယ်ဖြစ်သည်။ကျောင်းရှိရာအရပ်၌ တည်သောဘုရားသော်လည်းကောင်း၊ ဘုရားရှိရာအရပ်၌ တည်သောကျောင်းသော်လည်းကောင်း တပ်အပ်သေချာပြောမပြနိုင်တော့ပေ။

သခင်ဝိနည်းမိုရ်သည် နရသိင်္ဃဥစနာမင်း၏ ကိုးကွယ်ဆည်းကပ်ရာမင်းဆရာတော်ဖြစ်ဟန်ရှိပါသည်။ သီလဝိနည်းတော်နှင့် အညီကျင့်ကြံအားထုတ်နေထိုင်သောရဟန်းဟုဆိုနိုင်ပေရာ ပုဂံခေတ်လယ်ကာလ သာသနာရေး အခြေအနေကို တစ်စိတ်တစ်ဒေသအားဖြင့် မှန်းဆနိုင်ပေသည်။

◆



# ମୁକ୍ତା(୧୮୨୩-୧୮୬୯)



(၁၇) ကျစွာ(၁၂၃၆-၁၂၅၀)


# ကျစွာ

ကျစွာမင်းသည် ၁၉ နှစ်လိုင် ၁၂၃၅ ခုနှစ်တွင် နန်းတက်လာ၏။ ယင်းသို့နန်းတက်ခဲ့ပုံနှင့်ပတ်သက်၍ ပုဂံမြို့စူဠာမဏိဘုရား၏မြောက်ဘက်မုခ်ရှိသည့် ကျစွာမင်းမိထွေးတော်ကျောက်စာတွင်

> *"သက္ကရာဇ် ၅၉၇ ခု အာသိန်နှစ်နံကာ (ဝါခေါင်) လဆန်း ၄ ရက် ကြာသပတေးနေ့ ကျစွာမင်း ရွှေတောင်တက်ပြီ "*

ဟုဖေါ်ပြရေးထိုးထားပါသည်။

**မျိုးရိုးဆက်နွယ်**



ကျူစွာမင်းကို နားတောင်းများမင်းနှင့် မိဖုရားအိမ်တော်သည်တို့မှ ၁၁၉၈၇ ခုတ်လ တွင်ဖွားမြင်သည်။ ကျူစွာမင်း၏ မိခင်မှာ သူငယ်စဉ်ကပင်ကွယ်လွန်သွားပါသည်။ မိခင်၏ ညီမတော်စပ်သည့် မိထွေး (အဒေါ်)က ကျူစွာမင်းအားထိန်းကျောင်းပေးခဲ့ရ၏။ ဤအကြောင်းကို ကျူစွာမင်းမိထွေးတော်ကျောက်စာ၌ပင်

*"ငါ့ မိကိုကားငါမသိလိုက်၊ ငါ့ မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တော ငါ့မိ (ဖြစ်)၏"*

ဟူ၍ ဖော်ပြထားပါသည်။ ကျူစွာမင်း၏ ဖခင်ဘက်မှမျိုးနွယ်ဆက်နှင့်ပက်သက်၍ တင်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် ကျူစွာမင်း၏ မိခင်ဘက်မှ အဆက်အနွယ်ကိုမူ တိကျစွာမသိရပါ။ သာမန်မိဖုရားတစ်ပါးသာ ဖြစ်ဟန်တူ၏။ မင်းတုန်းမင်း လက်ထက်တွင် အဆောင်တော်မြို့ နန်းကျော်ထင်ပြုစုခဲ့သော မှန်ရှည်တပ်ဆွေတော်စဉ် ပုရပိုက်မှတ်တမ်း၌မူ အိမ်တော်သည်ကို အလောင်းစည်၏ မိဖုရားတစ်ပါးမှ ဆင်းသက်လာကြောင်းအဆိုရှိပါသည်။

မည်သည့်မိဖုရားဟု ဖော်ပြထားခြင်းမရှိသည့် အလောင်းစည်သူ၏ မိဖုရားတစ်ပါးသည် မိဖုရားမဖြစ်မီပထမအိမ်ထောင်မှ သမီးစောနန်းကိုဖွားမြင်ခဲ့ပြီး စောနန်းမှာ ရာဇာသူနှင့် လက်ဆက်ခဲ့သည်ဆိုပါသည်။ ယင်းရာဇာသူနှင့် စောနန်းတို့မှ သိစ်သူ ဆိုသည့်သားတစ်ဦးထွန်းကားပါသည်။ သိစ်သူ၏သမီးမှာ အိမ်တော်သည် ဖြစ်သည်ဆို၏။ ကျောက်စာအထောက်အထားအရ ဆိုပါမူ မိဖုရားအိမ်တော်သည်သည် ကျူစွာမင်းကို ဖွားမြင်ပြီး နောက်ကွယ်လွန်သွားခဲ့ဟန်ရှိပေသည်။

## မွေးချင်းများ

ကျူစွာသည် တစ်ဦးသောသားဖြစ်ပြီး မွေးချင်းညီအစ်ကို မောင်နှမများမရှိပါ။ အမိကွဲညီနှစ်ဦးမှာမူ သိန်းပတော့ နှင့် တရားမွန် တို့ဖြစ်ကြပါသည်။ သို့သော် ကျောက်စာမှတ်တမ်းများအရမူ ကျူစွာမင်း၌ နရသိဃ် ဥစ္စနာဆိုသည့် အစ်ကိုရင်းတစ်ယောက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ၏။

## ဘဝဖြစ်စဉ်အကျဉ်း

ကျူစွာသည် ငယ်စဉ်ကပင် မိခင်ကွယ်လွန်ခဲ့ပြီး မိထွေး(မိခင်၏ညီမ) ၏ ပြုစုထိန်းကျောင်းမှုဖြင့်ကြီးပြင်းလာခဲ့ရသည်။ ထို့ကြောင့်လည်း နောင်တွင်ကျေးဇူးရှင်

မိထွေးအား ကျေးဇူးဆပ်သည့်အနေဖြင့် အိမ်တစ်ဆောင်ကောင်းစွာဆောက်လုပ်နေစေခဲ့သည်။ ထို့ပြင် ပုဂံမြို့ဝက်ကြီးအင်းချောင်းအရှေ့ဘက်တွင် ဂူဘုရားတစ်ဆူကိုလည်းမိထွေးအတွက်ရည်စူး တည်ဆောက်ကာကျွန်များကို လှူဒါန်းခဲ့သေး၏။

ကျစွာမင်း၏ခမည်းတော်နားတောင်းမင်းနန်းတက်စက တော်လှန်ပုန်ကန်မှုဖြစ်ပေါ်ရာတွင်ကျစွာကိုယ်တိုင်ပါဝင်ခဲ့သည်။ သို့သော် ဖခင်ဘုရင်က သားတော်ကျစွာကို သာမက ညီတော်အများကိုလည်းအပြစ်မှခွင့်လွှတ်ခဲ့သည်။ ကျစွာသည်ထိုစဉ်က အသက် ၁၄ နှစ်အရွယ်မျှသာရှိသေး၏။ သို့သော်နောင်တွင် ဆရာတော်တို့၏ အဆုံးအမကြောင့် ကျစွာသည်ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့၏။ အသက်၃၇ နှစ်အရွယ်တွင်ကျစွာသည် ဖခင်၏အရိုက်အရာကိုဆက်ခံလျက် ပုဂံဘုရင်ဖြစ်လာပါသည်။ စင်စစ်အားဖြင့်တောင်ပြင်သည်မိဖုရားကြီးမှ ဖွားမြင်သည့်တရားမှန်မင်းသားသည် ထီးနန်းအရိုက်အရာကိုဆက်ခံရန်ရှိသော်လည်း စောစီးစွာကွယ်လွန်ခဲ့သဖြင့် ကျစွာထီးမွေနန်းမွေရရှိလာခြင်းဖြစ်၏။

ကျစွာသည် ပုဂံထီးနန်းကို ၁၄ နှစ်အုပ်ချုပ်စိုးစံခဲ့ပြီး အသက် ၅၁ နှစ် အရွယ်၌ နတ်ရွာစံလွန်ပါသည်။

## မိသားစုရေးရာ

ကျောက်စာမှတ်တမ်းအရ ကျစွာမင်းကြီးတွင် ထင်ရှားသောမိဖုရားဟူ၍ ရာဇဒေဝီတစ်ပါးကိုသာ တွေ့ရှိရပါသည်။

(၁)မိဖုရားကြီးရာဇဒေဝီ

မိဖုရားကြီးရာဇဒေဝီ၏ အမည်ရင်းမှာ ဘွားဦးဖြစ်သည်။ ဘွားဦးသည် နရပတိစည်သူ၏ မြစ်တော်စပ်သူလည်းဖြစ်ပါသည်။ နရပတိစည်သူ၏ သမီးကျောင်းတော်သည်သည် အနန္တသူရိယနှင့် စုံဖက်ကာ သား - သိင်္ဃကာကိုဖွားမြင်၏။ သိင်္ဃကာ၏သမီးမှာ ရာဇဒေဝီဘွဲ့ခံ ဘွားဦးပင်ဖြစ်သည်။ မိဖုရားကြီးရာဇ ဒေဝီနှင့် ကျစွာမင်းတို့မှ သားသမီး (၃)ဦး ထွန်းကား ခဲ့သည်။

(၁) ဥစနာ – အကြီးဆုံးသားဖြစ်ပြီး ဖခင်ကိုဆက်ခံလျှက် ပုဂံဘုရင်ဖြစ်လာခဲ့သူ (ကျောက်စာမှတ်တမ်းအရမူ ကျစွာ၏ သားအရင်းမဟုတ်)

(၂) စောခင်လွှတ် – ခင်ပွန်းအမည်ရာစသကြီ၊ ခင်ပွန်းမှာ ညောင်ဦးဒီး၏ မြစ်တော်စပ်သူဖြစ်ပြီး ရာစသကြီ နှင့် စောခင်လွှတ်တို့မှ စောခံ (ပုသိမ်မြို့စား ဥစနာ၏ဇနီး) နှင့် စောဦး (ဒလမြို့စားကျော်စွာ၏ ဇနီး) တို့ဖွားမြင်

(၃) စောရွှေ – အထောက်အထားမတွေ့ရ

တို့ဖြစ်ကြ၏။ မိဖုရားကြီး ရာဇဒေဝီ၏ သမီးတော် အငယ်ဆုံး စောရွှေနှင့်ပတ်သက်၍မူ ဆွေတော်စဉ်မှတ်တမ်း၌ တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပေ။

(၂)မြောက်နန်းမိဖုရား

မှတ်တမ်းတစ်စောင်တွင် ကျစွာမင်း၌ မြောက်နန်းမိဖုရားတစ်ပါးရှိသေးပြီး ယင်းမြောက်နန်းမိဖုရားမှ သားတော်နှစ်ပါး၊ သမီးတော်လေးပါးဖွားမြင်ခဲ့ကြောင်း ဆိုပါသည်။ သားတော်နှစ်ပါးအမည်ကို မသိရသော်လည်း သမီးတော်လေးပါးကိုမူ အောက်ပါအတိုင်းဖော်ပြထား၏။

(၁) မမင်းလှ

မမင်းလှသည် ဖခင်ကဲ့သို့ပင် ပါဠိ၊ ပိဋကတ် ကျမ်းစာပေများလေ့လာရာ၌ ဝါသနာထုံပြီး ရဟန်းပျိုများအား စာဝါချပေးနိုင်လောက်အောင် တတ်ကျွမ်းလိမ္မာ သူဟု အဆိုရှိပါသည်။ မင်းသမီးမမင်းလှသည် စာပေသင်ကြားပို့ချရာ၌ အဆောင် အခန်းကျယ်၌ လေးဘက်လေးတန်ကန့်လန့်ကာကာရံလျှက် စာချရသည်ဆို၏။ ထိုအတွင်းမှ စာချသောအခါစာသင်သားများကအခြားတစ်ဘက်မှ နာယူမှတ်သားကြရသည်။ ရုပ်ရည်ကိုမမြင်ရပဲ အသံကိုကြားရသည်ဆိုပါသည်။

ထိုကြောင့်လည်း ရဟန်းတစ်ပါးက မင်းသမီး၏ ရုပ်ရည်ကို မြင်တွေ့လိုသဖြင့် စာဝါတွင်မပါသည့် ပါဠိစာကြောင်းကို ထည့်သွင်းရွတ်ဆို စာပြန်ရာမင်းသမီးအားတွေ့ခွင့်ရရှိခဲ့သည်ဆို၏။ သို့ဖြင့် မင်းသမီး မမင်းလှအပေါ်ခွဲလန်းသွားပေရာ ကျစွာမင်းက ကျမ်းတစ်စောင်ပြုစုနိုင်က သမီးနှင့် ထိမ်းမြားပေးမည်ဆို၍ "နျာရာသကျမ်းအဖွင့်ဋီကာ" ကို ရေးသားပြုစုခဲ့ကြောင်း၊ မင်းသမီး

၏ ခင်ပွန်းရဟန်းလူထွက်မှာနောင်တွင် သံဗျင်အမတ်ဖြစ်လာကြောင်း မှတ်တမ်း တစ်စောင်တွင်လေ့လာဖတ်ရှုရပါသည်။

(၂)မကြီးတန် (၃)မမာလာ (၄) မအောင်ဖြူ

ဆောင်းပါးရှင်မဖြင့်ဦး၏ "သံဗျင်မင်းသမီးနှင့် ညီမများ" ဆောင်းပါး (စစ်ပြန် ၁၉၈၆ ဧပြီ) တွင် ကျစွာမင်း၏သမီးတော်များအမည်ကို အထက်ပါ အတိုင်းဖော်ပြ ထား၏။

ကျောက်စာ မှတ်တမ်းများအရမှ ကျစွာမင်းကြီး၏မိဖုရားများအမည်ကို

(၁) စောပုလဲမယ်

(၂) စောမင်းလှ

ဟူ၍သိရှိရပါသည်။

(၁)စောပုလဲမယ်

ကျစွာမင်း၏ မိဖုရားစောပုလဲမယ်အမည်ကို အေဒီ ၁၂၇၄ ခု ထိုးပုဂံ မမှုရာစိက ဘုရားမြောက်ဘက် သမထီးဘုရားတံတိုင်းအတွင်း၌တွေ့ရှိရသည့် ကျောက်စာ တစ်ချပ်တွင် ဖော်ပြပါရှိသည်ကို တွေ့ရှိရ၏။ ယင်းကျောက်စာအရ ၁၀ ဇန်နဝါရီ ၁၂၆၂တွင် မိဖုရားစောပုလဲမယ် သစ်မထီးအရပ်၌ ဂူကျောင်းဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

ကျောက်စာတွင်

"သက္ကရာဇ် ၆၂၃ ခု ဖြဂ္ဂုသိုလ် နှစ်ပြာသိုလဆုတ် ၄ရက် ၁နေ့ အား အရိမဒ္ဒနာပူရမည်သော ပြည်၌ အစိုးရသော အလွန် တကာယ်ဖုန်းတံခိုးကြီးစွာ ထသော ကျစွာမင်းကြီး၏ မယား အမိ ဖုရားစောပုလဲမယ်သည် နိဗ္ဗာန်ဆုကိုလို၍ သစ်မထီးဟူသော မြေအရပ်၌ ဘုရား၊ ဂူ၊ ကျောင်း၊ စလစ်၊ ဆင်ဝင်ပြု၍ ......"

ဟုဖော်ပြပါရှိ၏။

မိဖုရားစောပုလဲမယ်မှ ဖွားမြင်သည့် သားသမီးများကိုမူ မသိရသေးပေ။

(၂)စောမင်းလှ

စောမင်းလှသည် နရပတိစည်သူ နှင့် စောမြကန်သည် တို့မှ ဖွားမြင်သူဖြစ်ပါသည်။ စောမင်းလှသည် နားတောင်းများမင်း၏ နှမလည်းဖြစ်၏။

ကျစွာမင်းကြီးနှင့် စောမင်းလှမှ ဖွားမြင်သူသားသမီးများမှာ

(၁) ပွင့်လှစနီး

(၂) သိဃ်သူ (မိဖုရားမိ၏ခင်ပွန်း)

(၃) မင်းမိ (အမတ်သရေ၏စနီး)

(၄) သုံးလူလ (ဥစနာမင်းမိဖုရား)

(၅) ကဿပဒါယကာ

တို့ဖြစ်ကြသည်။

ကျောက်စာပါတွေ့ရှိချက်များအရဆိုပါမူ ကျစွာ၏ ၁း၁း သိဃ်သူမှာ ပုဂံထီးနန်းကို ဆက်ခံခွင့်မရရှိခဲ့ကြောင်းသိရှိရပေသည်။ သိဃ်သူသည် မိဖုရားမိနှင့်စုံဖက်ရာမှ သမီးတစ်ဦးဖွားမြင်ခဲ့သည်။ ယင်းသမီးတော်မှာ နောင်တရုပ်ပြေးမင်း၏မိဖုရားဖြစ်လာပါသည်။ ကျစွာမင်း၏ သမီးတော်တစ်ပါးမှာမူ ဟန်လင်းသည်၏ မြေးအမတ်ကြီးသရေနှင့် စုံဖက်ရာမှ ရတနာပုံနှင့် ဖွားစောညီအမတို့ကိုဖွားမြင်ခဲ့၏။ ထူးခြားသည်မှာ မှန်ရည်တပ်ဆွေတော်စဉ်ပါ ပုရပိုက်မှတ်တမ်းနှင့် ကျောက်စာ အထောက်အထားတို့ ဆက်စပ်ရယူရန် ခဲယဉ်းနေခြင်းဖြစ်ပါသည်။

## ထီးနန်းအရိုက်အရာ

ကျစွာမင်းတွင် မိဖုရားကြီးရာစဒေဝီ၌ ဥစနာအမည်ရှိသားတော်တစ်ပါးသာ ရှိလေရာ ယင်းသားတော်သည်ပင် ဖခင်၏ထီးနန်းအရိုက်အရာကို ဆက်ခံခွင့်ရှိခဲ့သူဖြစ်လာပါသည်။ မြောက်နန်းမိဖုရားမှ ဖွားမြင်သူဆိုသည့် သားတော်နှစ်ပါးနှင့်ပတ်သက်၍မူ အထောက်အထား တစ်စုံတစ်ရာရှာဖွေမတွေ့ရှိရပါ။

ဥစနာသည် အိမ်ရှေ့ဥပရာဇာအဖြစ်ခန့်အပ်ခံခဲ့ရဟန်ရှိတတ်သော်လည်း ကျောက်စာအထောက်အထားများအရ ဆိုပါက ကျစွာမင်း၏သားတော်

မဟုတ်ပေ။ ကျစွာ၏နှောင်တော်ဖြစ်သူ နရသိင်္ခဥစနာ၏သားသာလျှင်ဖြစ်ပါသည်။ ဤတွင်အကယ်၍ ဥစနာသည်ကျစွာမင်း၏ သားအရင်းမဟုတ်ဟု ဆိုပါ က အဘယ်ကြောင့်ထီးနန်းဆက်ခံခွင့်ရရှိခဲ့သည်ဆိုသော အချက်မှာလည်း နားမလည်နိုင်ဖြစ်ရပါသည်။ ဥစနာသည် ကြွယ်ဝချမ်းသာသူမင်းနိုးရာစာအသိုင်းအဝိုင်းမှ ပေါက်ဖွားလာသည်ကတော့အမှန်ပင်။ သူသည် မင်းမဖြစ်မှီကပင် စနီး သုံးလုလ၊ သမီးအစောကြွမ်းတို့နှင့် အတူ ငွေကြေးအမြောက်အမြား အကုန်အကျ ခံကာအလှူကြီး ပြုလုပ်ခဲ့သေးသည်။

## နန်းတက်စတော်လှန်ပုန်ကန်မှု

ကျစွာမင်းနန်းတက်လာပြီးနောက် ခရစ်နှစ် ၁၂၃၆ ခု နှစ်လမတိုင်မီ၌ပင် ကျစွာမင်းအားတော်လှန်ပုန်ကန်မှုဖြစ်ပွားခဲ့သည်။ တော်လှန်ပုန်ကန်မှုမှာ မိဖုရားငယ်မှ ဖွားမြင်သည့်သားတော် ကျစွာမင်းသားထီးနန်းရရှိခြင်းကို မလိုလားသဖြင့် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ယင်းပုန်ကန်မှုကို မင်းသားသိင်္ခပိကြ နှင့် သီရိဝဍ္ဍနာ တို့က ဦးဆောင်ခဲ့ကြသည်။ သို့သော် မင်းသားများမအောင်မြင်ခဲ့ကြ။ ကျစွာမင်းက တော်လှန်ပုန်ကန်မှုကို ကောင်းမွန်နိုင်နင်းစွာချေမှုန်းနိုင်ခဲ့သည်။

ကျစွာမင်းသည် သိင်္ခပိကြကို အပြစ်မှ ခွင့်လွှတ်ခဲ့၏။ သို့သော်ငြားလည်းအလွယ်တကူတော့မဟုတ်။ သိင်္ခပိကြကို ခွင့်လွှတ်စေဖို့ရာ သူ၏စနီးသည်ဖြစ်သူက ဧခွန် ၁၂၃၆ ခုနှစ်တွင် ကျစွာမင်းကြီးထံဝင်၍ အသနားခံရ၏။ ထိုစဉ်က ကျစွာမင်းကြီးကွန်ပြောက်ငယ်တွင် စံနေတော်မူဓိုက်ဖြစ်ပါသည်။ မင်းနန်းသူရှာမင်းဝိုင်းကျောင်းတံတိုင်းအတွင်းရှိ သဓင်ဖွားစောကျောက်စာတွင်

> *"သက္ကရာဇ် ၅၉၈ ခုကြတိုက်နှစ်မှယ်တာလဆန်း ၅ ရက် ၁ တနင်္ဂနွေနေ့ (ဧခွန် ၁၂၃၆) သီရိဝဍ္ဍနာ ပြစ်သရုပ်အစ်ကို သိင်္ခပိကြပြစ်ပါ၏။ အတို့သခင် စောကြီးကွန်ပြောက်ငယ်၌ နေတော်မူကား သိင်္ခပိကြမယားမိန့်၏။ အတို့ ကျွန်လင်ပုဂံသာနေရစေလသေး၊ ငါကျွန်လယ်၊ ဥယျာဉ်ကား သခင်ယူစေချင်ဟု မိန့်၏။ မိန့်တော်မူပေးရကား ပုဂံနေရ၏၊ မိန့်တော်မူ၏။"*

ဟု ပေါ်ပြပါရှိ၏။

ယင်းကျောက်စာမှတ်တမ်းအရ ကျစွာမင်းသည် သိဃ်ပိကြကို ခွင့်လွှတ်သော်လည်း သူပိုင်လယ်မြေများကိုမူ သိမ်းပိုက်ခဲ့လေသည်။ အလားတူပင် ပုဂံအနန္တဂေါဏဘုရား အာရုံခံအတွင်း စိုက်ထူထားသည့် မဟာသမန်းလင် မယား ကျောက်စာ၌လည်း "မဖုမလျှော့စေမူ၍ မင်းကြီးကို မဟာသမန်း ပန်မေး ၍ လွှတ်ရကား" ဟု ပါရှိပေရာ အပြစ်ရှိသူတို့အား အမတ်ကြီးမဟာသမန်းက ကျစွာမင်းထံကြားမှ တောင်းပန်လျှောက်ထားခဲ့ရကြောင်းသိရှိရ၏။ ကျောက်စာပါ အထောက်အထားများအရ တော်လှန်ပုန်ကန်သူ သိဃ်ပိကြနှင့် သီရိဝဍ္ဎနာတို့မှာ အရေးနိမ့်ခဲ့ကြပြီး နောက်ပုဂံနေပြည်တော်သို့ ပြန်မလာ နိုင်တော့ပဲ ရပ်ဝေး တစ်နေရာ၌ပုန်းခိုနေခဲ့ရဟန် တူပေသည်။ အမတ်ကြီးမဟာ သမန်းက ကြားဝင် ပန်ကြားပေးပြီး သိဃ်ပိကြ၏ဇနီးကိုယ်တိုင်မင်းကြီးနှင့် တွေ့ဆုံသောအခါမှ ခွင့် လွှတ်ကာ ပုဂံသို့ပြန်လည်လာရောက်နေထိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

ကျစွာမင်းနှင့်ပတ်သက်၍ မှန်နန်းရာဇဝင်တွင်

> *"ထိုမင်းကား ပြည်သူပြည်သားတို့အား ရင်ဝေ ကာ်၌ ဖြစ်သော သားကဲ့သို့ သနားတော်မူ၏။ ပိဋကတ်သုံးပုံကိုလည်း ကိုးခေါက် ပြန်၍ သင်တော်မူ၏ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့မှ အထူး ထူးသောအဓိပ္ပာယ်၊ ယတ္တတို့ကို ကြံတော်မူလှ သည်ဖြစ်၍ ....."*

စသဖြင့် ရေးသားဖေါ်ပြထားပေရာ ပညာတတ် ဘုရင်တစ်ပါးဟူ၍ ဆိုနိုင်ပါသည်။ သို့ကြောင့်လည်း မိမိအားတော်လှန်ပုန်ကန်သူများကိုပင် အပြစ်မှ ခွင့်လွှတ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ အမတ်ကြီးမဟာသမန်းသည်မင်းကြီး၏ အရေးပါဆုံးသော မှူးမတ်တစ်ဦးဖြစ်ပြီး တိုင်းပြည်အုပ်ချုပ်ရာတွင် မင်းကြီးနှင့် အတူတိုင်ပင်နီးနှော လုပ်ဆောင်ခဲ့ကြမည်မှာ မလွဲဖြစ်ပါသည်။

## မြကန်ဆည်ယူခြင်းလုပ်ငန်း

ကျစွာမင်းနန်းတက်လာပြီးနောက် ခရစ်နှစ် ၁၂၃၆ ခုနှစ်၌ပင် တူးရှင်းတောင် မြေရှိ မြကန်ဆည်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့၏။ မြကန်သည် ကျန်စစ်သားမင်းကြီး လက်ထက်ကတူးဖေါ်ခဲ့သော ကန်ဟောင်းကြီး ဖြစ်ပါသည်။ မူလတူးဖေါ်စဉ်အခါက ငှက်မျိုးစုံပျော်မြူးကျက်စားရာနေရာဖြစ်သော်လည်း နောင်ကျန်စစ်သားကိုဆက်ခံသည့် မင်းများလက်ထက်တွင် မြကန်ကထာစေတီမ် ကောသွားပါသည်။ "မြကန်သာတောင်ကျရှောင်းတေး" အစရှိ မြကန်ဘွဲ့ကဗျာ

မှာ ဤမြကန်ကြီး၏ သာယာပုံကို ရေးဖွဲ့စပ်ဆိုခဲ့ကြသည့် ပုဂံခေတ်က ကဗျာ ဟောင်းတစ်ပုဒ်ဖြစ်ပါသည်။

ကျန်စစ်သားမင်းကြီးသည် မြကန်အားရေးယခင် အခါကကဲ့သို့ ပြန်လည် ဖို့ပြေစေခဲ့၏။ ကြာရိုးငါးပါးကိုလည်း ပြည့်စုံအောင်ဖန်တီးသည်။ သို့ဖြင့် ဝမ်းဘဲ၊ ဟသ်၊ ကြိုးကြာ၊ စက္ကဝတ် စသည့် ရေပျော်ငှက်တို့မြကန်အနီး ဝန်းကျင်၌ လာရောက်ကျက်စားကြပြန်လေသည်။ မြကန်ဆယ်ယူခြင်းလုပ်ငန်း ကိုဆောင်ရွက်ရုံမျှမက ကျန်စစ်သားမင်းက ကန်အနီး၌ လယ်ယာမြေများကိုလည်း ဖွန်ယက်စိုက်ပျိုးစေသည်။ မင်းကြီးကိုယ်တိုင်မှာလည်း မြကန်အနီး၌ ယာယီ မင်းတဲဆောက်လုပ်၍ စာပေပရိယတ္တိလေ့လာသင်ကြားခဲ့သည်ဆို၏။

မြကန်သည် တုရင်တောင်ခြေနှင့် သက်စိုးတောင်တို့ဘက်မှ ကျဆင်း လာသည့် ချောင်းရေ မိုးရေများကို တာရိုးဖို့ထားခြင်းသာဖြစ်ပေသည်။ ကျန်စစ် သားမင်းက "မဟာနိဗ္ဗာန်လက်ဆွဲမျိုရေကန်" ဟု အမည်ပေးခဲ့ဖူးပါသည်။ ရှေးက ကျောက်ခေါ်ကျောက်ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံငယ်တစ်ခု မြကန်အနီး၌ ရှိခဲ့ဖူးသော်လည်း ညောင်ဦးကျောက်ပန်းတောင်း လမ်းပြုပြင်ရေး လုပ်ငန်းကာလအတွင်းပျောက်ပျက်သွားခဲ့လေသည်။

## တသင်ဂူ

တသင်ဂူသည် ပုဂံမင်းနန်းသူရွာ၏ မြောက်ဘက်၌တည်ရှိသည်။ ခရစ်နှစ် ၁၂၄၅ ခုနှစ်ခန့်တွင် ကျန်စစ်သားမင်းကြီးကတည်ဆောက်ခဲ့သည်ဟု မှတ်ယူရ၏။ တသင်ဂူ၏ အဆောက်အဦးပုံသဏ္ဌာန်မှာ ထူးခြားလှပြီး ပုဂံဒေသတစ်ခုလုံးတွင် တစ်မျိုး တည်းသာ တွေ့ရှိရသောပုံစံဖြစ်ပေသည်။ တသင်ဂူမှာ အုတ်ကျောင်း အဆောက် အအုံတစ်ခုဖြစ်၏။ အောက်ထပ်တွင် အခန်းများရှိပြီးအပေါ်ထပ် အလယ်၌ အဆောင်တစ်ခုကို ထားရှိပါသည်။ အစဉ်အလာမှတ်သားချက်များ အရတသင်ဂူ ဆိုသည်မှာ ကျန်စစ်သားမင်းကြီးစာပေသင်ကြားပို့ချရာ အဆောက်အအုံ အုတ်ကျောင်း ဖြစ်ကြောင်း ဆိုကြပါသည်။

တသင်ဂူနှင့်ပတ်သက်၍ သမိုင်းအထောက်အထားများရှာဖွေလေ့လာ ကြည့်သောအခါ နားတောင်းများမင်းလက်ထက် ခရစ်နှစ် ၁၂၂၆ ခုနှစ်ခန့်က တသင်ဂူတည်ဆောက်မည့်နေရာ အနီးဝန်းကျင် လယ်မြေများကို စစ်သူကြီး

လက္ခနာလက်ဝဲ ဆိုသူက ဘုရားအားလှူဒါန်းခဲ့ကြောင်းသိရှိရ၏။ စစ်သူကြီ
သည် တကောင်းစစ်ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့ရသူဖြစ်ပြီး စစ်ပွဲအောင်နိုင် သောအခ
ရဲ့ဆုအဖြစ် လယ်မြေများပေးအပ်ချီးမြှင့်ခံခဲ့ရသည်။ စစ်သူကြီ
လယ်မြေလှူဒါန်းစဉ်က စာသင်ဂူတည်ဆောက်ပြီးစီးခြင်းမရှိ သေးသဖြင့် သူ
လှူဒါန်းခဲ့သည်ဆိုသောဘုရားမှာ ငါးမျက်နှာဂူဘုရားဖြစ်ပေ လိမ့်မည်။

ကျစွာမင်းကြီးနှင့် ပတ်သက်သမျှများမှာ ဘာသာရေး ဆိုင်ရာ ပညာ
ရေးဆိုင်ရာအဆောက်အအုံများသာ ဖြစ်ကြသည့်အလျောက် ဤစာသင် သာ
ဂူမှာလည်း ပိဋကတ်သုံးပုံ (၃) ခေါက်ပြန်ဆိုရွတ် ခဲ့ဖူးသူကျစွာ မင်းကြီးအတွက်
နှစ်လိုဖွယ်နေရာတစ်ခုဖြစ်ပေလိမ့်မည်။

## ဥစ္စနာမိသားစု၏အလှူ

ဥစ္စနာသည်ကျစွာမင်း၏ နောင်တော် နရသီဃဲဥစ္စနာမှ ဖွားမြင်သူ
ဖြစ်၏။ သူသည် သုံးလူလဆိုသူအ မျိုးသမီးနှင့် လက်ဆက်ခဲ့ပြီး သမီးအစေ
ကြွမ်းကို ဖွားမြင်ခဲ့သည်။ ဥစ္စနာတို့မိသားစုသည် ၂၆ ဒီဇင်ဘာ ၁၂၄၈ ခုနှစ်တွင်
မင်းနန်းသုရွာအနီးရှိ စေတီတော်၌ ကုသိုလ်ကောင်းမှုပြုခဲ့ကြသည်။ ထိုစဉ်က
ဥစ္စနာသည်ဘုရင်မဖြစ်သေး။ ဥစ္စနာတို့ မိသားစုသည် ဂူဘုရားတည်ပြီး ဂူ
အတွက်ကိုလည်း ရွှေသယံနံးကပ်လှူခဲ့ကြ၏။ ထို့နောက် ကျောင်းဟောင်းကြီး
တစ်ဆောင်ကိုလည်းပြုပြင်ကာအသစ်ပြန်လည် ဆောက်လုပ်ခဲ့သည်။ ပိဋကတ်
သုံးပုံ တစ်စုံကူးပြီး ပိဋကတ်တိုက်ကိုလည်းဆောက်လုပ်လှူဒါန်းခဲ့သေး၏။

ဥစ္စနာမိသားစု၏ အလှူတော်ကို သမီးတော်မင်းသမီးအစေကြွမ်းက
ဖခင်ထီးနန်းရရှိလာပြီးနောက်မှတ်တမ်း ပြကျောက်စာရေးထိုးခဲ့သည်။ ထိုစဉ်က
လ၌ သုံးလူလသည်ပင်တောင်ပြင်သည်မိဖုရားခေါင်ဖြစ်နေပေပြီ။ သို့သော်
ဥစ္စနာမိသားစုက နန်းတွင်းတော်ဝင်မိသားစုဖြစ်သော်လည်း မာန်မာနမရှိ
ဘာသာတရားကိုလည်း ကြည်ညိုကိုင်းရှိုင်း၏။ ကျောက်စာတွင် အလှူတော်
ပြုရခြင်း၏ ရည်ရွယ်ချက်ကို

"သံသရာဆင်းရဲမှလွတ်ချင်ရကား မေတ္တာယျမည်သော ဘုရား
သခင် ထံတော်၌ မျက်မှောက်တင်ကာကျွတ်ချင်ရကား အောင်
အငြိမ်သော အထက်ဘဝဂ်တိုင်အောင် ဖီလာကားအနန္တစကြာ

*ဝဋ္ဋာအတိုင်းမသိသော သဗ္ဗ သတ္တဝါ ငြိမ်းချမ်းသောကိုကျွတ်ပါစေရှင်သောကြောင့်"*

ဟူ၍ တွေ့ရှိရ၏။

ဤတွင် အစောကြွမ်းမင်းသမီးသည် ကုန်ကျသမျှ စရိတ်စကကို မှတ်တမ်းရေးထိုးထားသည်။ ကျောက်စာမှတ်တမ်းအရငွေအစုစု၁၇၄၇ ကျပ် ၃ပဲ ၊မွှက် အစုစု ၇၄ပိသာ ကုန်ကျကြောင်းသိရှိရလေသည်။ ထူးခြားသည်မှာ စလစ်ကျောင်းဟောင်းမြို့ပြင်စရိတ်မှာ ၇၅ကျပ် ၁/၄ ပဲသာကျသော်လည်း ပိဋကတ်သုံးပုံကူးယူစာရိတ်က ၁၀၃၇ ကျပ်ကျနေခြင်းပင်ဖြစ်ပါသည်။ ဥစ္စာ မိသားစုသည် ငွေ ၂၁၅ ကျပ်ကုန်ကျသည့် စာကြည့်တိုက်တစ်ဆောင်ကိုပင် ဆောက်လုပ် လှူဒါန်းခဲ့ပါသေးသည်။ တံတိုင်းတည်ဆောက်ရာ၌ ကုန်ကျ စရိတ် မှာမူ ၃၂၃ ကျပ်ဖြစ်ပြီး ဦးထွတ်ပါအုတ်ကျောင်းက ၃၉၂ ကျပ် ကျော်ကုန်ကျ၏။ မင်းသမီးအစောကြွမ်းသည် ကျောက်စာရေးထိုးခဲ့ရာ၌

*"ဤမျှသော ရတနာသုံးပါးကား ငါ့အသက်ရှိသ၍ ကားငါလုပ်ကျွေးသောတည်း၊ ငါ့နှောပျက်၍ အသက်အဆုံး၌တည်း ရောက်စမူကား ဤငါလုပ်ကျွေး၏သို့ ငါ့သားနှစ်ယောက်ကျွေးစေသတည်း"*

ဟုထည့်သွင်းဖေါ်ပြထားပါသည်။ ထို့ပြင် ဖျက်ဆီး နှောက်ယှက်သူများအား ဟန့်တားခြိမ်းခြောက်ထားရာတွင်လည်း

*"ငါလှူသော ကျွန်၊ လယ်၊ ဥယျာဉ် မိုးမြေတို့ကို ဖျက်ဆီးရစ်သောသူကား ဤလူကယ်ထက် လေနလုံးချမ်းသာ မရမူ၍ ကြောင့်ကြလျှက်လျှင်သေသော ဖြစ်စေသတည်း။ ထိုမျိုးဘုရား အဖြစ်ဖြစ်လည်းမဖူးရသော ကိုယ်လျှင်ဖြစ်စေတည်း"*

စသဖြင့် ရေးထိုးထားသည်ကိုတွေ့ရ၏။ ဥစ္စာသည် ဤကြီးကျယ်မြင့်မြတ်သောလှူတော်၏အကျိုးကြောင့်ပင် နှစ်အနည်းငယ်အတွင်း ကျစွာမင်းအား ဆက်ခံသည့် ပုဂံဘုရင် တစ်ပါးဖြစ်လာလေသည်။

## ကျူစွာမင်းအမိန့်တော်ပြန်တမ်း

ကျူစွာမင်းလက်ထက်တွင် ငြိမ်းချမ်းရေးကို ရှေးရှုလျှက်အမိန့်တော်ပြန်တမ်း တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းပြန်တမ်းကို ၂၂ ဧပြီ ၁၂၄၉ ခုနှစ်၊ ၁ မေ ၁၂၄၉ ခုနှစ်နှင့် ၆မေ ၁၂၄၉ခုနှစ်ရက်စွဲပါ ကျောက်စာများဖြင့် ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့အမိန့်တော်ထုတ်ပြန်ခဲ့စဉ်က အိမ်ခြေ (၅၀) ရှိသော ရွာတိုင်းတွင် ကျောက်စာတိုင်စိုက်ထူကြရန်မိန့်ကြားခဲ့တော်လည်း ယနေ့ အထိပြန်တမ်းကျောက်စာတိုင် (၁၁) တိုင်သာတွေ့ရှိ ရပါသေးသည်။ ပြန်တမ်း ထုတ်ပြန်ချိန်မှာ ကျူစွာမင်းနတ်ရွာစံလုနီးအချိန်ဖြစ်သဖြင့် နောင်တက် လာသည့် ဘုရင်လက်ထက်တွင် ဆက်လက်အရေးယူဆောင်ရွက်မှု မရှိတော့ခြင်းလည်း ဖြစ်နိုင်ပါသည်။

၆ မေ ၁၂၄၉ ခုနှစ်ရက်စွဲပါ အမိန့်တော်ပြန်တမ်းကို

"လူများတကာတို့ ဤလူတွင်သော ချမ်းသာ တမလွန်သော ချမ်းသာကို လိုသောသူကား ဤငါစကားကို ရိုသေသောယုံသော မှု၍ လူမကောက် နားထောင်၍ နာအပ်၏။ ဤငါစကားကား မိမိကိုယ်ပညာဖြင့်ကြံ၍ ဆိုသော မဟုတ်စွ့။ မြတ်စွာသော ဘုရားသခင် သဗ္ဗညုစကားကို မှီ၍ ဆိုသတည်း"

ဟုနိဒါန်းပြု ထားသည်ကို တွေ့ရှိရ၏။ ထိုနောက် သူနိုးစာပြုများအား ငြိမ်းခြောက်သိမ်းသွင်းသောသဘောဖြင့် ဆက်လက်ရေးထိုးရာတွင်

"ရှေးလွန်သော၊ မင်းတို့ကား နိုးစားသော သူတို့ကို တံကျင်လျှို သောက စသော အထူးထူးသောသတ်ခြင်းဖြင့် သတ်ကုန်၏၊ ထိုသို့သော သတ္တဝါတကာ တို့၏အမျက်အစီးကို မလိုသော ကြောင့်၊ သတ္တဝါတကာတို့ကိုမိမိသကဲ့သို့ အောက်မေ့လတ်၍ ကရုဏာသည်တိုက်လတ်၍ ဆိုသောစကားတည်း၊ ဤ စကားကိုလိုက်မှုကား ဤလူတွင်သောချမ်းသာ၊ တမလွန်သော ချမ်းသာကိုမလွဲရလျှင်သောတကား"

ဟုဖော်ပြပါသည်။ တဖန်ဆက်လက်၍

"မိုးစားသောသူတို့သည်ကား မိလတ်သောလေ တံကျင်လျို သော ကစဖြင့် အယင်တို့ကား ဆင်းရဲကြီးအားရောက်ကုန်သော တည်း၊ မမိသောကြား လည်း အိပ်သော၊ နေသော၊ ရပ်သော၊ သွားသောက စသဖြင့်လည်း၊ တစေသလျှင် လေ အယင်တို့ကား မချမ်းသာစွတည်း။"

ဟူ၍မိုးသူအပေါင်းတို့အားတရားသဘောနှင့် ယှဉ်၍ဆိုဆုံးမ၏။ ဤတွင် ...မှုဖြင့် စွတ်စွဲခြင်းခံရသူသည် ပြစ်မှုထင်ရှားပါက အမှုနှန်ကျမ်းလာ အတိုင်းပြစ်ဒဏ် ...ရှိလေသည်။ ကျောက်စာတွင်

"အမှုနှန်စာတွင် အကြင်သူမိုးသည် ဤမည်သောအပြစ်တည်း ဖြစ်မူ ကားဤမည်သောဒဏ်ပေးစေ ပေးအပ်၏"

ဟုဖေါ်ပြထားပါသည်။

ဤတွင်ရှေးခေတ်ကာလပြစ်ဒဏ်စီရင်ပုံကို ကျောက်စာ၌ ထည့်သွင်း ...ဖေါ်ပြထားရာတွင်

"မိုးစားသော သူကား ငရဲကြီးပြိတ္တာ၊ အသူရာ၊ တိရစ္ဆာန်၊ အပါယ်လေး ပါးသောသည်ကားအရင်၊ မိုးသူအိမ်လျှင်မည်၏။ မသေခင်လျှင်လေဖမ်းမိလျှင် အထူးထူးသော သတ်ခြင်းအား ရောက်ကုန်၏။ အသို့သတ်ခြင်းနေဟူမူကား အရေနယ်သံဆူး တပ်၍ ဝတ်သော၊ အဆူးရှိသောကြိမ်လုံးနှင့် ဝတ်သော၊ နားလှီး သော၊ နှာခေါင်းလှီးသော၊ ခြေလက်ဖြတ်သော၊ ထိပ်ထွင်း၍ သံပူရဲရဲထည့်၍ ဦးနှောက်ကျိုက်ကျိုက်ဆူလျှက်သေသော ......"

စသဖြင့် တွေ့ရှိရသည်။

ကျစွာမင်း၏ အမိန့်တော်ပြန်တမ်းတွင် ပြစ်ဒဏ်စီရင်ပုံအချို့ကို မစ္စမ ...ဂါယ်၊ အဂ့်တွန်နီကါယ်နှင့် မိလိန္ဒပဉှာတို့မှ ကူးယူဖေါ်ပြထားသည်ဟု ဆိုပါ ...ည်။ ကျစွာမင်းသည် ယင်းသို့ထည့်သွင်းဖေါ်ပြထားခြင်းမှာ ခြောက်လှန့်ရုံ ...ာ်သက်သက်မျှသာ ဖြစ်မည်ထင်ပါသည်။ အမှန်တကယ်လိုက်နာ ပြစ်ဒဏ်ပေးလို ...ုတ်မည် မထင်ပါ။ တနည်းအားဖြင့် ပုဂံနေပြည်တော်၌ သူခိုးဓားပြများထ ...ူသောင်းကျန်းနေသဖြင့် ယင်းသို့ အမိန့်တော်တစ်ရပ် ထုတ်ပြန်ရခြင်းလည်း

ဖြစ်ပေလိမ့်မည်။ ကျူရှာမင်းသည် ကျောက်စာတိုင်များကို ကျေးရွာကြီးများ
စိုက်ထူရုံမျှမက လပြည့်၊ လကွယ်၊ ဥပုသ်နေ့များ၌ ကျေးရွာသူကြီးများ
ဦး ဆောင်၍ ဖတ်ပြရှင်းလင်းစေခဲ့သည်။ ကျောက်စာတိုင် မရှိသော
ယ်များတွင် နေထိုင်ကြသူများအနေဖြင့်လည်း ကျောက်စာတိုင်ရှိရာနေရာ
လာရောက်ကြ ရန် မိန့်ကြားခဲ့၏။ သို့သော် ကျူရှာမင်းသည် မိမိ၏ ပြန်တမ်း
ပြည့်စုံစွာ စိုက်ထူမပြီးမီ၌ပင် နတ်ရွာစံလွန်သွားပါသည်။

အမိန့်တော်ပြန်တမ်း ကျောက်စာတစ်နေရာတွင် (၄၄၄) ဟူ
ဂဏန်းကိုလည်း တွေ့ရှိရ၏။ ယင်းဂဏန်းမှာ မူလက တိုင်ပေါင်း ၄၄၄
စိုက်ထူမည်ဟု ရာထားခဲ့၍လော မဆိုနိုင်ပါ။ သို့တည်းမဟုတ် ရည်ရွယ်ချ
ထည့်သွင်းထုရေးထားခြင်းလည်း ဖြစ်နိုင်ပါသည်။ အကယ်၍ မူလက ၄၄၄
စိုက်ထူရန်ရာထားခဲ့သည် ဆိုပါမူ ထိုခေတ်ကာလက ပုဂံပြည်တွင် အိမ်ထော
နှစ်သောင်းကျော်ရှိပေလိမ့်မည်။ (တစ်တိုင်လျှင် အိမ်ထောင်စု ၅၀နှုန်းဖြင့်
တွက်ချက်ပါသည်) ထို့အတူ အိမ်ထောင်စုတစ်စုလျှင် လူဦးရေ (၄)ယော
သည်ဆိုပါက ပုဂံတစ်ပိုက်ရှိ လူဦးရေမှာ တစ်သိန်းဝန်းကျင်ခန့်သာ ရှိ
မည်။

◆



# ଓଡ଼ିଶା ( ୧୨୬୪ - ୧୨୩୫ )



(၁၈) ဥဇနာ ( ၁၂၄၉ – ၁၂၅၆ )

# ဥဇနာ

ကျစွာမင်းကို တူတော် ဥဇနာက ၁၂၄၉ ခုနှစ်တွင် ဆက်ခံခဲ့၏။ ဥဇနာ၏ဘွဲ့အမည်မှာ ဗြိတြိဘဝနာပဝရဒိတျဓမ္မရာဇာဇေယျ သူရဖြစ်ကြောင်း အဓောကြွမ်း ကျောက်စာ၌ ဖေါ်ပြပါရှိပါသည်။

## မျိုးရိုးဆက်နွယ်

နားတောင်းများ + အိမ်တော်သည်

(သား) ကျစွာ

(သား) နရသိင်္ဃဥစ္စနာ + ဖွားစော　　သံပျင်သမန္တကုံထံ　　မဟာသမန်းကြီး

(သား) ဥဇနာ

ဥဇနာမင်းကို နရသိင်္ဃဥစ္စနာနှင့် မိဖုရားဖွားစောတို့မှ ၂၃ ဖေဖော်ဝါရီ ၁၂၁၃ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဖခင် နရသိင်္ဃဥစ္စနာသည် ကျစွာမင်း၏နောင်

တော်ရင်းဖြစ်သည့်အလျောက် ဖခင်ဘက်မှ မျိုးရိုးဆက်နွယ်ကို တင်ပြရေးသားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မိခင်ဘက်မှ အမျိုးအနွယ်များကိုသာ ရှာဖွေတင်ပြသွားပါမည်။ မိခင်ဖွားစောသည် နရပတိစည်သူမင်းကြီးနှင့် မိဖုရားဦးဆောက်ပန်းတို့မှ ဆင်းသက်လာသူဖြစ်၏။ ဖွားစော၏ဖခင်မှာ မိဖုရားဦးဆောက်ပန်း၏မောင်သုလာဖိရစ်ဖြစ်ပြီး ပုဂံဘုရင်၏ ယောက်ဖတော်အမတ်ကြီးအဖြစ် ကျောက်စာ၌တွေ့ရှိရပါသည်။ ဖွားစော၏ အရီးတစ်ဦးမှာလည်း သခင်အခေါ်ခံရသူ အိုထက်ပြည့်ဘင်အမည်ရှိ အမျိုးသမီးကြီးဖြစ်ပါသည်။

ဥစနာ၏မိခင်ဖွားစောတွင် အစ်ကိုနှစ်ဦးရှိပြီး နှစ်ဦးစလုံးမှာ ထိပ်တန်းနန်းတွင်းအရာရှိကြီးများဖြစ်ကြ၏။ အစ်ကိုတစ်ဦးမှာ သံပျင်သမန္တကုံထံဖြစ်သည်။ သူသည် အလှူအတန်းရက်ရောသူဖြစ်ပြီး ၁၂၄၄ ခုနှစ်က ဝိနည်းဓိုရ်ဘုရားတွင် အလှူကြီးပြုခဲ့ဖူးသူဖြစ်၏။ အခြားအစ်ကိုတစ်ဦးမှာမူ အမတ်ကြီးမဟာသမန်းဆိုသူ ဖြစ်ပါသည်။ သူသည်ကျစွာမင်းနှင့် ဥစနာမင်းတို့လက်ထက် ထင်ရှားခဲ့ပြီး မင်းမတ်မနောရာဇာအမည်ရသူဖြစ်ဟန်တူ၏။

## မွေးချင်းများ

ဥစနာမင်းတွင် အရီးစောဆိုသူအစ်မတစ်ဦးရှိပါသည်။ အရီးစောဟုသည် တုတော်နရသီဟပတေ့မင်းက ခေါ်ဝေါ်ခဲ့သောအမည်ဖြစ်ဟန်တူ၏။ ယင်းအမည်ဖြင့်ပင် ထင်ရှားခဲ့ပါသည်။ ပုဂံမြို့ဓမ္မရာဇိကဘုရားမြောက်ဘက်သမထီးကျောက်စာ၌

> "ဘုရားရှင်တော်အရီးစော ဤလူတွင်၌ အတိုင်းမသိ သဒ္ဓါလာ၍
> ပြုသောကောင်းမှုအကျိုးကား ရေမြေစပ်သိမ်းသော သခင်ဖြစ်
> သောမင်းကြီး"

စသဖြင့်ဖတ်ရှုရသည်။

## ဘဝဖြစ်စဉ်အကျဉ်း

ဥစနာမင်း၏ဘဝဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ်မသိရှိရသေးပါ။ ထီးနန်းရရှိစဉ် အသက် ၃၆နှစ်အရွယ်ရှိပြီဖြစ်ပြီး ပုဂံထီးနန်းကို (၅)နှစ်မျှစိုးစံအုပ်ချုပ်ခဲ့ရ၏။ ထို့နောက် ဒလမြို့၌ နတ်ရွာစံလွန်ပါသည်။ မှန်နန်းရာဇဝင်အရဆိုပါလျှင် ဥစနာမင်းသည် အိမ်ရှေ့ဥပရာဇာဘဝကပင် တောကစားဝါသနာပါ

ပြီး ၁လဘက်သို့စုန်ဆင်းလေ့ရှိပါသည်။ ၁လတွင် ယာယီမင်းတဲတည်ဆောက်စေလျှက် ထို၌နေထိုင်ရင်း ဆင်ကစားလေ့ရှိသည် ဆိုပါသည်။ သို့ကြောင့်လည်း ၁လ၌ဆင်ရိုင်းဖမ်းမိုက် နတ်ရွာစံလွန်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

**မိသားစုရေးရာ**

ဥစနာမင်းကြီးတွင်မိဖုရားနှစ်ပါးရှိပါသည်။ဆွေတော်စဉ်မှတ်တမ်းအရ

၁။ တောင်ပြင်သည်

၂။ မိဖုရားစုလည်းထုံး

တို့ဖြစ်ကြပါသည်။

၁။ တောင်ပြင်သည်

တောင်ပြင်သည်ဟူသည် တောင်နန်းမတော်မိဖုရားကြီးဆိုလိုရင်း ရှိပါသည်။ တောင်ပြင်သည်မှာ အလောင်းစည်သူ၏သားတော် သရက်မင်းရှင်စော၏ မြေးဖြစ်ကြောင်း ဆိုပါသည်။ ကျောက်စာမှတ်တမ်းများအရမူ မိဖုရားကြီးမှာ တြိလောကစနွာဘွဲ့ခံသုံးလူလဖြစ်၏။ သုံးလူလသည် ကျစွာမင်းကြီးနှင့် မိဖုရားစောမင်းလှတို့မှ ဖွားမြင်သူဖြစ်ပါသည်။ သားတစ်ဦးထွန်းကားရာ

(၁) သီဟသူ - ၁၂၅၅ ခုနှစ်တွင် ရာဇသင်္ကြန်နှင့် မှူးမတ်တစ်စုက ဖမ်းဆီးလုပ်ကြံဟုဆို

ပင်ဖြစ်ပါသည်။

ဤ၌တွင် ကျောက်စာမှတ်တမ်းနှင့် လုံးဝကွဲပြာခြားနားနေသည်ကို တွေ့ရှိရ၏။ ကျောက်စာများတွင် တွေ့ရှိရသည် မိဖုရားကြီးတြိလောကစနွာမှ ဖွားမြင်ကြသူများမှာ

(၁) မင်းယဉ် - ၁၂၅၆ခု ပုဂံ၌ နန်းတက်

(၂) အစောနာလုံ

(၃) အစောကြွမ်း - သားနှစ်ဦးဖွားမြင်

(၄) စောပုလဲ - တရုတ်ပြေးမင်း၏ မိဖုရား

(၅) စောနားစွင့်

(၆) သားငယ် - အမည်မသိ

တို့ဖြစ်ကြပါသည်။

ဥစ္စနာမင်းနှင့် ပတ်သက်၍ မြန်မာရာဇဝင်ကျမ်းများ၌ရော ကျောက်စာမှတ်တမ်းတွင်ပါ တူညီစွာပါရှိသူ မိဖုရားတစ်ပါးရှိပါသေးသည်။ ယင်းမိဖုရားက ပန်းပွတ်သည် တစ်ဦး၏ သမီးပင်ဖြစ်၏။

၂။ မိဖုရားစုလည်းထုံး
ပန်းပွတ်သည်သမီးကို ဥစ္စနာမင်းကမိဖုရားအရာ မြှောက်ခဲ့ရာ၌ ယင်းပန်းပွတ်သည်သမီး အမည်ကို စုလည်းထုံးဖြစ်ကြောင်း၊ မြစ်သားရွာစာတိပန်းပွတ်သည် သမီးဖြစ်ကြောင်း ဓလေ့တော်စဥ်မှတ်တမ်းက ဆိုပါသည်။ ယင်းပန်းပွတ်သည် သမီးမိဖုရားမှသားတစ်ပါး ဖွားမြင်ခဲ့၏။ သားတော်မှာ

(၁) နရသီဟပတေ့ - ၁၂၅၆ ခု ပုဂံ၌နန်းတက်

ပင်ဖြစ်၏။ယင်းသို့ဖော်ပြချက်နှင့် ပတ်သက်၍မှ မြန်မာရာဇဝင်ကျမ်းနှင့် ကျောက်စာပါ အချက်အလက်များ ယေဘုယျအားဖြင့် ကိုက်ညီမှုရှိသည်ဟု ဆိုနိုင်ပါသည်။ထူးခြားသည်မှာ မှန်နန်းရာဇဝင် ပိုဒ်ရေ (၁၅၁)လာ ဥစ္စနာမင်း အကြောင်း၌ ဆိတ်ထိန်းကမ်းဖြူရွာသူ အမျိုးသမီးငယ်ကို မိဖုရားလည်းမရောက်၊ မောင်းမလည်းမက သူကောင်းပြုတော်မူ၍ မင်းကြီးသွားတော်မူလေရာ အမြဲလုပ်ကျွေးရခြင်းပင် ဖြစ်ပါသည်။ ယင်းအမျိုးသမီးငယ်သည် ကလေးဘဝကပင် ဖခင်လယ်ထွန်ရာအနီး၌ မြွေငန်းကြီးတစ်ကောင်၏ ပါးပြင်းအုပ်မိုးခြင်းခံခဲ့ရဖူးသည်ဆို၏။ ယင်းအမျိုးသမီးငယ်မှာ နောင်မိဖုရားကြီးဖွားစောဖြစ်လာကြောင်း ရေးသားဖော်ပြကြသည်ကို တွေ့ရှိရပါသည်။ စင်စစ်အားဖြင့် ဥစ္စနာမင်း၌ ဖွားစောအမည်ခံမိဖုရားလုံးဝမရှိပါ၊ မှန်နန်းရာဇဝင်၌ပင် ယင်းသူငယ်မအမည်အား မိဖုရားစောဟူ၍ ရေးသားဖော်ပြထားခြင်းမရှိသည်ကို သတိမူသင့်ပါသည်။

## ထီးနန်းအရိုက်အရာ

ဥစ္စနာမင်း၏ ထီးနန်းအရိုက်အရာကို ဆက်ခံနိုင်ခွင့်ရှိသူဟူ၍ သားတော်နှစ်ပါးထွန်းကားခဲ့ကြောင်း၊ တွေ့ရှိပါသည်။ တစ်ပါးမှာ မိဖုရားကြီးကြီးလောကစန္ဒာမှ ဖွားမြင်သည့် အမည်မသိသားငယ်ဖြစ်ပြီး ကျန်သားတော်တစ်ပါးမှာ ပန်းပွတ်သည်သမီးက ဖွားမြင်သူ နရသီဟပတေ့ဖြစ်၏။ ဤတွင် အမည်မသိသားငယ်ဆိုသူမှာ မင်းသား သီဟသူဖြစ်ဟန်တူပါသည်။ သီဟသူ၏

ဘဝနိဂုံးကို အမတ်ကြီးရာစေသကြိန်နှင့် မှူးမတ်တစ်စုတို့က စီရင်ခဲ့ကြောင်း ဆွေတော်ခဉ်မှတ်တမ်း က ဆိုပါသည်။ သီဟသူသည် တွံတေး (ရှေးဒလမြို့) တွင် လုပ်ကြံခံရဟန်ရှိ၏။ (မင်းသားသီဟသူ၏ အလောင်းကို အင်္ဂလိပ်ခေတ်က ရှေးဟောင်းသုတေသန အရာရှိတစ်ဦးက ခွဲ့အိုးအလုံပိတ်တွင်း တွေ့ရှိရာမှ နိုင်ငံခြားသို့ သင်္ဘောဖြင့်သယ်ဆောင်သွားကြောင်း၊ မိမိနိုင်ငံရောက်ရှိခဲ့ပြီးနောက် မြေအောက်ထပ်ရှိ မှန်ပေါင်းရှောင်တွင်းသို့ ပြောင်းရွှေ့ထိမ်းသိမ်းထားကြောင်း သတင်းစာဆရာဦးသိမ်းမောင်၏ ဆောင်းပါးတစ်ပုဒ်ကဆို ပါသည်)

ဥစ္စနာမင်း၏သား သီဟသူမှာ ၁၂၅၅ ခုနှစ်တွင် အိမ်ရှေ့ဥပရာဇာအရာ ရရှိခဲ့သော်လည်း အမှန်တကယ် ထီးနန်းဆက်ခံခွင့်ရရှိခဲ့သူမှာ ပန်းပွတ်သည် သမီးမိဖုရားမှ ဖွားမြင်သူ နရသီဟပတေ့သာဖြစ်ပါသည်။

## သံပျင်စွာကျောင်းအလှူတော်

သံပျင်စွာသည် ဥစ္စနာမင်းလက်ထက် ထင်ရှားသော မင်းမတ်တစ်ဦးဖြစ်၏။ သူ သည် အနောက်ဖွားစောစွာ မှုရာစိကစေတီတော် အရှေ့မြောက်ဘက်တွင် နှစ် ထပ်ဂူဘုရားကို ဆောက်လုပ်လှူဒါန်းခဲ့၍ ယင်းဂူဘုရားကို ဒါယကာ သံပျင်စွာ တည်ဆောက်လှူဒါန်းခဲ့သည်ကိုအစွဲပြု၍ သံပျင်စွာဂူဘုရားဟု အမည် တွင်ပါသည်။ ၆ ခွန် ၁၂၅၃ ခုနှစ်ရက်စွဲပါ သံပျင်စွာကျောင်းကျောက်စာတွင်

*"သက္ကရာဇ် ၆၁၅ ခု မွယ်တာ (ဝါဆို) လဆန်း ၁၀ရက် တနင်္လာ နေ့ သံပျင်စွာကျောင်းတွင် ကုလားကျောင်းမှစ၏"*

ဟုရေးထိုးထားပါသည်။

သံပျင်စွာသည် ဂူဘုရား၌ လယ်မြေများလှူဒါန်းရာတွင် ညောင်ကိုင်းရွာမှ လယ် (၅၀) မှာ နားတောင်းများမင်းထံပန်ကြားရာမှ ရရှိခဲ့ကြောင်း ကျောက်စာ၌ ဖော်ပြထား၏။ နားတောင်းများမင်း (၁၂၁၁–၁၂၃၁)သည် ဥစ္စနာမင်း၏ အဘိုးဖြစ်သည့် အားလျော်စွာ သံပျင်စွာအနေဖြင့် သက်ကြီးဝါကြီးအမတ်ကြီးဖြစ်မည် ဟု မှန်းဆရပေသည်။ ကုသိုလ်ကောင်းမှုကို အမျှအတမ်းပေးဝေရာ၌

*"ဤငါလှူသော ကောင်းမှုအကျိုးကား ငါမိ၊ ငါ့ဖ၊ ငါ့အစ်ကို ငါ့နှမ စသော အဆွေအမျိုး (၇)ဆက်ရပါစေသတည်း"*

ဟု ဖော်ပြရေးထိုးခဲ့၏။

သံဖျင်ရွာ၏ လယ်မြေအလှူတွင် အသိသက်သေ ၉ ဦးအား တိုင်တည်ထားပေရာ ထိုသူများထဲတွင် မင်းမတ်မှန်ရှည်သင်၊ ကူနသူရွှေ၊ သုရန်ကတ်၊ ကဲ့သို့သော မင်းစိုးရာစာများ ပါဝင်ခဲ့ပေသည်။ သို့သော် အသိသက်သေအချို့တို့ အမည်များမှာ တိုင်းရင်းသားအမည်များထက် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားတို့၏ အမည်များပို၍ ဖြစ်ဘွယ်ရှိနေပါသည်။

## ဦးရိုးတော်ကောင်းမှု

ဥစနာမင်းသည် နရသီဃဥစနာနှင့် မိဖုရားဖွားစောတို့၏ သားဖြစ်သည်။ ဖွားစော၌အစ်ကိုနှစ်ယောက်ရှိရာ တစ်ယောက်မှာ မဟာသမန်းကြီးဖြစ်ပါသည်။ ဥစနာ၏ မင်းမတ်မနောရာစာဆိုသူမှာ ယင်းဦးရိုးတော် မဟာသမန်းကြီးကိုပင် ဆိုလိုဟန်ရှိ၏။ သို့တည်းမဟုတ် မဟာသမန်းကြီး၏ ညီဖြစ်ကောင်းဖြစ်လိမ့်မည်။

ဥစနာမင်း၏ ဦးရိုးတော်သည် ပုဂံမြို့မင်းနန်းသူရွာရှိ စားပွဲမှောက်ဘုရား၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သူဖြစ်ပါသည်။ ၂ နိုဝင်ဘာ ၁၂၅၅ စနေနေ့ရက်စွဲပါ ဥစနာမင်း၏ ဦးရိုးတော်ကျောက်စာတွင်

> *"သက္ကရာဇ် ၆၁၇ခု စယ်နှစ်နတ်တော်လဆန်း ၃ရက်၊ ကြာသပတေးနေ့ အာ၊ ဥစနာမင်းကြီး ဦးရိုးတော်မင်းမတ် မဟာသမန်း ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို လှူသောလယ်ကား ကြတူလယ်၁၀၀၊ကြုံသရည်လယ်၅၀၀၊ ကုလားလယ်၈၀၊ ခန္ဓီလယ် ၅၀၊ မဏ္ဍလယ် ၅၀၊ နှယ်နီ ၂၅၀ယ်၊ ပုစန်း လယ် ၂၀၊ ဆင်ဦးလယ် ၁၀၀၊ ရဿနေလယ် ၅၀တွင် မင်း မယားကို ပေး၏။"*

ဟု ဖေါ်ပြရေးထိုးထားပါသည်။

ဤတွင် မင်းမယားဟူသည် မဟာသမန်းကြီး၏ သမီးကိုဆိုလို ကြောင်း အခြားကျောက်စာတစ်ချပ်၌ ရည်ညွှန်းဖေါ်ပြထားသည်ကို တွေ့ရှိရပါ သည်။ ယင်းကျောက်စာ၌ "မင်းမတ်မဟာ သမန်းသမီးအတွင်း မင်းမယား ကျောင်းဖြစ်" ဟုတွေ့ရှိရ၏။ မဟာသမန်းကြီးနှင့် သမီးတို့သည် နောင် (၃)နှစ် အကြာ၌လည်း

ယင်းစားပွဲမှောက်ဘုရားဝန်းကျင်၌ ကုသိုလ်ကောင်းမှုများ ဆက်လက်ပြုလုပ်နိုင်ကြောင်းသိရှိရပါသည်။ စိတ်ဝင်စားဖွယ်အချက်တစ်ချက်မှာ မဟာသမန်ကြီး၏ အလှူတော်လယ်မြေများထဲတွင် ကမ္ဗောဒီယားလူမျိုး ငပုတက်ထံမှ ဝယ်ယူရရှိသည့် လယ်မြေများပါဝင်နေခြင်းဖြစ်၏။

နားတောင်းများမင်းလက်ထက်က ကွန်းသာယာဆင်ရှုကွန်းတွင် မင်းကြီးနားတောင်းများဆင်ပွဲလာရောက်ကြည့်ရှုခဲ့ဖူးပါသည်။ ထိုစဉ်က ဆင်ပေါ်၌ ဖျော်ဖြေအစွမ်းပြခဲ့သူမှာ ကြွမ်း (ကမ္ဗောဒီးယား) လူမျိုး ငပုတက်ဖြစ်၏။ ငပုတက်သည် မင်းကြီးအပါအဝင်ညှိပရိတ်သတ်တို့အား ဆင်ကဖြင့် ဖျော်ဖြေနေစဉ် မတော်တဆဖြစ်ကာဆင်ပေါ်မှ လိမ့်ကျခဲ့သည်။ မြေထောက်တွင် အကြီးအကျယ်ဒဏ်ရာရကာမြေပြုတ်ထွက်သွားသည် ဟုလည်းဆိုပါသည်။ နားတောင်းများမင်းသည် ဆင်ပွဲ၌ဖျော်ဖြေအသုံးတော်ခံသူ ငပုတက်အားဂုဏ်ပြုသည့်အနေဖြင့် လယ်မြေများပေးသနားခဲ့၏။

နှစ်အတန်ကြာပြီးနောက် ခုက္ခိတဖြစ်နေသူ ငပုတက်က နားတောင်းများမင်းကြီး သူ့ကိုဂုဏ်ပြုပေးအပ်သည့်လယ်မြေများကို ဥစ္စနာမင်း၏ ဦးရီးတော် မဟာသမန်ကြီးအားရောင်းချပစ်လိုက်ပါသည်။ မဟာသမန်ကြီးက ယင်းလယ်မြေများကို စားပွဲမှောက်ဘုရား၌ ကုသိုလ်ကောင်းမှုပြုစဉ် ရတနာသုံးပါးသို့ ရည်စူး၍ လှူဒါန်းလိုက်၏။ ဤအကြောင်းကို မဟာသမန်ကြီးကျောက်စာ၌

> *"နားတောင်းများကွန်းသာယာ .. ဆင်ခိုက်၍ကျသော မြေပြုတ်၍ ကြွမ်းငပုတက်စံသော ဆုပေးသောလယ်၊ ငပုတက်ရောင်း၍ ဝယ်သောအဖိုးငွေ ၁၀၀"*

ဟူ၍ ဖော်ပြရေးထိုးထား၏။

ဦးရီးတော်မဟာသမန်ကြီးသည် ဥစ္စနာမင်း၏ ဦးရီးတော်လည်းဖြစ် အရေးကြုံရင့်ကျက်သူအမတ်ကြီးတစ်ဦးလည်းဖြစ်သဖြင့် နန်းတွင်းအုပ်ချုပ်ရေးရာကိစ္စများ၌ အားကိုးအားထားပြုရသူလည်းဖြစ်လာပေသည်။

## မဟာဒါန်မြေပြဿနာ

ပုဂံမင်းအရိုလက်ထက်တွင် ဝတ္တကမြေသို့မဟုတ် မဟာဒါန်မြေအချို့အား ဘုရင်မင်းမြတ်က သိမ်းယူခဲ့ခြင်းများ ရှိပါသည်။ ကန့်ကွက်မှုများရှိသည့်အခါ ဘုရင်မင်းမြတ်က ပြန်လည်စစ်ဆေးပေးပါသည်။ အရိုကျောင်းကန်ဘုရားများ၌

နှစ်အတော်အတန်ကြာမြင့်လာပြီးနောက်ပိုင်ရှင်ကင်းမဲ့သွားတတ်၏။ ထိုအခါ မင်းစကေရာစ်က မဟာဒါန်မြေကို သိမ်းယူလိုက်၏။ ထိုနောက်အခြေအနေ အရပ်ရပ် ပေါ်မူတည်၍ ပြန်လည်လှူဒါန်းခြင်းမျိုးလည်းရှိပါသည်။

ဥစ္စနာမင်းလက်ထက် ၈ ဖေဖေါ်ဝါရီ ၁၂၅၆ ခုနှစ်တွင် မုံရွာခရိုင် ချောင်းဦးမြို့နယ် အနီမှံတောကျောင်းရှိ ဘုန်းတော်ကြီးသခင် မဟာမတိမာ၏ မြေကို ဘုရင်မင်းမြတ်က သိမ်းယူလိုက်ပါသည်။ ကျောက်စာမှတ် တမ်းတွင်

> *"သက္ကရာဇ် ၆၁၇ ခု စီသနစ် တပေါင်းလဆန်း ၁၃ ရက် ၅နေ့ တလပျံမင်း ဖေါင်ဆင်ပင်ကျီမြေယူတော်မူရကား ယူတော်မမူမီ က ကြိတ္တနီမှံတော ကျောင်းဖုန်းမြတ်သခင် မဟာမတိမာထေရ် ကို ပန္နယဖေါင်ဆင်ငါပြည့်ဝင်သင်ငါ မြင်သင်လှူသော မြေ ၂၀၀ ခပင်းဝင်ပါလေ၏"*

ဟူ၍ ပါရှိပါသည်။

မဟာဒါန်မြေများကို ယင်းသို့ပြန်လည်သိမ်းယူရခြင်းကား ကျောင်း ဘုရား မြေပေါ်မှ မြေခွန်မြေခကို မင်းစကေရာစ်က မရရှိခြင်း၊ ကျောင်းဘုရား မြေစရိယာကျယ်ပြန့်သည်ထက်ကျယ်ပြန့်လာမှုကို ကန့်သတ်လိုခြင်းနှင့်ကျောင်း ဘုရားပိုင်မြေများကို အမွေဆက်ခံမည့် သူမရှိတော့ဘဲ ပိုင်ရှင်မဲ့ ဖြစ်သွားခြင်းတို့ အတွက်ကြောင့် ဖြစ်ပါသည်။

## ဒလပျံမင်း

ဥစ္စနာမင်းကို ရာဇဝင်ကျမ်းများ၌ အပျော်အပါးမက်မောသူ အရည် အချင်း ကင်းမဲ့သူဘုရင်တစ်ပါးအဖြစ်ရေးသားမှတ်တမ်းပြုခဲ့ကြ၏။ ထို့ပြင် ဆင်ဖမ်းဝါသနာပါသူ တောလိုက်မုဆိုးတစ်ဦးလည်းဖြစ်သည်ဆို၏။ မှန်နန်း ရာဇဝင်တော်ကြီးတွင်

> *"မင်းကြီးကား ခမည်းတော်လက်ထက် သိမ်ရှေ့စံတော်မူစဉ် ကပင် ပျော်ပါးတော်မူမြဲဖြစ်သောကြောင့် ဒလသို့စုန်တော်မူ၍ မင်းတဲဆောက်ပြီးသော် ထိုမင်းတဲတွင် နေတော်မူ၍ ဆင်မပြတ် ကစားတော်မူ၏"*

ဟုဖေါ်ပြပါရှိပါသည်။

ယင်းသို့ဆင်ကစားရင်းပင် နတ်ရွာစံလွန်ရကြောင်းကို . . .

> "တစ်နေ့သ၌ ဆင်အောက်ရာတွင် မင်းနှင့်တန်သောဆင်ကောင်းပါသည်ကို ကသာဆင်တော်စီး၍ ကြည့်တော်မူလေသော် တောဆင်မှန်နှင့်ဖြစ်၍ အနံ့သစ်ကိုလိုက်လေလျှင် ဆင်တော်ကကြိုးကို အစွယ်သွဲမိသဖြင့် နေရာတော်နှင့်တကွ အဝေးဝေး ကျရာဆင်ထိရှေ၍ .. "

နတ်ရွာစံလွန်သွားကြောင်းဆိုပါသည်။

ပုဂံခေတ်ကျောက်စာအချို့၌လည်း ဥစနာမင်းကို ဒလဖျံမင်းဟု မှတ်တမ်းပြုကြပါသည်။ ဥစနာသည် အနီမံ့တော်ကျောင်းရှိ မဟာဒါန်မြေများကို သိမ်းပိုက်အပြီး၌ ဒလသို့ထွက်ခွာသွားခဲ့ခြင်း ဖြစ်၏။ ဥစနာမင်း မဟာဒါန်မြေများသိမ်းယူချိန်မှာ ၈ ဖေဖေါ်ဝါရီ ၁၂၅၆ ခုနှစ် ၌ ဖြစ်ပါသည်။ ထိုနှစ်၌ပင် ဥစနာမင်းနတ်ရွာစံလွန်ကြောင်းကို ကျောက်စာ၌

> "ထိုယူသောနှစ်အကျေ ဒလလားရာပျံတော်မူလေ၏။ သားပန်းပွတ်သည် မြေရွှေတောင်ရလေ၏။ ရွှေတောင်ရပြီး ပုဂံရောက်လတ်တည်း။ ရောက်ပြီးသောခါ သက္ကရာဇ် ၆၁၈ ခုအာသတ်နှစ်နယုန် လဆုတ် ၁၄ .ထိုမြေကို သိခင်တို့သို့ငါလှူ၏"

ဟုဖေါ်ပြရေးထိုးထားသည်။

ဥစနာမင်းဒလသို့ထွက်ခွာသွားပြီးနောက် ပန်းပွတ်သည်မြေး နရသီဟပတေ့မင်းနန်းတက်လာရာ ၂၄ မေ ၁၂၅၆ ခုနှစ်တွင် ဆရာတော်သခင်မဟာဧတိမာအား မဟာဒါန်မြေအားလုံးပေးအပ်ခဲ့၏။ သို့ဖြစ်၍ ဥစနာမင်းသည် ၈ ဖေဖေါ်ဝါရီ ၁၂၅၆ ခုနှစ်နှင့် ၂၄ မေ ၁၂၅၆ ခုနှစ် အတွင်းဒလ၌ နတ်ရွာစံလွန်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ကျွစွာမင်းကြီးကျောက်စာ၌မူ

> "ဥစနာမင်းအကျေလား၍ ဒလလျှင် ပျံတော်မူလေကုန်၏။ ပန်းပွတ် ပုထိုးဒါယကာ ပုဂံရောက်သောလျှင် တစ်ရက်ခေါ်တုံ၏"

ဟုရေးထိုးထားပါသည်။

"ဒလလျှင် ပျံတော်မူလေကုန်၏" ဟုသောအရေးအသားမှာ ဥစနာသည် သူတစ်ဦးတည်းမဟုတ်မူပဲ ချွေရံသင်းပင်းနှင့် တကွအစုလိုက်ကွယ်လွန်ခဲ့လေသလောဟု တွေးဆ စရာရှိပါသည်။

ဤတွင် ဥစနော၏သားတော်သီဟသုနှင့် ပတ်သက်၍ သတင်းစာဆရာ ဦးသိန်းမောင်က ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ဖူးပါ၏။ ယင်းဆောင်းပါးတွင် ကိုလိုနီခေတ်ကာလက တွံတေးမြို့ဟောင်းတောကြီးတန်း (ရှေးဒလမြို့) အတွင်း သပြေပင်ကြီးတစ်ပင်လဲကျရာမှ ရာဝင်စဥ့်အိုးကြီးတစ်လုံးထွက်ပေါ်လာသည် ဆို၏။ ၎င်းစဥ့်အိုးကြီးကို ကဗ္ဗည်းကျောက်စာပညာရှင်တစ်ဦးက တွေ့ရှိ၍ နိုင်ငံရပ်ခြားအပြန်တွင် လက်ဆောင်အဖြစ်သယ်သွားရာအတွင်း၌ သီဟသု၏ ဆီစိမ်ရုပ်အလောင်းပါသွားသည်ဆို၏။ မင်းသားသည် လက်တွင်း၌ လက်ကိုင် ပဝါကို ဆုပ်ကိုင်ထားပြီး နှုတ်ခမ်းမွှေးစစ ရှိကြောင်း စသဖြင့်ဖတ်ရှုရဖူးပါသည်။

◆



## မင်းယဉ် (ချဥ်ဖ)




(၁၉) မင်းယဉ် (၁၂၅၆)

# မင်းယဉ်

မြန်မာရာဇဝင်ကျမ်းများတွင် မင်းယဉ်နရသိင်္ခ ဟူသော မင်းတစ်ပါးကို ဖော်ပြထား၏။ စင်စစ်အားဖြင့် မင်းယဉ်မှာ ဘုရင်တစ်ပါး၊ နရသိင်္ခဥဇနာမှာ ဘုရင်တစ်ပါး၏အမည်သာဖြစ်ပါသည်။

မင်းယဉ်ကို ဥဇနာမင်းနှင့် မိဖုရားကြီး တြိလောက စန္ဒာတို့မှ ဖွားမြင်ပါသည်။ မွေးသက္ကရာဇ် အမှတ်အသားမရှိပါ။ နရသီဟပတေ့မင်းနှင့် နှိုင်းစိုးဖက်ဆို၍ ၁၂၃၈ ခုနှစ်ခန့်တွင် ဖွားမြင်သူဖြစ်ပေလိမ့်မည်။

**မျိုးရိုးဆက်နွယ်**



မင်းယဉ်၏ ဖခင်ဥစ္စနာပင်း၏ဖခင် (မင်းယဉ်၏အဘိုး) နရသိင်္ခဥစ္စနာ၏ မျိုးနွယ်ဆက်နှင့်ပက်သက်၍ ယခင်ပုဂ်မင်းများအကြောင်းတွင်တင်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မင်းယဉ်၏ဖခင်ဘက်မှ တော်စပ်သောအဖွားမိဖုရားကြီးဖွားစော၏ မျိုးနွယ်ဆက်များအကြောင်းကိုသာလေ့လာတင်ပြမည်ဖြစ်ပါသည်။ ဖွားစောသည် နရပတိစည်သူမင်း၏ မိဖုရားဦးဆောက်ပန်း၏ မောင်တော်စပ်သူ အမတ်ကြီးသူလာဗိရစ်၏ သမီးတော်ဖြစ်ပါသည်။

၎င်းအကြောင်းကို ခရစ်နှစ် ၁၂၄၂ ခုထိုး ညောင်ရမ်းကြီးသမီးကျောက်စာတွင် "အမိဖုရားဦးဆောက်ပန်းမောင်မင်းမတ်သူလာဗိရစ်" ဟူ၍ လည်းကောင်း၊ "မိဖုရားစောဖသူလာဗိရစ်မှ လာသောပြည်ကျွန်ဆိုကုလားသင်" ဟူ၍ လည်းကောင်း ဖတ်ရှုရ၏။

မင်းယဉ်၏ မိခင်သုံးလုလမှာမူ ကျစွာမင်းကြီးနှင့် မိဖုရားစောမင်းလှတို့မှဖွားမြင်သူဖြစ်ပါသည်။ စောမင်းလှသည် နရပတိစည်သူနှင့် မိဖုရားစဝ်မြကန်တို့မှ ဖွားမြင်သူဖြစ်ပေရာ မင်းယဉ်၏ မိခင်နှင့်ဖခင်ဘက်မှ အဆက်အနွယ်နှစ်ရပ်စလုံးမှာ နရပတိစည်သူ၏ မိဖုရားနှစ်ပါးမှ ဆင်းသက်လာကြသူများဖြစ်ကြောင်းလေ့လာသိရှိရ၏။

## မွေးချင်းများ

မင်းယဉ်၏မွေးချင်းညီအစ်ကိုမောင်နှမများမှာ မင်းယဉ်၊ အစောနာလုံ၊ အစောကြွမ်း၊ စောပုလဲ၊ စောနားစွင့်နှင့် အမည်မသိညီငယ်တို့ဖြစ်ပါသည်။ မင်းယဉ်၏နမအစောနာလုံ၏ အမည်ကို ၁၂၄၄ခုထိုး ရှင်မဟာကဿပကျောင်းကျောက်စာတွင် "မင်းဥစ္စနာ သမီးမွေယုတ်မြေးအစဝ်နာလုံသခင် မဟာကဿပကိုလှူသောလယ်" ဟူ၍ တွေ့ရှိရ၏။ ထို့အတူ အစောကြွမ်းအမည်ကို အေဒီ ၁၂၄၈ခုထိုး အစောကြွမ်းကျောက်စာ၌ "ကြီလောက စနူနာမမဟာဒေဝီ သုံးလုလှ ဒိဖုရားတောင်ပြင်သည် သမီးအစောကြွမ်းသခင်သံသရာဆင်းရဲမှ လွတ်ချင်ရကား" ဟု ဖတ်ရှုရပါသည်။

မင်းယဉ်၏နှမများဖြစ်ကြသော စောပုလဲနှင့် စောနားစွင့်တို့၏အမည် များကိုမူ ၁၂၇၈ ခုထိုး သစ်မထီးကျောင်းကျောက်စာ၌ "စောပုလဲညီမ စောနားစွင့်

ကျောင်းကိုလှူသောခံမြစ်အရှေ့၌ မြေ ၁၀၀ "စသဖြင့် ဖတ်ရှုရ၏။ မြန်မာရာဇဝင် ကျမ်းတို့တွင်မတွေ့ရသည့် မင်းယဉ်၏ မွေးချင်းညီအကိုမောင်နှမများအမည်ကို ကျောက်စာအထောက်အထားများအရ အနိုင်အမာတွေ့ရှိရခြင်းဖြစ်သည်။

## ဘဝဖြစ်စဉ်အကျဉ်း

မင်းယဉ်နှင့်ပတ်သက်၍ သမိုင်းအချက်အလက်အများအပြားမတွေ့ရှိရပါ။ ဥစနာမင်းသည် ဒလသို့ထွက်ခွာသွားသောအခါ သားမင်းယဉ်အားနန်းစောင့်ထားခဲ့ဟန်တူပါသည်။ မင်းယဉ်သည် ဥစနာမင်းနှင့် မိဖုရားကြီးသုံးလုလတို့၏သားဖြစ်သည့်အားလျော်စွာအိမ်ရှေ့ဥပရာဇာ ရာထူးကိုလည်းရရှိခဲ့ဟန်တူ၏။

မင်းယဉ်၏ နန်းသက်က အလွန်ပင်တိုတောင်းလှ၏။ နှစ်လနည်းပါးခန့်သာ ထီးနန်းစိုးစံခဲ့ရသည်။ နရသီဟပတေ့မင်း ဒလမှ ပြန်လည်ရောက်ရှိလာကာ နန်းတက်လာ၏။ မင်းယဉ်သည် နန်းတွင်း၌ပင်လုပ်ကြံခံရဟန်တူပါသည်။

## မိသားစုရေးရာ

မင်းယဉ်၏ မိသားစုရေးရာနှင့်ပတ်သက်၍ အထောက်အထားများ ရှာဖွေမတွေ့ရပေ။ နန်းသက်မှာ နှစ်လမျှသာကြာမြင့်သည့်အလျောက်ကျောက်စာ ရေးထိုး မှတ်တမ်းတင်နိုင်ခြင်းလည်းရှိခဲ့ဟန် မတူပါ။ မြန်မာရာဇဝင်ကျမ်း များ၌ဆိုလျှင်မင်းယဉ်၏အမည်ကိုပင် လွဲမှားစွာရေးသားဖော်ပြခဲ့ကြလေသည်။

## နှစ်လတာမှတ်တမ်း

ဥစနာမင်း (၁၂၄၈ – ၁၂၅၆)သည် ဖေဖော်ဝါရီ ၁၂၅၆ တွင် ဒလသို့ထွက်ခွာသွားခဲ့၏။ ထိုစဉ်က မင်းယဉ်ကို အိမ်ရှေ့ဥပရာဇာ အဖြစ်ခန့်အပ်ခဲ့ပြီး ဖြစ်ကြောင်း မှတ်ယူရ၏။ ဒလရောက်ပြီးမကြာမီ ဥစနာမင်း နတ်ရွာစံလွန်ပါသည်။အဖြစ်အပျက် အသေးစိတ်ကို မသိရှိရသော်လည်း ဥစနာသည် ဒလတွင်ရွှေရုံသင်းပင်းနှင့်တကွ လုပ်ကြံခံခဲ့ရဟန်တူပါသည်။ သို့ဖြင့် ပုဂံတွင်နန်းစောင့်ထားရစ်သူ မင်းယဉ်သည် ဖခင်၏အရိုက်အရာကိုဆက်ခံလျှက်နန်းတက်လာပါသည်။ သို့သော် မင်းယဉ်နန်းသက်က နှစ်လမျှသာကြာမြင့်ပါသည်။ မေ ၁၂၅၆ ခုနှစ်တွင် နရသီဟပတေ့ နန်းတက်လာ၏။ ထိုစဉ် မင်းယဉ်မှာ လုပ်ကြံခံခဲ့ရဟန်တူသည်။

မင်းယဉ်ထီးနန်းစိုးစံစဉ် နှစ်လတာကာလအတွင်း အထိန်းတော်ကြီး အိုင်ပေါင်းသင်အား အဆောင်အရွက်အစီအရင်များပေးအပ်ခဲ့ကြောင်း သိရှိရ၏။ အိုင်ပေါင်းသင်သည် မင်းယဉ်၏ နို့ထိန်းဖြစ်သည်ဆိုပါသည်။ ထို့ကြောင့် ကျေးဇူးတရားကိုစောင့်သိသည့်အနေဖြင့် မင်းယဉ်မင်းဖြစ်လာသောအခါ ထီးမိုး ပြီးပေါင်းတွင်ဆေးရေးချယ်၊ ပေါင်းနောက်တွင်ခြူးပန်းများအလှဆင်ထားသည့် ဝေါတော်ကိုလည်းကောင်း၊ မြေ၊ ကျွန်တို့ကို လည်းကောင်း၊ မင်းယဉ်က အိုဝ်ပေါင်းသင်အားပေးအပ်ခဲ့သည်။ အိုဝ်ပေါင်းသင်ရရှိသော လယ်မြေများကို သမီး ဖြစ်သူလက်ထက်ရောက်တော့ ကျောင်းဘုရား၌ လှူဒါန်းခဲ့သည်။

၆ မေ ၁၂၆၇ ခုနှစ် ရက်စွဲပါ "တရားမွန်မယား" ကျောက်စာတွင် တရားမွန်မယားအလှူစာရင်း၌

> *"မင်းယဉ်အထိန်းအိုဝ်ပေါင်းသင်ကို မင်းယဉ်ပေးသောကား ထီး၊ ရွှေသံလျှင်း၊ ပေါင်းဆေးရေး၊ ပေါင်းနောက်ရှူတပ်၊ ဤမျှကား ရလိုက်၏။ မြေ ၁၀၀၀၊ ကျွန် ၁၀၀၀၊ နွား ၁၀၀၀ ကား ပေးသကားပေး၏။ ပုံတော်မှု၏။ မင်းစည်သူရွှေတောင်တက်တုံရ ကားငါလေ အမိအိုင်ပေါင်သင် နို့နို့ ပါသတည်၊ ဟူ၍ အနောင် ပေးသော အတိုင်းမြေ ၁၀၀၀ ၊ ကျွန် ၁၀၀၀၊ နွား ၁၀၀၀၊ ကား ငါနို့သော နို့ဖိုးဟူ၍ မင်းစည်သူဖုန်းတော်လှူ၍ ရေစင် တင်သွန်း စေသောမြေ၊ ကျွန်၊ နွား၊ ဟူ၍သာ "*

ဟုဖေါ်ပြပါရှိသည်ကိုတွေ့ရပါသည်။

ဤတွင် မင်းယဉ်သည်အထိန်းတော် အိုင်ပေါင်းသင်အားလယ်မြေများ ပေးအပ်ခဲ့ပြီးနောက်နတ်ရွာစံလွန်သွားသဖြင့် ယင်းပစ္စည်းဥစ္စာများဆုံးရှုံးရမည်ကဲ့ သို့ဖြစ်သွားပါသည်။ သို့သော် မင်းယဉ်ကို ဆက်ခံသည့် နရသီဟပတေ့မင်း (တတိယမြောက်စည်သူ) နန်းတက်လာသောအခါ သူသည်လည်း အိုဝ်ပေါင် သင်၏ ကျေးဇူးမကင်းသူဖြစ်ခဲ့ဖူးသည့်အလျောက် နို့ဖိုးဆိုကာ ပစ္စည်းအားလုံး ကို အိုဝ်ပေါင်းသင်မိသားစု သို့ ပြန်လည်လွှဲပြောင်းပေးအပ်လိုက်ပါသည်။

အိုဝ်ပေါင်းသင်မင်းယဉ်ထံမှရသော ပစ္စည်း ဥစ္စာ လယ်မြေကျွန်တို့ ကို သမီးဖြစ်ဟန်တူသူအမျိုးသမီးကရရှိခဲ့၏။ သူသည်တရားမွန်၏ ဇနီးဖြစ်ပြီး

နှောင်နှစ် အနည်းငယ်အတွင်း ယင်း ပစ္စည်း ဥစ္စာ အားလုံးကို ဘုရားသို့လှူဒါန်းခဲ့သည်။ ထိုအချိန်တွင် မင်းယဉ်၏ နံ့ထိန်းဖြစ်ခဲ့ဖူးသူ အိုဝ်ပေါင်းသင်မှာ သက် ရှိထင်ရှားရှိတော့ဟန်မတူပေ။ ကျောက်စာပါတန်ဖိုးရှိသော အထောက်အထား တစ်ရပ်မှာ မင်းယဉ်သာမက၊ မင်းယဉ်အားဆက်စပ်သူ နရသီဟပတေ့မင်းသည် လည်း အိုဝ်ပေါင်းသင်၏ ပြုစုမှုကိုခံခဲ့ရခြင်းပင်ဖြစ်ပါသည်။ သို့ဖြင့် မင်းယဉ် ၏ မွေးသက္ကရာဇ်ကို ခန့်မှန်း၍ရလာပါသည်။

◆



# နရသီဟပတေ့ (၁၂၅၆ - ၁၂၈၇)




(၂၈)နရသီဟပတေ (၁၂၅၆ – ၁၂၈၇)

# နရသီဟပတေ့

နရသီဟပတေ့သည် ၂၄ မေ ၁၂၅၆ ခုနှစ်တွင် နောင်တော် မင်းယဉ့်ကို ဆက်ခံလျှက် နန်းတက်လာ၏။

**မျိုးရိုးဆက်နွယ်**




နရသီဟပတေ့ကို ဥစ္စနာမင်းနှင့်မိဖုရားစုလည်းထုံးတို့မှ ၂၃ ဧပြီ ၁၂၃၈ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဖခင်ဥစ္စနာမင်း၏ အသက်အရွယ်နှင့်ပတ်သက်၍ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ မိခင်မိဖုရားစုလည်းထုံးမှာမူ ပန်းပွတ်သည်၏

သမီးဖြစ်ကြောင်း အမှတ်အသားတွေ့ရ၏။ နရသီဟပတေ့မင်းသည်အဖိုးဖြစ်သူ ပန်းပွတ်သည်ကြီး အားရည်စူးလျက် ပန်းပွတ်ပုထိုးတော်ကို တည်ထားကိုးကွယ်ခဲ့ရာမှ ပန်းပွတ်ပုထိုးတော် ဒါယကာဟု အမည်တွင်ခဲ့လေသည်။

အေဒီ ၁၂၄၅ ခုနှစ် ထိုးကျစွာမင်းကြီးကျောက်စာ၌ "ပန်းပွတ်ပုထိုးတော်ဒါယကာရွှေတောင်တက်ပြီ" ဟုပါရှိပါသည်။ သို့သော် အဖိုးပန်းပွတ်သည်၏အမည်ကိုမူ အမှတ်အသားမတွေ့ရပေ။ မိခင်ဖြစ်သူပန်းပွတ်သည် သမီးမှာ စုလည်းထုံးဟု အမည်ရှိကြောင်းဆွေတော်စဉ်မှတ်တမ်းက ဆိုပါသည်။ ဇာတိမှာမူ မြစ်သားရွာဖြစ်သည် ဆို၏။ မုံရွာခရိုင်ချောင်းဦးမြို့နယ် အနီမုံတောကျောင်းရွာ ရှိရွှေဂူဘုရားရင်ပြင်တောင်ဘက်တွင် စိုက်ထူထားသော ၁၂၅၆ ခုနှစ်ထိုးကျောက်စာ၌ ဥစနာကို "ဒလပျံမင်း" ဟု သုံးနှုံးထားသကဲ့သို့ နရသီဟပတေ့နှင့် ပတ်သက်၍လည်း

"အကျော့ဒလလားရာ ပျံတော်မူလေ၏။ သားပန်းပွတ်သည်မြေးရွှေတောင်ရလေ၏"

ဟုရေးထိုးထားပါသည်။

နရသီဟပတေ့မင်းသည် ၁၂၅၆ ခုနှစ်၌ နန်းတက်ပေရာ သူနန်းတက်သောနှစ်၌ပင် ပန်းပွတ်သည်မြေး ဟူ၍ ရင့်ရင့်သီးသီးသုံးနှုံးထားပုံမှာ စိတ်ဝင်စားစရာဖြစ်ပါသည်။ အလားတူပင် နရသီဟပတေ့မင်းအား "တရုပ်ပြေးမင်း" ဟူ၍ လည်း ရာဇဝင်ကျမ်းများ၌ ရေးသားခေါ်ပြကြ၏။ မွန်ဂိုတရုပ်တပ်များ ပုဂံမြို့တော်ကို လာရောက် ဝိုင်းရံစဉ်ဘုရင် နရသီဟပတေ့မှာ ပြည်မြို့အနောက်ဘက် လှည်းကျူသို့ထွက်ပြေးခဲ့ရသောကြောင့်ဖြစ်သည်။ ယင်းသို့ "တရုပ်ပြေး" ဟူသောအမည်ကို စောင်မှတ်တမ်းတင်ထားသော ကျောက်စာက ရော်နှစ် ၁၃၄၃ ခုထိုးချောင်းဦးသမန်စတာ ကျောက်စာပင်ဖြစ်ပါသည်။ ယင်းကျောက်စာကြောင်းရေ(၁၃)၌ "တရုပ်ပြေးမင်းကြီး" ဟု အတိအလင်းရေးထိုးထား၏။

## မွေးချင်းများ

နရသီဟပတေ့၌ မွေးချင်းညီအစ်ကို မောင်နှမများရှိဟန်မတူပေ။

## ဘဝဖြစ်စဉ်အကျဉ်း

နရသီဟပတေ့၏ ငယ်မည်ကို "မင်းခွေးချေး" ဟူ၍ ခေါ်ဝေါ်သုံးစွဲကြပါသည်။ ယင်းသို့စောင်ခေါ်ဝေါ်သုံးစွဲသူကား မဟာရာဇဝင်ကြီးကို ရေးသားပြုစုခဲ့သည်

ဦးကုလားဖြစ်ပါသည်။ အကြီးတော်လက်ထက်ပြုစုခဲ့သည့် မှန်နန်းရာဇဝင်ကြီးကလည်း ဦးကုလား၏အဆိုအတိုင်းမင်းခွေးချေးဟုပင် ကူးယူရေးသားခဲ့ပြန်၏။ မှန်နန်းရာဇဝင်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားသောအခါ မင်းခွေးချေးကို Dog's Dung ဟူ၍ဘာသာပြန်လိုက်လေရာ အခြေအနေမှာ ပိုမိုဆိုးဝါးသွားလေတော့သည်။ မောရစ်ကောလစ်၏ She was a Queen ဝတ္ထုတွင်မူ ညစ်ပတ်သော ခွေးကလေးဟု အင်္ဂလိပ်ဘာသာဖြင့်သုံးစွဲထား၏။

စင်စစ်အားဖြင့် နရသီဟပတေ့၏ အမည်မှာ 'မင်းခွေ'သာ ဖြစ်ပါသည်။ မင်းသားငယ်စဉ်က ချေဆတ်တတ်သောရောဂါရှိသဖြင့် အိပ်ယာတွင်း၌ အမြဲခွေနေတတ်သောကြောင့် မင်းခွေ ဟုခေါ်ကြောင်းအဆိုရှိပါသည်။ တရုတ်ပြေးမင်း၏ အမှာတော်ပုံပေမှ၌ လည်း "မင်းခွေနာမသေ ရာစကုမာရဿ" ၊ "ဒလနဂရဲ မင်းခွေ နာမရာစကုမာရဲ မင်းခွေနာမရာစပုတ္တော"ဟူသဖြင့် ပါဠိဘာသာဖြင့် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နရသီဟ ပတေ့မင်း၏ ငယ်မည်မှာ မင်းခွေးချေးမဟုတ်မူဘဲ မင်းခွေသာလျှင် ဖြစ်ပါကြောင်းလည်း မှတ်သား သင့်ကြပေ၏။

## မိဖုရားစုရေးရာ

နရသီဟပတေ့တွင် မိဖုရားခြောက်ဦးရှိကြောင်း၊ ဆွေတော်စဉ်မှတ်တမ်းက ဆိုပါသည်။ မိဖုရားတို့မှာ

(၁) မိဖုရားကြီးဖွားစော
(၂) စောလုံ
(၃) စောနန်း
(၄) ရှင်ရွှေ
(၅) ရှင်မောက်
(၆) ရှင်သား

တို့ဖြစ်ကြသည်။

(၁) မိဖုရားကြီးဖွားစော

ဤမိဖုရားကြီးကို သမိုင်းပညာရှင်တို့က စောလှဝန်းကျောက်စာကို ရေးထိုးသူအဖြစ် စောလှဝန်းဖွားစောဟူ၍ အမည်ပေးထားကြ၏။ ပုဂံခေတ်နှောင်းတွင် ထင်ရှားသူ ဖွားစောသုံးဦးအနက် ဒုတိယဖွားစောဖြစ်သည်။ ဖွား

စော၏ အထုပ္ပတ္တိကို စောလှဝန်းကျောက်စာ၌ အထင်အရှားတွေ့ရှိရ၏. ကျောက်စာပါ ဖော်ပြချက်မှာ

> "ဤသို့သော ငါလှူသော အကျိုးကား ငါ့အဖိုးကျစွာမင်းကြီး ငါ့ဖွား စောမင်းလှ၊ ငါ့သခင်မင်းကြီး၊ ငါ့သခင်သားတရား မင်းကြီး၊ ငါ့မိ၊ ငါ့ဖ၊ ငါ့ချစ် သား၂ယောက်၊ ငါ့ဦးရိုးသီဃသူ ငါ့မိတွေးသုံးလူလ၊ ငါ့အစ်မရတနာပုံ၊ ငါ့မောင် ၃ယောက် ငါ့ညီမ ၂ယောက်"

စသဖြင့် ဖြစ်ပါသည်။ ဖွားစောသည် သူ၏ဆွေမျိုးရင်းအများများကို အမှုအတမ်း ပေးစေရာ၌ ထည့်သွင်းဖော်ပြထားခြင်းဖြစ်၏။

ဤကျောက်စာအရဆိုပါလျှင် မိဖုရားဖွားစောသည် ကျစွာမင်းနှင့် မိဖုရားစောမင်းလှတို့၏ မြေးဖြစ်ပေသည်။ ကျစွာမင်းနှင့် မိဖုရားစောမင်းလှတို့မှ သားသမီး (၅)ဦး ထွန်းကားရာ 'မင်းမိ' ဟု ကျောက်စာ၌ဖော်ပြခြင်းခံရသူ မင်းသမီးသည် မိဖုရားစော၏ မိခင်ဖြစ်ပါသည်။ အမည်ရင်းကိုမူ မသိရပေ။ ကျောက်စာပါ ဦးရိုးသီဃသူသည် မိဖုရားမိနှင့် လက်ဆက်၍မင်းမယား (မထိလိုချေး) ကို ဖွားမြင်ပါသည်။ အလားတူပင် ကျောက်စာပါ မိတွေးသုံးလူလမှာ ဥစနာမင်း၏ မိဖုရားတစ်ပါးဖြစ်လာခဲ့လေသည်။

မိဖုရားစော၏ ဖခင်အမည်ကို အမတ်သရေဟူ၍ တွေ့ရှိရ၏။ အမတ်သရေမှာ ဟန်လင်းသည်မြေးဖြစ်ပြီး ရတနာပုံနှင့် ဖွားစောနှစ်ဦးတို့ကို ဖွားမြင်၏။ တစ်ဖန်ဖွားစောမှာ နရသီဟပတေ့မင်းနှင့် စုံဖက်ကာ သားနှစ်ယောက်ဖွားမြင်ပါသည်။

မိဖုရားဖွားစော၏ ဖခင်အမည်ကို အမတ်သရေဟူ၍တွေ့ရှိရ၏။ အမတ်သရေမှာ ဟန်လင်းသည်မြေးဖြစ်ပြီး ရတနာပုံနှင့် ဖွားစောနှစ်ဦးတို့ကို ဖွားမြင်၏။ တစ်ဖန်ဖွားစောမှာ နရသီဟပတေ့မင်းနှင့် စုံဖက်ကာသားနှစ်ယောက် ဖွားမြင်ပါသည်။

(၁) ရာဇသူ - ၁၂၉၁ နှစ်ဦးပိုင်း၌ကွယ်လွန်

(၂) ကျော်စွာ - ပုဂံထီးနန်းကို ဆက်ခံသူ

တို့ဖြစ်ကြ၏။ ရာဇသူသည် ၁၂၉၀ ခုနှစ်ဦးပိုင်းတွင် ကွယ်လွန်သွား၏။ ထိုအခါ မိဖုရားဖွားစောသည် သားတော်အတွက် အထိမ်းအမှတ်စေတီတစ်ဆူတည်ထား ကိုးကွယ်ခဲ့သည်။ စောလှဝန်းကျောက်စာ၌

> "ချစ်လှစွာသော ငါ့သားလှလည်း အမွေဥစ္စာတို့နှင့်တကွ ငါ့အမိရင်းကို စွန့်ခဲ့ပြီတကား၊ ငါလည်းသူမယူနိုင်၍ ထားခဲ့သော အမွေဥစ္စာကို ငါလည်းထို သို့လည်းကောင်း၊ မပါတတ်သည့်အကြောင်းကို သိရကား ငါ့မိ၊ ငါ့ဖ၊ ငါ့သား၊ အမျိုးစပ်သိမ်းတို့ နိဗ္ဗာန်၏ပစ္စည်း အထောက်အပံ့ ဖြစ်စိမ့်သောငှာ လှူတုံသော"

ဟူ၍ဖော်ပြပါရှိပါသည်။

မိဖုရားဖွားစော၏ ဒုတိယသားကျော်စွာနှင့် ပတ်သက်၍မူ စောလှဝန်းဘုရားကျောက်စာ၌ 'မင်းကြီးသားကျော်စွာ' ဟူ၍သုံးနှုန်းဖော်ပြထားပေရာ မိဖုရားစော၏ သားအရင်းမဟုတ်ဟု ယူဆဖွယ်ရှိပါသည်။ ဆွေတော်ခဉ်မှတ်တမ်းက ကျော်စွာသည်မိဖုရားရှင်ဘားမှ ဖွားမြင်ကြောင်းဆိုပါသည်။ မိဖုရားဖွားစောသည် ၁၂၉၈ခုနှစ် မတိုင်မီကာလတွင် ကွယ်လွန်ခဲ့ဟန်ရှိ၏။ မကွယ်လွန်မီမိမိပိုင်မြေယာ၊ အိမ်တို့ကိုသာမက လက်ဝတ်ရတနာပစ္စည်းအမြောက်အမြားကိုပါ လှူဒါန်းခဲ့ပါသည်။

ဤတွင် နရသီဟပတေ့မင်း၏ မိဖုရားများအမည်နှင့် ပတ်သက်၍ သီးခြားဆွေးနွေးတင်ပြရန် လိုအပ်လာပါသည်။ ဆွေတော်ခဉ်မှတ်တမ်းပါ မိဖုရား (၆)ဦးအနက် မိဖုရားကြီးဖွားစောတစ်ဦးသာလျှင် ကျောက်စာပါ အချက်အလက်များနှင့် ကိုက်ညီသည်ကို တွေ့ရှိရ၏။ ကျန်မိဖုရား (၅)ဦး၏ အမည်များကိုမူ ကျောက်စာတို့၌ မတွေ့ရှိရပေ။ ကျောက်စာပါ နရသီဟပတေ့၏မိဖုရားများမှာ

(၁) မိဖုရားကြီးရတနာပုံ
(၂) ဖွားစော (ရာဇသူ၏မိခင်)
(၃) စောပုလဲ
(၄) မင်းမယား

တို့ဖြစ်ကြပါသည်။ ရတနာပုံနှင့်ရာဇသူ၏မိခင်ဖွားစောတို့မှာ ညီအစ်မရင်းများများဖြစ်ကြ၏။ ညီအစ်မနှစ်ဦးစလုံးမှာ အမတ်ကြီးသရေနှင့် မင်းမိတို့မှ ဖွားမြင်ကြသူများဖြစ်ပါသည်။

ရတနာပုံ၏မိခင်မှာ ကျုံးစွာမင်းကြီး၏ သမီးတော်ရင်းဖြစ်ပါသည်။ ကျောက်စာတွင် "မင်းမိ"ဟူ၍သာဖော်ပြပေးထားရာ အမည်ရင်းကို မသိရပေ။ ဖခင်အမတ်ကြီးသရေမှာမူ ဟန်လင်းသည်ဟု ကျောက်စာတွင်တွေ့ရှိရသည့် ဟန်လင်းမြို့အုပ်ချုပ်ရေးအရာရှိတစ်ဦး၏ မြေးဖြစ်ပါသည်။ နရသီဟပတေ့မင်းနှင့် လက်ဆက်ခဲ့သော်လည်း သားသမီးထွန်းကားဟန် မတူပါ။ ရတနာပုံသည် ဘာသာတရားကို ကိုင်းရှိုင်းသူဖြစ်၏။ စစ်ကိုင်းတောင်ရိုးရတနာဒီပံကျောင်းမှ ရရှိသော ကျောက်စာတစ်ချပ်တွင်

"ရတနာသုံးပါး၌ ကြည်ညိုစွာနလုံးလည်းရှိတသော ရတနာပုံ မည်သောအမိဖုရားသည် သာသနာ ၅၀၀၀ လျှင် တည်စိမ့်ဟူ၍"

ဆိုထားပြီး လယ်ယာမြေနှင့်ကျောင်းကန်ဘုရားများ လှူဒါန်းဆောက်လုပ်ခဲ့ကြောင်း၊ သိရှိရသည်။

ရတနာပုံ၏ဖခင်အမတ်ကြီးသရေ အကြောင်းနှင့်ပတ်သက်၍မူ ဥစ္စနာမင်းဒလ၌ နတ်ရွာစံလွန်ပြီးနောက် ခရစ်နှစ် ၁၂၅၆ မှ ခွန်လအတွင်းရေးထိုးသည့် ကျောက်စာတွင် မင်းယောက္ခမဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ မြန်မာရာဇဝင်ကျမ်းများတွင် မိဖုရားရတနာပုံ၏အမည်ကို မတွေ့ရဘဲ နိုးရိုးအမည်များကိုသာတွေ့ရပေရာ တစ်ဦးမှာရတနာပုံ၏ ငယ်မည်ဖြစ်ပေလိမ့်မည်။ မိဖုရားရတနာပုံသည် မိဖုရားအဖြစ် (၅)နှစ်ခန့်သာ ထီးနန်းစိုးစံခဲ့ရသည်။ ခရစ်နှစ် ၁၂၆၂ မှ နှစ်တွင် ရတနာပုံမိဖုရားကံတော်ကုန်ခဲ့၏။

နရသီဟပတေ့မင်းသည် ရတနာပုံမိဖုရားကွယ်လွန်သွားပြီးနောက် ရတနာပုံ၏ညီမဖွားစောကို မိဖုရားမြှောက်ခဲ့ခြင်းဖြစ်ပါသည်။ မိဖုရားစောပုလဲမှာ ဥစ္စနာမင်းနှင့်တောင်ပြင်သည်တို့မှ ဖွားမြင်သူဖြစ်ပါသည်။ နရသီဟပတေ့နှင့် စောပုလဲတို့မှ စောဦးဆိုသူသမီးတော်တစ်ပါးထွန်းကားခဲ့ရာ နောင်ရှမ်းညီနောင်သုံးဦးအနက် အသင်္ခယာနှင့်လက်ဆက်ခဲ့ပါသည်။ ထို့အတူ မင်းမယား(မထီလိုမြေး)ဆိုသူ မိဖုရားမှာကျုံးစွာမင်းကြီးသား သီဃသူနှင့် မိဖုရားမိတို့မှ ဖွားမြင်သူဖြစ်ပါသည်။

ပြည်မင်းဆက်စွယ်တော်ခွဲ ပုရပိုက်မှတ်တမ်းတွင် ပြည်မင်းသီဟသူသည်နရသီဟပတေ့မင်း၏ သားဖြစ်ကြောင်း၊ ဖမည်းတော်ကွယ်လွန်သွားပြီးနောက် မြားဒဏ်ရာဖြင့် ကွယ်လွန်ခဲ့ရကြောင်းများပါရှိ၏။ သီဟသူသည်ရှမ်းညီ

နောင်သုံးဦးတို့၏နမယ် အတုလဒေဝီဘွဲ့ခံမင်းလှမြတ်နှင့် စုံဖက်ကာသမီးမွေး မယ်ရှင်ကို ဖွားမြင်ပါသည်။ ထိုပြင်သီဟသူ၏မိဖုရားမှာ ရှင်မောက်ဖြစ်ကြောင်း ပြည်မင်းဆက်နွယ်တော်စဉ် မှတ်တမ်းကဆို၏။

ဤတွင် ပုဂံမင်းဆက်များသည် မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝမင်းဆက်များနှင့် ဆက်နွယ်နေပုံကို တွေ့ရှိနိုင်ပေသည်။အင်းဝမင်းဆက်ကို စတင်တည်ထောင်သူ သတိုးမင်းဖျားမှာ နရသီဟပတေ့မင်း၏မြစ်တော်စဝ်သူ စိုးမင်းကြီးမှဖွားမြင်သူဖြစ်ပါသည်။ နရသီဟပတေ့၏သား ကျော်စွာ၊ ၎င်းသမီးစောနောင်၊ ၎င်းသမီးစိုးမင်းကြီး၊ ၎င်းသားသတိုးမင်းဖျားစသဖြင့် ဆင်းသက်လာခဲ့ခြင်းဖြစ်၏။ အလားတူပင် ကျန်မင်းဆက်များအားလုံးမှာလည်း ပုဂံမင်းများနှင့်ဆက်စပ်နေကြသည်သာ ဖြစ်ပါသည်။

## နန်းတက်ခြင်း

ဥစ္စနာမင်းဒလသို့ထွက်ခွာသွားစဉ်က သားတော်နရသီဟပတေ့လည်းအတူ လိုက်ပါသွားခဲ့သည်။ သို့သော်ဥစ္စနာတို့အဖွဲ့ဆင်ဖမ်းထွက်ရာမှ ကွယ်လွန်သွားစဉ် နရသီဟပတေ့မပါဝင်ဘဲ ကြွင်းကျန်နေခဲ့၏။ သို့ဖြင့် ၁၂၅၆ခုနှစ်မေလတွင် နရသီဟပတေ့ဘုရင်ဖြစ်လာပါသည်။ မှန်နန်းရာဇဝင်အရ ဥစ္စနာမင်း ဒလ၌ ဆင်ဖမ်းရင်းကံတော်ကုန်စဉ်က ရာဇသင်္ကြံနှင့်မှူးမတ်အပေါင်းတို့က နန်းလျာသီဟသူကို ဖမ်းဆီးပြီး အများသဘောတူညီသည် သူ့ညီမင်းခွေး (ရာဇဝင်ကျမ်းများ၌ဖေါ်ပြသကဲ့သို့ မင်းခွေးချေးမဟုတ်) အား ထီးနန်းအပ်ခဲ့ကြ၏။

နရသီဟပတေ့သည်မင်းအဖြစ်ရရှိပြီးနောက် ဒလမှပုဂံသို့ ပြန်လည်ရောက်ရှိလာပါသည်။ ၂၄မေ ၁၂၅၆ခုနှစ်တွင် နရသီဟပတေ့ပုဂံသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပါသည်။ သူ့ကို တရားမွန်မယားကျောက်စာ၌ မင်းစည်သူဟုသော ဘွဲ့မည်ဖြင့်ဖေါ်ပြ၏။ သူသည်နောင်တော်မင်းယဉ်နှင့် အသက်အပိုင်းအခြားအားဖြင့် များစွာကွာခြားသူ မဟုတ်ပေ။ သူနှင့်မင်းယဉ်မှာ နှီနိုဘက်ဖြစ်ကြောင်း၊ ဆိုပါသည်။ သို့သော် အမိကွဲညီအစ်ကိုများဖြစ်ကြပြီး မင်းယဉ်၏မိခင်မှာ မင်းမျိုးမင်းနွယ်ဖြစ်ကာ နရသီဟပတေ့၏ မိခင်ကတော့ သာမန်အရပ်သူသာ ဖြစ်ပါသည်။

နရသီဟပတေ့သည် ပုဂံတွင်နန်းတက်လာပြီးနောက် ၁၂၅၆ ခုနှစ်၌ပင် ဘိသိက်ခံယူပါသည်။ ဤအကြောင်းကို ဥစ္စနာမင်း၏ဦးရိုးတော်မဟာသမန်ကြီး ကျောက်စာတွင်

> "ဘုရားလောင်းပန်းပွတ်သည် ရွှေတောင်တက်၍ အဘိသိက်မူ သောဟူးရား၊ သမား၊ ပုဏ္ဏား၊ သုခမိန်တို့ကိုလျှသော – –"

ဟူ၍သဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရ၏။

## နန်းတွင်းအနွယ်တော်တို့၏ကုသိုလ်ကောင်းမှုများ

ပုဂံမင်းနန်းသူရှာဝန်းကျင်တွင် နရသီဟပတေ့မင်းလက်ထက် နန်းတွင်းအနွယ်တော်တို့၏ ကုသိုလ်ကောင်းမှု ဘုရားစေတီများကို အမြောက်အမြား တွေ့ရှိရပါသည်။

မင်းနန်းသူရှာမြောက်ဘက် အစ္စဂေါထဘုရားမြောက်ဘက်ရှိ ဂူဘုရားမှာ ၁၂၈၈ ၁၂၅၉ ခုနှစ်တွင် မိဖုရားကြီးဖွားစော၏အစ်ကို မဟာသမန်ကြီးမှ ဖွားမြင်သူ သမီးတော်စိုးမင်းကြီးက တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ ကျောက်စာတွင်

> "သက္ကရာဇ် ၆၂၁ခု အာသိန်နှစ်နယုန်လဆုတ် ၅ရက်တနင်္လာနေ့ မဟာသမန်ကြီးသမီး စိုးမင်းကြီးသည် မိမိလင်မင်းသား အလတ်မိန့်သော အထွေအတိုင်းအရပ်တည်၍ ကျောင်းပြု၍ ကောင်းမှုအကျိုးမင်းသားလတ်ရစေဟူ၍ မဟာ သမန်းနှင့်အညီ ရေသွန်း၍ – – –"

ဟူ၍သဖြင့်ဖေါ်ပြထား၏။

အနောက်ဖွားစောရွာ ဓမ္မရာဇိကစေတီကြီးမြောက်ဘက်ရှိ သစ်မထီးဂူဘုရားမှာမူ နရသီဟပတေ့မင်း၏ အရိုးတော်ဖြစ်သော အရိုးစော၏ကုသိုလ်တော် ဖြစ်သည်။ ယင်းဘုရားရှိ ၂၈ မမ ၁၂၆၀ ခုနှစ်ရက်စွဲပါကျောက်စာတွင်

> "မင်းကြီးစသော မင်းညီမင်းသား၊ မင်းသမီး၊ မင်းနမ စပ်သိမ်း၊ အမိဖုရားစသော မောင်းမစပ်သိမ်း၊ အမတ်စသော ဂိုလ်ပေါ စပ်သိမ်း၊ အောက်အဝီစိ စသော အထက်ဘဝဂ်သို့တိုင်အောင်

အတို့စကြာဝဠာစသော စကြာဝဠာ၌နေသော လူနတ်သတ္တဝါ ခပ်သိမ်း အကြွင်းမဲ့သဖြင့် သံသရာဆင်းရဲမှ လွတ်မြောက်ခဲ့၍ ဆင်းရဲမဲ့သော နိဗ္ဗာန်ပြည်သို့ရောက်စေချင်သောကြောင့်..."

ဂူဘုရားတည်လျှက် ကုသိုလ်ကောင်းမှုပြုရပါကြောင်း ရေးထိုးထားလေသည်။ အလားတူပင် ခရစ်နှစ် ၁၂၆၂ခုနှစ်၌ မင်းနန်သူရွာ အနောက်မြောက်ဘက်တွင် ထိမ့်ရှေ့မင်းနရသီဃဥစနာသမီး အစောလတ်မင်းသမီးနှင့် အမတ်ကြီး ဓေယျသဒ္ဒိယ်တို့မောင်နံက လက်ပွတ်ကန်ဂူဘုရားကို တည်ခဲ့ကြသည်။ ဂူဌာပနာသောရက်စွဲမှာ ၃ ခွန် ၁၂၆၁ ခုနှစ်ဖြစ်ပါသည်။ ဂူဘုရားတည်ရခြင်း ရည်ရွယ်ချက်ကို ကျောက်စာ၌

"ဆနဂုတ်ရောဂါ၊ ကိုးဆယ့်ခြောက်ပါးအနာ ဗတ္တိသကမ္မာကြမ္မာ ၃၂ ပဉ္စဝီသတိဘယာဘေး ၂၅ပါး၊ ဤမျှသော ဘေးအနာ သံသရာဆင်းရဲပေင်းချုပ်ရာ အရပ်ဖြစ်သော သဗ္ဗညုဘုရားရော ကို လိုချင်သောကြောင့် . . ."

ဟူ၍ရေးထိုးထားသည်ကို တွေ့ရှိရ၏။

မင်းနန်သူရွာ အနောက်မြောက်ဘက် စောလုဝန်းဘုရားစုမှ လေးဂူမှာမူ နရသီဟပတေ့မင်း၏ မိဖုရား ရတနာပုံကွယ်လွန်ခြင်း အထိမ်းအမှတ်အတွက် တည်ထားခဲ့ခြင်းဖြစ်ပါသည်။ ရတနာပုံမိဖုရားသည် အမတ်ကြီးသရေနှင့်ကျစွာ မင်း၏သမီးတော်တို့ စုံဖက်ရာမှ ဖွားမြင်ခဲ့သူဖြစ်သည်။ ရတနာပုံသည် ၂၀ မေ ၁၂၆၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ နရသီဟပတေ့မင်းကြီးက ရည်စူး၍ မဟာကဿပအရပ်တွင် ဂူဘုရားတည်ခဲ့လေသည်။ ကျောက်စာတွင်

"သက္ကရာဇ် ၆၂၄ခု ပုဿနှစ်နယုန်လဆန်း ၁ရက်နေ့ သရေသမီး အမိဖုရားရတနာပုံ ပျံတော်မူခဲ့ရကား ပျံတော်မူခဲ့သည်ကိုရည်၍ မြတ်ကြီးမဟာကဿ ပအရပ်၌ မင်းကြီးကျောင်းတော်တည်၍ . . ."

ဟုရေးထိုးမှတ်တမ်းတင်ခဲ့ပေသည်။

မင်းနန်းသူရွာမြောက်ဘက် မင်းဝိုင်းဘုရားစုရှိ ဌဘုရား၊ အုတ်တံတိုင်း၊ အုတ်ကျောင်းစသည်တို့မှာမူ နရသီဟပတေ့မင်း၏အဖွားဖြစ်သူ ဖွားစော၏ ကုသိုလ်ကောင်းမှုများဖြစ်ပါသည်။ ၂၄ ဒီဇင်ဘာ ၁၂၆၅ ခုနှစ်ရက်စွဲပါ ကျောက် စာ၌ ဖွားစောကအုတ်တံတိုင်း၊ ဌဘုရားပြုပုံ၊ ဘုရားဟောနိကာယ်ငါးရပ်နှင့် ပိဋကတ်သုံးပုံတို့ကို ထားရှိရန် ကုလားကျောင်းပြုပုံ၊ ရွှေတလားဖြင့် ပိဋကတ်သုံး ပုံကိုထားရှိပုံ၊ ကျောင်းဆောက်လုပ်ပုံများကို ဖော်ပြထားပေသည်။

## အာမနာအုတ်ကျောင်း၊

အာမနာအုတ်ကျောင်းသည် မင်းနန်းသူရွာမြောက်ဘက်၌ တည်ရှိ၏၊ အုတ်ကျောင်းကြီးကို တံတိုင်းနှစ်ထပ်ဖြင့် ခန်းနားစွာတည်ဆောက်ထားခဲ့ပြီး ကျောက်စာတစ်ချပ်ကိုလည်း အတွင်းတံတိုင်း၏ အရှေ့မြောက်ထောင့်၌ စိုက်ထူ ထားရှိခဲ့သည်။ ယင်းကျောက်စာအရ အာမနာအုတ်ကျောင်း၏ ကုသိုလ်ရှင်မှာ နရသီဟပတေ့၏ မိဖုရားတစ်ပါးဖြစ်သည်။ ကျောက်စာတွင် မင်းမယားဟူ၍သာ ဖော်ပြရေးထိုးထားသဖြင့် အမည်ရင်းမည်သူမည်ဝါဖြစ်သည်ကိုမူ မသိရပေ။ ကျောက်စာမှတ်တမ်းများအရ ကျစွာမင်းကြီး၏သား သီဟသူနှင့် မိဖုရားမိတို့မှ ဖွားမြင်သူဖြစ်ကြောင်း သိရှိရပါသည်။

၉ ဇူလိုင် ၁၂၆၆ ခုနှစ်ရက်စွဲပါ အာမနာအုတ်ကျောင်း ကျောက်စာတွင် အုတ်ကျောင်းကုသိုလ်ရှင်အမည်ကို

> "သက္ကရာဇ် ၆၂၈ခု ပိသျှနှစ်နံကာ (ဝါခေါင်)လဆန်းရရက် ကြာသပတေးနေ့ မထိလိုမြေး မင်းမယား၊ သီဟသူသမီး၊ ဖြစ် သောဆင်းရဲ၊ အိုမင်းသော ဆင်းရဲ၊ သေသောဆင်းရဲ၊ မချစ်သော သူနှင့်တကွနေသော ဆင်းရဲ၊ ချစ်သောသူ နှင့် ကွေ့ကွင်းရသော ဆင်းရဲ၊ လို၍မရသောဆင်းရဲ၊ ဤသို့ကစသော အတိုင်းမသိ သောဆင်းရဲတို့သည် နှိပ်စက်သောခန္ဓာကို ရွန့်ထားခဲ့၍ ဆင်းရဲ ငြိမ်းကင်းသော ချမ်းသာစွာသော မြတ်သောနိဗ္ဗာန်ကိုလျှင် ငါလိုသတည်းဟူ၍ ချစ်စွာသော မြတ်သော ရွှေငွေကစသော ဥစ္စာတို့ကို စွန့်၍ပြုသောကျောင်း"

ဟူ၍ရေးထိုးခဲ့လေသည်။

ဤတွင် ကျောက်စာပါ မထိလိုမြေးဟူသော ဝေါဟာရမှာ အထူးအဆန်းဖြစ်နေပါသည်။ မထိလိုကားမည်သူမည်ဝါကို ရည်ညွှန်းကြောင်း မပြောနိုင်ပါ။ မထိလိုမြေးမှာမူ ကျစွာမင်းကြီးသား သိယံသူနှင့် မိဖုရာမိတို့သမီးမင်းမယားဖြစ်ကြောင်းဆို၏။ မိဖုရားမိ၏ မိဘတစ်ဦးဦးဖြစ်မည်ထင်ပါသည်။

## မွန်ဂိုသံအဖွဲ့မှသည် စစ်ပွဲဆီသို့

မွန်ဂိုတို့နှင့် ပုဂံမင်းနေပြည်တော်အကြား ဆက်ဆံရေးမပြေမလည်ဖြစ်ရခြင်းမှာ ခရစ်နှစ် ၁၂၇၁ခုနှစ်ကစခဲ့ပါသည်။ ယင်းနှစ်တွင် မွန်ဂိုဧကရာဇ်လက်အောက်ခံယူနန်အစိုးရက ဧကရာဇ်အမိန့်တော်အတိုင်း ပုဂံသို့မွန်ဂိုသံအဖွဲ့တစ်ဖွဲ့စေလွှတ်လိုက်ပါသည်။ ယင်းသံအဖွဲ့သည် ပုဂံနေပြည်တော်အား သူတို့၏လက်အောက်ခံအဖြစ် အသိအမှတ်ပြုကာ လက်ဆောင်ပဏ္ဏာပုံမှန်ဆက်သစေရန် ပြောကြားသည့်အဖွဲ့ဖြစ်သည်။ နရသီဟပတေ့မင်းသည် မွန်ဂိုသံအဖွဲ့လာရောက်ခြင်းကိစ္စကို သိရှိသည်နှင့် သံအဖွဲ့ဝင်များအား နန်းတွင်းသို့အဝင်မခံတော့ပေ။ ထိပ်တန်းမှူးမတ်အရာရှိကြီးများက သင့်တင့်အောင်ပြောဆိုလျှက် ပြန်စေခဲ့ကြသည်။

ခရစ်နှစ် ၁၂၇၂ခုနှစ်တွင် ပုဂံနေပြည်တော်အနေဖြင့် မွန်ဂိုဧကရာဇ်လက်အောက်ခံအဖြစ် အညံ့ခံမည်မဟုတ်ကြောင်း ပြသသည့်သဘောဖြင့် ယူနန်ဒေသအကြီးအကဲနှင့် သင့်မြတ်သော ဝ၊ ပလောင်ဒေသများကို သွားရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့၏။ ယင်းဒေသ၏ခေါင်းဆောင် 'အပိ' ဆိုသူကိုပင် ဖမ်းဆီးခေါ်ဆောင်လာကာ မွန်ဂိုဧကရာဇ်ကြားသိစေရန် လုပ်ဆောင်ခဲ့ကြသည်။ ဤသို့ဖြင့် မွန်ဂိုဧကရာဇ်သည် ပုဂံနိုင်ငံကို စည်းရုံးသိမ်းသွင်းနိုင်ရန် ၃ မတ် ၁၂၇၃ ခုနှစ်တွင် သံအဖွဲ့ဝင်သုံးဦးကို စေလွှတ်လိုက်လေသည်။

သံအဖွဲ့ဝင်သုံးဦးမှာ အကြောင်းကြောင်းကြောင့် တရုတ်နိုင်ငံသို့ပြန်လည်မရောက်ရှိခဲ့ကြပေ။ လမ်းခရီးနယ်စပ်ဒေသတွင် ပုန်ကန်သောင်းကျန်းသူများ ရှိနေသဖြင့် လုပ်ကြံခံခဲ့ရခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော် မွန်ဂိုဧကရာဇ်က ဤသံတမန်အဖွဲ့ဝင်များ ပျောက်ဆုံးမှုအတွက် ပုဂံမင်းအပေါ်အထင်အမြင်

လွှဲမှားခဲ့သည်။ နရသီဟပတေ့မင်းကမူ မင်္ဂလာစေတီကျောက်စာ၌ "မင်းတို့ကား တမန်ကို မချုပ်ရာ" ဟူ၍သတ်ဖြတ်စီရင်ရန်ဝေးစွ၊ ဖမ်းဆီးချုပ်နှောင်ခြင်းပင် မပြုခဲ့ပါကြောင်း ရေးထိုးထားခဲ့၏။ ထိုအတောအတွင်း သံတမန်တို့၏ အခြေအနေကို သိရှိနိုင်ရန် ယူနန်မှအရာရှိတစ်ဦးကို စေလွှတ်ခဲ့ပါသေးသည်။ ယင်းအရာရှိသည်ပင်လျှင် သောင်းကျန်းသူများကြောင့် ခရီးလမ်းကြောင်းအဆင်မပြေသဖြင့် ပုဂံသို့တိုင် မသွားရောက်နိုင်ပါကြောင်း၊ ခရစ်နှစ် ၁၂၇၅ ခုနှစ်၌ သက်ဆိုင်ရာသို့ အစီရင်ခံတင်ပြခဲ့ပါသည်။ သို့တိုင်အောင် ကျေနပ်မှုရှိပုံ မရခဲ့ပေ။

၁၂၇၇ ခုနှစ်တွင် မြန်မာတရုတ်နယ်ခြား၌ တိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ဒုတိယအကြိမ်တွင် ယူနန်ဘုရင်ခံ စေရစ်အဂျာလိ (Sayyid Ajall) ၏သားကြီးဖြစ်သူ နာစီအောင် (Nasir ed-Din) ကိုယ်တိုင်ဦးစီးလာခဲ့ပါသည်။ မွန်ဂိုတပ်များသည် ငဆောင်ချမ်းနှင့် ကောင်းစင်မြို့များကိုပင် ဖျက်ဆီးတိုက်ခိုက်မှုများပြုခဲ့လေသည်။ ယင်းမွန်ဂိုတပ်ဖွဲ့အား ၁၂၇၇ ခုနှစ် ဧပြီလအတွင်း မြန်မာတို့သွားရောက်တိုက်ခိုက်ခဲ့သော်လည်း အရေးနိမ့်ခဲ့၏။ ၁၂၇၈ ခုနှစ် မေ့ရာသီရောက်မှသာ ငဆောင်ချမ်းနှင့်ကောင်းစင်၌ တပ်စွဲထားသောမွန်ဂိုစစ်သည်များ ပြန်လည်ထွက်ခွာသွားကြလေသည်။

နရသီဟပတေ့သည် မွန်ဂိုတပ်များ ငဆောင်ချမ်းနှင့် ကောင်းစင်မြို့များမှ ပြန်လည်ထွက်ခွာသွားပြီးနောက် ပျက်စီးယိုယွင်းမှုများကို ပြုပြင်ရန် အမတ်ကြီးဣန္ဒပစ္စယာအား ငဆောင်ချမ်းသို့ စေလွှတ်ခဲ့၏။ ကျောက်စာပါမှတ်တမ်းတွင်

> "ဣန္ဒပစ္စယာလည်း ငဆောင်ချမ်းမြို့ နေရလေ၏။ ပြည်တော်
> ပျက်စီးသောဖြစ်ချေ၏။"

ဟူ၍ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ ထိုစဉ်က အမတ်ကြီးသည် ငဆောင်ချမ်းမြို့၌ နေထိုင်ကာပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ကြီးကြပ်လုပ်ကိုင်ခဲ့ရလေသည်။ ငဆောင်ချမ်းသည် နယ်စပ်ခံတပ်မြို့ဖြစ်၍သာ ဤကဲ့သို့ ပြင်ဆင်ရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ရခြင်းဖြစ်ပေလိမ့်မည်။

**ငဆောင်ချမ်းတိုက်ပွဲ**

၂၂ စက်တင်ဘာ ၁၂၈၃ ခုနှစ်တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသကို တိုက်ခိုက်ရန် ယူနန်ပြည်နယ်မြို့တော်မှ တပ်များချီတက်လာခဲ့ကြသည်။ ယင်းတပ်ဖွဲ့များကို ဦးဆောင်လာသူများမှာ

မင်းသားဆင်ဂူဒါ (Sang qudar) -မဟာသေနာပတိ

ထိုက်ပူ (Tai pu) ယူနန်ပြည်နယ် ဒုတိယဘုရင်ခံ

ယဂန်တေဂင်(Yagan Tegin) ယူနန်ပြည်နယ်အစိုးရအကြံပေးအရာရှိတို့ဖြစ်ကြလေသည်။ ယင်းမွန်ဂိုတပ်ဖွဲ့များသည် ၇ နိုဝင်ဘာ ၁၂၈၃ခုနှစ်တွင် မိုင်းတီးသို့ရောက်ရှိလာ၏။ ထို့နောက် စစ်ကြောင်းသုံးကြောင်းခွဲ၍ မြန်မာပြည်မြောက်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ထိုက်ပူဦးစီးသောတပ်များသည် နိုဝင်ဘာ (၇) ရက်နေ့တွင် မိုင်းတုံမှ တဆင့် မိုးနှားသို့ ချီတက်ကြရ၏။ ယဂန်တေဂင်ဦးစီးသော တပ်တို့မှာမူ မင်းသားဆင်ဂူဒါ၏အမိန့်အရ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် နမ့်တီးမြစ်အတိုင်း စုန်ဆင်းကာမိုးနှားသို့ ရောက်ရှိလာပါသည်။ မင်းသားဆင်ဂူဒါကိုယ်တိုင်မှာမူ တပိန်မြစ် မြောက်ဘက်လမ်းအတိုင်း ဝင်ရောက်လာရာမှ ဒီဇင်ဘာလ ၁ ရက်နေ့တွင် မိုးနှားသို့ရောက်ရှိခဲ့သည်။ မိုးနှားတွင်တပ်များအစုံအညီ ပေါင်းစည်းမိသောအခါ မြန်မာလေ့တပ်ကို တိုက်ခိုက်နိုင်ရန်အတွက် လှေသမ္ဗန်များ တည်ဆောက်ကြတော့၏။

၃ ဒီဇင်ဘာ ၁၂၈၃ ခုနှစ်တွင် စစ်ကြောင်းများခွဲ၍ နယ်မြားဒေသသို့ ဦးတည်ချီတက်ကြသည်။ နောက်တန်းရိက္ခာထောက်ပံ့ရေးကို အိုက်လု (Airuq) က တာဝန်ယူပြီး စီချွမ်ပြည်နယ် မွန်ဂိုစစ်တပ်အကြီးအကဲ ယောင်ရခိုက် (Yauraqai)လည်း ပါဝင်စစ်မှုထမ်းခဲ့၏။ ဒေသခံတစ်ဦးဖြစ်သူ မိုးနှားနယ်အရာရှိ ချဲ့လုံက မွန်ဂိုတပ်များကို အစစအရာရာ အကူအညီပေးခဲ့ပါသည်။ ချဲ့လုံသည် တာတာလူမျိုးဖြစ်ပြီး နယ်မြားဒေသကျွမ်းကျင်သူအဖြစ် ကူဗလိုင်ခန်၏ အားကိုးအားထားပြုမှုကို ခံရသူဖြစ်၏။

၃ ဒီဇင်ဘာ ၁၂၈၃ ခုနှစ်တွင်ပင် ငဆောင်ချမ်းတိုက်ပွဲကြီး စတင်ဖြစ်ပွားတော့၏။ စစ်ပွဲမှာ ပြင်းထန်လှပြီး အကျအဆုံးလည်း များပြားလှသည်ဆိုပါသည်။ စဝ်းနန်မြို့သားစေးသည် မာကိုပိုလိုသည် ငဆောင်ချမ်းတိုက်ပွဲကို ကိုယ်

တိုင်တွေ့ကြုံခဲ့ရသူ ဖြစ်ဟန်တူပြီး သူ၏စရိုးသွားမှတ်တမ်း၌လည်း ယင်းတိုက်ပွဲအကြောင်းကို မှတ်တမ်းတင်ရေးသားထားသည်ကို တွေ့ရှိရ၏။ ဒီဇင်ဘာ ၉ ရက်နေ့တွင် ကောင်းစင်မြို့ထပ်မံကျဆုံးသွားပြန်ပါသည်။

ကောင်းစင်မြို့ကို သိမ်းပိုက်ပြီးစီးသွားသည်နှင့် မင်းသားဆင်ရှုဒါက စစ်သူကြီး ယွင်ရှီအန် (Yuan Shih an) အားယင်းဒေသသို့ စောင့်ကြပ်လျက် စားရေးရိက္ခာစုဆောင်းထားရန် မှာကြားပါသည်။ ထို့နောက် ငဆောင်ချမ်းနှင့် ကောင်းစင်တစ်ဝိုက်ကို မြေပုံကြမ်းရေးဆွဲကာ ကူဗလိုင်ခန်မင်းကြီးထံ တင်ပြအစီရင်ခံခဲ့သည်။ ငဆောင်ချမ်း၊ ကောင်းစင်မြို့များကို သိမ်းပိုက်ပြီးနောက် ပုဂံနေပြည်တော်မှ အညံ့ခံလာမည်အထင်ဖြင့် ယာဂန်တောဂင်က သံအရာရှိနှစ်ဦးအား ပုဂံသို့ စေလွှတ်လိုက်သေး၏။ ထိုသူတို့ကား ဟေတီအာ(Hei-ti-erh)နှင့် ယန်လင်(Yang lin) တို့ဖြစ်ကြ၏။ ယန်လင်မှာ ရှမ်းမြန်မာဘာသာများ ကျွမ်းကျင်သူဖြစ်ပြီး၊ စကားပြန်အဖြစ် လိုက်ပါခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာတို့က မည်သို့မျှ အကြောင်း၊ ပြန်ကြားခြင်း မပြုခဲ့ပေ။

မွန်ဂိုစကေရာစ်သည် ပုဂံမင်းနေပြည်တော်မှ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိသောအခါ အလွန်အမင်းဒေါသထွက်သွားဟန်ရှိလေသည်။ သို့ဖြင့် တကောင်းကို ဆက်လက်တိုက်ခိုက်သိမ်းပိုက်ရန် အမိန့်ပေးညွှန်ကြားပြန်သည်။ ထိုအတောအတွင်း ယာဂန်တောဂင်က အခြေအနေအရပ်ရပ်ကို အကဲခတ်လေ့လာနိုင်ရန် ဗုဒ္ဓဘာသာဘုန်းတော်ကြီးအချို့ကို မြန်မာများဓေတ္တစခန်းချရာ တကောင်းသို့ စေလွှတ်ကြည့်ပြန်၏။ သို့သော် အကြောင်းမထူး။ သို့ဖြင့် ၅ ဖေဖော်ဝါရီ ၁၂၈၄ ခုနှစ်တွင် တကောင်းကို မွန်ဂိုတပ်များ တိုက်ခိုက်သိမ်းပိုက်လိုက်လေသည်။ တကောင်းမြို့ကျဆုံးသွားသောအခါ ပုဂံမင်းလက်အောက်ခံ ကတူးလူမျိုး၊ တကောင်းမြို့စားသည် မွန်ဂိုလက်အောက်သို့ ဝင်ရောက်ခိုလှုံသွားလေသည်။

မွန်ဂိုတို့သည် တကောင်းကို သိမ်းပိုက်ပြီးနောက် မလည်မြို့သို့ ဆက်လက်ချီတက်လာ၏။ မြန်မာတပ်များက မလည်အောက်ဘက်ရှိ မရိုးတောင်မှ ခုခံသေးသည်။ သို့သော် ကြာရှည်မခုခံနိုင်ခဲ့။ နရသီဟပတေ့မင်းမှာမူ တပ်ပျက်ပြီကြားသည်နှင့် ပုဂံမှပြည်မြို့အနောက်ဘက် လှည်းကျုရပ်သို့ ထွက်ပြေးတိမ်းရှောင်သွားတော့၏။ မွန်ဂိုတပ်များ မလည်မှ ဧဦးကျူမြို့တိုင် ရောက်ရှိလာခဲ့

သည် ဆိုပါသည်။ ယဂန်တောဂင်သည် တကောင်းမြို့ကျဆုံးသွားပြီးနောက် စစ်သူကြီး ခဒိုင်(Qadai)နှင့် ဗိုလ်ချုပ် ဘူတူမန်(Butuman) တို့ကို စစ်သည် ငါးထောင်အား ဦးစီးလျက် မြို့စောင့်တပ် အဖြစ် ချထားလိုက်၏။

၉ ဖေဖော်ဝါရီ ၁၂၈၄ ခုနှစ်တွင် မင်းသားဆင်ခူဒါက မြန်မာနိုင်ငံမှ ဆက်သသည်ဆိုသော ပုလဲ၊ သန္တာ၊ ကျောက်မျက်ရတနာများ၊ ရောင်စုံပိုးထည်များနှင့် ရတနာခုနစ်ပါး စီခြယ်ထားသည့် ခါးကြိုးတို့အား ကူဗလိုင်ခန်ထံ ဆက်သလိုက်လေသည်။ စစ်စစ်အားဖြင့် ယင်းပစ္စည်းအများစုမှာ ငဆောင်ချမ်းတိုက်ပွဲ၌ သိမ်းဆည်းရမိသောပစ္စည်းများ ဖြစ်ပါသည်။ ထို့နောက် မွန်ဂိုကြေရာစ်ကူဗလိုင်ခန်၏ အမိန့်အရ မြောက်ဘက်ကောင်းစင်နှင့် တောင်ဘက်စဉ့်ကူးအထိ ရှိသော နယ်မြေကို မြန်မာနိုင်ငံချိုတက်ရေးနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်လိုက်ကြ၏။

ထိုကာလအတွင်း ကူဗလိုင်ခန်၏မြေး ယူနန်မင်းသား အာဆန်တမူး (Asam Tamur)သည် မြန်မာနိုင်ငံနယ်စပ်သို့ လာရောက်စစ်ဆေးခဲ့သေး၏။ သို့သော် မောရှမ်းတို့၏ ခုခံမှုကြောင့် ဆယ်ကြိမ်ထက်မနည်း တိုက်ပွဲဖြစ်ပွားကာ စက်ခဲ့စွာ ပြန်သွားခဲ့ရသည်ဆိုပါသည်။၁၀ မေ ၁၂၈၄ခုနှစ်တွင်လည်း မြန်မာနိုင်ငံချိုတက်ရေးနယ်မှ ခူဒါတမူး(Quduq Taur)ဦးဆောင်သောတပ်များ မြို့ရိုတိုက်ခိုက်ခြင်းခံခဲ့ရသည် ဆို၏။ ငဆောင်ချမ်းတိုက်ပွဲတွင် မြန်မာတို့ အရေးနိမ့်ခဲ့ရသော်လည်း တိုင်းတစ်ပါးတို့၏ ဗိုလ်ကျစိုးမိုးမှုကို မြန်မာတိုင်းရင်းသားအများ လက်မခံကြသည်ကတော့ အမှန်ပင်။

## အနန္တပစ္စည်းနှင့်မဟာဗိုလ်

နရသီဟပတေ့မင်း ပြည်မြို့အနောက်ဘက်လှည်းကျွံ၌ တစ်နှစ်ကျော်ကြာ တိမ်းရှောင်နေစဉ်အတွင်း ၂၉ သြဂုတ်လ ၁၂၈၅ခုနှစ်တွင် ကူဗလိုင်ခန်က သုသုတ္တဂီမင်းသား(Prince Susutegin)အား ယူနန်နယ်အရှေ့ပိုင်း၌ တပ်စွဲ၍ ပုဂံကို တိုက်ခိုက်ရေးအတွက် စစ်ပြင်ဆင်မှုပြုလုပ်ရန် ညွှန်ကြားလိုက်သည်။ သို့ဖြင့် နရသီဟပတေ့သည် စစ်ပြေငြိမ်းရေးဆောင်ရွက်ရန်အတွက် အနန္တပစ္စည်းနှင့် မဟာဗိုလ်တို့ကို ၁၂၈၅ခု နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း တကောင်းသို့ စေလွှတ်လိုက်လေ၏။ အနန္တပစ္စည်းသည် တရုတ်မှတ်တမ်းများအရ ဆားတွင်းများကို ကွပ်ကဲရသည့် အမတ်ကြီးဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ တကောင်းသို့သွားရောက်စဉ် လမ်းခရီး၌ မိုးမိတ်စော်ဘွားက တားဆီးလိုက်၏။ သို့ဖြင့် ထန်မာချိုင်ဆိုသူကို တပိန်မြစ်မြောက်ဘက်၌ အုပ်ချုပ်နေသည့် စော်ဘွားနီဆွထံ စာလွှာရေးသားပေးပို့ အကြောင်းကြားရတော့သည်။ သို့မှသာ အနန္တပစ္စည်းနှင့် မဟာဗိုလ်တို့ကောင်းစင်သို့ လာရောက်ခွင့်ရရှိကြလေသည်။ ထို၌ ပဏာမဆွေးနွေးကြရာတွင် အဆင့်မြင့် အရာရှိကြီးတစ်ဦးအား တရုတ်ပြည်သို့ စေလွှတ်ပေးပါမည့်အကြောင်း အနန္တပစ္စည်းက သဘောတူညီခဲ့၏။ ထိုအတောအတွင်း မွန်ဂိုတပ်များ တကောင်းမလည်ဒေသမှ အောက်ဘက်သို့ စုန်ဆင်းမလာကြရန်ကိုလည်း မေတ္တာရပ်ခံခဲ့၏။ မြန်မာကိုယ်စားလှယ်များနှင့် နယ်ခြားဒေသဆွေးနွေးပွဲမှာ ကူဗလိုင်ခံ ကေရာစ်ထံသို့ ပေါက်ရောက်မှု ရှိခဲ့ဟန်မတူပါ။ အဘယ့်ကြောင့်ဆိုသော် ၃ မတ် ၁၂၈၆ခုနှစ်တွင် ကူဗလိုင်ခန်က သုသုဗ္ဗာကီမင်းသားအား မြန်မာနိုင်ငံ မြောက်ပိုင်းဒေသဘုရင်ခံအဖြစ် ခန့်အပ်လိုက်သောကြောင့် ဖြစ်ပါသည်။ ထိုအချိန်တွင် သုသုဗ္ဗာကီမင်းသားသည် တကောင်းသို့ပင် ရောက်ရှိကာ မွန်ဂိုစစ်သည်အမြောက်အမြားနှင့် တပ်စွဲထားပြီးဖြစ်ပါသည်။ သူတို့နှင့်အတူ သံဃာအဖွဲ့တစ်ဖွဲ့လည်း ပါဝင်လျှက် ပုဂံသို့ လိုက်လာမည်ဖြစ်ကြောင်း သတင်းရရှိခဲ့၏။ သို့ဖြင့် အနန္တပစ္စည်းတို့က စစ်ရေးကိစ္စသာမဟုတ် သာသနာရေးဆိုင်ရာ ကိစ္စများပါ ပါဝင်လာနိုင်သဖြင့် ဆရာတော်ရှင်ဒိသာပါမောက္ခကို တရုတ်ပြည်သို့ စေလွှတ်ညှိနှိုင်းမှသာ အဆင်ပြေနိုင်ကြောင်း နရသီဟပတေ့မင်းထံ လျှောက်ထားကြလေသည်။

## ရှင်ဒိသာပါမောက္ခ၏ ငြိမ်းချမ်းရေးအဖွဲ့

နရသီဟပတေ့မင်း၏ လျှောက်ထားချက်အရ မင်းဆရာ ရှင်ဒိသာပါမောက္ခတို့အဖွဲ့ ၁၂၈၆ခုနှစ် ဇွန်လကုန်ခန့်တွင် သစ်ဆိမ့်ဟန်လင်းမှတစ်ဆင့် တကောင်းသို့ ကြွရောက်ကြသည်။ ယင်းအဖွဲ့နှင့်အတူ အနန္တပစ္စည်းနှင့် မဟာဗိုလ်တို့ပါ ထပ်မံလိုက်ပါခဲ့ကြဟန် တူပါသည်။ တကောင်းမြို့အရောက်တွင် အာဏာပိုင်တို့က ဆရာတော်၏ သံအမတ်ခန့်အပ်လွှာကို စစ်ဆေးကြည့်ရှုရာ ပုဂံဘုရင် နရသီဟပတေ့မင်းက လွှတ်ခြင်းမဟုတ်ဘဲ အမတ်ကြီးများက စေလွှတ်ခြင်းသာဖြစ်ကြောင်း တွေ့ရှိရလေသည်။ သို့ဖြင့် ဆရာတော်မှလွဲ၍ ကျန်အရာရှိ

များကို ဖမ်းဆီးခဲ့ဟန်ရှိ၏။ မင်းကြီးက သံအမတ်ခန့်အပ်လွှာပို့လိုက်မှသာ နွင့် ပြုချက် ရရှိကြသည်။

ဆရာတော်သည် တိဘက်မဟာယဉ်ဝါဒီ ဘုန်းတော်ကြီးများဖြစ်ကြ သည့် ရှင်ပုညစမ္ဗိကာ၊ ရှင်သီရိစမ္ဗိကာတို့အား တကောင်း၌တွေ့ဆုံရာ တိဘက်ဘုန်းတော်ကြီးများက လှူဘွယ်ဝတ္ထုများဖြင့် ပူဇော်ကြ၏။ ဘုန်းတော်ကြီးများက မိမိတို့အား ပုဂံသို့မသွားရလေအောင် ဟောပြောပေးပါရန် ပန်ကြားခဲ့ကြပြီးနောက် ဆရာတော်ရှင်ဒိသာပါမောက္ခနှင့်အဖွဲ့ မြန်မာတရုတ်နယ်ခြားကို ဖြတ်ကျော်ကာ ယူနန်ပြည်နယ်၏မြို့တော် ယဆည်သို့ ကြွရောက်သွားကြသည်။ ဆရာတော် ယဆည်တွင် ဝါဆိုပါသည်။ ထိုနောက် ဆရာတော် ၁၂၈၆ အောက်တိုဘာလတွင် ယဆည်မှ ထွက်ခွာသွားရာ ဇန်နဝါရီ ၁၂၈၇ခုနှစ်ခန့်တွင် ပီကင်း(တယ်တူ)သို့ ရောက်ရှိသွားသည်။ ကူဗလိုင်ခန်ကလည်း ဆရာတော်အားကောင်းမွန်စွာ လက်ခံကြိုဆိုပါသည်။ ဆရာတော်၏ မိန့်မှာစကားတို့တွင်

"မဟာရာဇာ သူ့ရဲ့နှင့်သံယာတို့သည် (မြန်မာပြည်အလယ်ပိုင်းသို့ ရောက်ရှိသော်) ဆန်စားရမှသာ အသက်ရှင်နိုင်မည်။ စပါးဟူသည် တိုင်းပြည်စည်ပင်သာယာ ဝပြောရေး၏ အရင်းအမြစ်မဟုတ်ပါလော၊ သို့သော် ယခုအခါ စစ်ဘေးစစ်ဒဏ်ကြောင့် ရဟန်းသံဃာများပင် နေပြည်တော်ကို စွန့်ခွာသွားကြလေပြီ။ ကောက်ပဲ သီးနှံစိုက်ပျိုးသူမရှိ၍ ဆန်မရှိတော့ပြီ။ စစ်သည်သူရဲတို့သည် ဆန်မစားရဘဲ ထန်းကိုသာစားနေပါလျှင် ဝမ်းနာ၍ သေကျေကြမည် မဟုတ်လော။ သူရဲများ သေကျေနေသည်ကိုတွေ့လျှင် ကျန်ရှိသော သံဃာများလည်း နေပြည်တော်ထဲသို့ မဝင်ဝံ့တော့ဘဲ ပြေးလွှားရင်းနှင့်ပင် ပျံလွန်တော်မူမည်။ ဤသို့ဖြစ်လျှင် မင်းကြီး၏ ရည်မှန်းချက်သည် ပြည့်ဝအောင်မြင်ပါမည်လော"

ဆရာတော်သည် ကူဗလိုင်ခန်အား ဆက်လက်မိန့်ကြားရာတွင်

"မင်းကြီး တိုက်ခိုက်အောင်မြင်ခဲ့သော တိုင်းပြည်များသည် များလည်းများပေ သည်။ ကြီးလည်းကြီးပေသည်။ တမ္ဗဒီပခြင်

> သော ပုဂံသည် ပြည်ငယ်တစ်ခုသာ ဖြစ်သည်။ သာသနာထွန်းကားနေသောကြောင့် ဘုရားလှောင်းတို့က မြတ်နိုးကြ ပါသည်။ မင်းကြီး၊ စစ်သည်သူရဲများကို မစေလွှတ်ပါနှင့်။ ငါတို့ ကောက်ပဲသီးနှံများကို စိုက်ပျိုးပါဦးမည်။ ကောက်ပဲသီးနှံစိုက်ပျိုး၍ ပြီးစီးသောအချိန်ကျမှ ဝင်လာပါ"

ဟု ပြောကြားခဲ့၏။ ကူဗလိုင်ခန်ကလည်း ဆရာတော် မိန့်ကြားသည်များကို လက်ခံသည်။ သို့ဖြင့်

> "ပဏ္ဍိတ်ပြောသော မိန့်ကြားချက်တွင် ကျွန်ုပ်အဖို့လည်း ပါဝင်ပါသည်။ ပဏ္ဍိတ် ပြန်ကြပါ။ ထွက်ပြေးသွားသူတို့ကို ပြန်ခေါ်ပြီး ကောက်ပဲသီးနှံ စိုက်ပျိုးကြပါ။ ပြီးစီးလျှင် ကျွန်ုပ်အား လူလွှတ်အကြောင်းကြားပါ"

ဟု ဆိုလေသည်။ သို့ဖြင့် ရှင်ဒိသာပါမောက္ခနှင့်အဖွဲ့ တယ်တူမှ ပြန်လာကြတော့သည်။ လမ်းခရီးတွင် လေးလခန့်ကြာမြင့်၏။ ၁၂၈၇ခုနှစ် မေလခန့်တွင်မှ လှည်းကျွသို့ရောက်ကာ နရသီဟပတေ့မင်းကို အစီရင်ခံနိုင်ကြသည်။ မင်းကြီး အားရလွန်း၍ ဆရာတော်အား ဟန်လင်းတွင် လယ်ပယ်ပေါင်း ၄၀၀၊ ကြံတူ(အမြင့်)တွင် လယ်ပယ်ပေါင်း ၄၀၀ တို့အား လှူဒါန်းခဲ့လေသည်။ ဆရာတော်က အလှူအရပ်ရပ်ကို မင်္ဂလာစေတီတွင် တဖန်လှူဒါန်းပြန်၏။ ကျောက်စာရေးထိုးချိန်တွင် တန်ဆောင်းကြီး ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ စာသင်တိုက်မှာမူ ဆောက်လုပ်ဆဲဖြစ်၏။

## တာဝန်ဝုံး

နရသီဟပတေ့မင်းသည် မွန်ဂိုတပ်များ ချီတက်တိုက်ခိုက်စဉ်မှာပင် ပြည်အနောက်ဘက် လှည်းကျွရပ်သို့ ထွက်ပြေးတိမ်းရှောင်သွား၏။ ပြည်မြို့စားသီဟသူသည် နရသီဟပတေ့မင်းနှင့် မိဖုရားရှင်မောက်တို့မှ ဖွားမြင်သူဖြစ်သည့်အလျောက် သားဖြစ်သူထံ အားကိုးတကြီးဖြင့် တိမ်းရှောင်သွားခြင်းဖြစ်ဟန်တူပါသည်။ တရုတ်(မွန်ဂိုတပ်)များ ပုဂံကိုဝင်ရောက်စဉ် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ထိုမင်း၏အမည်ကို နောင်တွင် တရုတ်ပြေးမင်းဟူ၍ ခေါ်ဆိုခဲ့ကြသည်။ ယင်းသို့ တရုတ်ပြေးမင်းကြီးဟု ရင့်ရင့်သီးသီး စတင်ခေါ်ဆိုခဲ့သူကား

စစ်ကိုင်းမင်းဆက်၏ လေးဆက်မြောက်ဘုရင် ကျစွာမင်း (၁၃၃၉–၁၃၄၀)ဖြစ်ပြီး ရှေးဦးသမန်စတာဘုရားကျောက်စာ၌ ရေးထိုးဖော်ပြခဲ့ခြင်းဖြစ်သည်။

ပြည်မင်းဆက်နွယ်တော်စဉ် မှတ်တမ်းအရ နရသီဟပတေ့မင်းသည် သားတော်ပြည်ဘုရင်စံမင်းသားအား ပုဂံမြို့အုပ်ချုပ်ရေးတာဝန်များ ပေးအပ်ခဲ့သည် ဆိုပါသည်။ ဤတွင် နရသီဟပတေ့မင်းသည် တရုတ်တပ်များ ပုဂံသို့ ဝင်ရောက်တိုက်ခိုက်စဉ် သားတော်ဥစနာရှိရာ မွန်ဒေသ ပုသိမ်မြို့သို့ သွားရောက်ခိုလှုံခဲ့ကြောင်း မြန်မာရာဇဝင်ကျမ်းများ၌ တွေ့ရှိရပါသည်။ (မင်္ဂလာစေတီကျောက်စာ၌မူ ပြည်အနောက်ဘက် လှည်းကျူသို့ တိမ်းရှောင်နေခဲ့ကြောင်း ဖော်ပြပါရှိ၏။) တရုတ်တပ်များ ပြန်လည်ထွက်ခွာသွားကြောင်းကြားမှသာ ပုသိမ်မှ ပြည်သို့ ထွက်ခွာလာကြောင်း ဆိုပါသည်။ ပုသိမ်မြို့စား ဥစနာသည် ညီတော်ပြည်စား သီဟသူက ဖခင်နရသီဟပတေ့မင်းအား ဖမ်းဆီးလုပ်ကြံရန် ကြံစည်နေကြောင်း ကြိုတင်သိရှိထားခဲ့၏။

သို့ဖြင့် ပြည်မြို့သို့ သွားရောက်ကာ ညီတော်သီဟသူ၏ သံတော်ကျိုး စေတ်ဖမ်းဆီး၍ ပုသိမ်သို့ ခေါ်ဆောင်လာသည်။ သီဟသူက သူ့တွင်အပြစ်မရှိကြောင်း ငိုကြွေးပြောကြားစဉ် ဖခင်နရသီဟပတေ့ ကြားသွားသည်ဆို၏။ သို့ဖြင့် သီဟသူကို မိမိဖောင်တော်အနီး၌လှေတစ်စင်းဖြင့်နေစေသည်။ထိုအတောအတွင်း သီဟသူ၏နောက်ပါနှစ်ဦးက တံငါသည်ဟန်ဆောင်၍ သီဟသူအား ခိုးထုတ်သွားကြသည်။ သီဟသူသည် လွတ်မြောက်သွားပြီးနောက် ပြည်မြို့သို့ အလျင်အမြန်ပြန်ကာ ပုန်ကန်ခြားနားတော့သည်။ နရသီဟပတေ့သည် မိဖုရားကြီးဖွားစောနှင့် တိုင်ပင်လျက် ပြည်မြို့သို့ ဆန်တက်သွား၏။ ပြည်မြို့မြစ်ဆိပ်အရောက်တွင် သီဟသူက ဘုရင်၏ဖောင်တော်အား ဆီးတားကာ အဆိပ်ခတ်ထားသော အစားအစာတို့ကို စားစေခဲ့သည် ဆိုပါသည်။ သို့ဖြင့် အဆိပ်သင့်ကာ နတ်ရွာစံလွန်ကြောင်း မှန်နန်းရာဇဝင်တော်ကြီးပိုဒ်ရေ ၁၅၂၌ ဖော်ပြထားပါသည်။

သီဟသူသည် ခမည်းတော်အား အဆိပ်ခတ်လုပ်ကြံပြီးနောက် ပုသိမ်သို့ ဆက်လက်သွားရောက်ကာ နောင်တော်မြို့စား ဥစနာကို လုပ်ကြံပြန်၏။ ထိုအကြောင်းကို ကြားသိရသည့် ဒလမြို့စား ကျော်စွာနှင့် ပဲခူးမြို့စား ငပွန်တို့က သီဟသူကို စစ်ခြားနားကြသည်။ သီဟသူသည် ဒလသို့သွားရောက်တိုက်ခိုက်သော်လည်း မအောင်မြင်ခဲ့။ သို့ဖြင့် ပဲခူးသို့ ဆက်လက်ချီတက်ပြန်

သည်။ ပဲခူးသို့အရောက်တွင် မြွားဒဏ်ရာဖြင့် ကွယ်လွန်သွားကြောင်း ဆိုပါသည်။ သို့သော် ထူးခြားသည်မှာ မှန်နန်းရာဇဝင်ပါ ယင်းစာတ်လမ်းကို ပြည်မင်းဆက်နွယ်တော်စဉ်တွင် လည်းကောင်း၊ မုံရွေးဇေတဝန် ဆရာတော်၏ ဇေတဝန ကထာကျမ်း တွင်လည်းကောင်း၊ အရိပ်အမြွက်မျှပင် ဖော်ပြထားခြင်း မရှိသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ မြန်မာရာဇဝင်ကျမ်းများတွင် နရသီဟပတေ့မင်းအား

> "တရုတ်ပြေးမင်းကား အဆိုအမိန့် ရက်စက်ကြမ်းကြုတ်သည်။ အကွပ်အညှပ်ပြင်းသည်။ လောဘသဏ္ဍာယ ကြီးသည့်။ အမျက်ဒေါသမာန် အငြူးအစူကြီးသည်။ ပြက်ရယ်ကျီစယ် ဝါသနာကြီးသည်။ တိုင်းပြည်ရေးရာတို့၌ မစူးမစမ်း မဆင်ခြင် ပြုတတ်သဖြင့် အရေးအဝန်ဖန်များရသည်။"

ဟူ၍ မှတ်ချက်ပြုထားသည်ကို တွေ့ရှိရ၏။ သို့သော် မင်္ဂလာစေတီ ကျောက်စာပါ "မင်းတို့ကား တမန်ကိုမရှုပ်ရာ"ဟူသည့် ဖော်ပြချက်က နရသီဟပတေ့မင်း၏ စိတ်နေသဘောထားကို မြွက်ဟနေသယောင်ရှိပါသည်။

နရသီဟပတေ့မင်း၏ ဘဝနိဂုံပိုင်းကို သားတော်ပြည်စား သီဟသူက လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ရာဇဝင်ကျမ်းအချို့က ဆိုကြသော်လည်း ခေတ်ပြိုင် မှတ်တမ်းများ၌ ယင်းသို့ဖော်ပြထားသည်ကို မတွေ့ရပေ။ စာတမှတ်တမ်းအရ ၁ နှလိုင် ၁၂၈၇ တွင် နရသီဟပတေ့မင်း နတ်ရွာစံလွန်ပါသည်။ နတ်ရွာစံစဉ်က အသက်(၅၇)နှစ် အရွယ် ရှိပြီဖြစ်ပါသည်။ သူ့အား ဒလမြို့စားဖြစ်သူ သားတော် ကျော်စွာက ဆက်ခံခဲ့၏။

◆

## (၂၁) ကျော်စွာ (၁၂၈၇–၁၂၉၈)



ကျော်စွာ (၁၂၈၇ – ၁၂၉၈)

# ကျော်စွာ

ကျော်စွာမင်းသည် ခမည်းတော် နရသီဟပတေ့မင်း၏ အရိုက်အရာကို ဆက်ခံလျက် ၁၂၈၇ခုနှစ်တွင် နန်းတက်လာပါသည်။ ဘွဲ့မည်မှာ သိရိတြိဘဝနာဒိတျ ပဝရပဏ္ဍိတရာဇာ ဖြစ်၏။

## မျိုးရိုးဆက်နွယ်

ကျော်စွာမင်းကို နရသီဟပတေ့မင်းနှင့် မိဖုရားငယ်ရှင်ဘားတို့မှ ၂ ဩဂုတ် ၁၂၆၀ ခုနှစ်တွင် ဖွားမြင်ပါသည်။ မှတ်တမ်းအချို့တွင်မူ မိဖုရားကြီး ဖွားစော၏ သား ဖြစ်ကြောင်း ဆိုကြ၏။ သို့သော် ဖွားစော၏သား ဟူသော ဖော်ပြချက်မှာ သံသယ ရှိဖွယ် ဖြစ်ပါသည်။ အကြောင်းမှာ စောလှဝန်းကျောက်စာတွင် မိဖုရားဖွားစော သည် သားရာစသူအကြောင်းကိုသာ ဖော်ပြပြီး ကျော်စွာနှင့်ပတ်သက်၍မူ "မင်းကြီးသားကျော်စွာ" ဟု ရည်ညွှန်းထား၍ ဖြစ်ပါသည်။

ဆွေတော်စဉ်မှတ်တမ်းအရ မိဖုရားငယ်ရှင်ဘားမှ သား ကျော်စွာ တစ်ဦးတည်းကိုသာ ဖွားမြင်ပါသည်။

နရသီဃံဥစနာ + ဖွားစော

(သား)

ဥစနာ + မိဖုရားစုလည်းထုံး

(သား)

နရသီဟပတေ့ + ရှင်ဘား

(သား)

ကျော်စွာ

ဖခင် နရသီဟပတေ့၏မျိုးနွယ်ဆက်နှင့် ပတ်သက်၍မူ ထူးထူးထွေထွေ ဖော်ပြရန်မရှိပါ။ မိခင် မိဖုရားရှင်ဘားအကြောင်းနှင့် ပတ်သက်၍လည်း တိမ်မြုပ်လျက်ရှိပါသေးသည်။ ဆွေတော်စဉ်မှတ်တမ်းတွင် မိဖုရားရှင်ဘားအား "ထိုမိဖုရားကို မည်သူ့သားသမီးဟု ရာဇဝင်တို့၌မဆို" ဟူ၍သာ မှတ်ချက်ပြုထားသည်ကို တွေ့ရှိရ၏။

**မွေးချင်းများ**

ကျော်စွာမင်းတွင် ညီအစ်ကိုအရင်းအချာမရှိဟု မှတ်ယူရမည် ဖြစ်ပါသည်။ အကယ်၍ ကျော်စွာသည် ဖွားစော၏သားဟု ယူဆပါမူ ရာဇသူမှာ မွေးချင်းညီအစ်ကိုတော်ဟု ဆိုရမည်ဖြစ်၏။ သို့သော် ကျော်စွာသည် မိဖုရားဖွားစော၏သား မဖြစ်နိုင်ပါ။ ဖွားစောက စောလှဝန်းကျောက်စာရေးထိုးရာ၌ ကျော်စွာကို "မင်းကြီးသားကျော်စွာ"ဟူ၍ ဖော်ပြရေးထိုးခဲ့လေရာ ရာဇသူနှင့် ဖွားစောမှာ အမိကွဲညီအစ်ကိုများဟူ၍သာ မှတ်ယူသင့်ပါသည်။

## ဘဝဖြစ်စဉ်အကျဉ်း

ကျော်စွာ၏ဘဝဖြစ်စဉ်ကို များစွာမသိရသေးပါ။ သို့သော် သူသည် ပုဂံမင်းမဖြစ်မီ ဒလမြို့သူကြီး သို့မဟုတ် ဒလမြို့စားအရာကို ရရှိခဲ့သည်ဟု မှတ်ယူရ၏။ ဒလမြို့မှာ ရှေးခေတ်ကာလအနေအထားအရ ယခု တွံတေးမြို့နေရာတစ်ဝိုက်တွင် တည်ရှိခဲ့ပါသည်။ ကျော်စွာသည် ဒလမြို့အုပ်ချုပ်ရေးတာဝန်ကို ယူနေရာမှ ပုဂံဘုရင်ဖြစ်လာခဲ့သည်။ ထိုစဉ်က ကျော်စွာသည် အသက် ၂၇ နှစ်အရွယ် ရှိပြီဖြစ်ပါသည်။

## မိသားစုရေးရာ

ကျော်စွာမင်း၏ မိဖုရား၊ သားသမီးများမှာ ကျောက်စာမှတ်တမ်းအရ အောက်ပါအတိုင်းဖြစ်ပါသည်။

### ၁။ မိဖုရား စောဦး

မိဖုရားစောဦးသည် ကျစွာမင်း၏ မြေးတော်စပ်သူဖြစ်ပါသည်။ ကျစွာမင်းနှင့် မိဖုရားကြီး ရာဇဒေဝီတို့မှ ဖွားမြင်သူ စောခင်လွှတ်သည် ရာဇသင်္ကြန်နှင့် စုံဖက်ပြီး သမီးစောဦးကို ဖွားမြင်ခဲ့ခြင်း ဖြစ်၏။ ကျော်စွာမင်းနှင့် မိဖုရားစောဦးတို့မှ သား၊ သမီး (၅)ဦး ဖွားမြင်ခဲ့သည်။

၁။ စောနစ်
၂။ မင်းရှင်စော
၃။ စောမင်းရာ
၄။ စောနှောင်း
၅။ မွေးမယ်တော်
တို့ဖြစ်ကြ၏။

### ၂။ မိဖုရားငယ် စောဦး

ကျော်စွာမင်း၏ မိဖုရားနှစ်ပါးစလုံးသည် စောဦးအမည်တူများ ဖြစ်ကြလေသည်။ မိဖုရားငယ်စောဦးကို တရုတ်ပြေးမင်းခေါ် နရသီဟပတေ့မင်းနှင့် မိဖုရား ရှင်ရွှေတို့မှ ဖွားမြင်ပါသည်။ ကျော်စွာမင်းနှင့် မိဖုရားငယ် စောဦးတို့မှ သားတစ်ဦး ဖွားမြင်ခဲ့သည်။

၁။ ဥစနာ

ဖြစ်ပါသည်။ ဤတွင် ကျောက်စာပါ အထောက်အထားများနှင့် ကွဲပြားခြားနားမှု ရှိနေသည်ကို တွေ့ရှိရပါသည်။ ကျောက်စာပါ သားတော် သီဃ်ပတိ အမည်ကို ဓမ္မတော်စဉ်မှတ်တမ်း၌ မတွေ့ရပေ။ အလားတူပင် ကုမာရကဿပသည်လည်း အခြားသားတစ်ပါးဖြစ်ပြီး မည်သည့်မိဖုရားမှ ဖွားမြင်သည်ကို မသိရပါ။ ကျောက်စာများကို လေ့လာကြည့်သောအခါ ကျော်စွာမင်းနှင့် သစ်မထီး၊ ဖွားစောခေါ် တတိယဖွားစောတို့မှ ဖွားမြင်သော သားသမီးများမှာ သဃ်ပတိ၊ ကုမာရကဿပနှင့် စောနစ်တို့ ဖြစ်ကြောင်း တွေ့ရှိရ၏။

## ထီးနန်းအရိုက်အရာ

ကျော်စွာမင်းသည် ထီးနန်းအရိုက်အရာကို ဆက်ခံမည့် အိမ်ရှေ့ဥပရာဇာရာထူးကို မိဖုရားဖွားစော(သစ်မထီး) မှ ဖွားမြင်သည့် သားတော် သီဃ်ပတိအား ဦးစွာပေးအပ်ခဲ့ကြောင်း၊ သိရှိရ၏။ သို့သော် သီဃ်ပတိသည် ပုဂံထီးနန်းကို ဆက်ခံခွင့်မရရှိခဲ့ပါ။ ရှမ်းညီနောင်သုံးဦး၏ စိုးမိုးချုပ်လုပ်မှုအောက်၌ ညီတော်စောနစ်ကသာလျှင် ပုဂံထီးနန်းကို ရရှိခဲ့လေသည်။

အိမ်ရှေ့ဥပရာဇာသီဃ်ပတိအကြောင်းကို များစွာမသိရှိရသေးပါ။ သူသည် ဖခင်ကျော်စွာမင်းလက်ထက်က အိမ်ရှေ့မင်းသားဘဝဖြင့် စေကျောင်းသို့ စေလွှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ ကျော်စွာမင်းနန်းကျချိန်တွင် မှုန်ကိုနှင့်ပူးပေါင်း သစ္စာဖေါက်သူဟု စွပ်စွဲခံရကာ လုပ်ကြံစီရင်ခြင်းခံခဲ့ကြောင်း မှတ်တမ်းတစ်ခုက ဆိုပါသည်။

## ဒလမြို့စားမှ ဘုရင်ဖြစ်လာသူ

ကျော်စွာသည် ပုဂံဘုရင်မဖြစ်မီကာလအထိ ဒလမြို့စားရာထူးဖြင့် အမှုထမ်းရွက်ခဲ့ရသူဖြစ်ပါသည်။ သူ့ကိုကျောက်စာ၌ "ဒလသူကြီး" ဟုဖေါ်ပြထားသည်ကို တွေ့ရ၏။ ဒလဟူသည် ယခုတွံတေးမြို့၏ ရှေးဟောင်းအမည်ဖြစ်၏။ ကျော်စွာသည် ပြည်မြို့စားသီဟသူ ကွယ်လွန်သွားပြီးနောက် အများဆန္ဒအရ ပုဂံဘုရင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ကျော်စွာ နန်းတက်စကာလ၌ပင် မြန်မာနိုင်ငံတဝှမ်း တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားခဲ့၏။ ရခိုင်ဓညဝတီဒေသမှ ဆက်သမြဲဖြစ်သည့် လက်ဆောင်ပဏ္ဏာများ ဆက်သရန်ပျက်ကွက်ခဲ့သည့်နည်းတူ ပဲခူးမြို့စားပေမွန်၊ မုတ္တမမြို့စား ဝါရီရူစသူတို့ကလည်း ထောင်ထားခြားနားခဲ့ကြလေသည်။ ကျော်စွာသည် သီလသမာဓိနှင့်ပြည့်စုံသူဖြစ်ကြောင်း ရာဇဝင်ကျမ်းတို့က ဆိုကြသည်။ သို့ကြောင့်လည်း နယ်မြေဒေသအသီးသီးမှ ပုန်ကန်ခြားနားသူများအား တွန်းလှန်ချေမှုန်းနိုင်ခဲ့လေသည်။ သို့သော် အခြေအနေမှန်ကို ရိပ်စားမိသည့်အလျောက် ကျော်စွာအတွက် ကျောထောက်နောက်ခံတစ်ခု ရှာကြံရန်လိုအပ်နေသည်မှာ အမှန်ပင်။

ကျော်စွာတွင် အားကိုးအားထားပြုရာ အမတ်ကြီးများကား (၉)ဦးတောင် ရှိ၏။ ထိုသူတို့ကား

၁။ အသခံယာ
၂။ ရာဇသင်္ကြံ
၃။ သီဃံသူ (သီဟသူ)
၄။ ဓေယျဘဂြိ
၅။ ဣန္ဒပစ္စရာ
၆။ ဇျှသူ
၇။ ကြည်စင်
၈။ ပုညာ
၉။ မဟာသမန်း

တို့ဖြစ်ကြသည်။ ထိုအထဲတွင် အသခံယာ၊ ရာဇသင်္ကြံနှင့် သီဃံသူ (သီဟသူ) တို့ကို ကျော်စွာအားကိုးအားထားပြုရသည်။ ထိုသူတို့ကား နောင်ရှမ်းသုံးညီနောင်ဟု ထင်ရှားလာကြသူများပင်ဖြစ်ပေသည်။

## ဘိသိက်ခံ အခမ်းအနား

နန်းတက်စဉ်ကတော်လှန်ပုန်ကန်မှုများ ငြိမ်းအေးစပြုတော့ ၃၀ မေ ၁၂၈၉ ခုနှစ်တွင် ကျော်စွာမင်းဘိသိက်ခံ အခမ်းအနားကျင်းပပြုလုပ်၏။ ယင်းအခန်းအနားကို သံဗျင်ဓေယျက ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။ ယင်းသံဗျင်ဓေယျကျောက်စာကား ပုဂံမင်းနန်းသူရှာတုရင်ပုထိုးအတွင်း၌ တည်ရှိပါသည်။ ကျောက်စာတွင်

"သက္ကရာဇ် ၆၅၁ခု ဧယ်နစ်မှတ်တာ (ဝါဆို) လဆန်း ၁၂ ရက် ၂၈နေ့ အား ဘုရားလောင်းအဘိသိက်ခံ၍ . . ."

ဟုဖော်ပြရေးထိုးထားပါသည်။ သံဖျင်ဓေယျအဖို့ ဤဘိသိတ်ခံအခမ်းအနားသည် အရေးပါလှ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ယင်းနေ့၌ဝင်သူဌေးဘွဲ့ကို ရရှိခဲ့သောကြောင့်ဖြစ်လေသည်။

သံဖျင်ဓေယျက သူဌေးဘွဲ့ရရှိခဲ့ပုံနှင့် ဆုချီးမြှင့်ခံရသောလယ်မြေများ အားတုရင်ပုထိုးသို့ လှူဒါန်းခဲ့ပုံများကို

"သံဖျင်ဓေယျသူဌေးကြီးကို သူဌေးမှူ၍ ပေးတော်မူသောဆုစ္ဆိ၊ အရပ်၌ရှိသော ကြေဖြစ်မြင်းဖြူလယ် ၁၅၀၊ ဤသည်တွင် တုရင်ပုထိုးကို လှူသော လယ်၁၀၊ အာမနာရှေ့၌ ငါပြုသော ကျောင်းကို လှူသောလယ်၁၃၀။"

ဟူ၍ ဖော်ပြထားပါသည်။

သံဖျင်ဓေယျသူဌေးသည် မိမိအားချီးမြှင့်မြှောက်စားသည့် ကျော်စွာမင်းကြီးအပေါ် အလွန်အမင်းကျေးဇူးတင်မဆုံးဖြစ်မိခဲ့၏။ နောက်ပိုင်းမင်းကြီးနှင့်လည်း ပိုမိုရင်းနှီးကျွမ်းဝင်လာဟန်ရှိပါသည်။ နောက် (၅)နှစ်အကြာတွင် မင်းကြီးကွန်ပြောက်ကြီးသို့ ထွက်တော်မူစိုက် သံဖျင်ဓေယျသူဌေးဆောက်လုပ်သောပြဿဒ်ကျောင်းတွင် လယ်မြေအချို့ထပ်မံလှူဒါန်းခဲ့သည်ကို တွေ့ရ၏။ ဤသည်ကား ဘိသိက်ခံအခမ်းအနားမှ စတင်ခဲ့သည့် သူဌေးဓေယျ၏ ဘဝတစ်လျှောက် ဆောင်မြင်မှုများပင်ဖြစ်ပါသည်။ သို့ကြောင့်လည်း သံဖျင်ဓေယျသူဌေးက ကျော်စွာမင်းကြီးဘိသိက်ခံသောနေ့ကို ကျောက်စာရေးထိုးမှတ်တမ်းတင်ထားခြင်းဖြစ်ပေလိမ့်မည်။

## မိဖုရားကြီးဖွားစော၏အလှူတော်

ဒုတိယဖွားစောဟု သိကြသည့် မိဖုရားဖွားစောကား နရသီဟပ[illegible]၏ မိဖုရားတစ်ပါးဖြစ်ပါသည်။ သူသည် ကျော်စွာ၏မိခင်အရင်းမ[illegible] သို့ကြောင့်လည်း မိဖုရားကြီးက ကျော်စွာကို ရည်ညွှန်းသည့်အခါ "ငါ့သခင်သာ

တရားမင်းကြီး" ဟုဆိုခြင်းဖြစ်ပါသည်။ ဖွားစောတွင် ဖခင်အမတ်ကြီးသရေကျော အမွေပေးအပ်ခဲ့သည့် မြေများရှိပါသည်။ သူကယင်းလယ်မြေများကို ဖခင်၏ဆန္ဒအတိုင်း အလှူဒါနပြုရန် ဆန္ဒရှိနေသည်။ သို့ဖြင့် ၁၂၉၀ပြည့်နှစ် နှလိုင်လတွင် ကျောင်းတစ်ဆောင်ဆောက်လုပ်ကာ အစလဗုဒ္ဓိကို လှူဒါန်းလိုက်လေသည်။ ဆရာတော်အား မြေအချို့ကိုလည်း လှူဒါန်းခဲ့၏။

၁၂၉၀ပြည့်နှစ် အောက်တိုဘာလရောက်တော့ ဖွားစောမြေထပ်လှူရန် ဆန္ဒရှိလာပြန်၏။ ဤတစ်ကြိမ်တွင် ကျန်းမာရေးချို့တဲ့နေရှာသူ သားရာဇသူနှင့် တိုင်ပင်ကြည့်သည်။ သဘောတူညီတော့ လယ်မြေ ၂၀၀၀ ကို ဆရာတော်ကျောင်းသို့ လှူဒါန်းလိုက်၏။ ဤတွင် ပြဿနာအချို့ရှိလာသည်။ တိုက်သူကြီးနှစ်ဦးက ယင်းမြေများအား သူတို့ပိုင်ဆိုင်ကြောင်းဆိုကြသည်။ အချင်းဖြစ်ရာမှ ပြဿနာက ကျော်စွာမင်းနားသို့ ပေါက်သွားသည်။ မိဖုရားကြီးဖွားစောတို့ အမှုအခင်းဖြစ်ကြသဖြင့် ဗျူဟာသူနှင့် ပုညာအမတ်တို့က လိုအပ်သည့်မေးမြန်းမှုများ ပြုကြကာ အသစ်ယာက မြေအနေအထားကို စစ်ဆေးရသည်။ အသစ်ယာက မြေအလှူပြုနိုင်ကြောင်း ပြောပြမှ ကျော်စွာမင်း က ရေစက်သွန်းချ လှူဒါန်းလိုက်ပါသည်။

၁၂၉၁ခုနှစ် ဧပြီလအတွင်း၌ ဖွားစော၏သား ရာဇသူကျန်းမာရေး အခြေအနေအတော်အတန် ဆိုးဝါးလာသည်။ သို့ဖြင့် ဖွားစောအလှူဒါနပြုရန် ဆန္ဒ ဖြစ်ပေါ်လာပြန်သည်။ ဤတစ်ကြိမ်တွင် အိုးဖြစ်သူ၏ကောင်းမှုတော်ကျောင်းသို့ မြေများလှူသည်။ ယင်းမြေကိစ္စတွင်လည်း အသဝတ်သမီးနှင့် အရှုပ်အထွေး ဖြစ်ရပြန်သဖြင့် ကျော်စွာမင်းဝင်ရောက် ရှင်းလင်းပေးရသေးသည်။ အလှူပြုသော်လည်း သား၏ကျန်းမာရေးအခြေအနေက ကောင်းမလာပေ။ ၁၂၉၁ ခု ဇွန်လ အတွင်း၌ ဖွားစော၏သားရာဇသူ ကွယ်လွန်သွားပါသည်။ ဖွားစောက အမှတ်တရရာဇသူစေတီကို တည်သည်။ အလှူဒါနများပြုသည်။ အလှူပြုတိုင်း ပြဿနာကြုံရတတ်သည့်အလျောက် ယခုတစ်ခါလည်း အရှုပ်အထွေးဖြစ်ပေါ်လာပြန်သည်။

အမှုကို အသစ်ယာ၊ ရာဇသင်္ကြန်နှင့် သိင်္ဂသူတို့က စစ်ဆေးရ၏။ နောက်ဆုံးပြဿနာမရှိကြောင်း သိရှိရတော့ ကျော်စွာမင်းက ရေစက်သွန်းချလှူဒါန်းခဲ့လေသည်။ ၉ မေ ၁၂၉၁ ခုနှစ်ရက်စွဲပါ ကျောက်စာတွင်

"ချစ်လှစွာသော ငါ့သားလှလည်း အမွေဥစ္စာတို့နှင့်တကွ ငါ့အမိရင်းကို စွန့်ခဲ့ပြီ တကား၊ ငါလည်း သူမယူနိုင်၍ ထားခဲ့သော အမွေဥစ္စာကို ငါလည်းထို သို့လည်းကောင်း မပါတတ်သည့်အကြောင်းအရာကို သိရကား ငါ့မိ၊ ငါ့ဖ၊ ငါ့သား၊ အမျိုး ခပ်သိမ်းတို့ နိဗ္ဗာန်၏ ပစ္စည်းအထောက်အပံ့ဖြစ်စိမ့်သောငှါ လှူ တုံသော . . ."

ဟူ၍ ရေးထိုးထားလေသည်။

မိဖုရားဖွားစောသည် သားရာဇသူကွယ်လွန်ရာ၌ အလွန်ပင်စိတ်ထိခိုက်ခဲ့ရဟန်တူသည်။ မိမိ၏ အထီးကျန်ဘဝကိုကျောက်စာ၌ပင်

"မိဖဆွေမျိုးပေင်း လွန်ခဲ့၍ငါတစ်ယောက် အထီးကြွင်းရစ် ရကား"

ဟူ၍ ရေးထိုးထားသည်မှာ ကျေကွဲဘွယ်ကောင်းလှပေသည်။ သစ်ါရသဘောကို နှလုံးသွင်းဆင်ခြင်လျှက် ဖွားစောသည်နောက်ဆုံးတွင် အဖိုးတန်လက်ဝတ်တန်ဆာတို့နှင့်တကွ အိမ်ရာကိုပင် စွန့်လွှတ်ခဲ့ပေ၏။ ကျောက်စာ၌

"ဤမျှသော မြေကျွန်များ၊ ဦးခေါင်းဆင်သောတန်ဆာ၊ လည်ဆင်သောတန်ဆာ၊ ကိုယ်ဆင်သောတန်ဆာ၊ ခါးဆင်သောတန်ဆာ၊ ခြေဆင်သော တန်ဆာ၊ သစင်သံဃာတို့၏ စားဆွမ်းဖြစ်စိမ့်သောကြောင့် ငါနေသောအိမ်နှင့် အိမ်ရာအားလုံးအယုတ်သဖြင့်ကား နိမ့်ဖွယ်သည်လျှင်လေ ရတနာသုံးပါးသော ဥစ္စာတည်း"

ဟူ၍ ဖေါ်ပြရေးထိုးထားသည်ကို တွေ့ရလေသည်။

## အမတ်ကြီးဏ္ဍနပစ္စယာကောင်းမှု

ကျော်စွာမင်း၏အမတ်ကြီးဖြစ်သူ ဏ္ဍနပစ္စယာက ၁၂၉၃ ခု ဩဂုတ်လအတွင်း၌ သူ၏ကုသိုလ်တော်ကျောင်းတွင် မြေလှူလိုကြောင်းကျော်စွာမင်းထံတင် ပြလျှောက်ထားလာပါသည်။ ထိုစဉ်က ကျော်စွာမင်း ကွန်ပြောက်ကြီးသို့ ထွက် တော်မူချိန်ဖြစ်ပြီး ဘုရင်မင်းမြတ်က သဘောတူညီသည်အပြင် မြေပယ်

၂၀၀ ပင်ထည့်ဝင်လှူဒါန်းခဲ့သေး၏။ ၄ နောက်တိုဘာ ၁၂၉၃ ခုနှစ်တွင် အမတ်ကြီးဣန္ဒပစ္စယာ၏သားမတ် အမတ်ပုညာမောင်နှံက ယောက္ခမ၏ တောကျောင်းနေရာ တံတိုင်းကို ဆက်လက်ကာရံကာသိုလ်ပြုကြသည်။ ကျောင်းလည်း ဆောက်လုပ်၏။ ဣန္ဒပစ္စယာသည် ယင်းတောကျောင်းကို မဟာကဿပအရပ်၌ ခရစ်နှစ် ၁၂၇၈ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်လေသည်။

အမတ်ကြီး ဣန္ဒပစ္စယာ၏သမီးနှင့် သားမက်အမတ်ပုညာတို့က ငဆောင်ချမ်းအရေးပေါ်၍ တစ်ပိုင်းတစ်စနှင့် ရပ်ထားရသည့် ထေရကျောင်းကို ဆက်လက်တည်ဆောက်ပေးကြပါသည်။ ဆောက်လုပ်ပြီးစီး၍ ရေစက်ချအမျှဝေသောအခါ

"ဤကျောင်းကို အရေးအရုံယူသော အသခင်မင်းကြီးစသော အမတ်ကြီး၊ အသင်္ခယာ၊ ရာဇသင်္ကြံ၊ သိင်္ဃသူ၊ အပသူငယ်အကုန် ရပါစေသတည်း၊ မင်း၊ ကြီး၊ မိ၊ မင်းကြီး၏သမီးမိဖုရားစသော မိဿံမောင်းမတို့လည်း ရပါစေသတည်း။"

ဟုကျောက်စာ၌ ဖေါ်ပြပါရှိပါသည်။ ကျော်စွာမင်းကြီးပြီးလျှင် နောင်ရှမ်းညီနောင်ဟု ထင်ရှားလာမည့် အမတ်သုံးယောက်တို့ နေရာရနေကြသည်မှာ စိတ်ဝင်စားဘွယ် ဖြစ်ပေသည်။

၁၂၉၄ ခုနှစ်၊ ဒီဇင်ဘာလစနေ့တွင် အမတ်ကြီး ဣန္ဒပစ္စယာ၏ ပြဿဒ်ကြီးဆောက်လုပ်ပြီးစီးသွားသဖြင့် ပြဿဒ်လှူပွဲကျင်းပခဲ့၏။ ဤဣန္ဒပစ္စယာသည် အမတ်ပုညာ၏ယောက္ခမဟုတ်မဟုတ်တော့ မသိရပေ။ အကယ်၍ သီးခြားအမတ်တစ်ဦးဖြစ်ခဲ့ပါမူ အမတ်ပုညာစနီး၏ ဖခင်အမတ်ကြီး ဣန္ဒပစ္စယာမှာ ကွယ် လွန်ပြီးဖြစ်သည်ဟု မှတ်ယူရပေမည်။

## အိမ်ရှေ့မင်း၏ မွန်ဂိုစရိုးစဉ်

ကျော်စွာမင်းအနေဖြင့် နန်းတက်စကာလနယ်မြေဒေသအသီးသီးမှ တော်လှန်ပုန်ကန်မှုများကို နှိမ်နင်းခဲ့စဉ်က မူးမတ်၊ စစ်သူကြီးအချို့အပေါ် အားကိုးအားထားပြုခဲ့ရသည့်အလျောက် ယင်းမူးမတ်စစ်သူကြီးတို့၏ အခန်းကဏ္ဍကလည်း ပိုမိုကျယ်ပြန့်လာပါသည်။ အထူးသဖြင့် ရှမ်းညီနောင်သုံးဦးဟု ဆိုရမည့် အသင်္ခယာ၊ ရာဇသင်္ကြံနှင့် သိင်္ဃသူတို့က ပိုမိုတွင်ကျယ်လာ၏။ အလှူရေစက်ချ

ကျောက်စာများရေးထိုးရာ၌ပင် မင်းကြီးပြီးလျှင် ရှမ်းညီနောင်သုံးဦး အမည်က ကပ်လျက်ပါလာပါသည်။ ရှမ်းညီနောင်သုံးဦးအနက် အမတ်ကြီးရာဇသင်္ကြံ ၁၂၉၃ခုဒီဇင်ဘာလထဲတွင် ကုလားကျောင်းဆောက်၊ အုတ်စေတီရပ်စေတီများ တည်သည်။ ကျောက်စာရေးထိုးတော့ ရာဇသင်္ကြံဟူသော အမည်ရှေ့၌ "ညီ" ဟူသောစေါဟာရပါလာ၏။ ယင်း၊ ညီ (သီရိ)ကား မြန်မာဘု ရင်တို့၏ ဘွဲ့ထူး ဘွဲ့မြတ်ရှေ့၌ ပါဝင်ရမြဲဖြစ်သောအစ စာလုံးဖြစ်သည်။

၁၂၉၄ နိုဝင်ဘာလထဲတွင် မြင်းခြံနယ်တလုပ်မြို့၌ ဓမ္မဓိတစ်ခုဖြစ်သဖြင့် စောရဂံသူ သွားရောက်အဆုံးအဖြတ်ပေးရသည်။ ကျောက်စာတွင် "အမတ်ကြီး သိင်္ဂသူကိုလည်းကြားလေ" ဟူ၍ဆုံးဖြတ်ချက်အား အသိပေးရပုံကို တွေ့ရပြန် ၏။ တစ်စစ တွင်ကျယ်နေရာယူလာသော ရှမ်းညီနောင် အမတ်သုံးဦး၏ အန္တရာယ်ကို ကျော်စွာမင်းသိမြင်လာဟန်ရှိပါသည်။ သို့ဖြင့် ကျောထောက် နောက်ခံ လိုအပ်သည့်အလျောက် ၁၂၉၇ခုနှစ်နှစ်ဦးပိုင်းတွင် သားတော်အိမ်ရှေ့ မင်းသီဃပတိကို ပေကျင်းသို့စေလွှတ်လိုက်လေတော့သည်။ သီဃပတိသည် မွန်ဂိုဧကရာဇ်ထံ၌ ခမည်းတော်အား ပုဂံဘုရင်အဖြစ် အသိအမှတ်ပြုပေးပါရန် သွားရောက်တင်ပြခဲ့သည်။

သို့ဖြင့် ၂၀ မတ် ၁၂၉၇ ခုနှစ်တွင် ကျော်စွာကို မြန်မာဘုရင်အဖြစ် ခန့်အပ်ကြောင်း အမိန့်တော်စာထုတ်ပေးလိုက်လေသည်။ ဤအမိန့်စာကြောင့် ပင်လျှင် ကျော်စွာမင်းသက်စိုးမရှည်ခဲ့ရခြင်းလည်း ဖြစ်ဟန်တူပါသည်။

**နောက်ဆုံးနေ့များ**

မွန်ဂိုဧကရာဇ်၏ မြန်မာဘုရင်အဖြစ် အသိအမှတ်ပြုခန့်အပ်လွှာကို ရရှိပြီးနောက် နန်းတွင်းအရှုပ်အထွေးများ စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါ သည်။ ကျော်စွာ၏သားတော်သီဃပတိသည် ၁၂၉၇၉ ဇွန်လကုန်ခန့်တွင် ပုဂံ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာဟန်တူပါသည်။ ထိုအတောအတွင်း ကျော်စွာမင်းမြေအလှူ ကျောင်းအလှူများ၌ လိုက်လံရေစက်ချပေးနေရသည်။ မြန်မာရာဇဝင်ကျမ်းများက ကျော်စွာမင်းသည် မိဖုရားကြီးဖွားစောအား လစ်လျူ ရှုထား‌သဖြင့် ဖွားစောက ရှမ်းညီနောင်အမတ်သုံးဦးနှင့် ပူးပေါင်းသစ္စာခံလိုက် သည်ဆိုပါသည်။

မိဖုရားဖွားစောကမြင်စိုင်းဘက်တွင် ဂူ၊ ကျောင်း၊ ကန်၊ ဘုရားများစီရင်ပါ၊ ပြီးစီးက သူ့ကိုပြောပါ။ ဘုရင်ကို မြင်စိုင်းသို့ ဥပါယ်တမျှင်ဖြင့် ခေါ်ဆောင်လာပါမည်။ ထို့နောက်နန်းချပစ်မည်ဟု ကြံစည်ခဲ့ကြသည်။ တစ်နေ့မိဖုရားစောက ဘုရင်အားဘေးလောင်းတော် အနော်ရထာမင်းတည်ထားခဲ့သည့် လယ်တွင်း ၁၁ ရွာဘက်သွားရန် ခေါ်သည်။ ထို့နောက် သာလျောင်းစေတီသို့ သွားရောက်ဖူးမျှော်ကြသည်။ စေတီထက်မှ မြင်စိုင်းဘက်ရှိ ရှမ်းညီနောင်သုံးဦး၏ ကုသိုလ်တော်ကျောင်းကြီးအား မိဖုရားစောက လက်ညှိုးညွှန်ပြကာ ကြွရောက်သာဓုခေါ်ပေးပါရန် ပြောကြားသည်။ ကျော်စွာမင်းအဟုတ်ထင်၍ သွားတော့ဖမ်းဆီးကာ အဓမ္မရဟန်းဝတ်စေခြင်းခံခဲ့ရသည်။ သို့ဖြင့် နန်းကျသွားသည်ဟုဆို၏။

ဘုဒ်စင်ဘာ ၁၂၉၇ ခုနှစ်ရက်စွဲပါ မင်းမတ်သတ္တာပိစည်ကျောက်စာ၌ ကျော်စွာကို နန်းကျမင်းဟု ခေါ်ပြထားပါသည်။ (တရုပ်မှတ်တမ်းများကမူ ၁၂၉၈ ခု ဇူလိုင်လ တွင် နန်းချကာ မြင်စိုင်းခေါ်သွားခြင်းခံရကြောင်းဆို၏။) ထိုနေ့တွင် ကျော်စွာ မင်းနန်းမကျသေးပါ။ မင်းမတ် သတ္တာပိစည်၊ အသခံယာတို့ ပန်ကြား၍ ကွန်းပြောက်ကြီးမှ သတ္တာပိစည်ကျောင်းသို့ ထွက်စွာလာကာ ရေစက်လာချသည်။ ကျောက်စာမှာ နောင်နှစ်နှစ်ကြာမှ ပြန်လည်ရေးထိုးခဲ့ခြင်းဖြစ်သဖြင့် ယင်းသို့ နန်းကျမင်းဟု ဖော်ပြထားခြင်းဖြစ်၏။ ၁၂၉၈ ခု ဖေဖော်ဝါရီလအတွင်း၌ ကျော်စွာမင်း "ရယ်တိုင်"ရပ်တွင် သိမ်အတွက် ကွမ်းစိုက်မြေလှူဒါန်းခဲ့ပါသေးသည်။ ယင်းအခမ်းအနားအပြီး မကြာမီ မြင်စိုင်းသို့ခေါ်ဆောင်သွားခြင်းခံရကာ နန်းကျ သွားခြင်း ဖြစ်ပါသည်။

တရုတ်ကရောစ်နန်းတော်က လအနည်းငယ် နောက်ကျပြီးမှ ဤသတင်း ကို ရရှိခဲ့ဟန်တူ၏။ သို့တည်းမဟုတ် ကရောစ်၏ နန်းရုံဘုရင်တစ်ပါးမှို့ အချိန်ဆွဲထားဟန်တူပါသည်။ ရှမ်းညီနောင်သုံးဦးသည် မြင်စိုင်းတွင် လယ်မြေအလှူရှိသည်ကို အကြောင်းပြလျက် ဘုရင်အား မြင်စိုင်းဘက်သို့ ခေါ်ထုတ်သွားခြင်း ဖြစ်ပါသည်။ လယ်မြေအလှူများတွင် သာသနာ့မြေဟုတ် မဟုတ် ပြန်လည်စစ်ဆေးရာ၌ ဘုရင်မင်းမြတ်ကိုယ်တိုင် တက်ရောက်လေ့ရှိသည်မှာ ပုဂံခေတ်နှောင်းကာလဓလေ့တစ်ခု ဖြစ်ပါသည်။ မြင်စိုင်းရောက်တော့ ကျော်စွာကို ရှမ်းညီနောင်တို့က နန်းချသည်။ ၁၀ မေ ၁၂၉၉ခုနှစ်တွင် စီရင်လုပ်ကြံလိုက်ကြသည်။

မြန်မာဘုရင်ကို နန်းချလိုက်ကတည်းက သိရိရာဇာအမည်ရှိ မြန်မာ မှူးမတ်ဟောင်းတစ်ဦးက ပန်းလောင်မြစ်အနောက်ပိုင်းဒေသတွင် ကန့်ကွက် ထကြွခဲ့၏။ အစောပိုင်း၌ အောင်မြင်မှုရခဲ့သော်လည်း မကြာမီ ရှုံးနိမ့်သွားသည်။ ကျော်စွာနှင့်အတူ သားအိမ်ရှေ့မင်းသား သီဟပတိမှာလည်း စီရင်ကွပ်မျက်ခြင်း ခံရဟန်တူပါသည်။ ကျော်စွာ နတ်ရွာစံလွန်သွားပြီးနောက်ပိုင်း၌ ရှမ်းညီနောင်သုံး ဦးနှင့် ကျော်စွာ၏အနွယ်များပေါင်းစည်းသွားကြသည်ကို တွေ့ရှိရ၏။ ကျော်စွာ ၏ မြစ်တော်စပ်သူ ရှင်စောကြီးသည် ရှမ်းညီနောင်သုံးဦး၏နမငယ်မင်းလှမြတ် ၏ မြေး အင်းဝဘုရင်မင်းကြီးစွာနှင့် လက်ဆက်လေခဲ့သည်။



## ဓောနုဗိ (၁၂၉၈ - ၁၃၂၅)



(၂၂) ဓောနတိ (၁၂၉၈ – ၁၃၂၅)

## စောနှစ်

စောနှစ်မင်းသည် ဖခင်အရိုက်အရာကို ဆက်ခံလျက် ၁၂၉၈ ခုနှစ်တွင် နန်းတက်လာပါသည်။ ဘွဲ့အမည်မှာ သီရိတြိဘဝနာဒိတျာပဝရဓမ္မရာဇာ ဖြစ်သည်။ ကျောက်စာများတွင် "မင်းလုလင်" ဟူ၍သာ တွေ့ရှိရပါသည်။

**မျိုးရိုးဆက်နွယ်**

ဥဇနာ + မိဖုရားရလည်းထုံး
(သား)
နရသီဟပတေ့ + ရှင်ဘား
(သား)
ကျော်စွာ

ကျွစွာ + ရာဇဒေဝီ
(သမီး)
ရာဇသကြိန် + စောခင်လွှတ်
(သမီး)
စောဦး

ကျော်စွာ + စောဦး
(သား)
စောနှစ်

စောနစ်မင်း၏ ဖခင်ဘက်မှ အဆက်အနွယ်နှင့်ပတ်သက်၍ အထွေအထူး တင်ပြရေးသားရန် မရှိပါ။ သားစဉ်မြေးဆက် ပုဂံထီးနန်းကို ဆက်ခံခဲ့ကြသူများ ဖြစ်ပါသည်။ စောနစ်၏ မယ်တော်မိဖုရားစောဦးသည်လည်း ကျစွာမင်းကြီး၏ အဆက်အနွယ်မှ ဆင်းသက်လာသူ ဖြစ်၏။ ကျစွာမင်း၏ မိဖုရားကြီးရာဇဒေဝီမှ ဖွားမြင်သူ သမီးစောခင်လွှတ်သည် ညောင်ဦးဖီး၏မြစ် ရာဇသင်္ကြန်နှင့် စုံဖက်ကာ စောဦးကို ဖွားမြင်ခဲ့ခြင်း ဖြစ်ပါသည်။

## မွေးချင်းများ

စောနစ်မင်း၏ မွေးချင်းညီအစ်ကို မောင်နှမများမှာ စောနစ်၊ မင်းရှင်စော၊ စောမင်းရာ၊ စောနှောင်းနှင့် မွေးမယ်တော်တို့ဖြစ်ကြ၏။ စောနစ်မှာ ညီအစ်ကိုမောင်နှမ (၅) ဦးအနက် အကြီးဆုံးဖြစ်ပါသည်။ ညီမင်းရှင်စောသည် ပြည်မြို့စားသီဟသူ၏ သမီးနှင့်လည်းကောင်း၊ တောင်တွင်းမြို့စား သီဟပတေ့၏သမီး ရှင်မြတ်လှနှင့်လည်းကောင်း စုံဖက်ခဲ့၏။နှမ စောမင်းရာမှာ ပင်းယဥဇနာမင်းနှင့်လက်ဆက်ခဲ့၏။ စောနှောင်းနှင့် ပတ်သက်၍မူ အထုပ္ပတ္တိအကြောင်းအရာကို မသိရသေးပါ။ နှမအငယ်ဆုံး မွေးမယ်တော်မှာ ပင်းယငါးစီးရှင်ကျော်စွာ၏ မြောက်နန်းမိဖုရား ဖြစ်သည်။

## ဘဝဖြစ်စဉ်အကျဉ်း

စောနစ်သည် ကျော်စွာမင်းနှင့် မိဖုရားစောဦးတို့၏ သားဖြစ်သည်။ သူသည် နန်းတွင်းရေးရာနှင့်ပတ်သက်၍ မသိရှိယုံမျှမက စိတ်ဝင်စားမှု လည်းရှိဟန်မတူပေ။ အမိကွဲ နှောင်တော် သိဃ်ပတိမှာ အိမ်ရှေ့မင်းအဖြစ် အမှုထမ်းရွက်ရသော်လည်း စောနစ်အကြောင်းနှင့် ပဟ်သက်၍မူ ဂဃနဏ သေချာစွာ မသိရသေးပါ။ စောနစ်ကို ကျောက်စာများ၌ မင်းလုလင်ဟူသော အမည်ဖြင့်သာ တွေ့ရပေရာ နန်းရချိန်တွင် အတော်အတန်ငယ်ရွယ်သူဖြစ်လိမ့်မည်။ စောနစ် ထီးနန်းရရှိချိန် အသက်အရွယ်ကို ဦးကုလား၏မဟာရာဇဝင်နှင့် မှန်နန်းရာဇဝင်တို့က အသက် (၁၆) နှစ်ဟု ပြဆိုပြီး တွင်းသစ်ရာဇဝင်သစ်ကမူ (၂၀)နှစ် ဟု ဆိုပါသည်။

## ဥကင်သဖွင့်အစမ်းအနား

ကျော်စွာမင်း နန်းကျသွားပြီးနောက် ရှမ်းညီနောင်သုံးဦး ဦးဆောင်သော မှူးမတ်အဖွဲ့က သားတော်စောနစ်ကို ထီးနန်းအပ်နှင်းကြသည်။ ၈ မေ ၁၂၉၉ ခုနှစ်တွင် စောနစ် ဥကင်သဖွင့်အစမ်းအနား ကျင်းပပါသည်။ ယင်းအစမ်းအနားသို့ တက်ရောက်ခဲ့ကြသူ မှူးမတ်အရာရှိကြီးများမှာ

| | | |
|---|---|---|
| စတုရင်္ဂပစ္စည်း | မဟာသမန်း | သိင်္ကသူ |
| တကနွာ | ရာဇသင်္ကြန် | အသင်္ခယာ |
| ပုည | သီဟသူ | အဂ္ဂပတေ့ |
| ဇေယျသူ | သုဇရစ် | ဉာဏ်ပစ္စရာ |

တို့ဖြစ်ကြပါသည်။ စာသင်ဝှကျောက်စာတွင်

*"သက္ကရာဇ် ၆၆၀ ခု မာဃနှစ် နယုန်လဆန်း ၈ ရက် ၅ နေ့ ကွန်ပြောက်ကြီး ထွက်တော်မူသော ဘုရားလောင်း သီရိတြိဘဝနာဒိတျပဝရဓမ္မရာဇာ မင်းလုလင်၌ သရေမှောက်တောင်းပန်သော သရဖိုလ်အရပ်၌ အတို့ကျွန်တို့ပြုသော ကျောင်းသည်တည်း"*

ဟုဖော်ပြထားပါသည်။ သရေသည် သရဖိုလ်၌ ဆောက်ထားသော ကျောင်းအတွက် ပုဂံဘုရင်သစ်ထံမှ အလှူခံမြေပန်ရာ စောနစ်မင်းက မြေနှစ်ရာ လှူဒါန်းလိုက်ပါသည်။ ဥကင်သဖွင့်အစမ်းအနားတွင် အမတ်အစုံအညီ တက်ရောက်ကြသည့်နည်းတူ အမတ်သရေ၏အလှူတော်အတွက်လည်း သာဓုအနုမောဒါနခေါ်ဆိုခဲ့ကြလေသည်။

စောနစ်သည် ရှမ်းညီနောင်သုံးဦး၏ အစီအမံဖြင့် ပုဂံထီးနန်းကို ရရှိခဲ့သူဖြစ်သည့်အလျောက် စောနစ်မင်း၏ ဘိသိက်မင်္ဂလာအစမ်းအနား၌လည်း ရှမ်းညီနောင်သုံးဦး အစုံအညီတက်ရောက်ခဲ့ကြလေသည်။

## ကုမ္မာရကဿပ

ကုမ္မာရကဿပသည် ကျော်စွာမင်းနှင့် မိဖုရားဖွားစော (သစ်မထီး) တို့၏သားလတ်ဖြစ်သည်။ လက်ရှိစောနစ်မင်း၏ နောင်တော်လည်း ဖြစ်ပါ

သည်။ ဖခမည်းတော်ကျော်စွာ နန်းကျသွားပြီး စောနစ်ဘုရင်ဖြစ်လာသောအခါ သူသည်လည်း ထီးနန်းအရိုက်အရာကို ဆက်ခံပိုင်ခွင့်ရှိကြောင်း မှူးမတ်အရာရှိတို့ထံ ပန်ကြားခဲ့၏။ ပုဂံတွင် အခြေအနေမဟန်တော့သောအခါ မွန်ဂိုတို့၏ အကူအညီရယူရန် တရုတ်ပြည်သို့ ထွက်ခွာသွားပါသည်။ မင်းသား ကုမ္မာရကဿပသည် ယူနန်ပြည်နယ်သို့ ၁၂၉၉ ခုနှစ် ဇက်တင်ဘာလတွင် ရောက်ရှိသွား၏။

ရှမ်းညီနောင်သုံးဦးသည် မင်းသားကုမ္မာရကဿပ မွန်ဂိုတို့ထံသွားရောက် အကူအညီတောင်းခံခြင်းနှင့် မြန်မာနိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ထားခြင်းတို့အပေါ် ကျေနပ်မှုမရှိပေ။ သို့ဖြင့် ၁၃၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် မြောက်ပိုင်းနယ်မြေများကို ဝင်ရောက်တိုက်ခိုက်ကာ ငခွက်ကူးနှင့် မလည်မြို့များကိုလည်း သိမ်းပိုက်လိုက်လေသည်။ မွန်ဂိုတို့သည် မိမိတို့သိမ်းပိုက်ထားသောနယ် မြေများအတွင်း ဝင်ရောက်တပ်စွဲလာသည့် ရှမ်းညီနောင်သုံးဦးတို့တပ်များကို တိုက်ထုတ်ရန် ၁၅ ဇန်နဝါရီ ၁၃၀၀ ပြည့်နှစ်တွင် မလည်သို့ရောက်ရှိလာသည်။ ထို့နောက် မလည်ကို ပြန်လည်သိမ်းယူကာ ကုမ္မာရကဿပအား ပုဂံဘုရင်အစစ် အမှန်ဖြစ်ကြောင်း ကျေညာလိုက်၏။

မွန်ဂိုတပ်များကို မန်ဂုတူရမစ် (Mangu Turumish) က ဦးဆောင်ခဲ့ပြီး စစ်သည်တစ်သောင်းနှစ်ထောင်ခန့် လိုက်ပါလာခဲ့သည်။ မြန်မာကျောက်စာမှတ်တမ်းကမူ တစ်သိန်းနှစ်သောင်းဟု ဆိုပါသည်။ မွန်ဂိုတပ်များသည် ကျောက်ဆည်သို့ ချီတက်ကြစဉ် ကုမ္မာရကဿပက ပုဂံသို့တိုင်ရောက်ရှိခဲ့၏။ သူ့ကို "တရုတ်ပြည်လာသော တက်တော်မူမင်းကြီး" ဟု ကျောက်စာများက ဆိုပါသည်။ မွန်ဂိုတို့ ပုဂံသို့ရောက်ရှိစဉ်အတွင်း ပုဂံမင်းကြီးအဖြစ် ခေတ္တမင်းမူခဲ့သော်လည်း မွန်ဂိုများ အပြန်တွင် ပြန်လည်လိုက်ပါသွားလေသည်။

တရုတ်တပ်များ ၂၅ ဇန်နဝါရီ ၁၃၀၁ တွင် မြင်စိုင်းသို့ ရောက်ရှိသွားကြသည်။ ကုမ္မာရကဿပမင်းသားမှာမူ မွန်ဂိုတို့နှင့်တောက်လျှောက်လိုက်ပါသွားကာ ဧပြီလအတွင်း မွန်ဂိုတပ်များအပြန်တွင် အတူတကွ ဆက်လက်လိုက်ပါသွားသည်ဟု ဆိုပါသည်၊ သုတေသီအချို့က ကုမ္မာရကဿပကို ပုဂံဘုရင်တစ်ပါးအဖြစ် မှတ်ယူခဲ့ကြ၏။ သို့သော် မွန်ဂိုတို့က နန်းတင်သောမင်းဖြစ်ခြင်း၊ မွန်ဂိုတို့မြန်မာပြည်တွင် ရှိနေစဉ်၌သာ ထီးနန်းစိုးစံခဲ့ခြင်းနှင့် မွန်ဂိုတပ်တို့အပြန်တွင် တရုတ်ပြည်သို့ ပြန်လည်လိုက်ပါသွားခြင်းတို့ကြောင့် ပုဂံဘုရင် တစ်ပါးဟု ယူဆရန် ခဲယဉ်းလှပါသည်။

ဤတွင် မွန်ဂိုတပ်များနှင့် တရုတ်ပြည်မှ လိုက်ပါလျက် ပုဂံထီးနန်းကို ဓေတ္တသိမ်းပိုက်ခဲ့သူမှာ ကုမ္မာရကဿပ မဟုတ်ဘဲ ကျော်စွာ၏သားတော် သီဃပတိ သာဖြစ်ကြောင်း၊ သီဃပတိ သည် တက်တော်မူမင်းကြီးအဖြစ် နန်းတက်လာကြောင်း အမှတ်အသားများကိုလည်းတွေ့ရှိရ၏။ ကုမ္မာရ ကဿပ မင်းသားနှင့် ပတ်သက်သည့်အကြောင်းအရာများမှာ တိမ်မြုပ်ပျောက်ကွယ်လျက်ရှိနေပါသေးသည်။ ကျော်စွာမင်းနှင့် မိဖုရားစောတို့တွင် သားတော်နှစ်ပါးဖွားမြင်ရာ သီဃပတိ နှင့် တက်တော်မူဓေါ် ကုမ္မာရကဿပ တို့ဖြစ်ကြသည်။ ထို့ကြောင့် တက်တော်မူ မင်းကြီးဟု ရည်ညွှန်းခံရသူ ကုမ္မာရကဿပသည် သီဃပတိမဟုတ်ဘဲ သီဃပတိ ၏ညီသာလျှင်ဖြစ်ကြောင်း မှတ်ယူမိပါသည်။

## မွန်ဂိုစစ်သည်တစ်ဦး၏မှတ်တမ်း

မြင်နိုင်းသို့ ချီတက်လာကြသည့် မွန်ဂိုတပ်များကို မှန်နန်းရာဇဝင်၌ စစ်သည်အင်အား ကိုးသိန်းပါဝင်ကြောင်း ဆို၏။ မြင်နိုင်းရွှေပြည်ကာချင်း၌လည်း "မြင်းသည်သိန်းသန်း၊ များစွာလွန်းသည်၊ ထက်ဝန်းရံသ၊ မနိုင်မနိုင်"ဟူ၍ ပါရှိလေသည်။ အရေအတွက်များပြားလွန်းလှသော်လည်း မှန်နန်းရာဇဝင်က ဖော်ပြသလောက် များပြားလှသည်တော့ မဟုတ်ပေ။

မွန်ဂိုစစ်သည်တို့သည် ၁၅ ဇန်နဝါရီ ၁၃၀၁ ခုနှစ်တွင် မြင်နိုင်းသို့ရောက်ရှိလာပါသည်။ မွန်ဂိုတပ်များကို အုပ်ချုပ်သူမှာ မန်ဂူတုရှမိ (Mangu Turumish)ဖြစ်ပြီး စစ်သည်အင်အား တစ်သောင်းနှစ်ထောင်ကျော် လိုက်ပါလာခဲ့ကြ၏။ မွန်ဂိုတို့မြင်နိုင်းကို သုံးလကြာဝန်းရံတိုက်ခိုက်ကြသည်။ နှစ်ဦးနှစ်ဖက်အကျအဆုံး များလှပြီး တိုက်ပွဲပြင်းထန်ခဲ့သည်ဟု ဆိုပါသည်။ နောက်ဆုံး မြင်နိုင်းသားတို့ ပိုမိုအထိနာလာသဖြင့် နှစ်ဦးနှစ်ဖက် စစ်ပြေငြိမ်းရေးအတွက် ညှိနှိုင်းကြရတော့သည်။ မြင်နိုင်းအုပ်ချုပ်ရေးအရာရှိများက မွန်ဂိုဘက်သို့ ရွှေချိန် ၈၈ ပေါင်နှင့် ငွေချိန် ၁၈၂ ပေါင် ပေးအပ်ကြရသည်။ ထို့ကြောင့် ၁၃၀၁ ခုနှစ် ဧပြီ လဆန်းတွင် မွန်ဂိုတပ်များ မြင်နိုင်းမှ ပြန်လည်ဆုတ်ခွာကြလေသည်။ ၁၄ ဧပြီ ၁၃၀၁ ခုနှစ်တွင် မြင်နိုင်း၌ မွန်ဂိုတစ်ဦးတစ်ယောက်မျှ မကျန်ရှိတော့ပေ။

မြင်နိုင်းသားတို့က မွန်ဂိုအရာရှိများအား ရွှေ၊ ငွေ၊ လာဘ်ထိုး၍ ဆုတ်

ခွာသွားကြသည်ဆိုသော်လည်း မွန်ဂိုတပ်မှ စစ်သည်တစ်ဦးဖြစ်သူ ကျန်ကျိုချာ၏ မှတ်တမ်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

ကျန်ကျိုချာက သူ၏တပ်မှူးထံ ရေးပို့သောစာတွင်

“ရာသီဥတုပြင်း၍ ငှက်ဖျားရောဂါတွေ ဖြစ်နေသည်။ တပ်တွေလည်း ပင်ပန်းနွမ်းနယ်ပြီး စိတ်ဓာတ်ပျက်ပြားနေပါသည်၊ အကယ်၍ ကျွန်တော်တို့ မဆုတ်ခဲ့ပါလျှင် ကျွန်တော်တို့ သေလျှင်လည်းသေရမည်။ ဒဏ်ရာရလျှင်လည်း ရမည်။ ဒါမှ မဟုတ် အပြစ်ပေးခံရလျှင်လည်း ခံရမည်။ အကယ်၍ တပ်မှူးက ကျွန်တော်တို့ကို ဤအရပ်ဒေသမှာ တစ်နွေလုံးနေနိုင်၊ မယ်ဆိုလျှင် ကျွန်တော်တို့ ငှက်ဖျားမိပြီး သေရတာထက် စစ်မျက်နှာတွင် တိုက်ခိုက်ရင်း သေလိုပါသည်”

ဟု ဖော်ပြပါရှိ၏။

အလားတူပင် ၂၅ ဇန်နဝါရီတွင် ၁၃၀၀ ပြည့်ရက်စွဲပါ မွန်ဂိုမှတ်တမ်းတွင်လည်း၊

“အသစ်ယာနှင့် ညီနှစ်ယောက် ဓုစ်ရာ မှလီယန်(မြင်နိုင်း)သို့ ရောက်လာ၏။ သူပုန်တို့ထွက်၍ တိုက်လာလျှင် ကျွန်ုပ်တို့က နှိမ်နင်းရ၏။ ထို့နောက် မြို့တံခါးပိတ်၍ ခံစစ်သက်သက် ပြုကြသည်။ မန်ဂုတုရှမိစ်နှင့် လီယုတေလုတို့ က မြို့၏အရှေ့ဘက်က ရံ၏။ စီယယ်ကောရုံနှင့် ကောင်အစန်းတို့က အနောက်ဘက်မှ ရံ၏။ တောင်မျက်နှာကို လွှတ်ထားလိုက်ရသည်”

ဟူ၍ အသေးစိတ် ဖော်ပြထားပါသည်။ ထို့နောက် ဆက်လက်ဖော်ပြရာတွင်

“ရန်သူတို့လည်း နေ့စဉ်ထွက်၍ တိုက်၏။ မြို့တွင်း၌ လေးဘက်လေးလုံးတွင် မောင်းသုံးဖက် သို့မဟုတ် တစ်ဖက်သာရှိသော အမေး ပစ်ယန္တယားများကို တပ်ဆင်ထား၏။ စစ်အခင်းအကျင်းကို လိုက်၍ ကျွန်ုပ်တို့တပ်များလည်း မြို့တော်ကို ပတ်ပြီး သဲကတုတ်ကြီးလုပ်ရ၏။ ဖေဖော်ဝါရီလ၌ ကျွန်ုပ်တို့တပ်စု တစ်စု သူတို့၏ ကျောက်တောင်ခံတပ်ကို သိမ်းနိုင်ခဲ့၏။ ဝတ်မြို့ရှမ်း နှစ်ထောင်ကိုလည်း ရိက္ခာတပ်မှ အကူခေါ်ယူကာ မြို့တောင်ဖက်ကို ရံစေသည်။ ဖေဖော်ဝါ ရီ ၂၈ ရက်နေ့တွင် ရန်သူက

*မြို့တံတိုင်းအတွင်းမှ မြားနှင့်ကျောက်ခဲမိုးရွာချ၍ သစ်ပင်ကြီးများပေါ်မှလည်း သစ်တုံးကြီးများ လှိမ့်ချသဖြင့် ကျွန်ုပ်တို့တပ်များမှ လူ ၅၀၀ ကျော်သေသည်"*

ဟူ၍ ပါရှိပါသည်။

## ပင်းယမြို့တော်သစ်

စောနစ်မင်းလက်ထက်တွင် ရှမ်းညီနောင်သုံးဦးတို့ တန်ခိုးအာဏာ အတော်အတန်ကြီးထွားနေပြီ ဖြစ်ပါသည်။ ရှမ်းညီနောင်သုံးဦးသည် ရှမ်းစော်ဘွားကြီး သိန်ခိုလ်၏သားများဖြစ်ကြ၏။ ယင်းညီနောင်သုံးဦးအနက် အစ်ကိုကြီး အသခံယာသည် ၁၃ ဧပြီ ၁၃၁၀ ပြည့်နှစ်တွင် ကွယ်လွန်သွားပါသည်။ ထို့နောက် ညီငယ်ရာဇသင်္ကြန်နှင့် သီဟသူတို့က ဆက်လက်အင်အားသစ် တည်ထောင်ကာ တိုင်းပြည်အုပ်ချုပ်ရေးကဏ္ဍအချို့ကို ရယူခဲ့သည်။ ပင်လယ်မြို့စား သီဟသူ သည် ၇ ဖေဖော်ဝါရီ ၁၃၁၃ ခုနှစ်တွင် ပင်းယမြို့တော်ကို တည်ထောင်ကာ ပင်းယမင်းဆက်ကို စတင်ခဲ့လေသည်။

ပင်းယမြို့တော်တည်ဆောက်ခဲ့ပုံနှင့် ပတ်သက်၍ အသေးစိတ်မသိရှိရသေးပါ။ သီဟသူသည် နန်း၊ မြို့၊ ကျုံး၊ ရွှေဇာဘုရား၊ အတွင်းရွှေကျောင်း၊ ထောက်ရှည်ကန်၊ ကန်လုစသည့် (၇)ဌာနကို တစ်ပြိုင်နက်တည်ဆောက်ခဲ့ပြီးနောက် "သီရိတြိဘဝနာဒိတျပဝရသီဟသူရဓမ္မရာဇာ" ဘွဲ့မည်ခံယူပါသည်။ ထို့နောက် သားတော်ဥဇနာကို အိမ်ရှေ့အရိုက်အရာ ပေးအပ်ခဲ့ပြီး ပုဂံဘုရင်စောမွန်နစ်နှင့် ခေတ်ပြိုင်ထီးနန်းစိုးစံခဲ့၏။ ပင်းယမြို့တော်သစ်တည်ဆောက်လျက် သီဟသူထီးနန်းစိုးစံရာဘွင် ပုဂံမိဖုရားကြီးဖွားစော်စာကများစွာ အကူအညီပေးအပ်ခဲ့သည်။ နန်းဖွင့်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ဘိသိက်မင်္ဂလာပွဲစသည့် အခန်းအနားများကို နန်းတွင်းရေးရာ ကျွမ်းကျင်သူမိဖုရားစောက စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

နောက်နှစ်နှစ်ကြာသောအခါ စမုန်မြစ်အတွင်း၊ ဆင်ဖြူအသေတစ် ကောင်မျောပါလာသည်ကို ဆယ်ယူကာ ညှပ်လုပ်မထူပြီး ဆင်သေကိုစီးလျက် တစီးရှင်ဘွဲ့ကိုပင် ခံယူခဲ့သေး၏။ ပင်းယတွင် သီဟသူ၊ ဥဇနာ၊ စည်သူ၊ ငါးစီးရှင်သီဟသူ၊ ကျစွာ၊ သီဟသူရဟူ၍ မင်း (၆)ပါးအုပ်စိုးခဲ့ကြလေသည်။ သီဟသူ

ချမင်း ခရစ်နှစ် ၁၃၆၀ ပြည့်နှစ်တွင် နတ်ရွာစံခဲ့ပြီးနောက် ၁၃၆၄ ဇွန်လတွင် သတိုးမင်းဖျား အင်းဝသို့ ပြောင်းရွှေ့နန်းစံသဖြင့် ပင်းယမြို့တော်မင်း နေပြည်တော်အဖြစ်မှ လျော့ကျသွားလေတော့၏။

## စစ်ကိုင်းမြို့တော်သစ်

ပုဂံ၌စောနစ်မင်းထီးနန်းစိုးစံလျှက် ရှိစဉ်ကပင် ပင်းယတစ်စီးရှင်သီဟသူ၏ သား အသင်္ခယ စောယွန်းက ၂၆ မတ် ၁၃၁၆ ခုနှစ်တွင် စစ်ကိုင်းမြို့တော်သစ်ကို အယျာပူရအမည်ဖြင့် တည်ထောင်ကာ နန်းတက်ခဲ့၏။ သို့ဖြင့် ပုဂံသည်တစ်စစ နမ်းမှိန်လာသည်ကို တွေ့ရလေသည်။ စစ်ကိုင်းမင်းနေပြည်တော်သစ် တည်ထောင်ခဲ့ပုံနှင့် ပတ်သတ်၍ အသေးစိတ်မှတ်တမ်းမှတ်ရာများကို မတွေ့ရှိရပါ။ အသင်္ခယာစောယွန်းမှစ၍ စစ်ကိုင်းတွင်မင်းဆက် (၇)ဆက် ထီးနန်းစိုးစံခဲ့ကြပါသည်။ ထိုမင်းများကား အသင်္ခယာစောယွန်း၊ တရဖျားကြီး၊ သီရိသီဟသူရ၊ ကျွစွာ၊ နော်ရထာမင်းရဲ၊ တရဖျားငယ်နှင့် နရသီဟပတေ့ (မင်းပြောက်) တို့ဖြစ်ကြလေသည်။

စစ်ကိုင်းမင်းဆက်သည် ပုဂံနှင့်ခေတ်ပြိုင်ဖြစ်လာပြီး နရသီဟပတေ့ (မင်းပြောက်)လက်ထက် ခရစ်နှစ် ၁၃၆၄ ခုနှစ်တွင် မင်းဆက်ပြတ်သွား၏။ စစ်ကိုင်းမင်းဆက်၏နောက်ဆုံး ဘုရင်မင်းပြောက်သည် အင်းဝဘုရင်သတိုးမင်းဖျား၏ စီရင်ကွပ်မျက်ခြင်းခံရကာ ဖျက်သုဉ်းခဲ့ရခြင်းဖြစ်သည်။ သို့ဖြင့် စစ်ကိုင်းမြို့သည် မင်းနေပြည်တော်အဖြစ်မှ လျော့ကျသွားပါသည်။ နောင်ကုန်းဘောင်ခေတ်ဦးကာလရောက်မှ မင်းအချို့ပြန်လည် ထီးနန်းစိုးစံခဲ့၏။

စစ်ကိုင်း၌ထီးနန်းစိုးစံခဲ့ကြသူ မင်းအဆက်မှာ ပင်းယကိုစတင်တည်ထောင်သော သီဟသူ၏အဆက်အနွယ်များသာဖြစ်ကြသည်။ ရှမ်းညီနောင်သုံးဦးသည် ပုဂံဘုရင်ရှိစဉ်အခိုက်၌ပင် ခေတ်ပြိုင်ဘုရင်များဖြစ်နေကြလေပြီ။ အထူးသ

ဖြင့် သီဟသူသည် ဆက်မြက်သူတစ်ဦးဖြစ်ဟန်တူပြီး အုပ်ချုပ်ရေးကိစ္စအဝဝကို ဦးစီးဦးဆောင်ပြုခဲ့သည်ကို တွေ့ရှိရ၏။

## မင်းအသင်္ခယာကြီးကျောင်းအလှူတော်

ကျောက်စာများတွင် မင်းအသင်္ခယာကြီးဟု ရိုးပင့်မြှောက်စားရေးထိုးခဲ့ရသူမှာ ရှမ်းညီနောင်သုံးဦးအနက်မှ ၁၃၁၀ခုနှစ်က ကွယ်လွန်ခဲ့သည့်အကြီးဆုံး အသင်္ခယာပင်ဖြစ်ပါသည်။ အသင်္ခယာသည် ကျောက်ဆည်နယ် မကွေးရာတွင် ခရစ်နှစ် ၁၃၀၀ပြည့်နှစ်က ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းခဲ့၏။ ထို ကျောင်း၌ သခင်မွှေသီရိမဟာထေရ်ကို တင်လှူပါသည်။ မဟာထေရ်သည် ခရစ်နှစ် ၁၃၁၉ ခုနှစ်တွင် ကျောင်းတော်ကြီးသမိုင်းမော်ကွန်းကို ရေးထိုးပါသည်။

မော်ကွန်းမှတ်တမ်းအရ ကျောင်းတော်ကြီးကို အသင်္ခယာကြီးက စတင်လှူဒါန်းခဲ့ပြီး သူကွယ်လွန်သွားတော့ အသင်္ခယာငယ်က ဆက်လက်လှူဒါန်းပြန်ပါသည်။ အသင်္ခယာငယ်ကွယ်လွန်ပြန်လျှင် တမုတ်ခရိုင်ကို ဆင်ဖြူသခင် (တစီးရှင်သီဟသူ) ရယူ၍ ကျောင်းတော်ကိုဆက်လှူပြန်၏။ ယင်းအလှူတော်ကျောင်းကြီးမှာ ခန်းနားလှသည့်အလျောက် ရှမ်းညီနောင်သုံးဦး၏ အဆက်အနွယ်များက ဆက်လက်ထိမ်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်း ဖြစ်လေသည်။ ကျောက်စာမှတ်တမ်းတွင်

> "*သက္ကရာဇ် ၆၆၂ခု ဖလကုန်နှစ်မှယ်တာ (ဝါဆို) လဆန်း ၅ရက် ၅ နေ့ (၁ ဇူလိုင် ၁၃၀၀) မင်းအသင်္ခယာကြီး မြတ်ကြီးစွာ သခင်မွှေသီရိကို ကျောင်းတည်စေ၏ဟု သိယောင်းမြေ ၁၆ပယ် လှူ၏။ အသင်္ခယာကြီးလွန်ပြီး အသင်္ခယာ ငယ်လှူတုံသေးလယ် . . . .မင်းအသင်္ခယာငယ်နတ်ရွာလား၍ ဆင်ဖြူသခင် တမုတ်ခရိုင်ယူတုံ၏။ အနောင်ကြီးနှင့် ငါ့ဖလှူသောအလှူကို ငါလည်းလှူပါတုံ ၏ဟု အလှူရေစက်တော်သွန်း၏*"

ဟူ၍ တွေ့ရှိရလေသည်။

ထူးခြားချက်တစ်ရပ်မှာ ဆရာတော်မွှေသီရိ ညည်းခံစေတီ၌ ခေါင်းသလောင်းရိုက်ဆွဲသောအခါ- ပုဂံဘုရင်စောနစ်မင်းအား အကြောင်းကြားခဲ့ခြင်းဖြစ်

သည်။ စောနစ်မင်းက သူသည်လည်းလှူပါကြောင်း ပြန်ကြားလျှောက်ထားခဲ့ပါသည်။ ပုဂံက အသိအမှတ်ပြုမှုကို လိုလိုလားလား ခံယူခဲ့ခြင်းမှာ ဆရာတော်ကိုယ်တိုင်က ပုဂံမင်းကြီးနှင့် ရင်းနှီးကျွမ်းဝင်၍သော်လည်း ဖြစ်ဟန်တူ၏။ သို့မဟုတ် ပြည်သူပြည်သားတို့၏ အထွတ်အမြတ်ထားရာ ဘုရင်မင်းမြတ်ကိုမည်သည့်နည်းဖြင့်မဆို အသိပေးအကြောင်းကြားအပ်သည်ဟု မှတ်ယူခဲ့ခြင်းကြောင့်လည်း ဖြစ်ပေလိမ့်မည်။ ကျောက်စာတွင်

> "သခင်မဟာသီရိစည်းနဲ့ ခေါင်းလောင်းဆွဲလေသော် ပုဂံမင်းကို
> ကြားပေး ရကား မင်းလည်းရေစင်တော်သွန်းပါတုံ၏။ ဤသို့
> မင်းလေးယောက်လှူသော အလှူကို သာသနာ ၅၀၀၀ ဇာ
> အောင်လျှင်တည်စိမ့်ဟု မြတ်ကြီးစွာသခင်မဟာသီရိ စီရင်၏။"

ဟုဖော်ပြပါရှိပါသည်။ ကျောက်စာပါ မင်းလေးပါးကား အသခ်ယာ၊ အသခ်ယာစောယွန်း၊ သီဟသူနှင့် စောနစ်မင်းတို့ပင်ဖြစ်၏။ ကျောက်စာအရ ဆိုပါမူ ကျောက်ဆည်နယ်မင်း၊ အသခ်ယာကြီးကျောင်း အလှူတော်ကို စောနစ်မင်းကိုယ်တိုင် လာရောက်ရေစက်ချခဲ့လေသလောဟု တွေးဆစရာရှိပါသည်။ သို့ဆိုပါက စောနစ်မင်းသည် ရှမ်းညီနောင်တို့အပေါ် အထိုက်အလျောက် ဩဇာလွှမ်းမိုး နေနိုင်ဆဲဟု ဆိုရပေလိမ့်မည်။

ဆရာတော်ရှင်မဟာသီရိသည် ကုလားကျောင်းဆောက်ခဲ့ရုံမျှမက ၃၀ မေ ၁၃၁၉ခုနှစ်တွင် ပြဿဒ်တစ်ဆောင်ကိုလည်း တည်ဆောက်ခဲ့ပါသေးသည်။ ဆရာတော်အလှူဒါနပြုချိန်တွင် မင်းအသခ်ယာကျောင်းကြီး၏ သက်တမ်းမှာ အနှစ်နှစ်ဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်၏။

## နတ်ရွာစံလွန်ခြင်း

စောနစ်မင်းထီးနန်းစိုးစံစဉ်အတွင်း မြင်စိုင်း၌ရှမ်းညီနောင်သုံးဦးတို့ ခြေကုပ်ယူကာ တိုင်းပြည်အုပ်ချုပ်ရေးရာ ကိစ္စအဝဝကို လွှဲပြောင်းတာဝန်ယူခဲ့ကြ၏။ မွန်ဂိုတို့ ကျူးကျော်ဝင်ရောက်လာမှုကိုလည်း မြင်စိုင်းမှပင် အခြေပြုကာဟန့်တား တွန်းလှန်ခဲ့ကြ၏။ ၎င်းတို့သည် ပုဂံဘုရင်ကိုလည်း ဆက်လက်အသိအမှတ်ပြုထားကြသည်ဟု ဆိုနိုင်ပါသည်။ စောနစ်အုပ်ချုပ်စဉ်အတွင်း၌ပင် ပင်းယမြို့တော် စစ်ကိုင်းမြို့တော်စသည့် ခေတ်ပြိုင်မင်းနေပြည်တော်များ ပေါ်ပေါက်လာ

ခဲ့သည်။ သို့ဖြင့် ရှမ်းညီနောင်သုံးဦး၏ အဆက်အနွယ်များ ပုဂံဘုရင်နှင့် ထီးပြိုင် နန်းပြိုင်မင်းပြုလာကြလေသည်။

မှန်နန်းရာဇဝင်တော်ကြီးတွင် ဗျာဒိတ်တော်အရ ရှမ်းညီနောင်သုံးဦးတို့ မင်းပြုကြကြောင်းကို

"သာသနာတော်တစ်ထောင့်ရှစ်ရာကျော် ရောက်သောအခါ ဤနိုင်ငံညီနောင်သုံးစီးတို့သည် ဤအရပ်၌မင်းညီနောင်သုံးပါး ထင်ရှားစွာမင်းပြု၍ ငါ၏ သာသနာတော်ကို ချီးမြှောက်လတ္တံ့"

ဟူ၍ ဗျာဒိတ်ထားတော်မူ၏။ ထိုသို့ဗျာဒိတ် ရမင်းဖြစ်၍ တန်ခိုးအာဏာအလွန်ကြီးတော်မူ၏ဟူ၍လည်း ဖော်ပြထားလေသည်။ စောနစ်မင်းထီးနန်းဆက်ခံပုံကိုလည်း

"တရုတ်စစ်သည်တို့ သက္ကရာဇ်ခြောက်ရာခြောက်ဆယ့်နှစ်ခု ပြန်လေလျှင် ကျော်စွာမင်းသား စောနစ်မင်းပြုသည်ကို မင်းညီနောင်သုံးပါးတို့က မနောင့်ယှက် စည်းတော်ကျေးဇူးကို ထောက်၍ အငြိမ်အဝပ်မင်းပြုမြဲပြုစေ၏။"

ဟူ၍ ရေးသားဖော်ပြကြ၏။

စောနစ်မင်းကား အသက် ၅၈ နှစ်အရွယ် ခရစ်နှစ် ၁၃၂၅ခုနှစ်တွင် နတ်ရွာစံလွန်သွားလေသည်။

◆

## ဆောမ္မန်နဓိ (၁၉၂၅–၁၉၄၈)




(၂၃) စောမွန်နှစ် (၁၃၂၅–၁၃၆၈)

# စောမွန်နစ်

ပုဂံမင်းဆက်၏နောက်ဆုံးဘုရင် စောမွန်နစ်သည် ၁၃၂၅ခုနှစ်တွင် နန်းတက်လာ၏။ ဘွဲ့မည်မှာ သိရိတြိဘဝနာဒိတျ သုဓမ္မရာဇာဖြစ်သည်။

## မျိုးရိုးဆက်နွယ်




စောမွန်နစ်သည် စောနစ်မင်း၏သားတော်ဖြစ်ကြောင်း မြန်မာရာဇဝင်ကျမ်းများ၌ တွေ့ရှိရပါသည်။ စောမွန်နစ်၏မျိုးရိုးဆက်နွယ်နှင့်ပတ်သက်၍

အထူးအထွေတင်ပြရန် မရှိပါ။ မှန်နန်းရာဇဝင်တွင် စောမွန်နှစ်အကြောင်းကို စာကြောင်းရေ (၄)ကြောင်းဖြင့်သာ ရေးဖွဲ့ထားပေရာ အထောက်အထားရှာဖွေရန် အတော်အတန်နည်းပါးလှပါသည်။ ခရစ်နှစ် ၁၃၂၁ မှနှစ်ထိုးကျောက်စာပါ စည်သူမင်းကြီးအား စောနှစ်မင်းဟု မှတ်ယူပါလျှင် မိဖုရားဆိုပြည့်သင်မှာ စောမွန်နှစ်၏ မယ်တော်ဖြစ်မည်ဟု မှန်းဆမိပါသည်။ ပုဂံမင်းဆက်၏နောက်ဆုံးဘုရင်ဖြစ်ရုံမျှမက ရှမ်းညီနောင်သုံးဦး၏ ဩဇာခံမင်းတစ်ပါးဖြစ်ပေရာ စောမွန်နှစ်မင်းနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများ မရှိသလောက်ဖြစ်နေပါသည်။

## ပုဂံမင်းဆက်၏နောက်ဆုံးဘုရင်

မြန်မာရာဇဝင်ကျမ်းများအလိုအရ ပုဂံမင်းဆက်(၅၅)ဆက်တွင် စောမွန်နှစ်မင်းမှာ နောက်ဆုံးဘုရင်ဖြစ်ပါသည်။ ကျောက်စာ၌တွေ့ရှိရသည့် ဘွဲ့မည်မှာသီရိဘုဝနာဒိတျသုဓမ္မရာဇာဖြစ်၏။ ရာဇဝင်ကျမ်းများ၌ တညီတညွတ်တည်း ဆိုကြသည်မှာ စောမွန်နှစ်သည် စောနှစ်မင်း၏သားတော်ဖြစ်ပြီး အသက်ဖဝပြည့်လုနီးအရွယ်၌ နတ်ရွာစံလွန်ကြောင်းဖြစ်ပါသည်။ နန်းတက်ကာလနှင့် နန်းစံနှစ်များကို ဖေါ်ပြရာတွင်မူ ရာဇဝင်ကျမ်းများတစ်စောင်နှင့် တစ်စောင်ကွဲပြားခြားနားမှု ရှိပါသည်။ ဦးကုလား၏မဟာရာဇဝင်နှင့် မှန်နန်းရာဇဝင်တို့က စောမွန်နှစ် ၁၅နှစ်သား အရွယ်တွင် နန်းတက်ပြီး ၄၃နှစ်ထိုးနန်းစိုးစံခဲ့သည်ဆို၏။ တွင်းသင်ရာဇဝင်သစ်ကမူ အသက်၂၁နှစ်သားအရွယ်၌ နန်းတက်ကာ ၃၈နှစ်ထိုးနန်းစိုးစံသည်ဆို၏။ မည်သို့ဆိုစေကာမူ စောမွန်နှစ်မင်းထိုးနန်းစိုးစံချိန်မှာ ပုဂံနေဝင်ချိန်ကာလဟု ဆိုနိုင်ပေသည်။

ခေတ်သစ်ပညာရှင် အများစုက စောမွန်နှစ်ဟု ယူဆရသော နောက်ဆုံးပုဂံဘုရင်ကို ခရစ်နှစ် (၁၃၂၅-၁၃၆၈) ခုနှစ်များအတွင်း နိုးစံခဲ့ကြောင်း ဆိုကြ၏ ထူးခြားသည်မှာ စောမွန်နှစ်ဟူသော ဘုရင်အမည်ကို ကျောက်စာများ၌လုံးဝ

တွေ့ဖူးကြခြင်းဖြစ်ပါသည်။ စောမွန်နှစ်မင်းနန်းတက်ချိန်တွင် မြင်စိုင်းရှမ်းညီနောင်တို့၏ တန်ခိုးအာဏာအတော်အတန် ကြီးထွားနေပြီဖြစ်၏။ ထို့ကြောင့် စောမွန်နှစ်မင်းကိုပင် ပုဂံမင်းကြီးဟူ၍ သီးခြားရည်ညွှန်းကြရသည့်အခြေသို့ ရောက်ခဲ့ပေသည်။ ၁ ဖေဖော်ဝါရီ ၁၃၅၉ ခုနှစ်ရက်စွဲပါ ကျောက်စာတစ်ချပ်တွင် ပုဂံဘုရင်အစောနထာမင်းကြီးက တူရွင်းတောင်စွယ်တော်ဘုရားတွင် သင်ပုတ်ဆီမီးမပြတ်အောင်လှူဒါန်းကြောင်း ပါရှိပါသည်။ ထို့ကြောင့် စောမွန်နှစ်မင်းကိုပင် အစောနထာမင်းကြီးဟု ဆိုလိုကြောင်း မှတ်ယူရ၏။

စောမွန်နှစ်မင်းလက်ထက်တွင် ပုဂံကား မှေးမှိန်လျက်ရှိနေပေပြီ။ တွေ့ရှိရသမျှ အထောက်အထားတို့မှာလည်း ဝိုးတဝါးမျှသာဖြစ်၏။

## သဗ္ဗညုဘုရားမှကုသိုလ်တော်

ပုဂံသဗ္ဗညုဘုရားတွင် စောနစ်မင်း၏ဆရာတော် မဟာထေရ်က (၇) မေ၁၃၃၄ခုနှစ်၌ အလှူတော်ရေစက်ချအခမ်းအနားပြုလုပ်သည်။ သဗ္ဗညုဘုရားသည် အလောင်းစည်သူမင်းကြီး၏ကုသိုလ်တော်ဖြစ်ပြီး မင်းဆရာ မဟာထေရ်က ၎င်းဘုရားကြီး၏မြောက်ဘက်မျက်နှာ၌ ဆင်းတုတော်တစ်ဆူကို ပြုပြင်ကိုးကွယ်ပါသည်။ ပြီးစီးသောအခါ ဘုရားရှင်ကို အလုပ်အကျွေးပြုစုနိုင်ရန်ဆိုကာ အလုပ်အကျွေးပြုမည့်သူများအား လှူဒါန်း၏။ ဤကုသိုလ်ကောင်းမှုအတွက် ပုဂံမင်းကြီးစောမွန်နှစ်မင်း (မင်းလုလင်)နှင့်တကွ ဆွေမျိုးသားချင်းများအား ဆရာတော်က အမျှအတန်းပေးဝေခဲ့လေသည်။ ကျောက်စာတွင်

> "သက္ကရာဇ် ၆၉၆ခု မြဂ္ဂသိုနှစ် နယုန်လဆန်း ၅ရက် ၆နေ့အား သဗ္ဗညုဂူတွင် မြောက်မျက်နှာမှ ဘုရားထက်ဝယ် (၇)တောင် မင်းလုလင်ဆရာ ပြု၍ ဘုရားသခင်ကို လုပ်ကျွေးစိမ့်သောငှာ ကျွန် သေလိုဝ်၊ သေလိုဝ်သား၊ ကောယ်ဝ်၊ သား ညီဝ်၊ သား

*ငွေးလှ ၁၊ သား ပေကြီး၁၊ မြေတ်သီ၊ သား ပြည့်ကြီး၁ဤကျွန် ဖိယောက် သင်မီကငွေ ၃၀ကား အခြေသင်ပုတ်ဝတ်အခါခပ် သိမ်းဘုရား သခင်ကို လုပ်ကျွေးစိမ့်သောငှာ လှူသတည်း။ ဤ ငါပြုသောကောင်းမှုကို ငါ ဆရာ မဟာထီးမင်း၊ ပုဂံမင်းကြီး၊ ငါ့မိ၊ ငါ့ဖ၊ ငါ့ဆွေ၊ ငါမျိုး ကုန်အောင် ကောင်းမှုအကျိုး ငါနှင့်ထပ်တူရပါစေသတည်း"*

ဟုဖော်ပြရေးထိုးထားပါသည်။

စောမွန်နှစ်သည် ပုဂံဘုရင်တစ်ပါးအနေဖြင့် အလှူတော်အစမ်းအနား များကို တက်ရောက်ခြင်းမရှိသည့်တိုင် အသိအအမှတ်ပြုခံနေရဆဲဖြစ်ကြောင်း သဗ္ဗညုဘုရားကုသိုလ်တော်ကျောက်စာက သာဓကတစ်ရပ်ဖြစ်ပါသည်။

## ပုဂံမင်းကြီးသမီးနှင့်မင်းကျစွာ

စရစ်နှစ် ၁၃၄၄ခုနှစ်တွင် ပုဂံတိုင်းမျှတ်ဘုရား၌ အလှူတော်အစမ်း အနားကျင်းပခဲ့သည်။ တိုင်းမျှတ်ဘုရားသည် သရပါတံခါးအနီး၌ တည်ရှိ၏။ ယင်းဘုရား၌ လေင်းမြွေကြီး လေင်းမြွေငယ်တို့ ပူးပေါင်း၍ ဝတ္ထုကလယ်မြေ များ လှူဒါန်းခဲ့ကြလေသည်။ ယင်းအလှူတော်တွင် ပုဂံမင်းကြီးသမီးနှင့် မင်း ကျစွာတို့က ဘုရားအလုပ်အကျွေးအတွက် စနီးမောင်နှံနှစ်ဦးကို လျှူဒါန်းခဲ့ကြ သေးသည်။ ပုဂံမင်းကြီးသမီးမှာ မည်သူမည်ဝါဟူ၍ မသိရပါ။ စောမွန်နှစ်မင်း ၏သမီးတော်ပင် ဖြစ်ဟန်တူပါသည်။

ပုဂံမင်းကြီး၏သမီးသည် စစ်ကိုင်းမင်းဆက်၏စတုတ္ထမြောက်ဘုရင် ကျစွာမင်း(၁၃၃၉–၄၈)နှင့် ဆက်ဆံရေးပြေပြစ်ချောမောခဲ့ဟန်ရှိလေသည်။ သို့ ကြောင့်လည်း ပုဂံတိုင်းမျှတ်ဘုရားသို့ အတူပူးပေါင်းပြီး အလုပ်အကျွေးလှူဒါန်း ခဲ့ခြင်းဖြစ်သည်။ ပုဂံနှင့်စစ်ကိုင်းသည် အဆက်အသွယ်အနေအထား ကောင်းမွန်

ခဲ့သည့်အလျောက် ပုဂံနှင့်ခေတ်ပြိုင်ဘုရင်များက ပုဂံဘုရင်အပေါ် အသိအမှတ်ပြု လေးစားကြကြောင်း မှတ်ယူရပါသည်။ တိုင်းချွတ်ဘုရားဝတ္ထုကမြေအလှူတော် အခမ်းအနားတွင် စစ်ကိုင်းဘုရင်ကျစွာမင်း ပုဂံသို့တိုင် လာရောက်အလှူလုပ် ခဲ့ခြင်းမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှ၏။

## ပုဂံဘုရင်၏ဆရာတော်

ပုဂံဘုရင်စောမွန်နှစ်၏ ဆရာတော်ဘွဲ့မည်မှာ ရှင်သေဋ္ဌဒိသာ ပါမောက္ခဖြစ်ပါသည်။ ခရစ်နှစ် ၁၃၅၁ခုနှစ်တွင် အမတ်ကြီး ပုညာ ပုခန်းမြို့စား အရာရရှိခဲ့သည်။ ထိုအခါ ဆရာတော်ဒိသာပါမောက္ခက ပုခန်းသို့သွား၍ မြေ အလှူခံခဲ့၏။ ၁၃၅၂ခုနှစ် ဖေဖော်ဝါရီလတွင် ကူနီကျောင်း၌ ၊ကျောင်းထိုင်စဉ် အမတ်ကြီးပုညာနှင့် ဆရာတော်တို့ တွေ့ဆုံဖြစ်ကြသည်။ ထိုစဉ် ဆရာတော်က ကျောင်းအမြောက်အမြား ဆောက်လုပ်လှူဒါန်းထားသော်လည်း ဝတ္ထုပစ္စည်းက မလောက်ငကြောင်း၊ မိန့်ကြားခဲ့သည်ဆို၏။ ထို့ကြောင့် အမတ်ကြီးပုညာတို့ က ဆရာတော်ရှင်သေဋ္ဌဒိသာပါမောက္ခအား လယ်မြေပယ် ၈၀ လှူဒါန်းခဲ့လေ သည်။.

ခရစ်နှစ် ၁၃၅၂ခုနှစ်အတွင်း၌ပင် ပုဂံမြို့မှ မင်းဆရာတော် ရှင်သေဋ္ဌ ဒိသာပါမောက္ခ စစ်ကိုင်းသို့တက်ပြီး မြေဆွမ်းအလှူခံပြန်၏။ ထိုစဉ်စစ်ကိုင်း၌ မင်းပြောက်ထီးနန်း စိုးစံလျှက်ရှိလေသည်။ ဆရာတော်သည် မင်းကြီးအားတွေ့ ဆုံကာ မြေဆွမ်းအလှူခံပြန်၏။ မင်းကြီး နရသီဟပတေ့ဘွဲ့ခံ မင်းပြောက်က ဆရာတော်အား မြေအချို့ ရေစက်ချလှူဒါန်းပါသည်။ ယင်းမြေအလှူအခမ်း အနားသို့ ညီမင်းရဲတရဖျား၊ ပုညာအမတ်ကြီးနှင့် နာဂသမန်းတို့ တက်ရောက်ခဲ့ ကြ၏။

ဤတွင် မင်းဆရာတော်မြေအလှူ၌ ပုညာအမတ် တက်ရောက်ခဲ့ပုံကို သတိပြုမိစေပါသည်။ ပုညာအမတ်သည် စစ်ကိုင်းမင်းဝံတောင်ရှိ ပုညရှင်စေတီတော် ကုသိုလ်ရှင် အမတ်ကြီးပုညပင်ဖြစ်ဟန်တူပါသည်။ သာလွန်မင်း၏အမေးကို တောင်ဖီလာဆရာတော်ကြီးက ဖြေကြားသည့် ပုညရှင်စာတမ်းတွင် စေတီတော်ကို ၁၃၂၂ခုနှစ်၌ အသင်္ခယာစောယွန်းက မည်းတော်ဆင်ဖြူရှင်ကိုလျှောက်ထား၍ ၎င်းထီးတင်လှူခဲ့ကြောင်းဆို၏။ ပုညာအမတ်သည် စောမွန်နစ်မင်း၏ အမတ်ကြီးအဖြစ် အမှုထမ်းရွက်နေရာမှ များမကြာမီ စစ်ကိုင်းဘုရင် အသင်္ခယာစောယွန်းထံသွားရောက် အမှုထမ်းခြင်းလည်းဖြစ်နိုင်ပါသည်။ ထိုစဉ်က ပုဂံသည် ရှမ်းညီနောင်သုံးဦး၏ ဩဇာခံမျှသာဖြစ်သည့်အလျောက် ပုဂံမှမှူးမတ်အချို့သည်လည်း ပြောင်းလဲတာဝန်ထမ်းဆောင်ရခြင်းမျိုး ရှိပေလိမ့်မည်။

## တူရွင်းတောင် စွယ်တော်ဘုရားမှအလှူတော်

တူရွင်းတောင်ထက်ရှိ စွယ်တော်ဘုရားမှာ အနော်ရထာမင်းကြီး၏ ကောင်းမှုတော်ဖြစ်ပါသည်။ ယင်းတူရွင်းတောင်စွယ်တော်စေတီတွင် ၁ ပေဖော် ဝါရှိ ၁၃၅၉ခုနှစ်၌ ပုဂံမင်းကြီး၏အလှူတော် အခမ်းအနားကျင်းပခဲ့၏။ ကျောက်စာတွင် အစောအနထာမင်းကြီးဟုလည်းကောင်း၊ သီရိတြိဘဝနာဒိတျ သုဝမ္မရာဇာဟူ၍လည်းကောင်း၊ ဖော်ပြထားပေရာ စောမွန်နစ်မင်း၏အလှူတော်ဟု မှတ်ယူရ၏။ တူရွင်းတောင်စွယ်တော်ကို သင်ပုတ်ဆီမီးမပြတ်ကပ်လှူနိုင်ရေးအတွက် စောမွန်နစ်မင်းက ဦးဆောင်လှူဒါန်းခဲ့သည်မှာ ဝမ်းမြောက်ပီတိဖြစ်ဖွယ်ဖြစ်ပေ၏။

တူရွင်းတောင်စွယ်တော်ဘုရား၌ပင် ရေစ်နစ် ၁၃၆၃ခုနှစ်၌ အလှူတော်အခမ်းအနား ဆက်လက်ပြုလုပ်ခဲ့ကြဟန်တူပါသည်။ သို့သော် ကျောက်စာ

၂၁ ခုနှစ်သက္ကရာဇ်မှလွဲ၍ ရှင်းလင်းသေချာစွာမသိရသည့်အလျောက် လယ်မြေ ဘွန်း လူ့ူဒါန်းခြင်းဖြစ်မည်ဟူ၍ပင် မှန်းဆရ၏။ စောမွန်နှစ်မင်းအား အစော အနယာမင်းကြီးဟု ဖော်ပြထားပုံမှာမူ စိတ်ဝင်စားစရာကောင်းလှပါသည်။ အနော်ရထာမင်းကြီးပင်စားလေဟန် ဆိုလိုခြင်းပင်လောဟူ၍ပင်လည်း တွေးဆ ရ၏။ အနော်ရထာမင်းကြီး ထီးနန်းစိုးစံစဉ်က တုရှင်းတောင်တစ်ငိုက်တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ဖူးသည်။ အထူးသဖြင့် တုရှင်းတောင်ထိပ်ရှိ ရွှေယ်တော်စေတီက အထင်ကရဖြစ်ပါသည်။

စောမွန်နှစ်မင်းကြီးသည်လည်း တုရှင်းတောင်စေတီတော်သို့ မကြာ ခဏ သွားရောက်ခဲ့ဟန်ရှိလေသည်။ သို့ကြောင့်လည်း သင်ပုတ်ဆီမီးမပြတ်စေ ရန် အမိန့်တော်မှတ်၍ ဦးဆောင်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

## အင်းဝမြို့တော်သစ်

အင်းဝကို ရှေးစာပေတို့၌ အဝဟူ၍သာတွေ့ရှိရ၏။ ပန်းလောင်မြစ်၊ ရေသတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် စမုံမောမြစ်တို့ ဆုံရာအဝတွင်ရှိသဖြင့် အဝမြို့ဟု တွင်ကြောင်းဆိုသည်။ အင်းဝကို သတိုးမင်းဖျားက ၂၆ခန်နဝါရီ ၁၃၆၅ခုနှစ်တွင် တောင်တည်ထောင်လိုက်၏။ ထိုစဉ်က ပုဂံတွင် စောမွန်နှစ်မင်း ထီးနန်းစိုးစံဆဲ ဖြစ်ပါသည်။ သတိုးမင်းဖျားသည် အင်းဝမြို့တော်သစ်အား ရတနာပူရ၊ နန်း တော်အမည်အား ရွှေဘုံသာဟူ၍ ခေါ်ဝေါ်သမုတ်စေခဲ့လေသည်။ မြို့ကွက် အနေ အထားမှာ စတုရန်းလေးထောင့်စပ်စပ်မဟုတ်ဘဲ မြောက်ဘက်တွင်ကျဉ်းပြီး တောင်ဘက်၌ အလျားကျယ်သည်။ မြို့တံခါး ၁၆ပေါက်၊ နန်းတော်တံခါး ၉ ပေါက်ရှိကြောင်း ဆိုပါသည်။

ဤဒေသကို အင်းဝခေတ်မတိုင်မီက ထီးလှိုင်ရှင်ကုန်းဟု ခေါ်ဆိုပါ သည်။ မဏီရတနာပုံကျမ်းတွင် ငရမန်ကန်းနှင့်ကျွန်စစ်သားတို့ တိုက်ခိုက်

ကြရာအရပ် ဖြစ်ကြောင်း "ကျွန်ုပ်စစ်သားလည်း မင်းဝံဆောင်မြေ ထီးလှိုင်ရှင်ကုန်းက တပ်ကြီးရှုံ့တိုက်လျှင် ရေမန်စစ်ခြေမျက်၍ ဆုတ်ပြေး ရလေသည်" ဟု ဖော်ပြပါရှိလေ သည်။ သတိုးမင်းများသည် စင်စစ်အားဖြင့် ပင်းယမင်းဆက်၏ နောက်ဆုံးဘုရင်သာဖြစ်ပါသည်။ သူသည် ပင်းယတွင်(၇) လမျှသ ထီးနန်း စိုးစံပြီး ၁၃၆၄ခု မတ်လကပင် ထီးလှိုင်ရှင်ကုန်းသို့ ရောက်ရှိ နေခဲ့၏။ ထို၌ သက်ငယ်တဲနန်းဆောက်၍ တပ်ခင်းကာစံနေခဲ့သည်။

သတိုးမင်းများ စောင်တည်ထောင်ရာ အင်းဝမှာ မြို့သက်အတော်ရှည်လျားလှ၏။ ပုဂံစောမွန်နှစ်မင်းနှင့် မြေတ်ပြိုင်အဖြစ်သုံးနှစ်ခန့် ထီးနန်းစိုးစံခဲ့သည်။ သို့သော် အင်းဝသည် တစ်ခေတ် အင်အားတောင့်တင်းလာသည့်အလျောက် ပုဂံ၏အစိုးကထ္ထာမှာ အမည်မျှသာကျန်တော့လေသည်။

## နတ်ရွာစံလွန်ခြင်း

စောမွန်နှစ်မင်းသည် ခရစ်နှစ် (၁၃၂၅–၁၃၆၈)ခုနှစ်များအတွင်း နှစ်ကြာ အုပ်စိုးခဲ့ပြီးနောက် အသက် ၅၉နှစ်အရွယ်တွင် နတ်ရွာစံလွန်ခဲ့လေသ ထိုအချိန်တွင် ပင်းယနှင့်စစ်ကိုင်းမင်းဆက်များ ပျက်သုဉ်းသွားပြီး အင်းဝ သတိုးမင်းများ၏ ယောက်ဖတော်မင်းကြီးမှာ ထီးနန်းစိုးစံနေရိုန်ဖြစ်ပါသည်။

တင်နိုင်တိုး

# ကျမ်းကိုးစာရင်း


| | |
|---|---|
| ခင်မောင်ကြီး၊ ဦး၊ ပုဂံ | **ပုဂံဘုရားများသမိုင်းနှင့်ဧည့်လမ်းညွှန်** ရန်ကုန်၊ ငွေလရောင်ပုံနှိပ်တိုက် ၁၉၉၈ ဇော်တင်ဘာ |
| ဋိမ်းမောင်၊ ဦး၊ (တည်း) | **ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)** ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန ၁၉၇၂ |
| ။ | **ရှေးဟောင်းမြန်မာကျောက်စာများ (ဒုတိယတွဲ)** ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန ၁၉၈၂ |
| ။ | **ရှေးဟောင်းမြန်မာကျောက်စာများ(တတိယတွဲ)** ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၈၃ |
| ...လှ | "ပုဂံဆည်းဆာ"၊ **ငွေတာရီ** ၁၉၉၄ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ၁၉၉၅ ဇန်နဝါရီ |
| ခင်ကျုံ့ဆရာတော် | **ရမည်းသင်းမြို့သမိုင်းနှင့် ရမည်းသင်းရာဇဝင်** ရန်ကုန်၊ ဆောင်သစ္စာပုံနှိပ်တိုက်၊ ၁၉၉၄ |
| သိမ်းမောင်၊ ဦး၊ ကျောက်ဆည် | **ရွှေသာလျောင်း၊၊ ရွှေမုဋ္ဌောနှင့်မာတ်တော်တောင်သမိုင်း** ၊ ရန်ကုန်၊ ဆောင်ချို့ငွေပုံနှိပ်တိုက်၊ ၁၉၉၃ဇန်နဝါရီ |
| ဘိုးလှ၊ ဒေါက်တာ | **"အနိရုဒ္ဓမင်းတိုင်မီကာပုဂံ"** ၄ ဩဂုတ် ၂၀၀၃ တွင် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၌ ဖတ်ကြားသောစာတမ်း |
| နိုင်ပန်းလှ | "သမိုင်းတန်ဖိုးကြီးသောအုတ်ခွက်များ"၊ **သမိုင်းဂျာနယ်** အတွဲ ၃၊ အမှတ် ၁၊ ၁၉၈၅ဒီဇင်ဘာ |
| [illegible]၊ ဦး၊ | ပုဂံသုတေသနလမ်းညွှန်၊ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၈၁ |
| ...၊ ဒေါ်လဲ့ရီ | "ပုဂံခေတ်ဖွားစောများ"၊ **ငွေရတုသဘင်အထိမ်းအမှတ် ပုံနှိပ်ပြီးစာတမ်းစု** ရန်ကုန်၊ စာပေဗိမာန် ၁၉၈၂ဩဂုတ် |

မာဃ — "ပုဂံခေတ်သာသနာပိုင်ရှင်အရဟံ အထုပ္ပတ္တိ" **သာသနာ့ရောင်ခြည်စာစောင်**၊ အတွဲ ၁၀၊ အမှတ် ၃၊ (၂၆-၈-၆၁)

[?]မောင်၊ ဒေါက်တာ၊ — **လယ်တွင်းကိုးခရိုင် ရှေးခေတ်မြန်မာတို့၏ စပါးကျီ**၊ ရန်ကုန် စာပေဗိမာန်၊ ၁၉၈၉

**မှန်နန်းမဟာရာဇဝင်တော်ကြီး** — **(ပထမတွဲ)**၊ ရန်ကုန်၊ ကြေးမုံနှင့်ဂါးဒီယန်းသတင်းစာတိုက်၊ ၁၉၉၃၊ ဇန်နဝါရီ

ရည်စိန်၊ ဦး — "ရှင်ဒိသာပါမောက္ခ ငြိမ်းချမ်းရေးမော်ကွန်းသစ္စ" **နိုင်ငံသမိုင်းသုတေသနစာစောင်(၁)**၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၇

လှတင်၊ ဦး(တည်း) — **ဇာတာတော်ပုံရာဇဝင်**၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ရုံး၊ ၁၉၆၀

လှမြင့်၊ ရန်ကုန်တက္ကသိုလ် — "ပုဂံခေတ်သမိုင်း၏အတွင်းသက်သေ" **သမိုင်းဂျာနယ်**၊ အတွဲ(၁)၊အမှတ်(၂) ၁၉၉၄ဒီဇင်ဘာ

ဝင်းမောင်(တမ္ပဝတီ) — **"ပုဂံ(၁၉)ရွာတွင်းဆင်းလေ့လာချက် စာတမ်း"** (၆-၁၂-၉၉) ဆရာကြီးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ ၁၀၃နှစ်မွေးနေ့မင်္ဂလာတွင် ဖတ်ကြားသောစာတမ်း

သန်းဆွေ၊ ဦး — **သမိုင်းဝင် ပုဂံစေတီပုထိုးများ**

သန်းထွန်း၊ ဒေါက်တာ — **ခေတ်ဟောင်းမြန်မာရာဇဝင်**၊ ရန်ကုန်၊စာလုပ်ငန်းပုံနှိပ်တိုက်၊ ၂၀၀၂ ဒီဇင်ဘာ (တတိယအကြိမ်)

သန်းထွန်း၊ ဒေါက်တာ — "ပုဂံခေတ်မြန်မာပြည်"၊ **နဝရတ်ကိုးသွယ်**၊ ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၆
"ပုဂံခေတ်ဆိုင်ရာ သမိုင်းဆောင်းပါးများ" **ကလျာမဂ္ဂဇင်း** (၁၉၇၇ခုနှစ်-၁၉၉၉ခုနှစ်)

သိမ်းမောင်၊ ဦး၊ (သတင်းစာဆရာ) — **ဝင်တိုင်စိန်နှင့် သူရဲကောင်း**၊ ရန်ကုန်၊ ရွှေစာပုံနှိပ်တိုက်၊ ၁၉၆၆

အာဒိစ္စရုံသီ၊ ရှင် — **ခေတ်ယကထာရာဇဝင်ချုပ်(လက်နှိပ်စက်မူ)** တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊